# မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်း

(၂၀၀၉ - ၂၀၁၀)

## ဆင်းရဲနွမ်းပါးမှု အခြေအနေ လေ့လာတင်ပြချက်



MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT

Sida unicef UNDP

၂၀၁၁ - ဇွန်လ

မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်း
(၂၀၀၉-၂၀၁၀)

# ဆင်းရဲနွမ်းပါးမှု အခြေအနေ လေ့လာတင်ပြချက်


ပြုစုသူ

IHLCA စီမံချက်ဆိုင်ရာ နည်းပညာယူနစ်
ရန်ကုန်မြို့၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ။



ကူညီပံ့ပိုးသူများ

အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန
နေပြည်တော်၊ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ။

ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်
ရန်ကုန်မြို့၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ။

ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့
ရန်ကုန်မြို့၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ။

ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ
ဘန်ကောက်မြို့၊ ထိုင်းနိုင်ငံ။

# ဥပဒေသျှော်ချောင်း

အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံ လေ့လာမှု (IHLCA) လုပ်ငန်း စီမံကိန်းသည် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ၊ ကုလသမဂ္ဂနှင့် အခြားသော အမျိုးသားနှင့် နိုင်ငံတကာဆိုင်ရာ ပါဝင်ပတ်သက်သူများအား တိုင်းပြည်၏ စားဝတ်နေရေး အခြေအနေကို သိရှိ ဆုံးဖြတ်နိုင်ရန်အတွက် စာရင်းအင်း အချက်အလက်များကို ဖြည့်ဆည်းပေးပါသည်။ ပထမအကြိမ် တစ်နိုင်ငံလုံး လွှမ်းခြုံသည့် စစ်တမ်းကို ၂၀၀၄-၂၀၀၅ခုနှစ်တွင် ဆောင်ရွက်ခဲ့ပါသည်။ ဤဒုတိယအကြိမ်စစ်တမ်းသည် စားဝတ်နေရေး နောက်ဆုံး အခြေအနေနှင့် ဆင်းရဲနွမ်းပါးမှု အဆင့်များကို ဖော်ပြဖြည့်ဆည်းပေးသည့်အပြင် အခြေအနေကို ကောင်းစွာ သိမြင်ပြီး ဆင်းရဲသူများ၏ အကျိုးကို ရှေးရှုသည့် ဆုံးဖြတ်ချက် ချမှတ်မှုကို အထောက်အကူပြုမည့် နှိုင်းယှဉ်ချက်များနှင့် အလားအလာ စိစစ်ရန် အခွင့်အလမ်းများကိုလည်း ဖြည့်ဆည်း ပေးပါသည်။

IHLCA-II ၏ ယေဘုယျ ဒီဇိုင်းကို နှိုင်းယှဉ်နိုင်မှု ရယူနိုင်ရန် IHLCA-I ၏ ဒီဇိုင်းအတိုင်း ရွေးချယ်ခဲ့ပါသည်။ ထို့အကြောင်းကြောင့် စစ်တမ်းတွင် တွေ့ဆုံ မေးမြန်းသည့် အိမ်ထောင်စုပေါင်း၏ တစ်ဝက်ခန့်မှာ ၂၀၀၄-၂၀၀၅ခုနှစ် စစ်တမ်းမှ ထပ်တူ အိမ်ထောင်စုများ ဖြစ်သဖြင့် ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းကို စိစစ်မှု ပြုနိုင်ပါသည်။ စစ်တမ်းတွင် တစ်နိုင်ငံလုံး ကိုယ်စားပြု နမူနာ အိမ်ထောင်စုပေါင်း (၁၈၆၆၀) ပါဝင်ခဲ့ပါသည်။ ပထမ စစ်တမ်းအတိုင်း ကွင်းဆင်း ဆောင်ရွက်သည့် လုပ်ငန်းအားလုံးကို နှစ်ကြိမ်ခွဲ၍ ဆောင်ရွက်ခဲ့ပါသည်။ ပထမအကြိမ်ကို ၂၀၀၉ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၀ပြည့်နှစ် ဇန္နဝါရီလအတွင်း (ရိတ်သိမ်းချိန် အပြီး) ပြုလုပ်ပြီး၊ ဒုတိယအကြိမ်ကို ၂၀၁၀ပြည့်နှစ် မေလနောက်ပိုင်း (ရိတ်သိမ်းချိန် မတိုင်မီ)တွင် ပြုလုပ်ခဲ့ပါသည်။

စစ်တမ်းကို အမျိုးသား စီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန (MNPED)၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေ အဖွဲ့ (UNICEF)နှင့် ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (Sida)တို့ ပူးပေါင်း ဆောင်ရွက်ခဲ့ကြပါသည်။ စစ်တမ်းနည်းပညာနှင့် နည်းစနစ်မှာ နိုင်ငံတကာတွင် ထိန်းသိမ်းကျင့်သုံးသည့် စံနှုန်းများအတိုင်းဖြစ်ပြီး လုပ်ငန်းစီမံကိန်းအဖွဲ့သည် ကမ္ဘာ့ဘဏ်၊ Statistics Sweden စသည့် အဖွဲ့အစည်းများ နှင့် UNICEF နှင့် UNDP တို့၏ နည်းပညာဆိုင်ရာ ဝန်ထမ်းများထံမှ ကျွမ်းကျင်သော နည်းပညာဆိုင်ရာ ကြီးကြပ်မှုနှင့် ကူညီပံ့ပိုးမှုကို ရရှိခဲ့ပါသည်။ ဤမိတ်ဖက်များသည် စစ်တမ်းလုပ်ငန်းစဉ်ကို စစ်တမ်းဒီဇိုင်းနှင့် နည်းပညာမှစ၍ အချက်အလက် စိစစ်သည်အထိ စောင့်ကြည့် စစ်ဆေးပေးခဲ့ပါသည်။

မြန်မာပြည်တွင် ဆောင်ရွက်ခဲ့သည့် စားဝတ်နေရေး အခြေအနေနှင့် ဆင်းရဲနွမ်းပါးမှုဆိုင်ရာ စစ်တမ်းများအနက် အပြည့်စုံ၊ အကျယ်ပြန့်ဆုံး စစ်တမ်းတစ်ခု ဖြစ်သည်နှင့်အညီ ဤ စာရင်းအင်းဆိုင်ရာ အချက်အလက်များသည် ရည်ရွယ်ချက် အမျိုးမျိုးနှင့် ပါဝင်ပတ်သက်သူ မျိုးစုံတို့အတွက် အသုံးဝင်ပြီး တန်ဖိုးရှိမည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ ထို့အပြင် ဤ စာရင်းအင်း အချက်အလက်များက အခြေအနေကို ကောင်းစွာ သိမြင်သည့် စီမံကိန်း ရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်း ပြုစေနိုင်ကာ နောက်ဆက်တွဲအဖြစ် မြန်မာပြည်သူများ၏ လူနေမှုဘဝ ပြည့်စုံ ဖူလုံမှုတွင် တိုးတက်မှုများ ဖြစ်စေလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

**ဘစ်ရှီး ပါရာဂျူလီ**
**ဌာနေကိုယ်စားလှယ်၊ ယူအင်ဒီပီ၊**
**မြန်မာနိုင်ငံ**

**ဒေါ်လဲ့လဲ့သိန်း**
**ညွှန်ကြားရေးမှူးချုပ်**
**စီမံကိန်း ရေးဆွဲရေး ဦးစီးဌာန**

# ကျေးဇူးတင်လွှာ

အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု IHLCA စစ်တမ်းကောက်ယူ လေ့လာရေး အဖွဲ့သည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးအား စားဝတ်နေရေး အခြေအနေ၏ အရေအတွက်ဆိုင်ရာ လေ့လာမှုသည် အစိတ်အပိုင်းတစ်ခုအနေဖြင့် ပါဝင်သည့်အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု (IHLCA)ကို ပံ့ပိုးကူညီမှုအတွက် အထူးကျေးဇူးဥပကာရ တင်ရှိပါသည်။ IHLCA ဦးဆောင်ကော်မတီနှင့် IHLCA နည်းပညာကော်မတီတို့ကိုလည်း လမ်းညွှန်မှုနှင့် ပံ့ပိုးကူညီမှုတို့အတွက် အထူး ကျေးဇူးတင်ရှိပါသည်။ လေ့လာရေးအဖွဲ့သည် စစ်တမ်းကို ကွင်းဆင်းကောက်ယူမှု လုပ်ငန်းများ ဆောင်ရွက်ရာ၌ အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန(PD)၊ အထူးသဖြင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဒေါ်လဲ့လဲ့သိန်း၊ စီမံကိန်း ရေးဆွဲရေးဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် IHLCA စီမံချက်၏ အမျိုးသား စီမံကိန်း ဒါရိုက်တာ ဖြစ်သူ ဒေါ်ဝင်းမြင့်၊ ဗဟိုစာရင်းအင်းအဖွဲ့(CSO)၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဦးထွန်းထွန်းနိုင်တို့ကို အသိအမှတ်ပြုမှတ်တမ်းတင်အပ်ပါသည်။

အမျိုးသားအာဟာရ ဖွံ့ဖြိုးရေးနှင့်သုတေသနဌာန၊ ကျန်းမာရေး စီမံကိန်းဦးစီးဌာန၊ ရန်ကုန် စီးပွားရေး တက္ကသိုလ်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနနှင့် ပြည်သူ့အင်အားဦးစီးဌာန တို့ကလည်း နောက်ထပ် ပါဝင် ပံ့ပိုး ကူညီပေးခဲ့ကြပါသည်။

IHLCAစစ်တမ်းများကိုထောက်ပံ့ကူညီပေးခဲ့သည့်အတွက်ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်အထူးသဖြင့်ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့်UNDPဌာနေကိုယ်စားလှယ်ဖြစ်သူ Mr.Bishow Parajuli၊ UNDP အကြီးတန်းဒုတိယဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Akbar Usmani ၊ UNDPဒုတိယဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Sanaka Samarasinha နှင့် UNDP လက်ထောက် ဌာနေ ကိုယ်စားလှယ် ဦးမင်းထွဋ်ယဥ် တို့ကို အထူးကျေးဇူး တင်ရှိပါသည်။ UNICEF မှ လူမှုရေးဆိုင်ရာ မူဝါဒနှင့် စီမံကိန်း ရေးဆွဲခြင်း စောင့်ကြည့် စစ်ဆေးခြင်း နှင့် အကဲဖြတ်ခြင်းဆိုင်ရာ ဌာန အကြီးအကဲ Ms. Yoshimi Nishino နှင့် Sida မှ ကောင်စစ်ဝန် Mr. Jörgen Schönning တို့ကို စီမံကိန်းအလုပ်များတွင် ထက်သန်သော စိတ်ပါဝင်စားမှုနှင့် ထောက်ပံ့ ကူညီမှု တို့အတွက် အထူးတလည် ကျေးဇူးတင်ရှိပါသည်။

# မာတိကာ


**ဥယျောဇဉ်** ........ i

**ကျေးဇူးတင်လွှာ** ........ iii

**အတိုကောက် စကားလုံးများ** ........ vii

**ဇယားများ စာရင်း** ........ ix

**ပုံများ စာရင်း** ........ x

**အစီရင်ခံစာ အကျဉ်းချုပ်** ........ xi

**၁ ။ နိဒါန်း** ........ ၁

၁-၁ ။ နောက်ခံ အကြောင်းအရာ ........ ၁

၁-၂ ။ အချက်အလက် ဇာစ်မြစ်များ၊ ကောက်ယူခြင်းနှင့် စိစစ်ခြင်း ........ ၂

၁-၃ ။ နမူနာကောက်ခြင်းဆိုင်ရာ ကိစ္စရပ်များ ........ ၃

၁-၄ ။ ဆင်းရဲနွမ်းပါးမှု လေ့လာတင်ပြချက်၏ စီစဉ်ဖွဲ့စည်းမှုပုံစံနှင့် ရည်ရွယ်ချက်များ ........ ၅

**၂ ။ ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှမှု** ........ ၇

၂-၁ ။ ဆင်းရဲနွမ်းပါးမှု အတိုင်းအတာစနစ်များ၊ မျဉ်းများနှင့် အတိုင်းအတာများ ........ ၇

၂-၁-၁ ။ အတိုင်းအတာစနစ် ........ ၇

၂-၁-၂ ။ ဆင်းရဲနွမ်းပါးမှု ပြမျဉ်းများ ........ ၈

၂-၁-၃ ။ ဆင်းရဲနွမ်းပါးမှု အတိုင်းအတာများ ........ ၁၀

၂-၂ ။ အစားအစာ ဆင်းရဲချို့တဲ့မှု ........ ၁၁

၂-၃ ။ ဆင်းရဲနွမ်းပါးမှု ........ ၁၇

၂-၄ ။ ဆင်းရဲနွမ်းပါးမှု 'ကိုယ်စားပြုများ' ........ ၂၃

၂-၄-၁ ။ ကယ်လိုရီ စားသုံးမှု ........ ၂၃

၂-၄-၂ ။ စားသုံးမှုတွင် အစားအစာအတွက် ဝေစု ........ ၂၄

၂-၄-၃ ။ အသေးစားပစ္စည်း ပိုင်ဆိုင်မှု ........ ၂၅

၂-၆ ။ ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်း ........ ၃၁

၂-၇ ။ အကျဉ်းချုပ် ........ ၃၃

နောက်ဆက်တွဲ ၂-၁ ။ Foster, Greer, Thorbecke (FGT) အတန်းအစား ဆင်းရဲနွမ်းပါးမှု အတိုင်းအတာများ ..၃၆

**၃ ။ အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ ပင်ကိုလက္ခဏာများ** ........ ၃၇

၃-၁ ။ အိမ်ထောင်စုအရွယ် ........ ၃၇

၃-၂ ။ မှီခိုမှုအချိုးများ ........ ၃၉

၃-၂-၁ ။ လူဦးရေဆိုင်ရာ မှီခိုမှုအချိုးများ (DDRs) ........ ၃၉

၃-၂-၂ ။ စီးပွားရေးအရ မှီခိုမှုအချိုးများ (EDRs) ........ ၄၀

၃-၃ ။ အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများ (FHHs) ........ ၄၃

၃-၄ ။ အကျဉ်းချုပ် ........ ၄၃

**၄ ။ အိမ်ထောင်စုများ၏ စီးပွားရေးလုပ်ဆောင်ချက်များ** ........ ၄၇

၄-၁ ။ လုပ်ငန်းအမျိုးအစား ခွဲခြားခြင်း ........ ၄၇

၄-၂ ။ အလုပ်အကိုင်အမျိုးအစား ........ ၄၈

၄-၃ ။ လယ်ယာစိုက်ပျိုးမြေ ........ ၅၁

၄-၄ ။ ချေးငွေနှင့် ကြွေးမြီ ........ ၅၇

၄-၅ ။ အကျဉ်းချုပ် ........ ၆၂

**၅ ။ လုပ်သားဈေးကွက်** ........ ၆၅

၅-၁ ။ လုပ်သားအင်အားပါဝင်မှုနှုန်းများ ........ ၆၅

၅-၂ ။ အလုပ်လက်မဲ့ ........ ၆၈

၅-၃ ။ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ ........ ၇၂

၅-၄ ။ အကျဉ်းချုပ် ......................................................................................... ၇၂
**၆ ။ အိုးအိမ်၊ သောက်သုံးရေနှင့် အညစ်အကြေး သန့်ရှင်းရေးစနစ် ................................................ ၇၇**
၆-၁ ။ အိုးအိမ်ဆိုင်ရာ သွင်ပြင်လက္ခဏာများ (အိမ်အမိုးအမျိုးအစား) ........................................ ၇၇
၆-၂ ။ ဘေးကင်းသော သောက်သုံးရေအား လက်လှမ်းမီရရှိနိုင်မှု ................................................... ၇၉
၆-၃ ။ ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေးစနစ်အား လက်လှမ်းမီရရှိနိုင်မှု ............................ ၈၂
၆-၄ ။ လျှပ်စစ်ဓာတ်အားရရှိနိုင်မှု ........................................................................... ၈၂
၆-၅ ။ အကျဉ်းချုပ် ......................................................................................... ၈၆
၆-၆ ။ နောက်ဆက်တွဲ ဇယားများ ............................................................................... ၈၈
**၇ ။ ကျန်းမာရေးနှင့် အာဟာရ ........................................................................................ ၈၉**
၇-၁ ။ ရောဂါကာကွယ်ဆေးထိုးမှု၏ လွှမ်းခြုံမှု ............................................................... ၈၉
၇-၂ ။သားဖွားမိခင်ကျန်းမာရေး .............................................................................. ၉၁
၇-၃ ။ နာမကျန်းဖြစ်ပွားမှု ................................................................................... ၉၄
၇-၄ ။ အာဟာရ ............................................................................................... ၉၆
၇-၅ ။ ကျန်းမာရေး စောင့်ရှောက်မှုအား လက်လှမ်းမီ ရရှိမှု ...................................................... ၉၉
၇-၆ ။ ကျန်းမာရေးအသုံးစရိတ် ............................................................................... ၉၉
၇-၇ ။ အကျဉ်းချုပ် ......................................................................................... ၁၀၃
၇-၈ ။ နောက်ဆက်တွဲဇယားများ ............................................................................... ၁၀၆
**၈ ။ ပညာရေး ....................................................................................................... ၁၀၉**
၈-၁ ။ စာတတ်မြောက်မှု ..................................................................................... ၁၀၉
၈-၂ ။ ကျောင်းဝင်မှု ......................................................................................... ၁၁၁
၈-၃ ။ လက်လှမ်းမီမှု ........................................................................................ ၁၁၄
၈-၄ ။ ပညာတတ်မြောက်မှု ................................................................................... ၁၁၇
၈-၅ ။ ပညာရေးအသုံးစရိတ်များ .............................................................................. ၁၁၇
၈-၆ ။ အကျဉ်းချုပ် ......................................................................................... ၁၂၀
**၉ ။ နိဂုံး ချုပ် ။ မြန်မာနိုင်ငံ၏ လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ အလားအလာများ (၂၀၀၅ - ၂၀၁၀) .......................... ၁၂၅**
၉-၁ ။ လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ စီးပွားရေးဆိုင်ရာ အတိုင်းအတာ အလားအလာများ ................................ ၁၂၅
၉-၂ ။ လူနေမှု ဘဝ ပြည့်စုံဖူလုံမှု၏ လူမှုရေးဆိုင်ရာ အတိုင်းအတာ အလားအလာများ ................................. ၁၂၈
**၁၀ ။ စာရင်းအင်းဆိုင်ရာ နောက်ဆက်တွဲ ........................................................................... ၁၂၉**

## အတိုကောက် စကားလုံးများ

| | | |
|---|---|---|
| DDR | Demographic Dependency Ratio<br>လူဦးရေဆိုင်ရာ မှီခိုမှုအချိုး |
| EDR | Economic Dependency Ratio<br>စီးပွားရေးအရ မှီခိုမှုအချိုး |
| FGT | Foster-Greer-Thorbecke (Poverty Measures)<br>အတန်းအစား ဆင်းရဲနွမ်းပါးမှု အတိုင်းအတာများ |
| FHH | Female Headed Household<br>အမျိုးသမီးဦးစီးသည့် အိမ်ထောင်စု |
| FRH | Fertility and Reproductive Health (Survey)<br>မွေးဖွားမှုနှင့်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာစစ်တမ်း |
| MICS | Multiple Indicator Cluster Survey<br>ဗဟုညွှန်ကိန်းဆိုင်ရာ  အစုလိုက်စစ်တမ်းများ |
| Sida | Swedish International Development Cooperation Agency<br>ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ |
| SWOC | State of the World's Children (Survey)<br>ကမ္ဘာ့ကလေးများအခြေအနေ စစ်တမ်း |
| TRU | Time Rate of Unemployment<br>အချိန်အလိုက် အလုပ်လက်မဲ့နှုန်း |
| UNICEF | United Nations Children's Fund<br>ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေ အဖွဲ့ |

## ဇယားများ စာရင်း


ဇယား ၁ ။ အစားအစာ ဆင်းရဲချို့တဲ့မှု အတိုင်းအတာများ၊ ၂၀၁၀ ပြည့်နှစ် ........................................................၁၅
ဇယား ၂ ။ အစားအစာ ဆင်းရဲချို့တဲ့ခြင်း ဖြစ်ပွားမှု အလားအလာများ ၂၀၀၅ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ် ........................၁၆
ဇယား ၃ ။ ဆင်းရဲနွမ်းပါးမှု အတိုင်းအတာများ၊ ၂၀၁၀ ပြည့်နှစ် ............................................................................၂၁
ဇယား ၄ ။ ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု အလားအလာများ၊ ၂၀၀၅ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်............................................၂၂
ဇယား ၅ ။ ဆယ်စိတ်ကိန်းအလိုက် ကယ်လိုရီစားသုံးမှု၊ ၂၀၀၅ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်..........................................၂၃
ဇယား ၆ ။ ဆယ်စိတ်ကိန်းအလိုက် အစားအစာ စားသုံးမှု ဝေစုများ (ကျန်းမာရေး အသုံးစရိတ် ပါဝင်သည်) ............၂၄
ဇယား ၇ ။ ဆယ်စိတ်တစ်စိတ်အရ အသေးစား ပိုင်ဆိုင်ပစ္စည်း ပိုင်ဆိုင်မှု (%) ၂၀၀၅ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်.............၂၆
ဇယား ၈ ။ အောက်ဆုံး၂၀% ၏ စားသုံးမှု ဝေစု၊ ၂၀၀၅ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ် .........................................................၂၉
ဇယား ၉ ။ အချမ်းသာဆုံး၂၀% နှင့် အဆင်းရဲဆုံး ၂၀% အကြား စားသုံးမှု ကွာဟချက် (၂၀၀၉ ခုနှစ် ဒီဇင်ဘာလရှိကျပ်အားဖြင့်) ..........................................................................................................၃၀
ဇယား ၁၀ ။ ဆယ်စိတ်ကိန်းအလိုက် စားသုံးမှု အသုံးစရိတ်၊ ၂၀၀၅ခုနှစ်၊ ၂၀၁၀ပြည့်နှစ် (၂၀၀၉ ခုနှစ် ဒီဇင်ဘာလရှိကျပ်အားဖြင့်) ..........................................................................................................၃၁
ဇယား ၁၁ ။ ဆင်းရဲနွမ်းပါးမှု ကူးပြောင်းမှုပြ ဖြန့်စီကိန်း(မေ့ထရစ်) ..............................................................၃၃
ဇယား ၁၂ ။ ပျမ်းမျှအိမ်ထောင်စုအရွယ် ...........................................................................................................၃၈
ဇယား ၁၃ ။ လူဦးရေဆိုင်ရာ မှီခိုမှုအချိုး .........................................................................................................၄၁
ဇယား ၁၄ ။ စီးပွားရေးအရ မှီခိုမှုအချိုး.............................................................................................................၄၂
ဇယား ၁၅ ။ အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများ (%) ......................................................................................၄၅
ဇယား ၁၆ ။ စီးပွားရေးအရအလုပ်လုပ်ကိုင်သောလူဦးရေ၏လုပ်ငန်းအမျိုးအစားခွဲခြားမှု (%)..............................၄၉
ဇယား ၁၇ ။ စီးပွားရေးအရအလုပ်လုပ်ကိုင်သော လူဦးရေ၏ အလုပ်အကိုင်အမျိုးအစားခွဲခြားမှု (%) .....................၅၀
ဇယား ၁၈ ။ တောင်သူလယ်သမားအိမ်ထောင်စုများ ပိုင်ဆိုင်သည့် ပျမ်းမျှလယ်ယာမြေဧရိယာ (ဧက)...................၅၃
ဇယား ၁၉ ။ စားသုံးမှု ဆယ်စိတ်တစ်စိတ် အိမ်ထောင်စုများအရ ပိုင်ဆိုင်သည့် ပျမ်းမျှလယ်ယာမြေဧရိယာ (ဧက).....၅၄
ဇယား ၂၀ ။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ မြေယာမဲ့နှုန်း ........................................................................................၅၅
ဇယား ၂၁ ။စားသုံးမှုဆယ်စိတ်တစ်စိတ်အိမ်ထောင်စုများအရလယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ မြေယာမဲ့နှုန်း ..........၅၆
ဇယား ၂၂ ။ချေးငွေအား လက်လှမ်းမီရရှိမှု (အိမ်ထောင်စုဦးရေ %၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း).......................၅၉
ဇယား ၂၃ ။ ချေးငွေအား လက်လှမ်းမီရရှိမှု (အိမ်ထောင်စုဦးရေ %၊ လယ်ယာစိုက်ပျိုးရေးမဟုတ်သည့် လုပ်ငန်းများ) ...........................................................................................................................................၆၀
ဇယား ၂၄ ။ စိုက်ပျိုးစရိတ်ချေးငွေပမာဏနှင့် ဇာစ်မြစ် .............................................................................................၆၁
ဇယား ၂၅ ။ အိမ်ထောင်စု၏ ကြွေးမြီ ..........................................................................................................................၆၂
ဇယား ၂၆ ။ အသက် ၁၀-၁၄ နှစ် အရွယ်ရှိသူများ၏ ကျောင်းဝင်နှုန်း ...............................................................၆၆
ဇယား ၂၇ ။ လွန်ခဲ့သော ၆လအတွင်း လုပ်သားအင်အားပါဝင်မှုနှုန်း (၁၅ နှစ်နှင့်အထက်) .........................................၆၇
ဇယား ၂၈ ။ လွန်ခဲ့သော ၆လအတွင်းရှိ အလုပ်လက်မဲ့နှုန်း (၁၅နှစ်နှင့်အထက်).......................................................၇၀
ဇယား ၂၉ ။ လွန်ခဲ့သော ၇ ရက်အတွင်း အလုပ်လက်မဲ့နှုန်း (၁၅ နှစ်နှင့်အထက်) .......................................................၇၁
ဇယား ၃၀ ။ လွန်ခဲ့သော ၇ရက် (၄၄ နာရီ) အတွင်း တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း (၁၅ နှစ် နှင့် အထက်) .....၇၄
ဇယား ၃၁ ။ လွန်ခဲ့သော ၇ ရက် (၄၄ နာရီ) အတွင်း တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း (၁၅ နှစ်နှင့် အထက်၊ ပထမအကြိမ်) ..............................................................................................................................၇၅
ဇယား ၃၂ ။ လွန်ခဲ့သော ၇ရက် (၄၄ နာရီ) အတွင်း တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း (၁၅ နှစ်နှင့် အထက်၊ ဒုတိယအကြိမ်).................................................................................................................................၇၆
ဇယား ၃၃ ။ အရည်အသွေးကောင်းမွန်သော အိမ်အမိုးအား လက်လှမ်းမီရရှိမှု (လူဦးရေ% ၊ ပထမအကြိမ်)............၇၈
ဇယား ၃၄ ။ ဘေးကင်းသောသောက်ရေအားလက်လှမ်းမီရရှိမှု (ဦးရေ% ၊ ပထမအကြိမ်) .........................................၈၁
ဇယား ၃၅ ။ ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေးစနစ်အားလက်လှမ်းမီရရှိမှု (လူဦးရေ %၊ ပထမအကြိမ် )၈၄
ဇယား ၃၆ ။ လျှပ်စစ်ဓာတ်အား ရရှိနိုင်မှု (ဦးရေ %၊ ပထမအကြိမ်) ..................................................................၈၅
ဇယား ၃၇ ။ ဘေးကင်းသော သောက်ရေအားလက်လှမ်းမီရရှိမှု (အဓိကစစ်တမ်းများ၏ ရလဒ်များ) ........................၈၈
ဇယား ၃၈ ။ ဝက်သက်ရောဂါကာကွယ်ဆေးထိုးပြီးသော (၁) နှစ်အရွယ်ကလေးဦးရေအချိုး ...................................၉၀
ဇယား ၃၉ ။ ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေးစောင့်ရှောက်ခြင်းလွှမ်းခြုံမှု (အနည်းဆုံး တစ်ခါတွေ့ဆုံခြင်း) (%) .....၉၂
ဇယား ၄၀ ။ ကျွမ်းကျင်သော ကျန်းမာရေး ဝန်ထမ်းများဖြင့် စောင့်ရှောက်မွေးဖွားမှုများ (%)...................................၉၃

ဇယား ၄၁ ။ ပြောကြားချက်အရ (သိရှိရသည့်) နာမကျန်းဖြစ်ပွားမှု ....................................................................၉၅
ဇယား ၄၂ ။ အသင့်အတင့်အာဟာရချို့တဲ့မှု (အသက်အရ ကိုယ်အလေးချိန်) အသက် ၅ နှစ်အောက် (%)..............၉၇
ဇယား ၄၃ ။ အလွန်အမင်း အာဟာရ ချို့တဲ့မှု (အသက်အရကိုယ်အလေးချိန်) အသက် ၅ နှစ်အောက် (%) .............၉၈
ဇယား ၄၄ ။ ကျန်းမာရေး စောင့်ရှောက်မှုအား လက်လှမ်းမီရရှိမှု (ဦးရေ%) ...................................................... ၁၀၁
ဇယား ၄၅ ။ ကျန်းမာရေးအသုံးစရိတ်/ ဝေစုအချိုးများ (ဒီဇင်ဘာ ၂၀၀၉ ခုနှစ် ကျပ်တန်ဖိုးအရ) ........................ ၁၀၂
ဇယား ၄၆ ။ ပိုလီယိုရောဂါ ကာကွယ်ဆေးထိုးပြီးသော အသက် (၁) နှစ် အရွယ်ကလေးဦးရေအချိုး (သုံးကြိမ်)..... ၁၀၆
ဇယား ၄၇ ။ DPT ရောဂါကာကွယ်ဆေးထိုးပြီးသော အသက် (၁) နှစ်အရွယ် ကလေးဦးရေအချိုး (သုံးကြိမ်)........ ၁၀၇
ဇယား ၄၈ ။ အသက်အရ ကိုယ်အလေးချိန် (အမိကစစ်တမ်းများ၏ရလဒ်များ) .................................................. ၁၀၈
ဇယား ၄၉ ။ စာတတ်မြောက်မှုနှုန်းများ (၁၅ နှစ် နှင့် အထက်) .......................................................................... ၁၁၀
ဇယား ၅၀ ။ မူလတန်း ပညာအဆင့် အသားတင်ကျောင်းဝင်နှုန်း ...................................................................... ၁၁၂
ဇယား ၅၁ ။ အလယ်တန်း အထက်တန်း ပညာအဆင့် အသားတင်ကျောင်းဝင်နှုန်း............................................. ၁၁၃
ဇယား ၅၂ ။ မူလတန်းကျောင်းအား (အကွာအဝေးအရ) လက်လှမ်းမီမှု (%) ...................................................... ၁၁၅
ဇယား ၅၃ ။ အလယ်တန်း နှင့် အထက်တန်းကျောင်းအား (အကွာအဝေးအရ) လက်လှမ်းမီမှု (%) ....................... ၁၁၆
ဇယား ၅၄ ။ အိမ်ထောင်ဦးစီး၏ ပညာရေးအဆင့်အတန်း ................................................................................. ၁၁၈
ဇယား ၅၅ ။ ပညာရေးအသုံးစရိတ်/ဝေစုအချိုးများ (ဒီဇင်ဘာ ၂၀၀၉ ကျပ်တန်ဖိုးအရ) ...................................... ၁၁၉
ဇယား ၅၆ ။ စာတတ်မြောက်မှု နှုန်းများ (၁၅ နှစ် နှင့် အထက်) (အမိကစစ်တမ်းများ၏ ရလဒ်များ) ...................... ၁၂၃
ဇယား ၅၇ ။ စီးပွားရေးဆိုင်ရာ လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ အလားအလာများ (၂၀၀၅ - ၂၀၁၀)......................... ၁၂၇
ဇယား ၅၈ ။ လူမှုရေးဆိုင်ရာ လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ အလားအလာများ (၂၀၀၅ - ၂၀၁၀) .......................... ၁၂၈
ဇယား ၅၉ ။ စီးပွားရေးဆိုင်ရာလူနေမှု ဘဝပြည့်စုံဖူလုံမှု (စာရင်းအင်းဆိုင်ရာ နောက်ဆက်တွဲ) ........................... ၁၂၉
ဇယား ၆၀ ။ လူမှုရေးဆိုင်ရာ လူနေမှုဘဝပြည့်စုံဖူလုံမှု (စာရင်းအင်းဆိုင်ရာနောက်ဆက်တွဲ)................................ ၁၃၂

## ပုံများ စာရင်း

ပုံ ၁ ။ ပြည်နယ်/တိုင်း ဒေသကြီးအလိုက် အစားအစာ ဆင်းရဲချို့တဲ့ခြင်းဖြစ်မှု၊ ၂၀၁၀ ပြည့်နှစ် ...............................၁၃
ပုံ ၂ ။ ပြည်နယ်/တိုင်း ဒေသကြီးအလိုက် အမျိုးသားအဆင့် အစားအစာ ဆင်းရဲချို့တဲ့မှု ဝေစုများ၊ ၂၀၁၀ ပြည့်နှစ်....၁၄
ပုံ ၃ ။ ပြည်နယ်/တိုင်း ဒေသကြီးအလိုက် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု ...................................................................၁၉
ပုံ ၄ ။ ပြည်နယ်/တိုင်း ဒေသကြီးအလိုက် အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးမှု ဝေစုများ၊ ၂၀၁၀ ပြည့်နှစ်...................၂၀

# အစီရင်ခံစာ အကျဉ်းချုပ်

## ၁ ။ နိဒါန်း

'ဆင်းရဲနွမ်းပါးမှု အခြေအနေ' အစီရင်ခံစာသည် စားသုံးခြင်း ဆင်းရဲချို့တဲ့မှုနှင့် ယင်းနှင့် ဆက်စပ်မှုများအပေါ် အလေးထား၍ IHLCA-II စစ်တမ်းမှ ရွေးချယ်ထားသည့် ရလဒ်များကို တင်ပြထားပါသည်။ သို့သော် စားသုံးခြင်း ဆင်းရဲချို့တဲ့မှုကိုသာ ကန့်သတ်ဖော်ပြထားခြင်း မဟုတ်ပဲ ကျန်းမာရေး၊ ပညာရေး၊ သောက်သုံးရေနှင့် အညစ်အကြေး သန့်ရှင်းမှုစနစ် စသည်တို့ အပါအဝင် စားဝတ်နေရေး အတိုင်းအတာ အခြေအနေ များကိုလည်း သုံးသပ်တင်ပြထားပါသည်။ စစ်တမ်း၏ အရင်းခံ မျှော်မှန်းချက်မှာ ပြည်သူရေးရာ မူဝါဒများ ချမှတ်ရန် ရည်ရွယ်ချက်ဖြင့် လူနေမှုဘဝ ပြည့်စုံဖူလုံမှုဆိုင်ရာ အဓိက ညွှန်ကိန်းများ၏ အဆင့်နှင့် အလားအလာများ၊ ၎င်းတို့၏ ဆက်စပ်မှုများအတွက် သတင်းအချက်အလက်များကို ပံ့ပိုးပေးရန် ဖြစ်ပါသည်။ တင်ပြရာတွင် 'ဆင်းရဲနွမ်းပါးမှု အခြေအနေ' အစီရင်ခံစာသည် အောက်ဖော်ပြပါ အကြောင်းအရာများကို အပိုင်းအလိုက် သုံးသပ်တင်ပြထားပါသည်။ ၎င်းတို့မှာ ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှမှု (အပိုင်း၂)၊ အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ ပင်ကို လက္ခဏာများ (အပိုင်း၃)၊ အိမ်ထောင်စုများ၏ စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်များ (အပိုင်း၄)၊ လုပ်သားဈေးကွက် (အပိုင်း၅)၊ အိုးအိမ် ၊ သောက်သုံးရေနှင့် အညစ်အကြေး သန့်ရှင်းရေးစနစ် (အပိုင်း၆)၊ ကျန်းမာရေးနှင့် အာဟာရ (အပိုင်း၇)၊ ပညာရေး (အပိုင်း၈) နှင့် နိဂုံးတင်ပြချက် (အပိုင်း၉) တို့ဖြစ်ပါသည်။

## ၂ ။ ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှမှု

အစားအစာ ဆင်းရဲချို့တဲ့မှုသည် လူဦးရေ၏ ၅%ကို ထိခိုက်ပြီး ၂၀၀၅ ခုနှစ်၏ ၁၀%မှ ကျဆင်းလာပါသည်။ အစားအစာ ဆင်းရဲချို့တဲ့ခြင်း ဖြစ်မှုသည် ကျေးလက်တွင် မြို့ပြထက် နှစ်ဆခန့် မြင့်မားပြီး ၅.၆% နှင့် ၂.၅% အသီးသီး ရှိပါသည်။ စုစုပေါင်း အစားအစာ ဆင်းရဲချို့တဲ့မှုတွင် ကျေးလက်ဒေသများက ၈၅%ကျော် ပါဝင်ပါသည်။ အစားအစာ ဆင်းရဲချို့တဲ့ခြင်းဖြစ်မှု အမြင့်ဆုံးမှာ ချင်းပြည်နယ်တွင် ၂၅% ဖြစ်၍ ၎င်းနောက် ရခိုင်ပြည်နယ် (၁၀%)၊ တနင်္သာရီတိုင်း ဒေသကြီး (၉.၆%)၊ ရှမ်းပြည်နယ် (၉%) တို့ဖြစ်ပါသည်။ အမျိုးသားအဆင့် အစားအစာ ဆင်းရဲချို့တဲ့ခြင်းဖြစ်မှုတွင် အဓိက အများဆုံးပါဝင်သော ပြည်နယ်တိုင်း ဒေသကြီး (၄) ခုမှာ ဧရာဝတီတိုင်း ဒေသကြီး (၁၈.၇%)၊ မန္တလေးတိုင်း ဒေသကြီး (၁၆%)၊ ရှမ်းပြည်နယ် (၁၅.၄%) နှင့် ရခိုင်ပြည်နယ် (၁၄.၉%) တို့ဖြစ်ပါသည်။

ဆင်းရဲနွမ်းပါးမှုသည် လူဦးရေ၏ ၂၅% ကို ထိခိုက်ပြီး ၂၀၀၅ ခုနှစ်မှ ၆% ကျဆင်းလာပါသည်။ ဆင်းရဲနွမ်းပါးခြင်း ဖြစ်မှုမှာ ကျေးလက်တွင် မြို့ပြထက် နှစ်ဆခန့် မြင့်မားပြီး ၂၉% နှင့် ၁၅% အသီးသီး ရှိပါသည်။ စုစုပေါင်း ဆင်းရဲနွမ်းပါးမှုတွင် ကျေးလက်ဒေသများက ၈၅% နီးပါးပါဝင်ပါသည်။ ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု အမြင့်ဆုံးမှာ ချင်းပြည်နယ်တွင် ၇၃% ဖြစ်၍ ၎င်းနောက် ရခိုင်ပြည်နယ် (၄၄%)၊တနင်္သာရီတိုင်း ဒေသကြီး (၃၃%)၊ ရှမ်းပြည်နယ် (၃၃%) နှင့် ဧရာဝတီတိုင်း ဒေသကြီး(၃၂%) တို့တွင်ဖြစ်ပါသည်။ အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှုတွင် အဓိက အများဆုံး ပါဝင်သော ပြည်နယ်တိုင်း ဒေသကြီး လေးခုမှာ ဧရာဝတီတိုင်း ဒေသကြီး(၁၉%)၊ မန္တလေးတိုင်း ဒေသကြီး (၁၅%)၊ ရခိုင်ပြည်နယ် (၁၂%) နှင့် ရှမ်းပြည်နယ် (၁၁%) တို့ဖြစ်ပါသည်။

ဆင်းရဲနွမ်းပါးမှု "ကိုယ်စားပြုချက်" (၃) ခုဖြစ်သည့် ကယ်လိုရီ စားသုံးမှု၊ စားသုံးမှုတွင် အစားအစာ ပါဝင်မှုအချိုးနှင့် အသေးစား ပစ္စည်းများ ပိုင်ဆိုင်မှုများ၏ အလားအလာများအပေါ် တွေ့ရှိချက်များမှာ ရောထွေးလျက်ရှိပါသည်။ ကယ်လိုရီ စားသုံးမှုမှာ အောက်ခြေ ဆယ်စိတ်တစ်စိတ် အိမ်ထောင်စုများတွင် တိုးတက်လာပါသည်။ အောက်ခြေဆယ်စိတ်တစ်စိတ် အိမ်ထောင်စုများမှာ ၂၀၀၅ ခုနှစ်တွင် "အစားအစာ ဆင်းရဲချို့တဲ့သူ"ကို ကိုယ်စားပြုပါသည်။ ဒုတိယနှင့် တတိယ ဆယ်စိတ်တစ်စိတ် အိမ်ထောင်စုများတွင်လည်း တိုးတက်မှုရှိပါသည်။ စားသုံးမှုတွင် အစားအစာ ပါဝင်မှု အချိုးမှာ အောက်ခြေဆယ်စိတ်တစ်စိတ် သုံးခု(အိမ်ထောင်စုများ)တွင် မြင့်မားလာပြီး စားသုံးခြင်းပြန့်ချက် ဖော်ပြထားသည့် အထက်ပိုင်း ဆယ်စိတ်တစ်စိတ် အိမ်ထောင်စုများတွင် ကျဆင်းစပြု လာပါသည်။ အသေးစား ပစ္စည်းပိုင်ဆိုင်မှုမှာ အမြင့်ဆုံးမှ အနိမ့်ဆုံး ဆယ်စိတ်တစ်စိတ် (အိမ်ထောင်စု) ပြန့်ချက်အားလုံး တိုးတက်လာပါသည်။ အစားအစာ ပါဝင်မှုအချိုး၏ အလားအလာများမှာ အဖြစ်အပျက်အားဖြင့် မှန်ကန်လုံလောက်သည့် အထောက်အထား ဟုယူဆရသော်လည်း ဆင်းရဲနွမ်းပါးခြင်း လျော့ချမှု အခြေအနေတွင် တစ်စုံတစ်ဦး မျှော်လင့်ထားသကဲ့သို့ မဟုတ်ပါ။ အခြားတစ်ဖက်တွင်မူ ကယ်လိုရီ စားသုံးမှုနှင့် အသေးစားပစ္စည်း ပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များမှာ ဆင်းရဲနွမ်းပါးမှု၏ ကျဆင်းလာသည့် အဆင့်များနှင့် ဆင်းရဲသူများအကြား စားသုံးမှုအသုံးစရိတ် တိုးမြင့်လာမှုတို့နှင့် သိသိသာသာ ညီညွတ်လျက် ရှိပါသည်။ *ဤကဲ့သို့ ပဋိပက္ခ ဖြစ်နေသည့် ရလဒ်များ အနေအထားတွင် ဆင်းရဲနွမ်းပါးမှု အဆင့်များနှင့် အလားအလာများဆိုင်ရာ အချက်အလက်များကို အဓိပ္ပါယ် ကောက်ယူရာ၌ ချိန်ဆသတိပြုရန် လိုအပ်ပါသည်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးခြင်း ကျဆင်းလာမှု၏ ပမာဏကို အဓိပ္ပါယ် ကောက်ယူရာတွင်ဖြစ်သည်။*

၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်အကြား နှိုင်းယှဉ်မညီမျှမှုနှင့် လုံးလျားမညီမျှမှုများ ကျဆင်းလာပုံရပါသည်။ နှိုင်းယှဉ်မညီမျှမှု၏ တိုင်းတာချက် တစ်ခုဖြစ်သည့် အောက်ခြေ ငါးစိတ်တစ်စိတ် (၂၀%) ၏ စားသုံးမှု အချိုးသည် ၁၁.၁% မှ ၁၂% သို့ အနည်းငယ် တိုးမြင့်လာပါသည်။ သို့သော် ဤခြားနားချက်သည် နမူနာကောက် အမှားကြောင့်လည်း ဖြစ်နိုင်ပါသည်။ ထို့ပြင် အချမ်းသာဆုံးနှင့် အဆင်းရဲဆုံး ငါးစိတ်တစ်စိတ် (၂၀%) ၏ စားသုံးမှု ကွာဟချက်သည် ၈% လျော့နည်းလာပါသည်။ ယေဘုယျအားဖြင့် ကိန်းဂဏန်း အချက်အလက်များက ပို၍ဆင်းရဲသော အုပ်စုများက ပို၍ချမ်းသာသော အုပ်စုများထက် စားသုံးမှု ပြန့်ချက်တစ်ခုလုံးတွင် ပိုမို၍ လျှင်မြန်စွာ တိုးတက်လာနေသည်ကို ညွှန်ပြလျက်ရှိပါသည်။ ၎င်းပြင် အဆင်းရဲဆုံး ဆယ်စိတ်တစ်စိတ် နှစ်ခု (အိမ်ထောင်စုများ) ၏ တိုးတက်နှုန်းများမှာ ၁၄% နှင့် ၉% ဖြစ်ပြီး အလွန်အရေးပါလှသည့် နှုန်းများဖြစ်ပါသည်။ သို့သော် အချမ်းသာဆုံး ဆယ်စိတ်တစ်စိတ် နှစ်ခု (အိမ်ထောင်စုများ) ၏ တိုးတက်နှုန်းမှာ သုညနှင့် အနုတ်လက္ခဏာ ဖြစ်နေပါသည်။ အကျဉ်းချုပ်အားဖြင့် ဤကိန်းဂဏန်း အချက်အလက်များက ၂၀၀၅-၂၀၁၀ ပြည့်နှစ်အတွင်း မြန်မာနိုင်ငံတွင် နှိုင်းယှဉ်မညီမျှမှုနှင့် လုံးလျားမညီမျှမှုများ ကျဆင်းလာလျက်ရှိကြောင်း ညွှန်ပြပါသည်။

ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းမှာ အချိန်ကာလတစ်လျှောက် အိမ်ထောင်စု တစ်ခုခြင်း၏ ဆင်းရဲနွမ်းပါးမှု အခြေအနေ ပြောင်းလဲမှုများနှင့် သက်ဆိုင်ပါသည်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းက (၁) ဆင်းရဲလျက်ရှိသူ (တာရှည်ဆင်းရဲသူ) (၂) ဆင်းရဲခြင်းမှ လွတ်မြောက်သူ (သို့မဟုတ်) ဆင်းရဲသွားသူ(ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း) နှင့် (၃) မဆင်းရဲသူ စသည့် အိမ်ထောင်စုများကို ဆန်းစစ်လေ့လာပါသည်။ ယေဘုယျအားဖြင့် ဆင်းရဲနွမ်းပါးမှု အကူးအပြောင်းက ၂၈% ရှိပြီး တာရှည်ဆင်းရဲသူက ၁၀% အသီးသီး ရှိသဖြင့် ဆင်းရဲနွမ်းပါးမှု အကူးအပြောင်းက တာရှည်ဆင်းရဲသူ အိမ်ထောင်စု အရေအတွက်ထက် သုံးဆနီးပါး ရှိပါသည်။ ဆင်းရဲသွားသူ (အိမ်ထောင်စုများ၏ ၁၁.၃%) နှင့် ဆင်းရဲခြင်းမှ လွတ်မြောက်သူ (အိမ်ထောင်စုများ၏ ၁၆.၅%) တို့၏ အနေအထားမှာ အရေးပါလှသည့်

တိုင်းတာမှု အမှားကြောင့် ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း အရွယ်အစား ဖောင်းပွနေသည်ဟု ဆိုသည့်တိုင် ထူးခြားသည့် ဖြစ်ရပ်အဖြစ် ရှိနေပါသည်။ မူဝါဒ ချမှတ်ရန် အတွက် ဆင်းရဲသွားရခြင်းနှင့် ဆင်းရဲခြင်းမှ လွတ်မြောက်ခြင်းတို့၏ အကြောင်းခံများကို နားလည်သိရှိရန် လိုအပ်ပါသည်။

## ၃ ။ အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ ပင်ကိုလက္ခဏာများ

၂၀၀၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုနှင့် အိမ်ထောင်စု အရွယ်အစား ဆက်နွယ်မှုရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုများမှာ အိမ်ထောင်စုဝင်ဦးရေ ၆.၀ ဦးနှင့် မဆင်းရဲသော အိမ်ထောင်စုများမှာ ၄.၇ ဦး ရှိသဖြင့် ဆင်းရဲသော အိမ်ထောင်စုများ၏ အိမ်ထောင်စု အရွယ်အစားက ပိုမိုကြီးမားပါသည်။ မြို့ပြနှင့် ကျေးလက်တွင်မူ အိမ်ထောင်စု အရွယ်အစား ခြားနားမှု ကြီးကြီးမားမား မရှိပါ။

လူဦးရေဆိုင်ရာ မှီခိုမှုအချိုးသည် အသက် ၁၅နှစ်အောက်နှင့် ၅၉ နှစ်အထက်ရှိသော အိမ်ထောင်စုဝင်ဦးရေကို အသက် ၁၅ နှစ်နှင့် ၅၉ နှစ်အကြားရှိသော အိမ်ထောင်စုဝင်ဦးရေနှင့် နှိုင်းယှဉ်ခြင်း ဖြစ်ပါသည်။ ၂၀၀၅ ခုနှစ်တွင် လူဦးရေဆိုင်ရာ မှီခိုမှုအချိုးနှင့် စားသုံးခြင်း ဆင်းရဲချို့တဲ့မှုအကြား ဆက်သွယ်မှုများ အားနည်းမှု ရှိပါသည်။ ဤကိန်းဂဏန်းအချက်အလက်များသည် ဆင်းရဲနွမ်းပါးမှုကိုဘဝစက်ဝန်း စဉ်းစားတွေးခေါ်မှုများက အဓိက နှိုးဆော်နေခြင်း မဟုတ်ကြောင်း ညွှန်ပြခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ကလေးစောစောယူခြင်းနှင့် သက်ကြီးရွယ်အို မိဘများကို စောင့်ရှောက်နေရခြင်းတို့က ဆင်းရဲနွမ်းပါးမှုနှင့် အဓိက မသက်ဆိုင်ကြောင်း ညွှန်ပြခြင်းဖြစ်သည်။

စီးပွားရေးအရ မှီခိုမှု အချိုးသည် အသက် ၁၅ နှစ်နှင့် ၅၉ နှစ်အကြားရှိသော အိမ်ထောင်စုဝင် စီးပွားမရှာနိုင်သူ ဦးရေနှင့် စီးပွားရှာနိုင်သူ ဦးရေကို နှိုင်းယှဉ်ခြင်းဖြစ်ပါသည်။ ၂၀၀၅ ခုနှစ်တွင် ဤညွှန်ကိန်းနှင့် ဆင်းရဲနွမ်းပါးမှုမှာ ပြောင်းပြန်ဆက်သွယ်မှု ရှိခဲ့ပါသည်။ ဆိုလိုသည်မှာ ဆင်းရဲနွမ်းပါးသူ အိမ်ထောင်စုများတွင် အချိုးအားဖြင့် စီးပွားရေးအရ အလုပ်လုပ်ကိုင်သူ အိမ်ထောင်စုဝင်ဦးရေများ ပိုမိုများပြားနေခြင်းဖြစ်သည်။ ယေဘုယျအားဖြင့် ဆင်းရဲနွမ်းပါးမှုသည် မြို့ပြဒေသတွင်ပင် စီးပွားရေးအရ အလုပ်မလုပ်ကိုင်ခြင်းကြောင့် မဟုတ်ဘဲ အလုပ်လုပ်ကိုင်သော်လည်း အကျိုးအမြတ် ရရှိမှု နိမ့်ကျခြင်းကြောင့် ဖြစ်ရခြင်းဖြစ်သည်။

၂၀၀၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုနှင့် အမျိုးသမီးဦးစီးသည့် အိမ်ထောင်စု ညွှန်ကိန်းမှာ ပြောင်းပြန်ဆက်သွယ်မှုရှိသည်။ ဆင်းရဲသောနှင့် မဆင်းရဲသော အမျိုးသမီးဦးစီးသည့် အိမ်ထောင်စု အချိုးများမှာ ၁၈% နှင့် ၂၁.၅% အသီးသီးရှိပါသည်။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ လွှဲပို့ဝင်ငွေများရရှိခြင်းကြောင့် (သို့မဟုတ်) ချမ်းသာကြွယ်ဝသော အမျိုးသမီးများမှာ အိမ်ထောင်ရေး ကွဲကွာပြီး (သို့မဟုတ်) ခင်ပွန်းသေဆုံးပြီးနောက် မိမိအိမ်ထောင်စုကို ကောင်းမွန်စွာ ထိန်းသိမ်းနိုင်ခြင်းကြောင့် ဖြစ်နိုင်ပါသည်။

## ၄ ။ အိမ်ထောင်စုများ၏ စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်များ

လုပ်ငန်းအမျိုးအစား ဖွဲ့စည်းမှုအရ စိုက်ပျိုးမွေးမြူရေး၊ အမဲလိုက်လုပ်ငန်းနှင့် သစ်တောလုပ်ငန်းများမှာ အလုပ်လုပ်ကိုင်သူ ဦးရေ၏ တစ်ဝက်ကို အလုပ်အကိုင်ပေးသည့် အကြီးမားဆုံး လုပ်ငန်းဌာန အလုပ်ရှင်ဖြစ်ပါသည်။ ကုန်ချောပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းသည် သေးငယ်ပြီး စီးပွားရေးအရ အလုပ်လုပ်ကိုင်သူ ဦးရေ၏ ၆% ခန့်သာ အလုပ်အကိုင် ပေးနိုင်ပါသည်။ ကျန်အလုပ်လုပ်ကိုင်သူများမှာ အဆင့်နိမ့် ဝန်ဆောင်မှု ကဏ္ဍတွင် အဓိက လုပ်ကိုင်လျက်ရှိပါသည်။ ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများ၏

၅၄% ခန့်နှင့် မဆင်းရဲသည့် အိမ်ထောင်စုများ၏ ၄၉% ခန့်မှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိပါသည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၏ အရွယ်အစားနှင့်အတူ သေးငယ်ပြီး တိုးတက်မှု နှေးကွေးသည့် ကုန်ချောပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းနှင့် လွန်ကဲများပြားလျက်ရှိသည့် အဆင့်နိမ့် ဝန်ဆောင်မှုကဏ္ဍ လုပ်ငန်းများမှာ အနည်းဆုံး ကာလတို ဆင်းရဲနွမ်းပါးမှု လျှော့ချရေး မဟာဗျူဟာအတွက် ကျေးလက်အခြေခံပြီး စိုက်ပျိုးမွေးမြူရေး ဦးဆောင်သည့် ဖွံ့ဖြိုးမှု၏ *ဗဟိုအချက်အခြာကျမှု*ကို မှန်ကန် လုံလောက်သော အထောက်အထားအဖြစ် ဖော်ပြနေပါသည်။

အလုပ်အကိုင် အမျိုးအစားအရ ဖော်ပြရပါလျှင် ကျေးလက်ဒေသရှိ ကျပန်းလုပ်သား ဦးရေမှာ မြင့်မား၍ ဆင်းရဲသော အိမ်ထောင်စုများ၏ စီးပွားရေးအရ အလုပ်လုပ်ကိုင်သူဦးရေ၏ ၂၀% ခန့်ရှိပြီး ဆင်းရဲသူများအကြားတွင် ၂၃% မှ ၂၈% သို့တိုးတက်လာပါသည်။ ထို့ကြောင့် ဆင်းရဲသူများအကြားတွင် မိသားစုမှ (လုပ်ခမရဘဲ) လုပ်ငန်းပါဝင်လုပ်ကိုင်သူ ဦးရေသည် ၁၇.၅% မှ ၁၂% သို့အလိုက်သင့် ကျဆင်းလာပါသည်။ ထိုကဲ့သို့ ကျဆင်းလာမှုတွင် ကိုယ်ပိုင်လုပ်ငန်း ကိုယ်တိုင်လုပ်သည့် လုပ်သားများ မပါဝင်ပါ။ သို့ဖြစ်ပါ၍ ဤကိန်းဂဏန်း အချက်အလက်များက ဆင်းရဲနွမ်းပါးမှု၏(ကျပန်းလုပ်သားများကြောင့်) ကျပန်းသဘောဆန်လာမှုမှာ မိသားစုမှ လုပ်ငန်းပါဝင်လုပ်ကိုင်သူများသည် ကျပန်းအလုပ်အကိုင်များသို့ ဝင်ရောက်လုပ်ကိုင်လာခြင်းကြောင့် ဖြစ်သည်ဟု ညွှန်ပြထားပြီး ကိုယ်ပိုင်လုပ်ငန်း ကိုယ်တိုင်လုပ်သူများ ကျဆင်းမှုနှင့် ဆက်နွယ်သည့် မြေယာမဲ့ခြင်းကြောင့် မဟုတ်ကြောင်း ညွှန်ပြပါသည်။ အလားတူ ညွှန်ပြသည်မှာ အပိုင်း၂ တွင်ဖော်ပြဆွေးနွေးထားသည့် ဆင်းရဲသူများအကြား စားသုံးမှု အသုံးစရိတ် တိုးတက်လာရခြင်းမှာ အလုပ်သမားများသည် မိသားစုလုပ်ငန်းကို အပြင်ကျပန်းလုပ်ငန်းဖြင့် လုပ်ကိုင်ဖြည့်ဆည်း၍ အလုပ်ချိန်နှင့် လုပ်ငန်းကြိုးစားအားထုတ်မှု ပိုမိုလုပ်ကိုင်လာခြင်းကြောင့် ဖြစ်သည်ဟု ညွှန်ပြပါသည်။

မြေယာအရွယ် နှင့်ပတ်သက်၍ ဖော်ပြရပါလျှင် ပျှမ်းမျှမြေဧရိယာ မြေယာအရွယ် ၆.၇ ဧက (၂.၇၁ဟက်တာ)မှာ အရှေ့တောင်အာရှ အဆင့်အတန်းအရ သင့်တင့်မျှတသော်လည်း နိုင်ငံတကာ အဆင့်အရ သေးငယ်ပါသည်။ ဆင်းရဲသော အိမ်ထောင်စုများမှာ မဆင်းရဲသော အိမ်ထောင်စုများထက် ပို၍သေးငယ်သော ပျှမ်းမျှမြေဧရိယာ မြေယာအရွယ် ၄.၄ ဧကကိုသာ ပိုင်ဆိုင်၍ မဆင်းရဲသော အိမ်ထောင်စုများမှာ ၇.၃ ဧက ပိုင်ဆိုင်ပါသည်။ ယေဘုယျအားဖြင့် မြေယာအရွယ် ပြန့်ချက်မှာ ဆိုးရွားလှသည်မဟုတ်ပါ။ အချုပ်အားဖြင့် သေးငယ်သော မြေယာအရွယ်မှာ ဆင်းရဲနွမ်းပါးမှုနှင့် ဆက်စပ်မှုရှိပါသည်။ ဤအရွယ်အစားမှာလည်း ၂၀၀၅ ခုနှစ်မှစတင်၍ စားသုံးမှု ဆယ်စိတ်တစ်စိတ် အိမ်ထောင်စုများအကြား (အဆင်းရဲဆုံး အပါအဝင်) မပြောင်းမလဲ ဆက်လက်တည်ရှိ နေဆဲဖြစ်ပါသည်။

မြေယာမဲ့မှုမှာ လယ်ယာစိုက်ပျိုးရေးကို အဓိက စီးပွားရေးလုပ်ငန်း အဖြစ်လုပ်ကိုင်သူများ၏ ၂၄% ရှိပြီးထူးခြားဖြစ်စဉ် တစ်ခုဖြစ်ပါသည်။ ဤနှုန်းမှာ ၂၀၀၅ ခုနှစ်၏ ၂၆% မှအနည်းငယ် ကျဆင်းလာပါသည်။ ဤနှုန်းမှာ ဆင်းရဲသော အိမ်ထောင်စုများတွင် မဆင်းရဲသော အိမ်ထောင်စုများထက် ပိုမိုမြင့်မားပြီး ၃၄% နှင့် ၁၉% အသီးသီးရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုများ၏ မြေယာမဲ့နှုန်းမှာ ၂၀၀၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၃၂% မှ ၃၄%သို့ အနည်းငယ် တိုးမြင့်လာပြီး ဤကွာမှုမှာ စာရင်းအင်းသဘောအရ အရေးမပါပါ။ အဆင်းရဲဆုံးအောက်ခြေ ဆယ်စိတ်တစ်စိတ် အိမ်ထောင်စုများတွင် မြေယာမဲ့နှုန်းမှာ ၃၄% မှ ၃၈% သို့ တိုးမြင့်လာသော်လည်း ဤကွာခြားမှုမှာ စာရင်းအင်းသဘောအရ အရေးမပါပါ။ အမြင့်မားဆုံး မြေယာမဲ့နှုန်းများကို ပဲခူးတိုင်း ဒေသကြီး (၄၁%)၊ ရန်ကုန်တိုင်း ဒေသကြီး (၃၉%) နှင့် ဧရာဝတီ တိုင်းဒေသကြီး(၃၃%) တို့တွင် တွေ့ရှိရပါသည်။ အချုပ်အားဖြင့် မြေယာမဲ့မှုသည် ဆင်းရဲနွမ်းပါးမှုနှင့် ဆက်စပ်ပြီး အချိန်ကာလတစ်လျှောက် တိုးမြင့်လာပါသည်။ အဓိကအားဖြင့် အဆင်းရဲဆုံး အုပ်စုများတွင်

တိုးမြင့်လာခြင်းဖြစ်သည်။ တွေ့ရှိချက်များက ညွှန်ပြသည်မှာ ဆင်းရဲနွမ်းပါးမှု ကျပန်းသဘော ဆန်လာမှုမှာ အဓိက မြေယာမဲ့များ တိုးမြင့်လာခြင်းကြောင့် မဟုတ်သော်လည်း အဆင်းရဲဆုံး အုပ်စုများအကြားတွင်မူ မြေယာမဲ့ခြင်းသည် ဆင်းရဲစေရန် ပံ့ပိုးသည့် အကြောင်းအချက် တစ်ခုဖြစ်ပါသည်။

ချေးငွေလက်လှမ်းမီရရှိမှုတွင် သုံးပုံတစ်ပုံသော တောင်သူလယ်သမား အိမ်ထောင်စုများမှာ ၂၀၀၉ ခုနှစ်၌ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများအတွက် တရားဝင် ပုံမှန်ချေးငွေ (သို့မဟုတ်) ပုံမှန်မဟုတ်သည့် နီးစပ်ရာ ချေးငွေများကို ရရှိခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ၃၈% ဝန်းကျင်ရရှိခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း မလုပ်ကိုင်သည့် အိမ်ထောင်စုများ၏ ၁၁% မှာ စီးပွားရေး လုပ်ငန်းများအား ဘဏ္ဍာငွေကြေး အထောက်အပံ့ပြုရန် ချေးငွေရယူခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် အိမ်ထောင်စုများ၏ ၁၅% ကရယူခဲ့ပါသည်။ ဆင်းရဲနွမ်းပါးသူအားချေးသည့် ပျမ်းမျှချေးငွေ ပမာဏမှာ နည်းသည်ဟု မဆိုနိုင်ပါ။ ချေးငွေပမာဏမှာ အစားအစာ ဆင်းရဲချို့တဲ့မှု ပြမျဉ်း၏ ၆၀% ဝန်းကျင်ရှိသောကြောင့် ဖြစ်သည်။ စိုက်ပျိုးစရိတ် ချေးငွေ၏ တစ်ဝက်ခန့်မှာ ပုံမှန်မဟုတ်သည့် နီးစပ်ရာချေးငွေများဖြစ်ပြီး ဤအချိုး (၅၀%) မှာလည်း ကာလရှည်ကြာ မပြောင်းမလဲ တည်တံ့နေပါသည်။ ဤအချိုးမှာ ဆင်းရဲသူများအတွက် ဖြစ်သကဲ့သို့ မဆင်းရဲသူများ အတွက်လည်းဖြစ်ပါသည်။ ကြွေးမြီနှင့်ပတ်သက်လျှင် ကြွေးမြီတင်ရှိသည့် အိမ်ထောင်စုများ၏အရေအတွက်မှာ ၂၀၀၄ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်အတွင်း ၄၈% မှ ၃၀% အထိသိသာစွာ ကျဆင်းခဲ့ပါသည်။ ဤကျဆင်းမှုမှာ ဆင်းရဲသူနှင့် မဆင်းရဲသူ အိမ်ထောင်စုများအကြား တူညီစွာ သိသာထင်ရှားလှပါသည်။ ဆင်းရဲသော အိမ်ထောင်စုများ၏ ကြွေးမြီအဆင့်သည် တစ်နှစ်စားသုံးမှု အသုံးစရိတ်၏ ၁၄% ရှိ၍ အလွန်မြင့်မားလှပါသည်။ ချေးငွေနှင့် ကြွေးမြီဆိုင်ရာ ဆန်းစစ်မှု၏ မူဝါဒ အကျိုးသက်ရောက်မှုများမှာ ရှင်းလင်းမှုမရှိဘဲ ရှုပ်ထွေးပါသည်။ တစ်ဖက်တွင် ချေးငွေလွှမ်းခြုံမှုမှာ နိမ့်ကျပြီး ကျဆင်းလာ၍ လက်လှမ်းမီရရှိမှုကို တိုးမြင့်ပေးရန်ရှိသကဲ့သို့ အိမ်ထောင်စု အများအပြား၏ လက်ရှိကြွေးမြီအား ပြန်လည်ပေးဆပ်ရန် ပေါ်လွင်သော စွမ်းဆောင်နိုင်မှု လည်းရှိပါသည်။ အခြားတစ်ဖက်တွင်မူ ကြွေးမြီနှင့် စားသုံးမှုအချိုးများ မြင့်မားသည့် အနေအထားတွင် အထူးသဖြင့် ဆင်းရဲသူများအကြား ကြွေးမြီဝန်ထုတ်ဝန်ပိုး ထမ်းဆောင်နိုင်မှုမှာ မသေချာမရေရာ ဖြစ်နေပါသည်။

## ၅ ။ လုပ်သားဈေးကွက်

လုပ်သားအင်အား ပါဝင်မှုနှုန်းမှာ မြင့်မားပြီး အသက်၁၅ နှစ်နှင့်အထက် လူဦးရေ၏ သုံးပုံနှစ်ပုံ (၆၇%) ရှိကာ ဆင်းရဲသူက မဆင်းရဲသူထက် ပိုမိုမြင့်မား၍ ၆၉% နှင့် ၆၆% အသီးသီး ရှိပါသည်။ ကလေးလုပ်သားအင်အား ပါဝင်နှုန်းမှာ (အသက် ၁၀-၁၄) ဆင်းရဲသူနှင့် မဆင်းရဲသူအကြား လွန်ကဲသော ခြားနားမှုရှိ၍ ၁၈% နှင့် ၁၀% အသီးသီးရှိပြီး အသက် ၁၅-၂၄ နှစ်အကြား ပါဝင်မှုနှုန်းမှာ ၇၂% နှင့် ၆၂% အသီးသီးရှိပါသည်။ ဤတွေ့ရှိချက်များက အကြံပြုသည်မှာ ဆင်းရဲနွမ်းပါးမှုမှာ လုပ်သားအင်အားတွင် မပါဝင် မလုပ်ဆောင်ခြင်း ကြောင့်မဟုတ်ပဲ အလုပ်လုပ်သူများအတွက် အကျိုးအမြတ်ရရှိမှု နိမ့်ကျခြင်းနှင့် ဝင်ငွေနည်းခြင်းတို့ကြောင့် ဖြစ်ပါသည်။ (စီးပွားရေးအရ မှီခိုမှုအချိုး ဖော်ပြသည့် အပိုင်း ၃-၂ တွင် တွေ့ရှိရသည့် အတိုင်းဖြစ်ပါသည်) ထို့အပြင် ဤအချက်များက အပိုင်း ၄-၂ ၏ အကြံပြုချက်ကို အကန့်အသတ်ဖြင့် ထပ်မံထောက်ခံမှု ပြုခြင်းပင်ဖြစ်သည်။ အပိုင်း ၄-၂ ၏ အကြံပြုချက်မှာ အပိုင်း ၂ တွင် ဆွေးနွေးဖော်ပြချက်အရ ဆင်းရဲသူများ၏ စားသုံးမှု အသုံးစရိတ်များ မြင့်မားလာရခြင်းမှာ အိမ်ထောင်စုဝင်များသည် လုပ်သားဈေးကွက်သို့ ဝင်ရောက်၍ အလုပ်ကြိုးစားလုပ်ကိုင်ခြင်းနှင့် အလုပ်ချိန်ပိုမို လုပ်ကိုင်လာခြင်းကြောင့်ဖြစ်ကြောင်း အကြံပြု ဖော်ပြထားပါသည်။ နောက်ဆုံးတွင် အသက် ၁၀-၁၄ နှစ်အကြား လုပ်သားအင်အား ပါဝင်မှုနှုန်း

မြင့်မားလာသည်နှင့်အမျှ မျိုးဆက်တစ်ခုမှ တစ်ခုသို့ ဆင်းရဲနွမ်းပါးမှု ကူးပြောင်းမှုနှင့် ဆင်းရဲနွမ်းပါးမှု အနှောင်အဖွဲ့များ ဖြစ်နိုင်ခြေဆိုင်ရာ မေးခွန်းများ ပေါ်ပေါက်လာပါသည်။ ဤအချက်မှာ အလုပ်လုပ်နေသည့် ကလေးများအတွက် ကျောင်းဝင်နှုန်း နိမ့်ကျမှုက သက်သေခံလျက်ရှိပါသည်။

အလုပ်လက်မဲ့နှုန်းမှာ မြန်မာနိုင်ငံတွင် အထူးနိမ့်ကျ၍ ၁.၇% ရှိပါသည်။ ဆင်းရဲသူက မဆင်းရဲသူထက် အလုပ်လက်မဲ့နှုန်း မြင့်မား၍ ၂.၄% နှင့် ၁.၄% အသီးသီးရှိပါသည်။ သို့သော် ဆင်းရဲသူအတွက် ပေါ်လွင်အလုပ်လက်မဲ့နှုန်းမှာ အလွန်နိမ့်ကျပြီး ၂၀၀၅ ခုနှစ်နှင့်ယှဉ်လျှင် ပြောင်းလဲမှုမရှိပဲ ၂.၃% ရှိပါသည်။ စစ်တမ်းမကောက်ယူမီ (၇) ရက်အတွင်း အလုပ်လက်မဲ့ ကိုယ်စားပြုသည့် အချိန်အလိုက်အလုပ်လက်မဲ့နှုန်း (TRU) မှာ အလွန်နိမ့်ကျ၍ ၂.၅% ရှိပါသည်။ ဆင်းရဲနွမ်းပါးမှုနှင့် TRU အကြားဆက်သွယ်မှုမှာ အထက်တွင်ဖော်ပြခဲ့သည့် ဆင်းရဲနွမ်းပါးမှုနှင့် အလုပ်လက်မဲ့အကြား ဆက်သွယ်မှုနှင့် အတူတူပင်ဖြစ်သည်။ ဆင်းရဲသူနှင့် မဆင်းရဲသူတွင် ၃.၇% နှင့် ၂.၁% အသီးသီးရှိသည်။ ဆင်းရဲသူတွင် ၂၀၀၅ နှင့် ၂၀၁၀ အကြား ဤညွှန်ကိန်းမှာ တူညီလုနီးပါး ရှိပါသည်။ အချုပ်အားဖြင့် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုနှင့် ပေါ်လွင် အလုပ်လက်မဲ့အကြား၊ ဆင်းရဲနွမ်းပါးမှုနှင့် အချိန်နှုန်းအရ အလုပ်လက်မဲ့အကြား ဆက်နွယ်မှု ရှိသော်လည်း ယင်းဆက်နွယ်မှုမှာ အားနည်းမှုရှိပြီး ဆင်းရဲနွမ်းပါးမှု ဖြစ်စဉ်တစ်ခုလုံးအတွက် သေးငယ်သော ပံ့ပိုးသည့် အကြောင်းအချက်များသာဖြစ်သည်။ ဆင်းရဲနွမ်းပါးမှုမှာ အလုပ်မရှိသည်ထက် အလုပ်လုပ်ပြီး အကျိုးအမြတ် ရရှိမှု နိမ့်ကျခြင်းနှင့်သာ ပို၍သက်ဆိုင်ပါသည်။

နောက်ဆုံးအနေဖြင့် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ ဖြစ်မှုသည် မြန်မာနိုင်ငံတွင် ထူးခြားသည့်ဖြစ်စဉ် တစ်ရပ်ဖြစ်ပြီး ရာသီကာလအလိုက် ပိုမိုထင်ရှားကာ ၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်အတွင်း တိုးတက်မှုများပြားလာပါသည်။ ဤတွေ့ရှိချက်များက ဆင်းရဲနွမ်းပါးမှုသည် အလုပ်မရှိသည်ထက် အကျိုးအမြတ်ရရှိမှု နိမ့်ကျခြင်းနှင့် ပိုမိုသက်ဆိုင်သည့် ယူဆချက်ကို ထပ်ဆင့်ထောက်ခံလျက် ရှိပါသည်။ (စီးပွားရေးအရ မှီခိုမှုအချိုး၊ လုပ်သားအင်အား ပါဝင်မှုနှုန်းနှင့် အလုပ်လက်မဲ့စသည် ဆက်စပ်သည့်အပိုင်းတွင် ဆွေးနွေးခဲ့သည့်အတိုင်း ဖြစ်ပါသည်။)

## ၆ ။ အိုးအိမ်၊ သောက်သုံးရေနှင့် အညစ်အကြေး သန့်ရှင်းရေးစနစ်

အပိုင်း ၆ မှာ မြန်မာနိုင်ငံ၏ အိုးအိမ်၊ သောက်သုံးရေနှင့် အညစ်အကြေး သန့်ရှင်းရေးစနစ်၏ သွင်ပြင်အနေအထားများဆိုင်ရာ အချက်အလက်များကို တင်ပြထားပါသည်။ ဆင်းရဲနွမ်းပါးမှု ကိုယ်စားပြုချက်အဖြစ် တစ်ခါတစ်ရံ အသုံးပြုသည့် "အရည်အသွေး" ကောင်းမွန်သည့် အိမ်အမိုးရှိမှု မှာ ၂၀၁၀ ပြည့်နှစ်တွင် အိမ်ထောင်စုများ၏ ၅၃% ဖြစ်၍ ၂၀၀၅ ခုနှစ်တွင်ရှိသည့် ၄၄% နှင့်နှိုင်းယှဉ်ပါက စာရင်းအင်းသဘောအရ သိသာစွာ တိုးတက်လာခြင်း ဖြစ်ပါသည်။ ဆင်းရဲသူနှင့် မဆင်းရဲသူအတွက် ဤညွှန်ကိန်းမှာ ၃၂% နှင့် ၅၉% အသီးသီးဖြင့် ခြားနားမှုကြီးမားပြီး ဆင်းရဲသူအတွက် ညွှန်ကိန်းမှာ ၂၀၀၅ ခုနှစ်၏၂၇.၈% မှတိုးမြင့်လာသော်လည်း ဤပြောင်းလဲမှုမှာ စာရင်းအင်းသဘောအရ အရေးပါလှသည် မဟုတ်ပါ။ ပြည်နယ်နှင့်တိုင်း ဒေသကြီးများတွင် သိသာသည့် ကွဲပြားခြားနားမှုများ ရှိပါသည်။ အဓိကအားဖြင့် နိမ့်ကျသည့် ညွှန်ကိန်းများမှာ ရခိုင်ပြည်နယ် (၂၀%) နှင့် ဧရာဝတီတိုင်း ဒေသကြီး (၃၉%) တို့တွင် ဖြစ်ပါသည်။ အချုပ်အားဖြင့် အရည်အသွေး ကောင်းမွန်သည့် အိမ်အမိုးရှိမှုမှာ တစ်နိုင်ငံလုံးအနေဖြင့် တိုးတက်လာသော်လည်း ဆင်းရဲသူအတွက် တိုးတက်မှု လျော့နည်းပြီး ပြည်နယ်/တိုင်း ဒေသကြီးများအကြား သိသာသည့် ကွာဟမှုများ ရှိနေဆဲဖြစ်ပါသည်။'နိမ့်ကျသော အရည်အသွေး အိမ်အမိုးရှိမှု' ကို

ဆင်းရဲနွမ်းပါးမှု၏ ကိုယ်စားပြုချက် တစ်ရပ်အဖြစ် အဓိပ္ပါယ်ဖော်ဆောင်ပါက၊ ဤအချက်နှင့် ပတ်သက်၍ တွေ့ရှိချက်များက အပိုင်း ၂ တွင် တင်ပြထားသည့်ဆင်းရဲနွမ်းပါးမှုနှုန်းများကျဆင်းမှုကို ထောက်ခံမှုပြုပါသည်။

ဘေးကင်းသည့်သောက်ရေ သုံးစွဲမှုမှာ ၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်အတွင်း ၆၃% မှ ၇၀% သို့ တိုးတက်လာပြီး စာရင်းအင်း သဘောအရ အရေးပါပါသည်။ ဘေးကင်းသည့်သောက်ရေ လက်လှမ်းမီရရှိမှုမှာ ဆင်းရဲသူနှင့် မဆင်းရဲသူအကြား ခြားနားမှုများရှိ၍ ၆၂% နှင့် ၇၂% ရှိပြီး ကျေးလက်နှင့်မြို့ပြ နေထိုင်သူများအကြားတွင်လည်း ခြားနားမှုရှိကာ ၆၅% နှင့် ၈၁% ရှိပါသည်။ ဆင်းရဲသူအတွက် ဤညွှန်ကိန်းမှာ ၂၀၀၅ ခုနှစ်တွင် ၅၉% ရှိခဲ့ရာမှ တိုးတက်လာခြင်း ဖြစ်သော်လည်း စာရင်းအင်း သဘောအရ အရေးမပါလှပါ။ အဓိကအားဖြင့် နိမ့်ကျသောအဆင့်များကို ဧရာဝတီတိုင်း ဒေသကြီး (၄၅%)၊ ရခိုင်ပြည်နယ် (၅၀%)နှင့် တနင်္သာရီတိုင်း ဒေသကြီး (၅၆%) တို့တွင် တွေ့ရှိနိုင်ပါသည်။ ဘေးကင်းသည့်သောက်ရေ လက်လှမ်းမီရရှိမှုမှာ တစ်နိုင်ငံလုံးအနေဖြင့် သင့်တင့်ရုံမျှ တိုးတက်လာသော်လည်း ဆင်းရဲသူအတွက် တိုးတက်နှုန်း နိမ့်ကျလျက်ရှိပြီး ပြည်နယ်နှင့်တိုင်း ဒေသကြီးများအကြားနှင့် မြို့ပြနှင့်ကျေးလက်ဒေသများ အကြားတွင်မူ သိသာသည့် ကွာဟချက်များ ရှိနေဆဲဖြစ်ပါသည်။

ကောင်းမွန်သည့် အညစ်အကြေး သန့်ရှင်းရေးစနစ် ညွှန်ကိန်းမှာ ၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်အတွင်း ၆၇% မှ ၇၉% သို့ တိုးတက်လာပါသည်။ ဤညွှန်ကိန်းမှာ ဆင်းရဲသူနှင့် မဆင်းရဲသူအကြား ကြီးမားသော ခြားနားမှုရှိပြီး ၇၂% နှင့် ၈၂% အသီးသီးရှိကာ ကျေးလက်နှင့်မြို့ပြ နေထိုင်သူများအကြား အသင့်အတင့် ခြားနားမှုရှိပြီး ၇၇% နှင့် ၈၄% အသီးသီးရှိပါသည်။ ဆင်းရဲသူအတွက် ဤညွှန်ကိန်းမှာ ၂၀၀၅ ခုနှစ်ရှိ ၅၉% မှတိုးတက်လာခြင်းဖြစ်ပြီး ပြောင်းလဲမှုမှာ စာရင်းအင်းသဘောအရ အရေးပါပါသည်။ နိမ့်ကျသော အဆင့်များကို အထူးသဖြင့် ရခိုင်ပြည်နယ် (၅၄%) တွင် တွေ့ရှိရပါသည်။ သို့သော် ရခိုင်ပြည်နယ်တွင် ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေးစနစ် လက်လှမ်းမီရရှိမှုမှာ အချိန်ကာလတစ်လျှောက် တိုးတက်မှုများ ရှိခဲ့ပါသည်။ (မြင့်မားသော စံမှားယွင်းချက်များက ဤရလဒ်ကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌ ချိန်ဆသတိပြုရန် နှိုးဆော်ပါသည်။) အချုပ်အားဖြင့် ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေးစနစ် လက်လှမ်းမီရရှိမှုမှာ အချိန်ကာလတစ်လျှောက် တိုးတက်မှုများရှိခဲ့ပြီး အထူးသဖြင့် ဆင်းရဲသူများအတွက် မြင့်မားသောနှုန်းများဖြင့် တိုးတက်ခဲ့ပါသည်။ သို့သော် ပြည်နယ်နှင့်တိုင်း ဒေသကြီးများအကြား၊ ဆင်းရဲသူနှင့် မဆင်းရဲသူအကြား သင့်တင့်သော ကွာဟမှုများ ဆက်လက်ရှိဆဲ ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အား ရရှိမှုမှာ ၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်အတွင်း ၃၈% မှ ၄၈% သို့ စာရင်းအင်း သဘောအရ အရေးပါလှသည့်ပုံစံဖြင့် တိုးတက်ခဲ့ပါသည်။ ဆင်းရဲသူနှင့် မဆင်းရဲသူအကြား ကြီးမားသော ခြားနားမှုရှိပြီး ၂၈% နှင့် ၅၅% အသီးသီးဖြစ်၍ ကျေးလက်နှင့် မြို့ပြနေထိုင်သူများတွင် ၃၄% နှင့် ၈၉% အသီးသီးရှိပါသည်။ ဆင်းရဲသူအတွက် ဤညွှန်ကိန်းမှာ ၂၀၀၅ ခုနှစ်တွင် ၂၀% ရှိခဲ့ရာမှ တိုးတက်လာခြင်းဖြစ်၍ ဤပြောင်းလဲမှုမှာ စာရင်းအင်းသဘောအရ အရေးပါပါသည်။ အဓိကအားဖြင့် နိမ့်ကျသော အဆင့်များကို ရခိုင်ပြည်နယ် (၂၆%)၊ ဧရာဝတီတိုင်း ဒေသကြီး (၃၀%)၊ မကွေးတိုင်း ဒေသကြီး (၃၁%) နှင့် ပဲခူးတိုင်း ဒေသကြီး (၃၂%) တို့တွင် တွေ့ရှိရပါသည်။ အချုပ်အားဖြင့် လျှပ်စစ်ဓာတ်အား ရရှိမှုမှာ အချိန်ကာလတစ်လျှောက် တိုးတက်မှုရှိခဲ့ပြီး ဆင်းရဲသူများအတွက် ပိုမိုလျှင်မြန်သော နှုန်းများဖြင့် တိုးတက်ခဲ့ပြီး ပြည်နယ်နှင့်တိုင်း ဒေသကြီးများအကြား သိသာသော ကွာဟမှုများ ဆက်လက်ရှိဆဲဖြစ်ကာ ဆင်းရဲသူနှင့် မဆင်းရဲသူအကြား ကြီးမားသော ခြားနားမှုရှိပါသည်။

ခြုံငုံဖော်ပြရပါက ဤကိန်းဂဏန်း အချက်အလက်များက ညွှန်ကိန်းများအားလုံး ယေဘုယျတိုးတက်မှု လမ်းကြောင်းရှိသည်ဟု ညွှန်ပြထားပြီး ပြည်နယ်နှင့်တိုင်း ဒေသကြီးများနှင့် (ဆင်းရဲသူ/မဆင်းရဲသူ) ဆင်းရဲနွမ်းပါးမှု မျဉ်းတစ်လျှောက် ကွာဟမှုများ ရှိဆဲဖြစ်ပါသည်။ တင်ပြထားသည့် ညွှန်ကိန်းများအကြား အဆိုးရွားဆုံးမှာ ရခိုင်ပြည်နယ်တွင် ဖြစ်ပါသည်။

## ၇ ။ ကျန်းမာရေးနှင့် အာဟာရ

ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးမှု၏လွှမ်းခြုံမှုမှာ ၂၀၁၀ ပြည့်နှစ်တွင် ၈၂% ရှိခဲ့သဖြင့် ၂၀၀၅ ခုနှစ်၏ ၈၀% ထက်သင့်တင့်ရုံမျှ တိုးမြင့်လာပါသည်။ဆင်းရဲသူနှင့် မဆင်းရဲသူအကြား လွှမ်းခြုံမှုမှာ ကြီးမားသော ခြားနားမှုရှိပြီး ၇၆% နှင့် ၈၆% အသီးသီးရှိ၍ ကျေးလက်နှင့် မြို့ပြနေထိုင်သူ အကြားတွင်လည်း ကြီးမားသော ခြားနားမှုရှိပြီး ၈၀% နှင့် ၉၂% အသီးသီးရှိပါသည်။ ဤလွှမ်းခြုံမှုမှာ ဆင်းရဲသူတွင် ၂၀၀၅ ခုနှစ်၏ ၇၈% မှအနည်းငယ် ကျဆင်းခဲ့သော်လည်း စာရင်းအင်းသဘောအရ ဤပြောင်းလဲမှုမှာ အရေးမပါလှပါ။ ပြည်နယ်နှင့်တိုင်း ဒေသကြီးများအကြား လွှမ်းခြုံမှုမှာ သင့်တင့်သော ကွဲပြားခြားနားမှုများရှိပြီး အထူးသဖြင့် ရခိုင်ပြည်နယ် (၆၈%) တွင်နိမ့်ကျပါသည်။ အချုပ်အားဖြင့် ဆင်းရဲသော အိမ်ထောင်စုများအတွက် အနည်းငယ် ကျဆင်းခဲ့သော်လည်း ဝက်သက်ရောဂါကာကွယ်ဆေးထိုးမှု၏လွှမ်းခြုံမှုမှာသင့်တင့်မျှတစွာ တိုးတက်ခဲ့ပါသည်။ ပြည်နယ်နှင့်တိုင်း ဒေသကြီးများအကြား၊ မြို့ပြနှင့်ကျေးလက် နေထိုင်သူများအကြားနှင့် ဆင်းရဲသူနှင့် မဆင်းရဲသူများအကြား ကွာဟချက်များ ရှိနေဆဲဖြစ်ပါသည်။

သားဖွားမီခင် ကျန်းမာရေးနှင့် ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေး စောင့်ရှောက်ခြင်း လွှမ်းခြုံမှုမှာ ၂၀၁၀ ပြည့်နှစ်တွင် ၈၃% ရှိပြီး ၂၀၀၅ အဆင့်နှင့် တူညီလုနီးပါး ဖြစ်ပါသည်။ ဆင်းရဲသူနှင့် မဆင်းရဲသူအကြား လက်လှမ်းမီ ရရှိမှုမှာ သင့်တင့်သော ခြားနားမှုများရှိပြီး ၇၇% နှင့် ၈၆% ရှိ၍ ကျေးလက်နှင့်မြို့ပြ နေထိုင်သူများအကြား ခြားနားမှုမှာ ၈၁% နှင့် ၉၃% ရှိပါသည်။ အထူးသဖြင့် နိမ့်ကျသောနှုန်းများကို ချင်းပြည်နယ် (၆၀%) နှင့် ရခိုင်ပြည်နယ် (၆၈%) တို့တွင် တွေ့ရှိရပါသည်။ တစ်နိုင်ငံလုံးအနေဖြင့် မွေးဖွားမှုများ၏ ၇၈% ကိုကျွမ်းကျင်သော ကျန်းမာရေး ဝန်ထမ်းများက စောင့်ရှောက်မွေးဖွားပေးပြီး ၂၀၀၅ ခုနှစ်၏ ၇၃% နှင့် တူညီလုနီးပါးဖြစ်ပါသည်။ ဆင်းရဲသူနှင့် မဆင်းရဲသူများတွင် သိသာသော ခြားနာမှုများရှိ၍ ၆၉% နှင့် ၈၁% အသီးသီးရှိပြီး ကျေးလက်နှင့်မြို့ပြ နေထိုင်သူများ အကြားတွင်လည်း ခြားနားမှုများရှိကာ ၇၄% နှင့် ၉၃% အသီးသီးရှိပါသည်။ တစ်ဖန် နိမ့်ကျသောနှုန်းများကို ရခိုင်ပြည်နယ် (၅၅%)၊ ချင်းပြည်နယ် (၆၁%) တို့တွင် တွေ့ရှိရပါသည်။ အချုပ်အားဖြင့် သားဖွားမိခင် ကျန်းမာရေးဆိုင်ရာ ညွှန်ကိန်းများမှာ နှိုင်းယှဉ်မှုအရ မြင့်မားနေဆဲဖြစ်ပြီး သင့်တင့်ရုံမျှ တိုးတက်မှုရှိသော်လည်း ပြည်နယ်တိုင်း ဒေသကြီးများအကြား၊ မြို့ပြနှင့်ကျေးလက် နေထိုင်သူများအကြားနှင့် ဆင်းရဲသူနှင့် မဆင်းရဲသူ အိမ်ထောင်စုများအကြား ကွာဟချက်များ ရှိနေဆဲ ဖြစ်ပါသည်။

နာမကျန်း ဖြစ်ပွားမှုနှင့် ပတ်သက်၍ ဖော်ပြရပါလျှင် ၂၀၁၀ ပြည့်နှစ်တွင် ပြောကြားချက်အရ (သိရှိရသည့်) နာမကျန်း ဖြစ်ပွားမှုမှာ လူဦးရေ၏ ၅.၄% ရှိပြီး ၂၀၀၅ ခုနှစ်၏ ၅.၃% နှင့်တူညီလုနီးပါး ဖြစ်ပါသည်။ ကိန်းဂဏန်း အချက်အလက်များက မဆင်းရဲသူတွင် ဆင်းရဲသူထက် နာမကျန်း ဖြစ်ပွားမှုနှုန်းများ မြင့်မားပြီး ၅.၅% နှင့် ၅.၁% အသီးသီးရှိကြောင်း ဖော်ပြ၍ ဤအချက်မှာလည်း ကိုယ်တိုင်သတင်းပို့မှု ဘက်လိုက်ချို့ယွင်းမှုကြောင့် ဖြစ်နိုင်ကြောင်း သံသယရှိရန် မလိုပါ။ နှိုင်းယှဉ်ကြည့်ပါက မြင့်မားသောနှုန်းများကို ကရင်ပြည်နယ် (၈.၉%)၊ ချင်းပြည်နယ် (၈.၁%)၊ ကယားပြည်နယ် (၈.၀%) နှင့်

ရခိုင်ပြည်နယ် (၈.၀%) တို့တွင် တွေ့ရှိရပါသည်။ အချုပ်အားဖြင့် ပြောကြားချက်အရ (သိရှိရသည့်) နာမကျန်း ဖြစ်ပွားမှု နှုန်းများမှာ အချိန်ကာလတစ်လျှောက် ပြောင်းလဲမှု မရှိသော်လည်း စာအုပ်စာပေတွင် တွေ့ရှိရသည့် ကိုယ်တိုင်(ဖွင့်ဟ) ပြောကြားချက် ဘက်လိုက်မှုကို ထင်ဟပ်ပြီး ဤအချက်အရ ဆင်းရဲသူများက မဆင်းရဲသူများထက် နာဖျားမှု နည်းဟန်ရှိပါသည်။

အသင့်အတင့် အာဟာရ ချို့တဲ့မှုမှာ ၂၀၁၀ ပြည့်နှစ်တွင် ၃၂% ရှိပြီး ၂၀၀၅ ခုနှစ်၏ ၃၄% မှစာရင်းအင်းသဘောအရ အရေးမပါသည့် ကျဆင်းမှုမျိုး ကျဆင်းခဲ့ပါသည်။ ဆင်းရဲသူနှင့် မဆင်းရဲသူတွင် ခြားနားမှုများရှိပြီး ၃၅% နှင့် ၃၀.၆% အသီးသီးရှိ၍ ကျေးလက်နှင့်မြို့ပြ နေထိုင်သူများအကြား ခြားနားမှုမှာ ၃၃.၇% နှင့် ၂၅.၅% အသီးသီးရှိပါသည်။ ဆင်းရဲသူများအကြား အာဟာရ ချို့တဲ့မှုမှာ ၂၀၀၅ ခုနှစ်၏ ၃၇.၉% မှကျဆင်းခဲ့ပါသည်။ ဤပြောင်းလဲမှုမှာ စာရင်းအင်းသဘောအရ အရေးမပါလှပါ။ အထူးသဖြင့် မြင့်မားသော နှုန်းများကို ရခိုင်ပြည်နယ် (၅၃%) နှင့် ရှမ်းပြည်နယ် (တောင်) (၄၈%) တို့တွင်တွေ့ရှိရပါသည်။

အလွန်အမင်း အာဟာရ ချို့တဲ့မှုမှာ ၂၀၁၀ ပြည့်နှစ်တွင် ၉.၁% ရှိပြီး ၂၀၀၅ ခုနှစ်၏ ၉.၄% မှအနည်းငယ် ကျဆင်း၍ စာရင်းအင်းသဘောအရ အရေးမပါလှပါ။ ဆင်းရဲသူနှင့် မဆင်းရဲသူများအကြား ခြားနားမှုများရှိ၍ ၁၀.၂% နှင့် ၈.၆% အသီးသီးရှိပြီး ကျေးလက်နှင့်မြို့ပြ နေထိုင်သူများတွင် ၉.၇% နှင့် ၆.၉% အသီးသီးရှိပါသည်။ အသင့်အတင့် အာဟာရ ချို့တဲ့မှုနှင့် မတူပဲ အလွန်အမင်း အာဟာရ ချို့တဲ့မှုတွင် အမျိုးသမီးများအတွက် ဤညွှန်ကိန်းမှာ အမျိုးသားများထက် မြင့်မားပြီး ၁၀% နှင့် ၈.၃% အသီးသီး ရှိပါသည်။ ဆင်းရဲသူများအကြား အာဟာရ ချို့တဲ့မှုမှာ ၂၀၀၅ ခုနှစ်၏ ၁၁.၃% မှကျဆင်းလာသော်လည်း စာရင်းအင်းသဘောအရ အရေးပါလှသည့် ပြောင်းလဲမှုမဟုတ်ပါ။ အထူးသဖြင့် မြင့်မားသည့်နှုန်းများကို ရှမ်းပြည်နယ် (တောင်) (၁၈.၅%) နှင့် ရခိုင်ပြည်နယ် (၁၆.၃%) တို့တွင် တွေ့ရှိရပါသည်။ တစ်နိုင်ငံလုံးအနေဖြင့် ဤကိန်းဂဏန်း အချက်အလက်များက ညွှန်ပြသည်မှာ အချိန်ကာလတစ်လျှောက် သင့်တင့်ရုံမျှ တိုးတက်မှုရှိသော ပုံစံရှိပြီး ယင်းတိုးတက်မှုမှာလည်း အပိုင်း ၂ တွင် တင်ပြထားသည့် အစားအစာ ဆင်းရဲချို့တဲ့မှုနှင့် ဆင်းရဲနွမ်းပါးမှု ကျဆင်းလာခြင်းများနှင့် ပတ်သက်သည့် တွေ့ရှိချက်များနှင့် ထင်ရှားစွာ ညီညွတ်မှုရှိပါသည်။

ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိမှု ညွှန်ကိန်းမှာ ၂၀၁၀ ပြည့်နှစ်တွင် ၈၁% ရှိပြီး ၂၀၀၅ ခုနှစ်တွင်ရှိသော ၆၅% နှင့် နှိုင်းယှဉ်ပါက တိုးတက်လာပြီး စာရင်းအင်းသဘောအရ အရေးပါသည်။ ဆင်းရဲသူနှင့် မဆင်းရဲသူများအကြားတွင် လက်လှမ်းမီ ရရှိမှုမှာ အနည်းငယ်ခြားနားမှုရှိပြီး ၇၇% နှင့် ၈၂% အသီးသီးရှိ၍ ကျေးလက်နှင့်မြို့ပြ နေထိုင်သူများအကြားတွင် ကြီးမားသော ခြားနားမှုရှိကာ ၇၅% နှင့် ၉၆% အသီးသီး ရှိပါသည်။ ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီ ရရှိမှုတွင် ဆင်းရဲသူအတွက် ဤညွှန်ကိန်းမှာ ၂၀၀၅ ခုနှစ်၏ ၅၇%မှ မြင့်မားတိုးတက်လာပြီး စာရင်းအင်းသဘောအရ အရေးပါပါသည်။ အထူးသဖြင့် နိမ့်ကျသောနှုန်းများကို စစ်ကိုင်းတိုင်း ဒေသကြီး (၆၂%) နှင့် ချင်းပြည်နယ် (၆၈%) တို့တွင် တွေ့ရှိရပါသည်။ အချုပ်အားဖြင့် ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီ ရရှိမှုမှာ ၂၀၀၅ ခုနှစ်မှ အစပြု၍ သိသာစွာ တိုးတက်ခဲ့ရာ အထူးသဖြင့် ဆင်းရဲသူအတွက် သိသာစွာ တိုးတက်ခဲ့ပြီး မြို့ပြနှင့်ကျေးလက် နေထိုင်သူအကြားတွင်မူ ကြီးမားသော ကွာဟချက်များ ရှိနေဆဲဖြစ်ပါသည်။

တစ်နိုင်ငံလုံး အနေဖြင့် အသုံးစရိတ် စုစုပေါင်းတွင် ပါဝင်သည့် ကျန်းမာရေး အသုံးစရိတ် ဝေစုအချိုးမှာ ၂၀၁၀ ပြည့်နှစ်တွင် ၅% ရှိသဖြင့် ၂၀၀၅ ခုနှစ်၏အချိုးနှင့် တူညီသလောက် ဖြစ်ပါသည်။ ဤအချိုးမှာ ဆင်းရဲသူများတွင် မဆင်းရဲသူများထက် နိမ့်ကျပြီး ၃.၇% နှင့် ၅.၁% အသီးသီးရှိပြီး ကျေးလက်နှင့်မြို့ပြ

နေထိုင်သူများတွင်လည်း အလားတူ ဖြစ်ရပ်မျိုးရှိ၍ အချိုးမှာ ၄.၄%နှင့် ၅.၉% အသီးသီး ရှိပါသည်။ ကျန်းမာရေးအတွက် သုံးစွဲသည့် အသုံးစရိတ်မှာ မဆင်းရဲသူများက ဆင်းရဲသူများ၏ အသုံးစရိတ် (၃) ဆခန့် သုံးစွဲကြသဖြင့် ဝန်ဆောင်မှုမြင့်မားသည့် ကျန်းမာရေး စောင့်ရှောက်မှုကို ပိုမိုလက်လှမ်းမီ ရရှိကြောင်း ညွှန်ပြပါသည်။

## ၈ ။ ပညာရေး

စာတတ်မြောက်မှုနှင့် ပတ်သက်၍ ၂၀၁၀ ပြည့်နှစ်၌ တစ်နိုင်ငံလုံးတွင် ၉၀% ရှိ၍ ၂၀၀၅ ခုနှစ်၏ ၈၅% နှင့်နှိုင်းယှဉ်ပါက တိုးတက်လာပြီး စာရင်းအင်းသဘောအရ အရေးပါသည်။ ဆင်းရဲသူနှင့် မဆင်းရဲသူများအကြားတွင် ကြီးမားသော ခြားနားမှုရှိ၍ ၈၄% နှင့် ၉၃% အသီးသီး ရှိပါသည်။ သို့သော် ဆင်းရဲသူ၏ စာတတ်မြောက်မှုနှုန်းမှာ ၂၀၀၅ ခုနှစ်၏ ၇၉% မှ စာရင်းအင်းသဘောအရ သိသာစွာ တိုးတက်လာပါသည်။ ကျေးလက်နှင့်မြို့ပြ နေထိုင်သူများအကြား ကြီးမားသည့် ခြားနားမှုများရှိ၍ ၈၉% နှင့် ၉၅% အသီးသီးရှိကာ အမျိုးသမီးများနှင့် အမျိုးသားများအကြားတွင်လည်း ခြားနားမှုရှိကာ ၈၉% နှင့် ၉၆% အသီးသီး ရှိပါသည်။ အနိမ့်ဆုံး စာတတ်မြောက်မှုနှုန်းများကို ရခိုင်ပြည်နယ် (၇၅%) နှင့် ရှမ်းပြည်နယ် (၇၅%) တွင်တွေ့ရှိရပါသည်။ အချုပ်အားဖြင့် စာတတ်မြောက်မှုနှုန်းများမှာ မြင့်မားနေသည့် နှုန်းများမှ အနည်းငယ်ထပ်မံ ပိုမိုမြင့်မားလာခြင်းဖြစ်ပြီး ဆင်းရဲသူများအတွက်လည်း ဤညွှန်ကိန်းမှာ အချိုးအစားအလိုက် တိုးတက်မှုရှိပါသည်။ သင့်တင့်ရုံမျှ ကွာဟမှုများကို ဆင်းရဲသူနှင့် မဆင်းရဲသူ အိမ်ထောင်စုများအကြား၊ အမျိုးသားများနှင့် အမျိုးသမီးများအကြားနှင့် မြို့ပြနှင့်ကျေးလက် အိမ်ထောင်စုများအကြား ရှိနေပြီး ပြည်နယ်နှင့်တိုင်း ဒေသကြီးများအကြားတွင်မူ ကြီးမားသော ခြားနားမှုများ ရှိပါသည်။

မူလတန်းပညာအဆင့် အသားတင် ကျောင်းဝင်နှုန်းမှာ ၂၀၁၀ ပြည့်နှစ်တွင် ၈၈% ရှိပြီး ၂၀၀၅ ခုနှစ်၏ ၈၅% မှ စာရင်းအင်းသဘောအရ သိသာစွာ မြင့်တက်ခဲ့ပါသည်။ ဆင်းရဲသူနှင့် မဆင်းရဲသူအကြား ကျောင်းဝင်နှုန်းမှာ ကြီးမားစွာ ခြားနားချက်များရှိပြီး ၈၁% နှင့် ၉၀% အသီးသီး ရှိပါသည်။ ဆင်းရဲသူများ၏ မူလတန်းပညာအဆင့် အသားတင် ကျောင်းဝင်နှုန်းများမှာ ၂၀၀၅ ခုနှစ်၏ ၈၀% မှအနည်းငယ် မြင့်မားပါသည်။ သတိပြုလောက်ဖွယ် ခြားနားမှုများအား ကျေးလက်နှင့်မြို့ပြ နေထိုင်သူများအကြားတွင် တွေ့ရှိရပြီး ၈၇% နှင့် ၉၂% အသီးသီး ရှိပါသည်။ သို့သော်လည်း အမျိုးသားနှင့် အမျိုးသမီးများအကြားတွင် မတွေ့ရှိရပါ။ အနိမ့်ဆုံး မူလတန်းပညာအဆင့် အသားတင် ကျောင်းဝင်နှုန်းများကို ရခိုင်ပြည်နယ် (၇၁%) တွင်တွေ့ရှိရပါသည်။ အချုပ်အားဖြင့် မူလတန်းပညာအဆင့် အသားတင် ကျောင်းဝင်နှုန်းများမှာ မြင့်မားသော အဆင့်များမှ အနည်းငယ် တိုးမြင့်လာပြီး ဆင်းရဲသားများအတွက် ဤညွှန်ကိန်းမှာ တည်ငြိမ်လျက် ရှိပါသည်။ သိသာသော ကွာဟမှုများမှာ ပြည်နယ်နှင့်တိုင်း ဒေသကြီးများအကြား၊ မြို့ပြနှင့်ကျေးလက် နေထိုင်သူများအကြားနှင့် ဆင်းရဲသူနှင့် မဆင်းရဲသူ အိမ်ထောင်စုများအကြား ရှိနေဆဲဖြစ်ပါသည်။

အလယ်တန်းနှင့် အထက်တန်း ပညာအဆင့် အသားတင် ကျောင်းဝင်နှုန်းမှာ ၂၀၁၀ ပြည့်နှစ်တွင် ၅၃% ရှိပြီး ၂၀၀၅ ခုနှစ်၏ ၄၂% မှ စာရင်းအင်းသဘောအရ သိသာစွာ မြင့်တက်ခဲ့ပါသည်။ ဆင်းရဲသူနှင့် မဆင်းရဲသူများအကြားတွင် ကြီးမားသော ခြားနားမှုများရှိ၍ ၃၅% နှင့် ၅၉% အသီးသီး ရှိပါသည်။ သို့သော် ဆင်းရဲသူ၏ အလယ်တန်းနှင့် အထက်တန်းပညာအဆင့် ကျောင်းဝင်နှုန်းမှာ ၂၀၀၅ ခုနှစ်၏ ၂၈% မှ စာရင်းအင်းသဘောအရ သိသာသော ပုံစံဖြင့် တိုးတက်ခဲ့ပါသည်။ ကျေးလက်နှင့်မြို့ပြ နေထိုင်သူများအကြား

ကြီးမားသော ခြားနားမှုများရှိ၍ ၄၇% နှင့် ၇၅% အသီးသီး ရှိပါသည်။ သို့သော် အမျိုးသားများနှင့် အမျိုးသမီးများအကြားတွင် ကြီးမားသော ခြားနားမှုများ မရှိပါ။ အနိမ့်ဆုံးသောနှုန်းများကို ရခိုင်ပြည်နယ် (၃၂%) တွင်တစ်ဖန် တွေ့ရှိရပါသည်။ အချုပ်အားဖြင့် အလယ်တန်းနှင့် အထက်တန်းပညာအဆင့် အသားတင် ကျောင်းဝင်နှုန်းမှာ သိသာစွာ တိုးမြင့်လာပြီး ဆင်းရဲသူအတွက် များစွာတိုးတက်လာပါသည်။ သိသာသော ကွာဟမှုများမှာ ပြည်နယ်နှင့်တိုင်း ဒေသကြီးများအကြား၊ မြို့ပြနှင့်ကျေးလက် နေထိုင်သူများအကြားနှင့် ဆင်းရဲသူနှင့် မဆင်းရဲသူ အိမ်ထောင်စုများအကြား ရှိနေဆဲ ဖြစ်ပါသည်။

မူလတန်းပညာ စာသင်ကျောင်းအား လက်လှမ်းမီမှုကို (မြေပြင်)ခရီး အကွာအဝေးအရ သတ်မှတ်ခြင်းဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် ၉၁% ရှိကာ ၂၀၀၅ ခုနှစ် အခြေအနေမှ မပြောင်းလဲသလောက် ဖြစ်ပါသည်။ ဤလက်လှမ်းမီမှုမှာ ဆင်းရဲသူနှင့် မဆင်းရဲသူအကြား စာရင်းအင်းသဘောအရ အရေးမပါသည့် အနည်းငယ် ခြားနားမှုများသာရှိပြီး ၈၉% နှင့် ၉၂% အသီးသီး ရှိပါသည်။ သို့သော် ကြီးမားသော ခြားနားမှုများကို မြို့ပြနှင့်ကျေးလက် နေထိုင်သူများအကြားတွင် တွေ့ရှိရပြီး ၈၉% နှင့် ၉၆% အသီးသီး ရှိပါသည်။ အနိမ့်ဆုံးသော လက်လှမ်းမီမှုနှုန်းများကို ချင်းပြည်နယ် (၇၃%) နှင့် ကရင်ပြည်နယ် (၇၅%) တို့တွင် တွေ့ရှိရပါသည်။ အလယ်တန်းနှင့် အထက်တန်းကျောင်း လက်လှမ်းမီမှုမှာ ၂၀၁၀ ပြည့်နှစ်တွင် ၃၄% ရှိပြီး ၂၀၀၅ ခုနှစ်၏၃၂% မှ အနည်းငယ် တိုးတက်ခဲ့ပြီး စာရင်းအင်းသဘောအရ အရေးပါမှု မရှိပါ။ လက်လှမ်းမီမှုမှာ ဆင်းရဲသူနှင့် မဆင်းရဲသူကြားတွင် ကြီးမားသော ခြားနားမှုများရှိ၍ ၂၇% နှင့် ၃၆% အသီးသီး ရှိပါသည်။ ဆင်းရဲသူအတွက် ဤညွှန်ကိန်းမှာ ၂၀၀၅ ခုနှစ်၏ ၂၄% မှတိုးမြင့်လာခြင်း ဖြစ်သော်လည်း စာရင်းအင်းသဘောအရ အရေးပါမှုမရှိပါ။ ကြီးမားသော ခြားနားမှုများကို ကျေးလက်နှင့်မြို့ပြ နေထိုင်သူများ အကြားတွင် တွေ့ရှိရပြီး ၂၄% နှင့် ၆၁% အသီးသီး ရှိပါသည်။ အနိမ့်ဆုံးသော လက်လှမ်းမီမှု နှုန်းများကို ရခိုင်ပြည်နယ် (၂၃%) နှင့် မကွေးတိုင်း ဒေသကြီး (၂၂%) တို့တွင် တွေ့ရှိရသော်လည်း ဤပြည်နယ်နှင့်တိုင်း ဒေသကြီးနှစ်ခုမှာ ၂၀၀၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက တိုးတက်မှုများရှိပါသည်။ အချုပ်အားဖြင့် အလယ်တန်းနှင့် အထက်တန်းကျောင်း လက်လှမ်းမီမှုမှာ အနည်းငယ် တိုးတက်လာပြီး ဤညွှန်ကိန်းမှာ ဆင်းရဲသူနှင့် မဆင်းရဲသူ အိမ်ထောင်စုများအကြားတွင် သင့်တင့်ရုံ ကွာဟမှုများရှိပြီး မြို့ပြနှင့်ကျေးလက် နေထိုင်သူများအကြားတွင် ကြီးမားသော ခြားနားမှုများ ရှိပါသည်။

ပညာတတ်မြောက်မှုနှင့် ပတ်သက်၍ ဖော်ပြရပါလျှင် အိမ်ထောင်ဦးစီးများ၏ သုံးပုံနှစ်ပုံခန့် (၆၅%) မှာ မူလတန်းပညာရေး (သို့မဟုတ်) မူလတန်းပညာထက် နိမ့်ကျသော ပညာရေးကိုသာ အောင်မြင်တတ်မြောက် ကြပြီး ဤနှုန်းမှာ ၂၀၀၅ခုနှစ်မှစတင်၍ မပြောင်းလဲသလောက် တည်ရှိဆဲ ဖြစ်ပါသည်။ အိမ်ထောင်ဦးစီးများ၏ ၁၅% ခန့်သာ အလယ်တန်းနှင့် အထက်တန်းပညာရေး (သို့မဟုတ်) ပိုမိုမြင့်မားသော အဆင့်မြင့် ပညာရေးကို တတ်မြောက်ကြပါသည်။ ဆင်းရဲသော အိမ်ထောင်ဦးစီးများ၏ ၂၂% ခန့်သာ အလယ်တန်း (သို့မဟုတ်) ပိုမိုမြင့်မားသော ပညာရေးကို အောင်မြင်တတ်မြောက်ကြပြီး မဆင်းရဲသော အိမ်ထောင်ဦးစီးများတွင် ၄၀% ခန့်တတ်မြောက်ကြပါသည်။ အလွှာအလိုက် သိသာသော ခြားနားမှုများရှိပြီး ကျေးလက်တွင် နေထိုင်သူများ၏ ၇၅% မှာ မူလတန်းပညာ (သို့မဟုတ်) ပိုမိုနိမ့်ကျသော ပညာရေးကိုသာ တတ်မြောက်ကြ၍ မြို့ပြနေထိုင်သူ များတွင် ၃၇% ခန့်တတ်မြောက်ကြပါသည်။ တစ်နိုင်ငံလုံးအနေဖြင့် မြန်မာနိုင်ငံတွင် ပညာတတ်မြောက်မှု အဆင့်များမှာ နိမ့်ကျလျက်ရှိပြီး ဆင်းရဲသူနှင့် မဆင်းရဲသူများအကြားနှင့် မြို့ပြနှင့်ကျေးလက် နေထိုင်သူများ အကြားတွင် ကွာဟမှုများ ကြီးမားပါသည်။

ပညာရေး အသုံးစရိတ်နှင့် ပတ်သက်၍ ဖော်ပြရပါလျှင် ၂၀၁၀ ပြည့်နှစ်တွင် ပညာရေး အသုံးစရိတ် ဝေစုအချိုးမှာ ၂% ရှိပြီး ၂၀၀၅ ခုနှစ် အဆင့်မှ ၄% လျော့နည်း ကျဆင်းခဲ့ပါသည်။ ဆင်းရဲသူတွင် ဤအချိုးမှ

မဆင်းရဲသူထက် နိမ့်ကျပြီး ၁.၂% နှင့် ၁.၈% အသီးသီး ရှိပါသည်။ အလားတူ ကျေးလက်နေထိုင်သူများတွင် ဤအချိုးမှာ မြို့ပြထက်နိမ့်ကျပြီး ၁.၅% နှင့် ၂.၂% အသီးသီး ရှိပါသည်။ ကိန်းဂဏန်း ဖော်ပြချက်အရ မဆင်းရဲသူက ဆင်းရဲသူသုံးစွဲသည့် ပညာရေး အသုံးစရိတ်၏ သုံးဆနီးပါးခန့် ပညာရေးအတွက် ကျခံသုံးစွဲသဖြင့် အရည်အသွေးမြင့် ပညာရေးစနစ်ကို ပိုမိုကောင်းမွန်စွာ လက်လှမ်းမီ ရရှိကြောင်း ညွှန်ပြပါသည်။ အချုပ်အားဖြင့် နှိုင်းယှဉ်မှုအရ ဆင်းရဲသူများ၏ ပညာရေး ဝန်ထုပ်ဝန်ပိုးမှာ မဆင်းရဲသူများထက်ဝန်ပေါ့သော်လည်း မဆင်းရဲသူများရရှိသည့် ပညာရေးစနစ် အရည်အသွေးမှာ ပိုမိုမြင့်မားပါသည်။

## ၉ ။ ၂၀၀၅-၂၀၁၀၊ မြန်မာနိုင်ငံ၏ လူနေမှုဘဝ ပြည့်စုံဖူလုံမှု အလားအလာများ

### *လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ စီးပွားရေးဆိုင်ရာ အတိုင်းအတာများ*

IHLCA ကိန်းဂဏန်း အချက်အလက်များက ၂၀၀၅-၂၀၁၀ အတွင်း အဓိက တိုးတက်မှုရှိသည့် နယ်ပယ် (၈) နေရာရှိသည်ဟု ညွှန်ပြပါသည်။ FGD ဆင်းရဲနွမ်းပါးမှု တိုင်းတာချက်များအရ အစားအစာ ဆင်းရဲချို့တဲ့မှု နှင့် ဆင်းရဲနွမ်းပါးမှုတွင် စာရင်းအင်းသဘောအရ သိသာသော ကျဆင်းမှုများ ရှိပါသည်။ ၂၀၀၅ ခုနှစ်တွင် အစားအစာ ဆင်းရဲချို့တဲ့မှုကို ကိုယ်စားပြုသည့် အောက်ခြေဆယ်စိတ်တစ်စိတ် (အိမ်ထောင်စုများ)တွင် ကယ်လိုရီ စားသုံးမှု တိုးတက်ခဲ့ပြီး ဒုတိယနှင့် တတိယ ဆယ်စိတ်တစ်စိတ် (အိမ်ထောင်စု)များတွင်လည်း တိုးတက်ခဲ့ပါသည်။ အသေးစားပစ္စည်း ပိုင်ဆိုင်မှုတွင်လည်း စားသုံးမှုပြန့်ချက်အားလုံးတွင် တိုးတက်ခဲ့ပြီး အဆင်းရဲဆုံး ဆယ်စိတ်တစ်စိတ် (အိမ်ထောင်စု)များတွင် ပိုမိုလျင်မြန်စွာ တိုးတက်ခဲ့ပါသည်။ နှိုင်းယှဉ်နှင့် ပကတိမညီမျှမှုတိုင်းတာချက်များ တိုးတက်ခဲ့ပါသည်။ စားသုံးမှု အသုံးစရိတ်မှာ တိုးမြင့်လာပြီး အထူးသဖြင့် အထက်ဆယ်စိတ်တစ်စိတ် နှင့် အောက်ခြေ ဆယ်စိတ်တစ်စိတ် (အိမ်ထောင်စု) များမှာ လျင်မြန်စွာ တိုးမြင့်လာပါသည်။ မြေယာပိုင်ဆိုင်မှု၏ အရွယ်အစား ပြန့်ချက်မှာလည်း မပြောင်းမလဲ တည်ငြိမ်(သို့မဟုတ်) အနည်းငယ် တိုးတက်လာပါသည်။ ကြွေးမြီရှိသည်ဟု သတင်းပေးသော အိမ်ထောင်စု ရာခိုင်နှုန်းနှင့် ကြွေးမြီရှိသည့် အိမ်ထောင်စု တစ်စုချင်း၏ ကြွေးမြီဝန်ထုပ်ပိုးများ ကျဆင်း လာပါသည်။ ရှေ့အပိုင်းတွင် ဖော်ပြထားသည့် အရည်အသွေး ကောင်းမွန်သည့် အိမ်အမိုးရှိမှုနှင့် အာဟာရ ချို့တဲ့မှုမှာ စီးပွားရေးအရ လူနေမှုဘဝ ပြည့်စုံဖူလုံ တိုးတက်မှုများနှင့် ညီညွတ်မှုရှိပါသည်။

အခြားတစ်ဖက်တွင် သုံးစွဲမှု၌ အစားအစာပါဝင်မှု ဝေစုအချိုးမှာ အောက်ခြေ ဆယ်စိတ်တစ်စိတ် (၄)ခု (အိမ်ထောင်စုများ)တွင် မြင့်တက်လာပြီး အထက်ပိုင်း သုံးစွဲမှုပြန့်ချက်တွင် ကျဆင်းလာပါသည်။ အဆင်းရဲဆုံးဖြစ်သည့် အောက်ခြေ ဆယ်စိတ်တစ်စိတ် (အိမ်ထောင်စု)နှင့် ဆင်းရဲသူများအကြားတွင် မြေယာမဲ့မှုမှာ တိုးမြင့်လာပါသည်။ စိုက်ပျိုးစရိတ်ချေးငွေ လက်လှမ်းမီရရှိမှုမှာ ကျဆင်းလာပြီး အထူးသဖြင့် ဆင်းရဲသူအတွက် ကျဆင်းလာပါသည်။ ဆင်းရဲနွမ်းပါးမှုနှင့် နီးနီးကပ်ကပ် ဆက်နွယ်မှု မရှိသော်လည်း တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်းမှာ အနည်းငယ် မြင့်မားလာပါသည်။ ၎င်းပြင် စားသုံးမှု အသုံးစရိတ်များ မြင့်မားလာခြင်းမှာ အလုပ်သမားများ၏ မြင့်မားသော ရာခိုင်နှုန်းမှာ လုပ်သားဈေးကွက်ကို ဝင်ရောက်လာသည်နှင့်အမျှ အလုပ်လုပ်ချိန် ပိုများလာပြီး အလုပ်ကြိုးစားလုပ်ကိုင်မှုများကြောင့် ဖြစ်ခြင်းနှင့် မိသားစု လုပ်ငန်းရှိ မိသားစုမှ ပါဝင်လုပ်ကိုင်သူများမှာ ကျပန်းလုပ်သားအဖြစ် မိသားစုလုပ်ငန်းကို အထောက်အပံ့ပြုခြင်းကြောင့် ဖြစ်ပါသည်။

ခြုံငုံဖေါ်ပြရပါက ဤကိန်းဂဏန်း အချက်အလက်များက ရောထွေးသည့် ပုံစံကားချပ်ကို ဖေါ်ပြထားသည် (အောက်တွင်ဖေါ်ပြသည့် ဇယားအရ)။ တစ်စုံတစ်ရာသော လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ စီးပွားရေးဆိုင်ရာ အတိုင်းအတာများမှာ သိသာစွာ တိုးတက်လာသော်လည်း အခြားအချက်အလက်များမှာ ဆိုးရွားလာမှု (သို့မဟုတ်) အပြောင်းအလဲမရှိ ဖြစ်နေပါသည်။ *အထက်တွင် ဖေါ်ပြသကဲ့သို့ ဤပဋိပက္ခဖြစ်နေသော ရလဒ်များ အနေအထားတွင် ဆင်းရဲနွမ်းပါးမှုအဆင့်နှင့် အလားအလာများဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များကို အဓိပ္ပါယ်ဖေါ်ဆောင်ရာ၌ ချိန်ဆသတိပြုရန် နှိုးဆော်ပါသည်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးခြင်း ကျဆင်းမှု၏ ပမာဏကို အဓိပ္ပါယ်ဖေါ်ဆောင်ရာ၌ ဖြစ်ပါသည်။*

စီးပွားရေးဆိုင်ရာ လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ အလားအလာများ (၂၀၀၅-၂၀၁၀)

| | | တိုးတက်လာမှု | | | | | | ဆိုးရွားလာမှု | | | | | | ပြောင်းလဲမှုမရှိ | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဆယ်စိတ်တစ်စိတ်များ | | | | ဆင်းရဲသူ | စုစုပေါင်း | ဆယ်စိတ်တစ်စိတ်များ | | | | ဆင်းရဲသူ | စုစုပေါင်း | ဆင်းရဲသူ | စုစုပေါင်း |
| | | ၁ | ၂ | ၃ | ၄ | | | ၁ | ၂ | ၃ | ၄ | | | | |
| | အစားအစာ ဆင်းရဲချို့တဲ့မှု | | | | | | | | | | | | | | |
| ၁ | $P_0$ | | | | | | X* | | | | | | | | |
| ၂ | $P_1$ | | | | | | X* | | | | | | | | |
| ၃ | $P_2$ | | | | | | X | | | | | | | | |
| | ဆင်းရဲနွမ်းပါးမှု | | | | | | | | | | | | | | |
| ၄ | $P_0$ | | | | | | X* | | | | | | | | |
| ၅ | $P_1$ | | | | | | X* | | | | | | | | |
| ၆ | $P_2$ | | | | | | X* | | | | | | | | |
| | ဆင်းရဲနွမ်းပါးမှုကိုယ်စားပြုချက်များ | | | | | | | | | | | | | | |
| ၇ | ကယ်လိုရီစားသုံးမှု | X* | X | X | | | | | | | | | X | | |
| ၈ | အစားအစာဝေစုအချိုး | | | | | | X* | X* | X* | X* | X | | | | |
| | အသေးစားပစ္စည်းပိုင်ဆိုင်မှု | | | | | | | | | | | | | | |
| ၉ | ရုပ်မြင်သံကြား | X* | X* | X* | X* | | | | | | | | | | |
| ၁၀ | ရေဒီယို/ကက်ဆက် | X* | X* | X* | X* | | | | | | | | | | |
| ၁၁ | စက်ဘီး | | X | X | X | | | X | | | | | | | |
| ၁၂ | မော်တော်ဆိုင်ကယ် | X* | X* | X* | X* | | | | | | | | | | |
| | မညီမျှမှု | | | | | | | | | | | | | | |
| ၁၃ | အောက်ခြေငါးစိတ်တစ်စိတ် (၂၀%)ဝေစု | | | | | | X | | | | | | | | |
| ၁၄ | စားသုံးမှု ကွာဟချက် | | | | | | X | | | | | | | | |
| ၁၅ | စားသုံးမှုအသုံးစရိတ် | X* | X* | X* | X* | X* | X | | | | | | | | |
| ၁၆ | လယ်ယာမြေအရွယ် | X* | X | X | X* | X | X | | | | | | | | |
| ၁၇ | မြေယာမဲ့မှု | | X | | X | | X | X | | X | | X | | | |
| ၁၈ | စိုက်ပျိုးစရိတ်ချေးငွေ လက်လှမ်းမီရရှိမှု | | | | | | | | | | | X* | X* | | |
| | ကြွေးမြီ | | | | | | | | | | | | | | |
| ၁၉ | အိမ်ထောင်စုများ၏ % | | | | | X* | X* | | | | | | | | |
| ၂၀ | စုစုပေါင်း ကြွေးမြီ/ စားသုံးမှု အသုံးစရိတ် | | | | | X | X | | | | | | | | |
| ၂၁ | အလုပ်လက်မဲ့ | | | | | | | | | | | | | X | X |
| ၂၂ | အချိန်နှုန်းအရ အလုပ်လက်မဲ့ | | | | | | | | | | | | | X | X* |
| ၂၃ | တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့ | | | | | | | | | | | X | X* | | |

* ၅% ဖြင့် စာရင်းအင်းသဘောအရ အရေးပါမှု

## *လူနေမှုဘဝပြည့်စုံဖူလုံမှု၏ လူမှုရေးဆိုင်ရာ အတိုင်းအတာများ*

ညွှန်ကိန်း အားလုံးနီးပါး တိုးတက်မှုရှိပြီး အများမှာ စာရင်းအင်းသဘောအရ အရေးပါသည့် တိုးတက်မှုများ ဖြစ်ပါသည်။ ချင်းချက်နှစ်ခုမှာ ဆင်းရဲသူအတွက် ဝက်သက်ရောဂါ ကာကွယ်ဆေး လွှမ်းခြုံမှုနှင့် မူလတန်းပညာ စာသင်ကျောင်း လက်လှမ်းမီမှု ဖြစ်၍ ဤညွှန်ကိန်း (၂)ခု မှာ ကျဆင်းလာပါသည်။ အချုပ်အားဖြင့် IHLCA ကိန်းဂဏန်း အချက်အလက်က ၂၀၀၅ နှင့် ၂၀၁၀ အတွင်း လူနေမှုဘဝ၏ လူမှုရေးဆိုင်ရာ အတိုင်းအတာများ သိသာသည့် တိုးတက်မှုရှိကြောင်း ညွှန်ပြထားပါသည်။

လူမှုရေးဆိုင်ရာ လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ အလားအလာများ (၂၀၀၅-၂၀၁၀)

| | | တိုးတက်လာမှု | | ဆိုးရွားလာမှု | | ပြောင်းလဲမှုမရှိ | |
|---|---|---|---|---|---|---|---|
| | | ဆင်းရဲသူ | စုစုပေါင်း | ဆင်းရဲသူ | စုစုပေါင်း | ဆင်းရဲသူ | စုစုပေါင်း |
| ၁ | အရည်အသွေးကောင်းမွန်သည့် အိမ်အမိုးရှိမှု | × | ×* | | | | |
| ၂ | ဘေးကင်းသည့်သောက်ရေသန့်အားလက်လှမ်းမီရရှိမှု | × | ×* | | | | |
| ၃ | ကောင်းမွန်သည့်အညစ်အကြေးသန့်ရှင်းရေးစနစ်အားလက်လှမ်းမီရရှိမှု | ×* | ×* | | | | |
| ၄ | လျှပ်စစ်ဓာတ်အားရရှိမှု | ×* | ×* | | | | |
| ၅ | ရောဂါကာကွယ်ဆေးထိုးမှု | | × | × | | | |
| ၆ | ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေးစောင့်ရှောက်ခြင်းလွှမ်းခြုံမှု | × | | | | | × |
| ၇ | ကျွမ်းကျင်သည့် ကျန်းမာရေးဝန်ထမ်းများဖြင့်စောင့်ရှောက်မွေးဖွားမှု | × | ×* | | | | |
| ၈ | ပြောကြားချက်အရ သိရှိရသည့် နာမကျန်းဖြစ်ပွားမှု | | | | | × | × |
| ၉ | အသင့်အတင့်အာဟာရချို့တဲ့မှု | × | × | | | | |
| ၁၀ | အလွန်အမင်းအာဟာရချို့တဲ့မှု | × | × | | | | |
| ၁၁ | ကျန်းမာရေးစောင့်ရှောက်မှုအားလက်လှမ်းမီရရှိမှု | ×* | ×* | | | | |
| ၁၂ | စာတတ်မြောက်မှု | ×* | ×* | | | | |
| ၁၃ | မူလတန်းပညာအဆင့်အသားတင်ကျောင်းဝင်မှု | × | ×* | | | | |
| ၁၄ | အလယ်တန်းနှင့်အထက်တန်းပညာအဆင့်အသားတင်ကျောင်းဝင်မှု | ×* | ×* | | | | |
| ၁၅ | (အကွာအဝေးအရ) မူလတန်းကျောင်းအားလက်လှမ်းမီမှု | | | × | | | × |
| ၁၆ | (အကွာအဝေးအရ) အလယ်တန်းနှင့်အထက်တန်းကျောင်းအားလက်လှမ်းမီမှု | × | × | | | | |

* ၅% ဖြင့် စာရင်းအင်းသဘောအရအရေးပါသည်

# ၁ ။ နိဒါန်း

အပိုင်း၁ သည် IHLCA-II စစ်တမ်း၏ သမိုင်းအတိုချုပ်နှင့် စတင်ပြီး (အပိုင်းခွဲ ၁-၁)၊ စစ်တမ်း၏ နည်းပညာပိုင်းဆိုင်ရာ အင်္ဂါရပ် တချို့ကို ဆက်လက်၍ လိုရင်းအချုပ် ဖော်ပြသွားသည်။ အထူးသဖြင့် အပိုင်း ၁ သည် အချက်အလက် ကောက်ယူခြင်းနှင့် စိစစ်ခြင်းဆိုင်ရာ ရွေးချယ်ထားသော ကိစ္စရပ်များကို ပြန်လည်သုံးသပ်ပြီး IHLCA-II မေးခွန်းလွှာ၏ ခြုံငုံသုံးသပ်ချက် တစ်ခုကို ဖြည့်ဆည်းပေးထားသည် (အပိုင်းခွဲ ၁-၂)။ ထို့နောက် နမူနာကောက်ခြင်း ကိစ္စရပ် အချို့ကို ဆွေးနွေးခြင်းနှင့် ရှင်းလင်းခြင်း ပြုထားသည် (အပိုင်းခွဲ ၁-၃)။ ဆင်းရဲနွမ်းပါးမှု အခြေအနေ လေ့လာချက်၏ စီစဉ်ဖွဲ့စည်းမှုပုံစံနှင့် ရည်ရွယ်ချက်များအတွက် ခြုံငုံသုံးသပ်ချက် တစ်ခုဖြင့် အပိုင်းကို အဆုံးသတ်ထားသည်။

## ၁-၁ ။ နောက်ခံ အကြောင်းအရာ

အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု (IHLCA) သည် ဗဟု ရည်ရွယ်ချက်ရှိသော အိမ်ထောင်စု စစ်တမ်းတစ်ခုဖြစ်ပြီး စားဝတ်နေရေး အခြေအနေများနှင့် လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ အဓိက ရှုထောင့်အမြင် များအတွက် အချက်အလက်များကို ဖြည့်ဆည်းပေးပါသည်။ ပထမ IHLCA စစ်တမ်းကို ၂၀၀၄-၂၀၀၅ တွင် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်နှင့် အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့ တို့ပါဝင်သည့် အမျိုးသား မိတ်ဖက်အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုဖြင့် ကောက်ယူခဲ့ပါသည်။ IHLCA-I သည် မြန်မာနိုင်ငံကို ဖြန့်ကြက်ထားသော ကျေးလက်ဒေသနှင့် မြို့ပြဒေသများမှ အိမ်ထောင်စုပေါင်း ၁၈၆၆၀ ပါဝင်သည့် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသော နမူနာတစ်ခု ဖြစ်ခဲ့သည်။ စစ်တမ်းသည် မေးခွန်းလွှာ၏ အသေးစိတ် စားသုံးမှုအပိုင်းမှ ရရှိချက်အရ ဆင်းရဲနွမ်းပါးမှု ပမာဏများကို ခန့်မှန်းစေနိုင်ခဲ့ပြီး ခေတ်မီ 'လုပ်ငန်း-စံချိန်မီ' နည်းပညာများ အသုံးပြု၍ ဆင်းရဲနွမ်းပါးမှု မြေပုံကို ခန့်မှန်းစေနိုင်ခဲ့သည်။

မြန်မာနိုင်ငံ အစိုးရ၏ မေတ္တာရပ်ခံချက်အရ UNDP၊ UNICEF နှင့် Sida တို့သည် မူလ IHLCA ၏ နောက်ဆက်တွဲ စစ်တမ်းတစ်ခုကို ပံ့ပိုးကူညီ ပေးခဲ့ကြသည်။ အဓိက ရည်ရွယ်ချက်မှာ ၂၀၀၄-၂၀၀၅ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီအောင် ဆောင်ရွက်ခြင်းဖြင့် စားဝတ်နေရေး အခြေအနေများ၏ ပမာဏများနှင့် အလားအလာများအပေါ် နားလည်မှုအသစ် ဖြန့်ချပေးရန်ဖြစ်သည်။ ဤရည်ရွယ်ချက် ပန်းတိုင်ဖြင့် ၂၀၀၉ ခုနှစ် ဧပြီလတွင် သက်ဆိုင်ပတ်သက်သူများနှင့် စစ်တမ်းဒီဇိုင်း၊ အချက်အလက် စီစဉ်ခြင်းနှင့် စီစဉ်တွက်ချက်ခြင်း ကိစ္စရပ်များကို ဆွေးနွေးရန်အတွက် နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တစ်ခုကို ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် ရလဒ်များကို အချိန်အလိုက် ရှေ့နောက်ညီညွတ်သော နှိုင်းယှဉ်မှုများ ဖြစ်မြောက်စေရန်အတွက် IHLCA-II တွင် IHLCA-I ၏ ဆင်တူပုံစံကို ထိန်းသိမ်းထားရန် သဘောတူညီခဲ့ကြသည်။

## ၁-၂။ အချက်အလက် ဇာစ်မြစ်များ၊ ကောက်ယူခြင်းနှင့် စိစစ်ခြင်း[၁]

IHLCA-II စစ်တမ်းတွင် အဓိက ကိရိယာ သုံးမျိုးပါဝင်သည်။ အိမ်ထောင်စု မေးခွန်းလွှာ၊ အဓိက သတင်းပေးသူများအတွက် ရပ်ရွာမေးခွန်းလွှာနှင့် ရပ်ရွာဈေးနှုန်း မေးခွန်းလွှာ တို့ဖြစ်သည်။

အိမ်ထောင်စု မေးခွန်းလွှာသည် ဆင်းရဲနွမ်းပါးမှု အခြေအနေ လေ့လာတင်ပြချက်တွင် တင်ပြထားသည့် သတင်းအချက်အလက် အများစု၏ အခြေခံဖြစ်သည်။ မေးခွန်းလွှာတွင် အောက်ပါအပိုင်းများပါဝင်သည်။

(၁) အိမ်ထောင်စု ပင်ကိုလက္ခဏာများ
(၂) အိုးအိမ်
(၃) ပညာရေးနှင့် စာတတ်မြောက်မှု
(၄) ကျန်းမာရေး၊ အာဟာရနှင့် သေဆုံးမှု
(၅) စားသုံးမှု အသုံးစရိတ်
(၆) အိမ်ထောင်စု ပိုင်ပစ္စည်းများ၊ လက်ဆောင်များနှင့် လွှဲပို့ငွေများ
(၇) လုပ်သားနှင့် အလုပ်အကိုင်
(၈) စီးပွားရေး လုပ်ငန်းများ
(၉) ငွေရေးကြေးရေးနှင့် စုဆောင်းမှု

အဓိက သတင်းပေးသူများအတွက် ရပ်ရွာမေးခွန်းလွှာတွင် အခြေခံ အဆောက်အအုံ၊ အိုးအိမ်၊ စီးပွားရေး လုပ်ငန်းများ၊ကျောင်းများ၊ ကျန်းမာရေး ဝန်ဆောင်မှု ပေးရာဌာနများ စသည်တို့နှင့်ဆိုင်ရာ ရပ်ရွာအဆင့် သတင်းအချက်အလက်များ ပါဝင်သည်။ ဤအချက်အလက်များကို အိမ်ထောင်စုအဆင့် သတင်းအချက် အလက်များအပေါ် အာရုံစူးစိုက်ထားသည့် 'ဆင်းရဲနွမ်းပါးမှု အခြေအနေ' လေ့လာတင်ပြချက်တွင် အများအားဖြင့် တင်ပြမထားပါ။ [၂] ရပ်ရွာဈေးနှုန်း မေးခွန်းလွှာမှ အချက်အလက်များကို တည်နေရာ (ပြည်နယ်များ၊ တိုင်းဒေသကြီးများ) နှင့် အချိန် (၂၀၀၄-၂၀၀၅ နှင့် ၂၀၀၉-၂၀၁၀) ကွာခြားချက်အတွက် စားသုံးမှု အသုံးစရိတ် အချက်အလက်များကို ကိုက်ညှိရန် အသုံးပြုခဲ့သည်။

IHLCA-I ၏ဖွဲ့စည်းပုံစံအတိုင်းလိုက်၍ အချက်အလက် ကောက်ယူမှုကို ၂၀၀၉-၂၀၁၀ ဒီဇင်ဘာ-ဇန္နဝါရီ နှင့် ၂၀၁၀ မေလတွင် နှစ်ကြိမ်ဆောင်ရွက်ခဲ့သည်။ နှစ်ကြိမ်ဆောင်ရွက်ခြင်း၏ မူလသဘောတရားမှာ စိုက်ပျိုးရေး ရာသီစက်ဝန်းနှင့် အဓိကအားဖြင့် ဆက်စပ်လျက်ရှိသော အဓိက လူနေမှုဘဝ ပြည့်စုံဖူလုံမှု ညွှန်ကိန်းများ၏ ရာသီလိုက် ပြောင်းလဲမှုကို အမိအရ ဖမ်းမိရန်ဖြစ်သည်။ ယေဘုယျအားဖြင့် ဒီဇင်ဘာ-ဇန္နဝါရီကို မိုးစပါးရိတ်သိမ်းပြီးနောက် သို့မဟုတ် ရိတ်သိမ်းစဉ် ကျေးလက်အိမ်ထောင်စု အများအပြား အတွက်ပို၍ ချမ်းသာဝပြောသော ကာလတစ်ခု အဖြစ်သတ်မှတ်သည်။ မေလသည် နွေလများအတွင်း ကျရောက်၍ အခက်အခဲ ပိုရှိသော အချိန်တစ်ချိန်ဖြစ်သည်။သီးခြားစာရင်းကောက်သည့် အကြိမ်များမှ အချက်အလက်များသည် 'အမှန်' ပျှမ်းမျှခြင်းနှင့် စားသုံးမှုအသုံးစရိတ် ကဲ့သို့သော တစ်နှစ်အတွင်း

[၁] ဤအကြောင်းအရာများကို IHLCA-II, Technical Report on Survey Design and Implementation, February, 2010 တွင် ပိုမို၍ အသေးစိတ် ဆွေးနွေးဖော်ပြထားပါသည်။
[၂] ခြုံငုံချက်နှစ်ရပ်မှာ အပိုင်း ၇ နှင့် ၈ တွင် အသီးသီးဆွေးနွေးထားသည့် ကျန်းမာရေး နှင့် ပညာရေးအား လက်လှမ်းမီရရှိမှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များဖြစ်ပါသည်။

မြင့်မားသောအဆင့်နှင့် နိမ့်ကျသောအဆင့်များကို တွေ့ကြုံရသည့် အချက်အလက်များ အတွက် နှစ်အလိုက် ကိန်းဂဏန်းများကို ခန့်မှန်းရန် လိုအပ်သည်။ IHLCA-II သည် ရာသီအလိုက် ပြောင်းလဲရန် မျှော်မှန်းရသည့် ညွှန်ကိန်းများအတွက် ဤဖွဲ့စည်းမှုပုံစံကို စွဲကိုင်ထားသည်။

အချက်အလက် ကောက်ယူသည့်အဆင့်တွင် တိုင်းတာမှုအမှားများကို လျော့ရန် အတိုင်းအတာတချို့ကို နေရာတကျ ရှိစေသည်။ ရှေ့နောက်ညီညွတ်မှု စစ်ဆေးခြင်းကို စာရင်းကောက်ယူသည့်နေရာတွင် ကွင်းဆင်းစာရင်းကောက်မှုကို ကြီးကြပ်သူများက ဆောင်ရွက်ကြသဖြင့် စာရင်းကောက်သူများကို ဖြေကြားသူများထံ ပြန်လည်သွားရောက်ပြီး ကွဲပြားခြားနားနေသည့် သတင်းအချက်အလက်များကို စူးစမ်းမှု ပြုစေနိုင်သည်။ ဘာသာပြန်သည့် ကိစ္စများ အဓိပ္ပါယ်ကောက်ယူရာတွင် ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာ ကွဲပြားခြားနားမှုများက ရလဒ်များကို ဩဇာလွှမ်းမိုးမှု မပြုမည့် ဖြစ်နိုင်ခြေကို တိုးစေရန် ကွင်းဆင်းစာရင်း ကောက်သူများကို ဒေသခံများမှ စည်းရုံးစုဆောင်းသည်။ ဤသို့ဆောင်ရွက်ခြင်းအပြင် ဖြေကြားသူများကို ကျား/မအလိုက် တူညီစွာ တွေ့ဆုံမေးမြန်းနိုင်စေရန် ကွင်းဆင်း စာရင်းကောက် အဖွဲ့များတွင် အမျိုးသားနှင့် အမျိုးသမီး စာရင်းကောက်သူများ ပါဝင်ခဲ့သည်။ ရည်ရွယ်ချက်မှာ မျိုးဆက်ပွား ကျန်းမာရေး ကဲ့သို့သော အကြောင်းကိစ္စများနှင့် စပ်လျဉ်းသည့် အထိမခံနိုင်သော သတင်းအချက်အလက်များ၏ ကျိုးကြောင်းညီညွတ်မှုကို မြှင့်တင်ရန်ဖြစ်သည်။

ကွန်ပျူတာတွင် အချက်အလက် ထည့်သွင်းခြင်းနှင့် သန့်စင်ခြင်းကို အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန (MNPED) ၏ စီမံကိန်း ရေးဆွဲရေး ဦးစီးဌာန (PD)က ကမ္ဘာ့ဘဏ်၏ နည်းပညာ အကူအညီဖြင့် တာဝန်ယူ လက်ခံဆောင်ရွက်ခဲ့သည်။ အချက်အလက် စိစစ်ခြင်းကို ပထမ IHLCA ဆောင်ရွက်စဉ်က ဖြည့်ဆည်းပေးခဲ့သည့် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် လေ့ကျင့်သင်တန်းပေးမှုကို အခြေတည်၍ IHLCA နည်းပညာ ယူနစ်က လုပ်ဆောင်ခဲ့သည်။ နမူနာကောက်ယူခြင်း၊ စံများယွင်းချက် ခန့်မှန်းခြင်းနှင့် စပ်လျဉ်းသည့် စာရင်းအင်းစိစစ်မှုဆိုင်ရာ ပံ့ပိုးကူညီမှုကို Statistics Sweden ကဖြည့်ဆည်းပေးခဲ့သည်။

## ၁-၃ ။ နမူနာကောက်ခြင်းဆိုင်ရာ ကိစ္စရပ်များ[၃]

IHLCA-II သည် တစ်နိုင်ငံလုံးကို 'ကိုယ်စားပြု'လျက် ယခင်စစ်တမ်းနှင့် ၅၀% ထပ်တူကောက်ယူသည့် စစ်တမ်းတစ်ခုဖြစ်ပြီး နမူနာအရွယ်မှာ အိမ်ထောင်စုပေါင်း ၁၈၆၆၀ဖြစ်သည်။ အစကတည်းက 'ကိုယ်စားပြုသော' နှင့် 'ထပ်တူကောက်ယူသော' စကားရပ်များ၏ အဓိပ္ပါယ်ကို ရှင်းလင်းထားရန် အရေးကြီးသကဲ့သို့ ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုံး မုန်တိုင်းက ဖြစ်ပေါ်စေသည့် သီးသန့်နမူနာ ကောက်ယူခြင်းဆိုင်ရာ ပြဿနာများအကြောင်း ပြောထားရန် အရေးကြီးပါသည်။

IHLCA ၏စစ်တမ်းများသည် မြန်မာနိုင်ငံ လူဦးရေကို 'ကိုယ်စားပြုသည်' ဆိုရာ၌ နမူနာရလဒ်များနှင့် လူဦးရေတစ်ခုလုံးမှ 'အမှန်' ရလဒ်များအတွင်း ဆက်နွယ်မှုကို ခန့်မှန်းရန် ဖြစ်နိုင်သည်ဟု ဆိုလိုသည်။ ဤသို့သော ခန့်မှန်းခြေများ ပြုလုပ်ရန်နှင့် ယင်းတို့ကို မှန်ကန်စွာ အဓိပ္ပါယ် ကောက်ရန်အတွက်

---

[၃] ဤအကြောင်းအရာများကို IHLCA-II, Technical Report on Survey Design and Implementation, Feb, 2010 တွင် ပိုမို၍ အသေးစိတ် ဆွေးနွေးဖော်ပြထားပါသည်။

သဘောတရား လေးမျိုးဖြစ်သည့် (က) စံမှားယွင်းချက်များ (ခ) နမူနာကောက်အမှား (ဂ) စိတ်ချရ ကြားပိုင်းများနှင့် (ဃ) စာရင်းအင်းဆိုင်ရာ ထူးခြားမှု အဆင့်များကို ထပ်မံအဓိပ္ပါယ် ဖွင့်ဆိုရန် အရေးကြီးပါသည်။

(၁) *ခန့်မှန်း နမူနာကိန်းများသည်* ဦးရေတစ်ခုလုံး၏သက်ဆိုင်ရာ *'အမှန်'* တန်ဖိုးများမှ မည်မျှ ကွဲပြားခြားနားသည်ကို တိုင်းတာသည့် အတိုင်းအတာ စံမှားယွင်းချက်များက ဖြည့်ဆည်းပေးသည်။ ယင်းတို့ကို ကွဲလွဲချက်နှင့် နမူနာမှလေ့လာချက် အရေအတွက်တို့ကို အခြေခံပြီး တွက်ချက်ရယူသည်။ ကွဲလွဲချက်သည် ကိန်းရှင်တစ်ခု၏ တန်ဖိုးများ ပျံ့နှံ့မှု (သို့မဟုတ်) ပြန့်ကားခြင်း အတိုင်းအတာတစ်ခု ဖြစ်သည်။

(၂) နမူနာ ခန့်မှန်းခြေများနှင့် ဦးရေတန်ဖိုးများ အကြားခန့်မှန်း ကွဲပြားခြားနားချက်ကို နမူနာကောက်အမှား ဟုခေါ်သည်။ နမူနာကောက်အမှား ပမာဏကို ရည်ညွှန်းပါ စံမှားယွင်းချက်များ၏ ပမာဏကို စစ်ဆေးခြင်းဖြင့် သိရသည်။

(၃) *စိတ်ချရ ကြားပိုင်းများသည်* တန်ဖိုးမသိရသည့် ဦးရေဇာတိကိန်း တစ်ခုအတွက် ဖြစ်နိုင်ခြေရှိသော တန်ဖိုးများ၏ အပိုင်းအခြား တစ်ခုကိုပေးသည်။ စိတ်ချရ ကြားပိုင်းကျယ်ပြန့်လေလေ တန်ဖိုးမသိသော ဇာတိကိန်းအကြောင်း ပို၍မသေချာ မရေရာလေ ဖြစ်ရသည်။ စိတ်ချရ စည်းများသည် စိတ်ချရကြားပိုင်း၏ အောက်နှင့်အထက် အနားသတ်တန်ဖိုးများ ဖြစ်သည်။

(၄) *စာရင်းအင်းဆိုင်ရာ ထူးခြားမှု အဆင့်များသည်* နမူနာရလဒ်များကို အကြောင်းတိုက်ဆိုင်မှု (အခွင့်အလမ်း)ကြောင့် ရရှိခဲ့ခြင်း မဟုတ်ကြောင်း သေချာမှု ဒီဂရီတစ်ခု ကိုပေးသည်။ အစဉ်အလာအရ စာရင်းအင်းဆိုင်ရာ ထူးခြားမှုကို ၅%အဆင့်တွင် ထားလေ့ရှိသည်။

ဤသဘောတရား လေးမျိုးသည် ဆင်းရဲနွမ်းပါးမှု အခြေအနေ လေ့လာတင်ပြချက် မှရလဒ်များကို အဓိပ္ပါယ် ကောက်ယူမှုနှင့် နည်းနှစ်မျိုးအရ ဆက်စပ်နေသည်။ ပထမဦးစွာ စံမှားယွင်းချက်များကို ဆင်းရဲနွမ်းပါးမှု အခြေအနေ လေ့လာတင်ပြချက်မှ ရလဒ်အားလုံးအောက်တွင် (ဝိုက်ကွင်းအတွင်း) ဖော်ပြထားသည်။ အကယ်၍ စံမှားယွင်းချက်ကို (၁.၉၆)၏ အနီးစပ်ဆုံးတန်ဖိုး ၂ ဖြင့်မြှောက်ပြီးနောက် ယင်းတန်ဖိုးကို ရလဒ်တန်ဖိုးတွင် ပေါင်းသို့မဟုတ်နုတ်ခဲ့လျှင် *'ဆင်းရဲနွမ်းပါးမှု အခြေအနေ'* လေ့လာတင်ပြချက်မှ အချက်အလက်အားလုံးအတွက် ၉၅%စိတ်ချရကြားပိုင်းများကို ရရှိသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် IHLCA-II မှ ခန့်မှန်းနမူနာ ရလဒ်များသည် မြန်မာနိုင်ငံ၏ *'အမှန်'* ဦးရေရလဒ်များမှ မည်မျှကွာခြားသည်ကို ၉၅%စိတ်ချမှုဖြင့် သတ်မှတ်နိုင်သည်။

ဒုတိယအနေဖြင့် ၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်အကြား ခြားနားချက်များ၏ စာရင်းအင်းဆိုင်ရာ ထူးခြားထင်ရှားမှု စစ်ဆေးချက်များကို အစီရင်ခံစာအုပ်တွင် အစီရင်ခံတင်ပြထားပြီး ဤစာအုပ်အဆုံး၌ စာရင်းအင်းဆိုင်ရာ နောက်ဆက်တွဲတွင် တင်ပြထားသည်။ အကယ်၍ ခြားနားချက်များသည် စာရင်းအင်းဆိုင်ရာ ထူးခြားထင်ရှားမှုရှိသည်ဟု ယူဆရပါက ထိုသို့သော ခြားနားချက်များသည် မြန်မာနိုင်ငံလူဦးရေတွင် 'အမှန်တကယ်' ခြားနားချက်များကို ထင်ဟပ်ပြပြီး အခွင့်အလမ်းကြောင့် နမူနာတွင် ခြားနားခြင်းများ မဟုတ်ကြောင်း အနည်းဆုံး ၉၅%သေချာသည်ဟု သာမန်အားဖြင့် ဆိုလိုသည်။ ထိုသို့သော ခြားနားချက်များသည် စီးပွားရေးအရ သို့မဟုတ် လူမှုရေးအရ ထူးခြားသည်ဟု မဆိုလိုပါ။ စာရင်းအင်းဆိုင်ရာ နောက်ဆက်တွဲတွင် 'P-တန်ဖိုး' အမှန်များအား ဖော်ပြထားခြင်းကို သတိမူသင့်သည်။ ဤတန်ဖိုးများသည် တွေ့ရှိရသည့် ခြားနားချက်များ အခွင့်အလမ်းကြောင့်ဖြစ်မည့် အမှန်တကယ်

ဖြစ်တန်စွမ်းများကို ကိုယ်စားပြုသည်။ ထို့ကြောင့် ၀.၀၅ထက်ငယ်သော သို့မဟုတ် တူညီသော 'P-တန်ဖိုး' အားလုံးသည် ၅%အဆင့်တွင် စာရင်းအင်းဆိုင်ရာ ထူးခြားထင်ရှားကြသည်။

IHLCA-II တွင် ယခင်စစ်တမ်းမှ နမူနာယူနစ်များကို ထပ်တူကောက်ယူမှု ပါဝင်သည်။ ဆိုလိုသည်မှာ အိမ်ထောင်စုများ၏ ၅၀%သည် ၂၀၀၄-၂၀၀၅ တွင်ကောက်ယူခဲ့သည့် အိမ်ထောင်စုများနှင့် ထပ်တူဖြစ်သည်။ ထပ်တူကောက်ယူမှုမှ အချက်အလက်များသည် ကွဲပြားခြားနားသော အချိန်မှတ်တမ်းတွင် တည်ရှိသည့် ဆင်းရဲနွမ်းပါးမှု ပမာဏကိုစိစစ်မှု သက်သက်သာမက အိမ်ထောင်စု အသီးသီး၏ ဆင်းရဲသွားခြင်း၊ ဆင်းရဲခြင်းမှ လွတ်မြောက်ခြင်းတည်းဟူသော ဆင်းရဲခြင်း ရွေ့လျားပြောင်းလဲမှုများကို စိစစ်မှုဖြစ်မြောက်စေသည်။ တစ်နည်းဆိုရလျှင် ယင်းအချက်အလက်များသည် အလွန်ကွဲပြားခြားနားသည့် မူဝါဒပိုင်းဆိုင်ရာ တုံ့ပြန်မှုပြုလုပ်ရန် လိုအပ်မည့် ခဏပန်းဆင်းရဲခြင်းနှင့် တာရှည်ဆင်းရဲမှု နှစ်မျိုးစလုံးကို စိစစ်မှုတစ်ခုအား ဖြစ်ပေါ်ခွင့်ပေးသည်။ ဆင်းရဲနွမ်းပါးမှု အခြေအနေ လေ့လာတင်ပြချက်တွင် ဆင်းရဲခြင်း ရွေ့လျားပြောင်းလဲမှုအတွက် အချက်အလက်များကို အပိုင်း၂ ဇယား ၁၁ တွင်တင်ပြထားသည်။ ယင်းတို့ကို တွဲဖက်စာအုပ်ဖြစ်သည့် 'ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်း'တွင် ပို၍အသေးစိတ် ကိုင်တွယ်ထားသည်။

*နမူနာကောက်ယူခြင်း ရှုထောင့်အရ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသည်* စိုးရိမ်ဖွယ်ရာ လက်ငင်းစိန်ခေါ်မှုများကို ဖြစ်ပေါ်စေသည်။ ဆိုလိုသည်မှာ ကျေးရွာအချို့သည် 'ပျောက်ကွယ်သွားခြင်း' သို့မဟုတ် စစ်တမ်းတစ်ခု ကောက်ယူမှုကို ဟန့်တားလောက်အောင် ကျယ်ကျယ်ပြန့်ပြန့် ထိခိုက်ပျက်စီးခဲ့ပါသည်။ အထူးသဖြင့် ဧရာဝတီတိုင်း ဒေသကြီးမှ ဘိုကလေးနှင့် လပွတ္တာမြို့နယ်များ အတွင်းရှိ ကျေးရွာတစ်ဆယ့် တစ်ရွာတွင် ပြဿနာ ဖြစ်ပေါ်ခဲ့ပါသည်။ ဤအခက်အခဲကို ကိုင်တွယ်ဖြေရှင်းရန် ကျေးရွာအုပ်စုထပ်တူ သို့မဟုတ် အနီးအနား ကျေးရွာအုပ်စုများမှ ဆင်တူပင်ကိုလက္ခဏာများရှိသည့် ကျေးရွာတစ်ဆယ့်တစ်ရွာကို နမူနာစာရင်းစဥ်တွင် အစားထိုးခဲ့သည်။ အလေးထားရန်မှာ ဤအဖြစ်ဆိုးနှင့် ဆက်စပ်၍ အနံ့အပြား အသက်ဆုံးရှုံးမှုသည် အကယ်၍ သေဆုံးသူများသည် အသက်ရှင်ကျန်ရစ်သူများထက် ပျမ်းမျှခြင်းအားဖြင့် အခြေအနေ ပို၍မဆိုး/ အခြေအနေပို၍ မကောင်းခဲ့ပါက ဆင်းရဲနွမ်းပါးမှုနှုန်းများကို တိုးလာစေခြင်း သို့မဟုတ် လူမှုရေးညွှန်ကိန်းများကို ဆိုးရွားစေမည်မဟုတ်ပေ။[9]

## ၁-၄ ။ ဆင်းရဲနွမ်းပါးမှု လေ့လာတင်ပြချက်၏ စီစဥ်ဖွဲ့စည်းမှုပုံစံနှင့် ရည်ရွယ်ချက်များ

'ဆင်းရဲနွမ်းပါးမှု လေ့လာတင်ပြချက်'သည် စားသုံးမှု ဆင်းရဲချို့တဲ့ခြင်းနှင့် ယင်းနှင့်ဆက်နွယ်မှုများကို အလေးထားလျက် IHLCA-II စစ်တမ်းမှ ရွေးချယ်ထားသော ရလဒ်များကို တင်ပြထားသည်။ သို့ရာတွင် စားသုံးမှု ဆင်းရဲချို့တဲ့ခြင်း၌သာ ကန့်သတ်မထားပါ။ ကျန်းမာရေး၊ ပညာရေး၊ ရေ/အညစ်အကြေး သန့်ရှင်းရေးစသည်တို့ ပါဝင်သည့် အခြားသော စားဝတ်နေရေး အခြေအနေများ၏ ရှုထောင့်များကိုလည်း ပြန်လည်သုံးသပ်ထား၍ ဖြစ်သည်။ ယင်း၏အဓိက ရည်ရွယ်ချက်မှာ ပြည်သူ့ရေးရာမူဝါဒ ဆုံးဖြတ်ချက်များကို သတင်းအချက်အလက်ပေးရန် ရည်ရွယ်ချက်ဖြင့် လူနေမှုဘဝပြည့်စုံဖူလုံမှုအတွက် အဓိက ညွှန်ကိန်းများနှင့် ဆက်နွယ်မှုများ၏ အဆင့်များနှင့် အလားအလာများ၏ သတင်းအချက်အလက် များကို ဖြည့်ဆည်းပေးရန် ဖြစ်သည်။

---

[9] လူနေမှုဘဝ ပြည့်စုံဖူလုံမှု တိုင်းတာခြင်း၏ ဤဝိရောဓိသဘောကို Kanbur, R and D.Mukherjes, 2007, Premature Mortality and Poverty Measurement, Bulletin of Economic Research, Vol 59, No 4 တွင်လေ့လာ ဖော်ထုတ်ထားသည်။

ကိစ္စအများအပြားတွင် IHLCA-I မှအချက်အလက်များနှင့် နှိုင်းယှဉ်မှု လွယ်ကူချောမွေ့စေရန်အတွက် အလားအလာပြ အချက်အလက်များကို တင်ပြထားသည်။ အချက်အလက် အများစုကိုလည်း ပြည်နယ်များ သို့မဟုတ် တိုင်းဒေသကြီးများ၊ အလွှာများ (မြို့ပြ/ကျေးလက်)နှင့် ဆင်းရဲနွမ်းပါးမှု အခြေအနေအလိုက် ခွဲခြားဖော်ပြသည်။ ဆီလျော်သည့် နေရာတိုင်းတွင် ခွဲခြားဖော်ပြမှု အတန်းအစား တစ်ခုအနေဖြင့် ကျား/မအလိုက် တင်ပြသည်။ အချက်အလက် အများစုကို ဇယားပုံစံဖြင့် တင်ပြထားသော်လည်း ဆင်းရဲနွမ်းပါးမှု၏ နေရာအလိုက် ပြန့်ချက်ကို ပြသရန် မြေပုံများကိုလည်း တင်ပြထားသည်။

အထက်တွင် ဆွေးနွေးခဲ့သည့်အတိုင်း IHLCA-II စစ်တမ်းကိုနှစ်ကြိမ် ဆောင်ရွက်ခဲ့သည်။ ၂၀၀၉-၂၀၁၀ ဒီဇင်ဘာ-ဇန္နဝါရီနှင့် ၂၀၁၀ ပြည့်နှစ်မေလတွင် ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှု အခြေအနေ လေ့လာတင်ပြချက်တွင် စစ်တမ်းအကြိမ် နှစ်ကြိမ်ကို ပေါင်းစပ်ထားသော အချက်အလက်များကို များသောအားဖြင့် တင်ပြထားသည်။ ခြွင်းချက်များမှာ စစ်တမ်းနှစ်ကြိမ်အကြား ရလဒ်များတွင် ထူးခြား ထင်ရှားသော ကွဲပြားခြားနားမှုများရှိသည့် ကိစ္စရပ်များအတွက် စစ်တမ်းပထမအကြိမ်တွင်သာ ကောက်ယူသည့် ညွှန်ကိန်းများအတွက် ဖြစ်သည်။

ရလဒ်များ၏ ခိုင်မာမှုကို စစ်ဆေးချက်တစ်ခုအား ဖြည့်ဆည်းပေးရန်အတွက် နောက်ဆက်တွဲများတွင် အခြားအဓိက စစ်တမ်းရလဒ်များကို ရွေးချယ်ထားသော ညွှန်ကိန်းများအတွက် တင်ပြထားသည်။ အထူးသဖြင့် ထိုသို့သော အချက်အလက်များကို ရေ/အညစ်အကြေး သန့်ရှင်းရေး (အပိုင်း၆)၊ အာဟာရ (အပိုင်း၇)နှင့် စာတတ်မြောက်မှု (အပိုင်း၈) တို့တွင် တင်ပြထားသည်။

'ဆင်းရဲနွမ်းပါးမှု လေ့လာတင်ပြချက်နှင့် တွဲဖက်စာအုပ်' နှစ်အုပ်ရှိသည်။ ပထမဦးစွာ 'MDG အချက်အလက် အစီရင်ခံစာ'သည် MDG ညွှန်ကိန်းစဉ်တစ်ခုအတွက် အချက်အလက်များကို တင်ပြသည်။ဆင်းရဲနွမ်းပါးမှု အခြေအနေ လေ့လာတင်ပြချက်တွင်လည်း MDG ညွှန်ကိန်းတချို့ ပါဝင်သဖြင့် MDG အချက်အလက် အစီရင်ခံစာနှင့် ဆင်းရဲနွမ်းပါးမှု အခြေအနေ လေ့လာ တင်ပြချက်တို့တွင် အကြောင်းအရာ ထပ်နေမှု အချို့ရှိသည်။ ဒုတိယအနေဖြင့် ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်း အစီရင်ခံစာသည် IHLCA-II ၏ထပ်တူယူထားသော နမူနာ ယူနစ်ပမာဏကို အပြည့်အဝ အသုံးချလျက် အိမ်ထောင်စုတစ်ခုစီ၏ စားသုံးမှု ဆင်းရဲနွမ်းပါးခြင်းနှင့် အခြားအဓိက ညွှန်ကိန်းများဆိုင်ရာ အနာဂတ် အလားအလာအတွက် အချက်အလက်များကို ပြန်လည်သုံးသပ်သည်။

စီစဉ်ဖွဲ့စည်းမှုပုံစံအားဖြင့် ဆင်းရဲနွမ်းပါးမှု လေ့လာတင်ပြချက်သည် အောက်ပါအကြောင်းရပ်များကို အလှည့်ကျ ပြန်လည်သုံးသပ် ထားသည်။ ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှမှု (အပိုင်း၂)၊ အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ ပင်ကိုလက္ခဏာများ (အပိုင်း၃)၊ အိမ်ထောင်စုများ၏ စီးပွားရေးလုပ်ဆောင်ချက်များ (အပိုင်း၄)၊ လုပ်သားဈေးကွက် (အပိုင်း၅)၊ အိုးအိမ်၊ သောက်သုံးရေနှင့် အညစ်အကြေး သန့်ရှင်းရေးစနစ် (အပိုင်း၆)၊ ကျန်းမာရေးနှင့် အာဟာရ (အပိုင်း၇)၊ ပညာရေး (အပိုင်း၈)နှင့် နိဂုံးချုပ် (အပိုင်း၉)။

# ၂။ ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှမှု

အပိုင်း၂ သည် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှမှုအတွက်သာ အချက်အလက်များကို တင်ပြထားသည်။ ယင်းသည် ပထမဦးစွာ ဆင်းရဲနွမ်းပါးမှု လေ့လာတင်ပြချက် အစီရင်ခံစာတွင် အသုံးပြုထားသည့် ဆင်းရဲနွမ်းပါးမှု ပြမျဉ်းများနှင့် အတိုင်းအတာများကို သာမန်စကားရပ်အားဖြင့် ရှင်းပြထားသည်။ ထို့နောက် အစီရင်ခံစာသည် 'အစားအစာ ဆင်းရဲချို့တဲ့မှု'၏ အဆင့်များနှင့် အလားအလာများ (အပိုင်း၂-၂)၊ 'ဆင်းရဲနွမ်းပါးမှု' (အပိုင်း၂-၃)၊ ဆင်းရဲနွမ်းပါးမှု ကိုယ်စားအတိုင်းအတာများ (အပိုင်း၂-၄)နှင့် မညီမျှမှု (အပိုင်း၂-၅) တို့အတွက် အချက်အလက်များကို တင်ပြသည်။ ထို့နောက် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းဆိုင်ရာ အချက်အလက်များကို ပြန်လည်သုံးသပ်သည် (အပိုင်း၂-၆)။ နောက်ဆုံးအပိုင်း (၂-၇)သည် အဓိက တွေ့ရှိချက်များကို အကျဉ်းချုပ်ပေးသည်။

## ၂-၁ ။ ဆင်းရဲနွမ်းပါးမှု အတိုင်းအတာစနစ်များ၊ မျဉ်းများနှင့် အတိုင်းအတာများ

အသုံးချ ဆင်းရဲနွမ်းပါးမှု စိစစ်ခြင်းတွင် အဓိကကျသော အကြောင်းရပ်သုံးခု ပေါ်လာသည်။ ပထမ အကြောင်းရပ်သည် 'ဘာကိုဆင်းရဲနွမ်းပါးသလဲ' မေးခွန်းတွင် သုံးရန်နှင့် ကိုင်တွယ်ဖြေရှင်းမည့် သင့်တော်သော လူနေမှုဘဝ ပြည့်စုံဖူလုံမှု အတိုင်းအတာစနစ်နှင့် သက်ဆိုင်သည်။ ဒုတိယ အကြောင်းရပ်သည် 'ဆင်းရဲခြင်းနှင့် မဆင်းရဲခြင်း' တို့အကြား ကွဲပြားခြားနားခြင်းနှင့် သက်ဆိုင်ပြီး 'ဆင်းရဲနွမ်းပါးမှုပြမျဉ်းကို မည်သို့သတ်မှတ်မည်' ဆိုသည့် မေးခွန်းကို ကိုင်တွယ်ဖြေရှင်းသည်။ တတိယ အကြောင်းရပ်ဖြစ်သည့် ပေါင်းစုခြင်းသည် အသုံးပြုသည့် ဆင်းရဲနွမ်းပါးမှု အတိုင်းအတာများနှင့် သက်ဆိုင်ပြီး ဆင်းရဲနွမ်းပါးမှု မျဉ်းအောက်ကျရောက်သူများကို 'မည်သို့ပေါင်းပေးမည်' ဆိုသည့် မေးခွန်းကို ကိုင်တွယ်ဖြေရှင်းသည်။

### ၂-၁-၁ ။ အတိုင်းအတာစနစ်

ဆင်းရဲနွမ်းပါးမှု လေ့လာတင်ပြချက်တွင် အသုံးပြုသည့် လူနေမှုဘဝ ပြည့်စုံဖူလုံမှု အတိုင်းအတာစနစ်မှာ စားသုံးမှု အသုံးစရိတ်ဖြစ်သည်။ ဝင်ငွေကို အသုံးပြုခြင်းထက် စားသုံးမှု အသုံးစရိတ်ကို အသုံးပြုခြင်းတွင် အဓိက အကျိုးကျေးဇူး နှစ်ခုရှိသည်။ ပထမ အကျိုးကျေးဇူးမှာ ယေဘုယျအားဖြင့် ဝင်ငွေထက် စားသုံးမှု အသုံးစရိတ်ကို အမှားပိုနည်းစွာ တိုင်းတာ၍ရသည်။ ဒုတိယ အကျိုးကျေးဇူးမှာ ဝင်ငွေထက် စားသုံးမှု အသုံးစရိတ်သည် အတက်အကျ အပြောင်းအလဲ ပို၍နည်းသည်။ သို့ဖြစ်ရကား စားသုံးမှု အသုံးစရိတ်သည် အိမ်ထောင်စုများက အချိန်ပေါ်တွင် စားသုံးမှုများကို 'ပျှမ်းမျှ' လိုက်သောအခါ 'လူနေမှုဘဝ ပြည့်စုံဖူလုံမှု'၏ ပို၍ကောင်းမွန်သော အလယ်အလတ် အချိန်ကာလအတွက် တိုင်းတာသည့် ကိရိယာ တစ်ခုဖြစ်သည်။

အိမ်ထောင်စုများကို ဖြန့်ကြက်၍ စားသုံးမှု အသုံးစရိတ်များကို နှိုင်းယှဉ်မှု ပြုနိုင်ရန်အတွက် ကိုက်ညှိခြင်း တချို့ကို ပြုလုပ်ရပေမည်။ အထူးသဖြင့် ကွဲပြားခြားနားသော အိမ်ထောင်စု ဖွဲ့စည်းတည်ဆောက်ပုံ၊ စားသုံးမှုတွင် အရွယ်အလိုက် အကျိုးထူးများနှင့် အရပ်ဒေသကို ဖြန့်ကြက်၍ ဈေးနှုန်းများ ကွဲပြားခြားနားခြင်းအတွက် ကိုက်ညှိရန် လိုအပ်သည်။ ဤကိုက်ညှိခြင်း အားလုံးကို လုပ်ဆောင်ခဲ့ပြီးဖြစ်၍

IHLCA-II စစ်တမ်းနှင့်အတူ ပေါ်ပေါက်သည့် နည်းပညာဆိုင်ရာ အစီရင်ခံစာတွင် အသေးစိတ် တင်ပြထားသည်။[၅]

စားသုံးမှု အသုံးစရိတ်ကို လူမှုဘဝ ပြည့်စုံဖူလုံမှု၏ အတိုင်းအတာ တစ်ခုအဖြစ် အသုံးပြုသောအခါ ဂရုမူရမည့် နောက်ဆုံး ခက်ခဲရှုပ်ထွေးသော အရာတစ်ခုမှာ လူနေမှုဘဝ ပြည့်စုံဖူလုံမှုကို လျော့နည်းစေသည့် 'မလွဲမရှောင်သာသော' အသုံးစရိတ်များ ပြဿနာဖြစ်သည်။ ဥပမာအားဖြင့် ကျန်းမာရေး စောင့်ရှောက်မှုအတွက် ကြီးမားသော အသုံးစရိတ်များသည် အိမ်ထောင်စု အသုံးစရိတ်ကို တိုးစေခြင်းဖြင့် 'အသေအချာ' အရေးပါနေသည်။ သို့ပင်ဖြစ်သော်လည်း ယင်းတို့သည် လူနေမှုဘဝ ပြည့်စုံဖူလုံမှုကို လျော့နည်းစေနိုင်ဘွယ်ရှိသည် (နာဖျားမကျန်းဖြစ်မှုနှင့် အသုံးစရိတ် ဝန်ထုပ်ဝန်ပိုး နှစ်ခုစလုံးမှ)။ အကြောင်းခြင်းရာသည် ခက်ခဲရှုပ်ထွေးသော်လည်း ဆင်းရဲနွမ်းပါးမှု အတိုင်းအတာများကို တွက်ချက်သောအခါ အိမ်ထောင်စု အသုံးစရိတ် ခန့်မှန်းခြေများမှ ကျန်းမာရေးအတွက် အသုံးစရိတ်ကို ဖယ်ထုတ်ခြင်းဖြင့် ကိုင်တွယ်ဖြေရှင်းခဲ့သည်။

## ၂-၁-၂။ ဆင်းရဲနွမ်းပါးမှု ပြမျဉ်းများ

ဆင်းရဲနွမ်းပါးမှု ပြမျဉ်းနှစ်ခုဖြစ်သည့် 'အစားအစာ ဆင်းရဲချို့တဲ့မှု' နှင့် 'ဆင်းရဲနွမ်းပါးမှု' မျဉ်းများကို ဆင်းရဲနွမ်းပါးမှု လေ့လာတင်ပြချက်တွင် တင်ပြထားသည်။ အစားအစာ ဆင်းရဲချို့တဲ့မှု ပြမျဉ်းသည် အခြေခံ ကယ်လိုရီ လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် စားသုံးမှု အသုံးစရိတ် မည်မျှလိုအပ်သည်ကိုသာ တိုင်းတာသည်။ ဆင်းရဲနွမ်းပါးမှု ပြမျဉ်းသည် အစားအစာ ဆင်းရဲချို့တဲ့မှု ပြမျဉ်းတွင် အစားအစာအတွက် မဟုတ်သော အသုံးစရိတ်အတွက် ခွင့်ပြုငွေကြေး ပမာဏကို ရိုးရှင်းစွာပေါင်းထည့်ပေးသည်။

အစားအစာ ဆင်းရဲချို့တဲ့မှုနှင့် ဆင်းရဲနွမ်းပါးမှု ပြမျဉ်းများကို သတ်မှတ်ရန်အတွက် ကွဲပြားခြားနားသော နည်းများရှိသည်။ ဆင်းရဲနွမ်းပါးမှု လေ့လာတင်ပြချက်တွင် ဆင်းရဲသူများ၏ အမှန်တကယ် အသုံးစရိတ် ပုံပန်းသဏ္ဌာန်များကို အမှီပြု၍ 'အစားအစာဝေစု' နည်းကို သုံးခဲ့သည်။ ဆက်လက်ဖော်ပြသမျှသည် ဤနည်းအတွက် အလိုလိုသိသည့်အတိုင်း ရှင်းလင်းဖော်ပြချက် ဖြစ်သည်။ နည်းပညာဆိုင်ရာ ရှင်းလင်း ဖော်ပြချက် တစ်ခုကို အပေါ်တွင် ဖော်ပြပြီးဖြစ်သည့် 'အရေအတွက် စစ်တမ်းအတွက် နည်းပညာဆိုင်ရာ အစီရင်ခံစာ'တွင် ရနိုင်သည်။

*အစားအစာ ဆင်းရဲချို့တဲ့မှု ပြမျဉ်း*

အစားအစာ ဆင်းရဲချို့တဲ့မှု ပြမျဉ်းကို သတ်မှတ်ရန်အတွက် လိုအပ်သော အခြေခံအဆင့် ငါးဆင့်ရှိသည်။

(၁) ပထမဦးစွာ 'ဆင်းရဲသော' ရည်ညွှန်းအုပ်စု တစ်ခုကိုရွေးချယ်သည်။ ဤကိစ္စရပ်တွင် ဆင်းရဲသော ရည်ညွှန်းအုပ်စုသည် စားသုံးမှုပြန့်ချက်၏ ဒုတိယ လေးစိတ်တစ်စိတ် (၂၅%)၊ ဆိုလိုသည်မှာ အောက်ဆုံး ၂၅-၅၀% ဖြစ်သည်။

---

[၅] IHLCA-II, Technical Report on Survey Design and Implementation, February 2010.

(၂) ဒုတိယအနေဖြင့် ဤရည်ညွှန်းအုပ်စုက စားသုံးသော ကယ်လိုရီ အရေအတွက်ကို တွက်ချက်သည်။ ဤအဆင့်တွင် စားသုံးသည့် အစားအစာအမယ်များ၏ အရေအတွက်နှင့် ဤအစားအစာအမယ်များ၏ ကယ်လိုရီ ပါဝင်မှုအတွက် သတင်းအချက်အလက်များ လိုအပ်သည်။
(၃) တတိယအနေဖြင့် အာဟာရ စံသတ်မှတ်ချက်များကို အခြေခံလျက် ကွဲပြားခြားနားသော လူဦးရေအုပ်စုများအတွက် အနည်းဆုံး လိုအပ်သည့် ကယ်လိုရီစားသုံးမှုကို တွက်ချက်သည်။ မြန်မာနိုင်ငံတွင် အမျိုးသားများ၊ အမျိုးသမီးများ၊ ကလေးများနှင့် မြို့ပြ/ကျေးလက် နေထိုင်သူများအတွက် ကွဲပြားခြားနားသော ကယ်လိုရီ လိုအပ်ချက်များကို သတ်မှတ်ပြီးဖြစ်သည်။
(၄) စတုတ္ထအနေဖြင့် ရည်ညွှန်းအုပ်စုက အမှန်တကယ် စားသုံးသည့် အစားအစာကိုအနည်းဆုံး လိုအပ်သည့် ကယ်လိုရီ စားသုံးမှု အဆင့်အထိ ရောက်ရှိအောင် 'အချိုးကျချဲ့ သို့မဟုတ်ချုံ့'သည်။ လက်တွေ့တွင် စားသုံးသည့် အစားအစာအုပ်စုမှာ အတူတူပင်ဖြစ်သော်လည်း ပမာဏကို တိုးပေးသို့မဟုတ် လျှော့ပေးသည်။
(၅) နောက်ဆုံးတွင် ဤအချိုးကျချဲ့ သို့မဟုတ်ချုံ့ပြီး အစားအစာအုပ်စု၏ ကုန်ကျစရိတ်ကိုတွက်ခြင်းပြုပြီးနောက် အစားအစာ ဆင်းရဲချို့တဲ့မှု ပြမျဉ်းကို ကိုယ်စားပြုသည်။

'အစားအစာ ဆင်းရဲချို့တဲ့မှု' ပြမျဉ်းသည် တကယ်ကို အလွန်အားနည်းချက်ရှိသည်ကို ဂရုပြုသင့်သည်။ မျဉ်းသည် အိမ်ထောင်စု ဝင်ငွေအားလုံးကို အစားအသောက်အတွက် အသုံးပြုခဲ့သည်ဟု ယူဆပြီး ကယ်လိုရီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် လိုအပ်သော ငွေကြေးကို ကိုယ်စားပြုသည်။ သို့ဖြစ်ရကား မျဉ်းသည် လွန်ကဲသော ဆင်းရဲဒုက္ခအဆင့်ကို ကိုယ်စားပြုသည်။

*ဆင်းရဲနွမ်းပါးမှု ပြမျဉ်း*

ဆင်းရဲနွမ်းပါးမှု ပြမျဉ်းသည် အထက်ပါတွက်ချက်မှုအဆင့် အားလုံးကို ထိန်းသိမ်းလျက် အစားအစာအတွက် မဟုတ်သော အသုံးစရိတ်အတွက် ခွင့်ပြုငွေကြေးပမာဏကို ရိုးရှင်းစွာ ပေါင်းထည့်သည်။ ထပ်မံ၍ အဆင့်သုံးဆင့်ကိုလိုအပ်သည်။

(၁) ပထမဦးစွာ ရည်ညွှန်းအုပ်စု၏ အစားအစာအတွက် မဟုတ်သော စားသုံးမှု အသုံးစရိတ်မှ ဝေစုကို တွက်ချက်သည်။
(၂) ဒုတိယအနေဖြင့် ဤဝေစုအတွက် ငွေကြေးတန်ဖိုး သတ်မှတ်ပေးသည်(အစားအစာ ချို့တဲ့မှုပြမျဉ်းဖြင့် မြှောက်ခြင်းအားဖြင့်)။
(၃) တတိယအနေဖြင့် ဆင်းရဲနွမ်းပါးမှု ပြမျဉ်းကို ရရှိရန်အတွက် ဤငွေကြေးတန်ဖိုးကို အစားအစာ ချို့တဲ့မှုပြမျဉ်းတွင် ပေါင်းထည့်ပေးသည်။

ဤနည်းဖြင့်တွက်ခြင်းအရ ဆင်းရဲနွမ်းပါးမှု ပြမျဉ်းသည် စားသုံးမှု အသုံးစရိတ်ပြန့်ချက်မှ ဒုတိယ လေးစိတ်တစ်စိတ်၏ စားသုံးမှု ပုံပန်းသဏ္ဌာန်ကို အခြေခံသော အနည်းဆုံးအစားအစာနှင့် အစားအစာအတွက် မဟုတ်သော အသုံးစရိတ်များကို ကိုယ်စားပြုသည်။

၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်အတွက် ကျပ်တန်ဖိုးအားဖြင့် တစ်နှစ်အတွက် အရွယ်ရောက်သူနှင့် ညီမျှချက်အရ အစားအစာ ဆင်းရဲချို့တဲ့မှုနှင့် ဆင်းရဲနွမ်းပါးမှု ပြမျဉ်းများ၏ အမှန်တကယ် (အမည်ခံ) တန်ဖိုးများမှာ အောက်ပါအတိုင်းဖြစ်သည်။

| | ၂၀၀၅ | ၂၀၁၀ |
| --- | --- | --- |
| **အစားအစာ ဆင်းရဲချို့တဲ့မှုပြမျဉ်း** | ၁၁၈၄၀၂ | ၂၇၄၉၉၀ |
| **ဆင်းရဲနွမ်းပါးမှုပြမျဉ်း** | ၁၆၂၁၃၆ | ၃၇၆၁၅၁ |

## ၂-၁-၃ ။ ဆင်းရဲနွမ်းပါးမှု အတိုင်းအတာများ

ဆင်းရဲနွမ်းပါးမှု လေ့လာတင်ပြချက်တွင် လုပ်ငန်းအဆင့် Foster-Greor-Thorbecse (FGT) အတန်းအစားဆင်းရဲနွမ်းပါးမှု အတိုင်းအတာများကို ဆင်းရဲနွမ်းပါးမှု မျဉ်းအောက်ကျရောက်သူများအား ပေါင်းရန်အတွက် အသုံးပြုသည်(နည်းပညာပိုင်းပိုဆိုင်သောဆွေးနွေးမှု တစ်ခုအတွက် နောက်ဆက်တွဲ ၂-၁ ကိုကြည့်ပါ)။ အစဉ်အလာအားဖြင့် $P_0$၊ $P_1$ နှင့် $P_2$ တို့ဖြင့် ကိုယ်စားပြုသော FGT အတိုင်းအတာ သုံးခုကို ကျယ်ပြန့်စွာ အသုံးပြုသည်။

- $P_0$ သို့မဟုတ် ဆင်းရဲနွမ်းပါးခြင်း ဖြစ်မှုသည် ဆင်းရဲသော လူဦးရေအချိုးကို ကိုယ်စားပြုသည်။
- $P_1$ သို့မဟုတ် ဆင်းရဲနွမ်းပါးခြင်း နက်ရှိုင်းမှုသည် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှုကို ဆင်းရဲနွမ်းပါးမှု ကွာဟချက် ဆိုလိုသည်မှာ ဆင်းရဲနွမ်းပါးမှု ပြမျဉ်းမှ ပျမ်းမျှကွာလှမ်းမှုဖြင့် မြှောက်ထားသည်။ သို့ဖြစ်၍ ယင်းသည် ဆင်းရဲနွမ်းပါးမှု ပမာဏနှင့် နက်ရှိုင်းမှုတို့၏ ပေါင်းစပ်အတိုင်းအတာ တစ်ခုဖြစ်သည်။
- $P_2$ သို့မဟုတ် ဆင်းရဲနွမ်းပါးခြင်း ပြင်းထန်မှုသည် ဆင်းရဲနွမ်းပါးခြင်း ဖြစ်မှုကို ဆင်းရဲနွမ်းပါးခြင်း ကွာဟချက်၏ နှစ်ထပ်ကိန်းဖြင့် မြှောက်ထားသည်။ အကျိုးသက်ရောက်မှုမှာ ဆင်းရဲနွမ်းပါးမှု ပြမျဉ်းမှ ပို၍ဝေးသော အိမ်ထောင်စုများကို အချိုးကျပို၍ အလေးပေးခြင်းဖြစ်သည်။ သို့ဖြစ်ရကား $P_2$ ကို ဆင်းရဲနွမ်းပါးမှု ပမာဏနှင့် ဆင်းရဲသူများအကြား မညီမျှမှုတို့၏ ပေါင်းစပ်ညွှန်ကိန်းအဖြစ် အဓိပ္ပါယ်ဖွင့်ရပေမည်။[၆]

$P_0$ တန်ဖိုးတွင် အလိုလိုသိနိုင်သော ရှင်းလင်းသည့် အဓိပ္ပါယ်ဖွင့်ဆိုချက် ရှိသော်လည်း $P_1$ နှင့် $P_2$ အတွက် ထိုသို့ မပြောနိုင်ပေ။ ယင်းတို့၏ အဓိကတန်ဖိုးမှာ ကွဲပြားခြားနားသော လူဦးရေအုပ်စုများ၏ ဆင်းရဲနွမ်းပါးမှု အခြေအနေကို ဆင်းရဲနွမ်းပါးခြင်း နက်ရှိုင်းမှုနှင့် ပြင်းထန်မှု အသီးသီးအရ ဆီလျော်သော အဆင့်ပေးနိုင်စေခြင်းဖြစ်သည်။

FGT အတန်းအစား အတိုင်းအတာများ၏ အခြားသော အသုံးဝင်သည့် အင်္ဂါရပ်ကို "ပေါင်း၍ရသော အစိတ်အပိုင်းများအဖြစ် ခွဲစိတ်နိုင်ခြင်း" ဟုခေါ်ဆိုသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် FGD အတိုင်းအတာ သုံးမျိုးအတွက် လူဦးရေတစ်ခုလုံး၏ ဆင်းရဲနွမ်းပါးမှုတွင် ကွဲပြားခြားနားသော လူဦးရေအုပ်စုများ၏ နှိုင်းယှဉ်ထည့်ဝင်မှုကို တွက်ချက်ရန် ဖြစ်နိုင်သည်။ အပိုင်း ၂ တစ်လျှောက်လုံးတွင် $P_0$၊ $P_1$နှင့် $P_2$

---

[၆] IHLCA-I ရလဒ်များကို တင်ပြသည့် ကနဦး ဆင်းရဲနွမ်းပါးမှု လေ့လာတင်ပြချက်တွင် $P_0$၊ $P_1$ နှင့် $P_2$ တို့ကို ဆင်းရဲနွမ်းပါးသူ အချိုး၊ ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုး၊ ဆင်းရဲနွမ်းပါးမှု ကွာဟချက် နှစ်ထပ်ကိန်း အချိုးဟု အသီးသီး အမည်တပ်ခဲ့သည်။

အတိုင်းအတာများ၏ အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးမှု ဝေစုအတွက် အချက်အလက်များကို တင်ပြထားသည်။

## ၂-၂ ။ အစားအစာ ဆင်းရဲချို့တဲ့မှု

ယခင်အပိုင်းတွင် တင်ပြခဲ့သည့် FGT အတန်းအစား ဆင်းရဲနွမ်းပါးမှု ညွှန်ကိန်းများအတွက် ၂၀၁၀ ပြည့်နှစ်၌ မြန်မာနိုင်ငံတွင် အစားအစာ ဆင်းရဲချို့တဲ့မှု အဆင့်များ၏ အချက်အလက်များကို ဇယား ၁ တွင်တင်ပြထားသည်။ အချက်လေးချက်မှာ အထူးသဖြင့် သက်ဆိုင်ဆက်စပ်နေသည်။

(၁) အစားအစာ ဆင်းရဲချို့တဲ့မှု အဆင့်များသည် လွန်စွာနိမ့်ကျသည်။ တစ်နိုင်ငံလုံးအတွက် ၅% ဝန်းကျင်တွင်ရှိသည်။ (ဇယားတွင် စာလုံးမည်းဖြင့် ပြထားသောတန်ဖိုး ၀.၀၄၈ ၌ထင်ဟပ်ပြထားသည်။)
(၂) အစားအစာ ဆင်းရဲချို့တဲ့မှုသည် အရင်းခံအားဖြင့် ကျေးလက်ဖြစ်စဉ်တစ်ခု ဖြစ်နေဆဲဖြစ်သည်။ ခြုံကြည့်လျှင် ကျေးလက်အစားအစာ ဆင်းရဲချို့တဲ့ခြင်းဖြစ်မှုသည် ၅.၆% ရှိပြီး ၂.၅% ရှိသော မြို့ပြအစားအစာ ဆင်းရဲချို့တဲ့ခြင်းဖြစ်မှု၏ နှစ်ဆခန့်ဖြစ်သည်။ ဤပုံစံသည် ဆင်းရဲနွမ်းပါးမှု အတိုင်းအတာ အားလုံးအတွက် ပြည်နယ်/တိုင်း ဒေသကြီး အားလုံးလောက်တွင် တည်ရှိသည်။ ထို့ပြင် စုစုပေါင်း ဆင်းရဲနွမ်းပါးမှုသို့ ကျေးလက်ဆင်းရဲနွမ်းပါးမှု၏ ထည့်ဝင်မှုသည် ၈၇% ခန့်ရှိသည်။
(၃) ပြည်နယ်/တိုင်း ဒေသကြီးများအတွင်း ကွဲပြားခြားနားမှု ကျယ်ပြန့်သည်။ အစားအစာ ဆင်းရဲချို့တဲ့ခြင်းဖြစ်မှု၏ အမြင့်ဆုံး တန်ဖိုးသည် ချင်းပြည်နယ်တွင် ၂၅% ဖြင့် တည်ရှိပြီး ထို့နောက်တွင် ရခိုင် (၁၀%)၊ တနင်္သာရီ (၉.၆%) နှင့် ရှမ်း (၉%) တို့ရှိကြသည်။ (ပုံ ၁ ကိုကြည့်ပါ). မည်သည့် FGT ဆင်းရဲနွမ်းပါးမှု အတိုင်းအတာကို အသုံးပြုသည်ဖြစ်စေ ဤပြည်နယ်/တိုင်း ဒေသကြီး လေးခုသည် အဆင်းရဲဆုံး ဖြစ်နေဆဲဖြစ်သည်။
(၄) မည်သည့် FGT ဆင်းရဲနွမ်းပါးမှု အတိုင်းအတာကို အသုံးပြုသည်ဖြစ်စေ အမျိုးသားအဆင့် အစားအစာ ဆင်းရဲချို့တဲ့မှုသို့ အဓိက ထည့်ဝင်သော ပြည်နယ်/တိုင်း ဒေသကြီးလေးခုမှာ ဧရာဝတီ (၁၈.၇%)၊ မန္တလေး (၁၆%)၊ ရှမ်း (၁၅.၄%)နှင့် ရခိုင်ပြည်နယ် (၁၄.၉%) တို့ဖြစ်ကြသည် (ပုံ ၂ ကိုကြည့်ပါ)။ ဤပြည်နယ်/တိုင်း ဒေသကြီးလေးခုသည် အတူတကွ မြန်မာနိုင်ငံတွင် စုစုပေါင်း အစားအစာ ချို့တဲ့မှု၏ သုံးပုံနှစ်ပုံခန့်အတွက် စာရင်းပေါက်နေသည်။

'အစားအစာ ဆင်းရဲချို့တဲ့မှု' ပြမျဉ်းသည် လွန်ကဲသော ဆင်းရဲဒုက္ခအဆင့် တစ်ခုကို ကိုယ်စားပြုကြောင်း အမှတ်ရပေမည်။ (အပိုင်း ၂-၁-၂ ကိုကြည့်ပါ)။ ယင်းသည် အားလုံးသော အိမ်ထောင်စုဝင်ငွေကို အစားအစာအတွက် အသုံးပြုသည်ဟု ယူဆလျက် ကယ်လိုရီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် ငွေကြေးပမာဏနှင့် သက်ဆိုင်သည်။

ဇယား ၂ သည် ၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ် IHLCA စစ်တမ်း နှစ်ခုအကြား အစားအစာ ဆင်းရဲချို့တဲ့ခြင်းဖြစ်မှု၏ အလားအလာများကို တင်ပြထားသည်။ အချက်တချို့သည် ဂရုထားရန်အတွက် သက်ဆိုင်ဆက်စပ်နေသည်။

(၁) ခြုံကြည့်လျှင် အစားအစာ ဆင်းရဲချို့တဲ့ခြင်းဖြစ်မှုသည် ၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်အတွင်း ၉.၆% မှ ၄.၈% သို့ တစ်ဝက်ဖြစ်သွားပြီး ယင်းပြောင်းလဲမှုသည် စာရင်းအင်းသဘောအရ ထူးခြားထင်ရှားသည်။


(၂) ကျဆင်းနေသော အလားအလာသည် မြို့ပြနှင့် ကျေးလက်ဇရိယာ နှစ်ခုစလုံးတွင် ပေါ်လွင်ထင်ရှားပြီး သိသိသာသာ ဆင်တူနှုန်းဖြင့် ကျဆင်းသည်။


(၃) ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးတွင် ကျဆင်းနေသော အလားအလာကို တွေ့ရသော်လည်း ဤပြောင်းလဲမှုများမှ တချို့သည် စာရင်းအင်းသဘောအရ ထူးခြားထင်ရှားမှု မရှိပေ။

ဤအချက်အလက်များက မြန်မာနိုင်ငံတွင်[7] အဆင်းရဲဆုံး လူဦးရေအုပ်စုများအတွက် အခြေခံ အစားအစာ စားသုံးမှုတွင် တိုးတက်ကောင်းမွန်မှု တစ်ခုနှင့် ပြည်နယ်/တိုင်း ဒေသကြီးများအတွင်း အထူးသဖြင့် ကျေးလက်နှင့် မြို့ပြဇရိယာတို့အတွင်း ကွာဟချက်များ ရှိနေဆဲဖြစ်ကြောင်း ညွှန်ပြသည်။


[7] နောက်ထပ် စိစစ်မှုအတွက် အပိုင်း ၂-၄ ကို ကြည့်ပါ။

ပုံ ၁။ ပြည်နယ်/တိုင်း ဒေသကြီးအလိုက် အစားအစာ ဆင်းရဲချို့တဲ့ခြင်းဖြစ်မှု၊ ၂၀၁၀ ပြည့်နှစ်



ပုံ ၂ ။ ပြည်နယ်/တိုင်း ဒေသကြီးအလိုက် အမျိုးသားအဆင့် အစားအစာ ဆင်းရဲချို့တဲ့မှု ဝေစုများ၊ ၂၀၁၀ ပြည့်နှစ်



ဇယား ၁ ။ အစားအစာ ဆင်းရဲချို့တဲ့မှု အတိုင်းအတာများ၊ ၂၀၁၀ ပြည့်နှစ်

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | မြို့ပြ | | | ကျေးလက် | | | စုစုပေါင်း | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | $P_0$ (ဖြစ်မှု) | $P_1$ (နက်ရှိုင်းမှု) | $P_2$ (ပြင်းထန်မှု) | $P_0$ (ဖြစ်မှု) | $P_1$ (နက်ရှိုင်းမှု) | $P_2$ (ပြင်းထန်မှု) | $P_0$ | အမျိုးသား အဆင့် ဆင်းရဲ နွမ်းပါးမှု (%) | $P_1$ | အမျိုးသား အဆင့် ဆင်းရဲ နွမ်းပါးမှု (%) | $P_2$ | အမျိုးသား အဆင့် ဆင်းရဲ နွမ်းပါးမှု (%) |
| ကချင် | ၀.၀၂၅<br>(၀.၀၁၆) | ၀.၀၀၃<br>(၀.၀၀၃) | ၀.၀၀၀၆<br>(၀.၀၀၀၅) | ၀.၀၅၀<br>(၀.၀၂၂) | ၀.၀၀၇<br>(၀.၀၀၂) | ၀.၀၀၀၅<br>(၀.၀၀၀၅) | ၀.၀၄၃<br>(၀.၀၁၁) | ၂.၄<br>(၀.၇၃) | ၀.၀၀၆<br>(၀.၀၀၁) | ၂.၅<br>(၀.၄၄) | ၀.၀၀၀၃<br>(၀.၀၀၀၁) | ၂.၇<br>(၀.၅၆) |
| ကယား | ၀.၀၀၀<br>(၀.၀၀၀) | ၀.၀၀၀<br>(၀.၀၀၀) | ၀.၀၀၀၀<br>(၀.၀၀၀၀) | ၀.၀၁၉<br>(၀.၀၂၁) | ၀.၀၀၂<br>(၀.၀၀၃) | ၀.၀၀၀၃<br>(၀.၀၀၀၃) | ၀.၀၀၂<br>(၀.၀၁၂) | ၀.၀<br>(၀.၀၁) | ၀.၀၀၂<br>(၀.၀၀၂) | ၀.၁<br>(၀.၀၁) | ၀.၀၀၀၂<br>(၀.၀၀၀၂) | ၀.၀<br>(၀.၀၁) |
| ကရင် | ၀.၀၀၀<br>(၀.၀၀၀) | ၀.၀၀၀<br>(၀.၀၀၀) | ၀.၀၀၀၀<br>(၀.၀၀၀၀) | ၀.၀၂၁<br>(၀.၀၀၇) | ၀.၀၀၂<br>(၀.၀၀၀) | ၀.၀၀၀၂<br>(၀.၀၀၀၀) | ၀.၀၁၇<br>(၀.၀၀၆) | ၁.၀<br>(၀.၁၉) | ၀.၀၀၁<br>(၀.၀၀၀) | ၀.၆<br>(၀.၁၅) | ၀.၀၀၀၁<br>(၀.၀၀၀၀) | ၀.၃<br>(၀.၀၈) |
| ချင်း | ၀.၀၆၄<br>(၀.၀၀၈) | ၀.၀၀၇<br>(၀.၀၀၂) | ၀.၀၀၁၁<br>(၀.၀၀၀၄) | ၀.၃၀၈<br>(၀.၀၈၀) | ၀.၀၄၆<br>(၀.၀၂၀) | ၀.၀၁၀၅<br>(၀.၀၀၆၄) | ၀.၂၅၀<br>(၀.၀၃၈) | ၃.၈<br>(၀.၅၂) | ၀.၀၃၇<br>(၀.၀၁၂) | ၄.၅<br>(၁.၂၅) | ၀.၀၀၈၂<br>(၀.၀၀၄၁) | ၄.၈<br>(၂.၀၉) |
| စစ်ကိုင်း | ၀.၀၂၅<br>(၀.၀၁၁) | ၀.၀၀၃<br>(၀.၀၀၁) | ၀.၀၀၀၄<br>(၀.၀၀၀၁) | ၀.၀၁၁<br>(၀.၀၀၅) | ၀.၀၀၁<br>(၀.၀၀၁) | ၀.၀၀၀၂<br>(၀.၀၀၀၁) | ၀.၀၁၃<br>(၀.၀၀၅) | ၂.၈<br>(၀.၅၄) | ၀.၀၀၁<br>(၀.၀၀၁) | ၂.၅<br>(၀.၄၄) | ၀.၀၀၀၂<br>(၀.၀၀၀၁) | ၂.၁<br>(၀.၃၃) |
| တနင်္သာရီ | ၀.၀၄၅<br>(၀.၀၄၅) | ၀.၀၀၅<br>(၀.၀၀၄) | ၀.၀၀၁၀<br>(၀.၀၀၀၈) | ၀.၁၁၁<br>(၀.၀၄၃) | ၀.၀၁၈<br>(၀.၀၀၉) | ၀.၀၀၅၃<br>(၀.၀၀၂၈) | ၀.၀၉၆<br>(၀.၀၄၀) | ၅.၄<br>(၂.၁၁) | ၀.၀၁၅<br>(၀.၀၀၇) | ၆.၈<br>(၃.၁၄) | ၀.၀၀၄၃<br>(၀.၀၀၂၃) | ၉.၄<br>(၄.၇၇) |
| ပဲခူး | ၀.၀၃၄<br>(၀.၀၀၈) | ၀.၀၀၃<br>(၀.၀၀၂) | ၀.၀၀၀၅<br>(၀.၀၀၀၃) | ၀.၀၁၄<br>(၀.၀၀၅) | ၀.၀၀၁<br>(၀.၀၀၀) | ၀.၀၀၀၀<br>(၀.၀၀၀၀) | ၀.၀၁၇<br>(၀.၀၀၅) | ၃.၆<br>(၁.၀၂) | ၀.၀၀၁<br>(၀.၀၀၀) | ၂.၀<br>(၀.၆၇) | ၀.၀၀၀၀<br>(၀.၀၀၀၁) | ၁.၀<br>(၀.၄၇) |
| - ပဲခူး (အရှေ့) | ၀.၀၄၉<br>(၀.၀၀၈) | ၀.၀၀၄<br>(၀.၀၀၂) | ၀.၀၀၀၇<br>(၀.၀၀၀၄) | ၀.၀၂၄<br>(၀.၀၁၀) | ၀.၀၀၂<br>(၀.၀၀၁) | ၀.၀၀၀၁<br>(၀.၀၀၀၁) | ၀.၀၂၈<br>(၀.၀၁၀) | ၃.၃<br>(၁.၀၀) | ၀.၀၀၂<br>(၀.၀၀၁) | ၁.၈<br>(၀.၆၆) | ၀.၀၀၀၂<br>(၀.၀၀၀၁) | ၀.၉<br>(၀.၄၆) |
| - ပဲခူး (အနောက်) | ၀.၀၀၇<br>(၀.၀၀၅) | ၀.၀၀၁<br>(၀.၀၀၀) | ၀.၀၀၀၀<br>(၀.၀၀၀၀) | ၀.၀၀၃<br>(၀.၀၀၂) | ၀.၀၀၀<br>(၀.၀၀၀) | ၀.၀၀၀၀<br>(၀.၀၀၀၀) | ၀.၀၀၃<br>(၀.၀၀၂) | ၀.၃<br>(၀.၁၆) | ၀.၀၀၀<br>(၀.၀၀၀) | ၀.၂<br>(၀.၀၈) | ၀.၀၀၀၀<br>(၀.၀၀၀၀) | ၀.၁<br>(၀.၀၃) |
| မကွေး | ၀.၀၂၀<br>(၀.၀၀၉) | ၀.၀၀၁<br>(၀.၀၀၁) | ၀.၀၀၀၂<br>(၀.၀၀၀၁) | ၀.၀၃၈<br>(၀.၀၁၀) | ၀.၀၀၅<br>(၀.၀၀၂) | ၀.၀၀၀၂<br>(၀.၀၀၀၅) | ၀.၀၃၆<br>(၀.၀၀၉) | ၆.၄<br>(၁.၅၇) | ၀.၀၀၅<br>(၀.၀၀၂) | ၇.၁<br>(၂.၁၉) | ၀.၀၀၁၁<br>(၀.၀၀၀၄) | ၇.၄<br>(၂.၉၀) |
| မန္တလေး | ၀.၀၂၃<br>(၀.၀၀၄) | ၀.၀၀၃<br>(၀.၀၀၁) | ၀.၀၀၀၆<br>(၀.၀၀၀၃) | ၀.၀၆၅<br>(၀.၀၂၇) | ၀.၀၀၉<br>(၀.၀၀၄) | ၀.၀၀၂၄<br>(၀.၀၀၁၁) | ၀.၀၅၃<br>(၀.၀၂၀) | ၁၆.၀<br>(၅.၀၂) | ၀.၀၀၇<br>(၀.၀၀၃) | ၁၇.၉<br>(၆.၀၂) | ၀.၀၀၀၉<br>(၀.၀၀၀၈) | ၂၂.၁<br>(၇.၇၉) |
| မွန် | ၀.၀၂၄<br>(၀.၀၀၈) | ၀.၀၀၂<br>(၀.၀၀၁) | ၀.၀၀၀၃<br>(၀.၀၀၀၂) | ၀.၀၃၈<br>(၀.၀၁၅) | ၀.၀၀၄<br>(၀.၀၀၁) | ၀.၀၀၀၇<br>(၀.၀၀၀၄) | ၀.၀၃၆<br>(၀.၀၁၃) | ၃.၂<br>(၀.၅၁) | ၀.၀၀၃<br>(၀.၀၀၁) | ၂.၄<br>(၀.၄၅) | ၀.၀၀၀၆<br>(၀.၀၀၀၄) | ၂.၂<br>(၀.၄၉) |
| ရခိုင် | ၀.၀၄၄<br>(၀.၀၀၄) | ၀.၀၀၅<br>(၀.၀၀၀) | ၀.၀၀၁၂<br>(၀.၀၀၀၁) | ၀.၁၁၅<br>(၀.၀၃၆) | ၀.၀၁၁<br>(၀.၀၀၄) | ၀.၀၀၀၇<br>(၀.၀၀၀၇) | ၀.၁၀၀<br>(၀.၀၃၉) | ၁၄.၉<br>(၅.၁၀) | ၀.၀၁၀<br>(၀.၀၀၄) | ၁၂.၂<br>(၄.၇၈) | ၀.၀၀၁၆<br>(၀.၀၀၀၆) | ၉.၂<br>(၃.၆၄) |
| ရန်ကုန် | ၀.၀၁၆<br>(၀.၀၀၆) | ၀.၀၀၂<br>(၀.၀၀၀) | ၀.၀၀၀၄<br>(၀.၀၀၀၂) | ၀.၀၄၈<br>(၀.၀၂၅) | ၀.၀၀၆<br>(၀.၀၀၃) | ၀.၀၀၁၁<br>(၀.၀၀၀၆) | ၀.၀၂၄<br>(၀.၀၀၅) | ၆.၅<br>(၁.၀၉) | ၀.၀၀၃<br>(၀.၀၀၁) | ၆.၆<br>(၁.၉၅) | ၀.၀၀၀၅<br>(၀.၀၀၀၃) | ၅.၆<br>(၂.၄၂) |
| ရှမ်း | ၀.၀၃၅<br>(၀.၀၂၈) | ၀.၀၀၄<br>(၀.၀၀၃) | ၀.၀၀၀၆<br>(၀.၀၀၀၅) | ၀.၁၀၈<br>(၀.၀၂၅) | ၀.၀၁၂<br>(၀.၀၀၄) | ၀.၀၀၂၀<br>(၀.၀၀၀၆) | ၀.၀၉၀<br>(၀.၀၃၁) | ၁၅.၄<br>(၅.၃၈) | ၀.၀၁၀<br>(၀.၀၀၄) | ၁၄.၂<br>(၅.၇၉) | ၀.၀၀၁၇<br>(၀.၀၀၀၇) | ၁၁.၁<br>(၄.၆၉) |
| - ရှမ်း (တောင်) | ၀.၀၃၆<br>(၀.၀၅၂) | ၀.၀၀၄<br>(၀.၀၀၆) | ၀.၀၀၀၆<br>(၀.၀၀၀၉) | ၀.၀၉၈<br>(၀.၀၅၅) | ၀.၀၁၄<br>(၀.၀၀၈) | ၀.၀၀၂၃<br>(၀.၀၀၁၂) | ၀.၀၈၂<br>(၀.၀၆၆) | ၆.၂<br>(၅.၃၉) | ၀.၀၁၂<br>(၀.၀၀၉) | ၇.၁<br>(၆.၀၀) | ၀.၀၀၁၈<br>(၀.၀၀၀၄) | ၅.၄<br>(၄.၆၈) |
| - ရှမ်း (မြောက်) | ၀.၀၃၄<br>(၀.၀၂၉) | ၀.၀၀၅<br>(၀.၀၀၄) | ၀.၀၀၀၉<br>(၀.၀၀၀၉) | ၀.၁၁၆<br>(၀.၀၂၆) | ၀.၀၁၂<br>(၀.၀၀၂) | ၀.၀၀၂၀<br>(၀.၀၀၀၄) | ၀.၀၉၉<br>(၀.၀၂၈) | ၇.၂<br>(၂.၁၅) | ၀.၀၁၀<br>(၀.၀၀၂) | ၆.၀<br>(၁.၃၃) | ၀.၀၀၁၈<br>(၀.၀၀၀၄) | ၅.၀<br>(၁.၂၀) |
| - ရှမ်း (အရှေ့) | ၀.၀၃၅<br>(၀.၀၁၉) | ၀.၀၀၁<br>(၀.၀၀၀) | ၀.၀၀၀၁<br>(၀.၀၀၀၀) | ၀.၁၀၉<br>(၀.၀၁၅) | ၀.၀၀၈<br>(၀.၀၀၁) | ၀.၀၀၁၁<br>(၀.၀၀၀၃) | ၀.၀၉၁<br>(၀.၀၁၃) | ၂.၀<br>(၀.၂၇) | ၀.၀၀၇<br>(၀.၀၀၁) | ၁.၂<br>(၀.၁၃) | ၀.၀၀၀၈<br>(၀.၀၀၀၂) | ၀.၇<br>(၀.၀၄) |
| ဧရာဝတီ | ၀.၀၃၈<br>(၀.၀၀၇) | ၀.၀၀၅<br>(၀.၀၀၁) | ၀.၀၀၁၀<br>(၀.၀၀၀၃) | ၀.၀၆၅<br>(၀.၀၁၆) | ၀.၀၀၉<br>(၀.၀၀၂) | ၀.၀၀၂၀<br>(၀.၀၀၀၆) | ၀.၀၆၁<br>(၀.၀၁၃) | ၁၈.၇<br>(၄.၁၅) | ၀.၀၀၈<br>(၀.၀၀၂) | ၂၀.၇<br>(၄.၆၅) | ၀.၀၀၁၈<br>(၀.၀၀၀၅) | ၂၂.၀<br>(၅.၇၇) |
| ပြည်ထောင်စု | ၀.၀၂၅<br>(၀.၀၀၄) | ၀.၀၀၃<br>(၀.၀၀၀) | ၀.၀၀၀၅<br>(၀.၀၀၀၁) | ၀.၀၅၆<br>(၀.၀၀၇) | ၀.၀၀၇<br>(၀.၀၀၁) | ၀.၀၀၁၅<br>(၀.၀၀၀၂) | ၀.၀၄၈<br>(၀.၀၀၆) | ၁၀၀.၀<br>(၀.၀၀) | ၀.၀၀၆<br>(၀.၀၀၁) | ၁၀၀.၀<br>(၀.၀၀) | ၀.၀၀၁၂<br>(၀.၀၀၀၂) | ၁၀၀.၀<br>(၀.၀၀) |
| - မြို့ပြ | n.a | n.a | n.a | n.a | n.a | n.a | ၀.၀၂၅<br>(၀.၀၀၄) | ၁၃.၅<br>(၂.၇၂) | ၀.၀၀၃<br>(၀.၀၀၁) | ၁၂.၈<br>(၂.၇၀) | ၀.၀၀၀၅<br>(၀.၀၀၀၁) | ၁၁.၂<br>(၂.၇၂) |
| - ကျေးလက် | n.a | n.a | n.a | n.a | n.a | n.a | ၀.၀၅၆<br>(၀.၀၀၇) | ၈၆.၅<br>(၂.၇၂) | ၀.၀၀၇<br>(၀.၀၀၁) | ၈၇.၂<br>(၂.၇၀) | ၀.၀၀၁၅<br>(၀.၀၀၀၂) | ၈၈.၈<br>(၂.၇၂) |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၂ ။ အစားအစာ ဆင်းရဲချို့တဲ့ခြင်း ဖြစ်ပွားမှု အလားအလာများ ၂၀၀၅ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | မြို့ပြ | | ကျေးလက် | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ၂၀၀၅ | ၂၀၁၀ | ၂၀၀၅ | ၂၀၁၀ | ၂၀၀၅ | ၂၀၁၀ |
| ကချင် | ၈.၆ (၄.၆၆) | ၂.၅ (၁.၆၀) | ၁၆.၆ (၅.၃၂) | ၅.၀ (၂.၁၆) | ၁၄.၃ (၄.၁၁) | ၄.၃ (၁.၁၂) |
| ကယား | ၅.၁ (၀.၄၁) | ၀.၀ (၀.၀၀) | ၁၇.၁ (၄.၅၉) | ၁.၉ (၂.၁၀) | ၁၂.၅ (၂.၁၇) | ၁.၂ (၁.၂၂) |
| ကရင် | ၀.၀ (၀.၀၀) | ၀.၀ (၀.၀၀) | ၂.၂ (၀.၇၇) | ၂.၁ (၀.၇၃) | ၁.၉ (၀.၇၆) | ၁.၇ (၀.၆၁) |
| ချင်း | ၅.၅ (၀.၆၅) | ၆.၄ (၀.၇၆) | ၄၉.၄ (၁၄.၂၃) | ၃၀.၈ (၈.၀၃) | ၃၉.၈ (၇.၆၅) | ၂၅.၀ (၃.၈၃) |
| စစ်ကိုင်း | ၄.၀ (၁.၃၉) | ၂.၅ (၁.၀၇) | ၈.၃ (၂.၄၃) | ၁.၁ (၀.၅၃) | ၇.၇ (၁.၉၆) | ၁.၃ (၀.၅၅) |
| တနင်္သာရီ | ၉.၁ (၁၀.၄၄) | ၄.၅ (၄.၅၁) | ၁၁.၉ (၁.၇၈) | ၁၁.၁ (၄.၃၂) | ၁၁.၄ (၃.၃၀) | ၉.၆ (၄.၀၀) |
| ပဲခူး | ၁၀.၀ (၂.၂၂) | ၃.၄ (၀.၈၃) | ၅.၇ (၁.၄၀) | ၁.၄ (၀.၅၃) | ၆.၃ (၁.၅၉) | ၁.၇ (၀.၅၀) |
| - ပဲခူး (အရှေ့) | ၁၂.၄ (၂.၇၄) | ၄.၉ (၀.၈၀) | ၄.၉ (၂.၀၅) | ၂.၄ (၁.၀၂) | ၆.၀ (၂.၅၃) | ၂.၈ (၀.၉၆) |
| - ပဲခူး (အနောက်) | ၅.၅ (၁.၄၈) | ၀.၇ (၀.၅၄) | ၆.၇ (၁.၇၀) | ၀.၃ (၀.၂၄) | ၆.၆ (၁.၅၂) | ၀.၃ (၀.၁၅) |
| မကွေး | ၇.၀ (၁.၂၃) | ၂.၁ (၀.၉၀) | ၁၃.၈ (၂.၅၉) | ၃.၈ (၁.၀၁) | ၁၃.၁ (၂.၅၈) | ၃.၆ (၀.၈၇) |
| မန္တလေး | ၆.၀ (၁.၂၂) | ၂.၃ (၀.၃၈) | ၁၃.၁ (၁.၄၇) | ၆.၅ (၂.၆၈) | ၁၁.၁ (၁.၁၇) | ၅.၃ (၁.၉၈) |
| မွန် | ၈.၁ (၄.၀၉) | ၂.၄ (၀.၇၉) | ၄.၃ (၂.၈၀) | ၃.၈ (၁.၄၆) | ၅.၀ (၂.၆၀) | ၃.၆ (၁.၃၀) |
| ရခိုင် | ၇.၁ (၁.၅၄) | ၄.၄ (၀.၄၀) | ၁၂.၉ (၂.၁၁) | ၁၁.၅ (၃.၆၅) | ၁၁.၈ (၁.၉၃) | ၁၀.၀ (၃.၈၅) |
| ရန်ကုန် | ၃.၅ (၁.၇၇) | ၁.၆ (၀.၆၃) | ၄.၉ (၄.၉၉) | ၄.၈ (၂.၅၃) | ၃.၉ (၁.၉၃) | ၂.၄ (၀.၅၂) |
| ရှမ်း | ၁၁.၁ (၅.၆၈) | ၃.၅ (၂.၇၆) | ၁၈.၉ (၂.၂၄) | ၁၀.၈ (၂.၅၄) | ၁၇.၂ (၃.၂၇) | ၉.၀ (၃.၁၂) |
| - ရှမ်း (တောင်) | ၇.၇ (၉.၁၁) | ၃.၆ (၅.၁၉) | ၁၄.၅ (၄.၄၉) | ၉.၈ (၅.၅၄) | ၁၂.၉ (၆.၅၁) | ၈.၂ (၆.၅၇) |
| - ရှမ်း (မြောက်) | ၁၅.၈ (၇.၃၈) | ၃.၄ (၂.၉၅) | ၂၂.၂ (၂.၈၅) | ၁၁.၆ (၂.၆၄) | ၂၀.၈ (၃.၈၃) | ၉.၉ (၂.၈၁) |
| - ရှမ်း (အရှေ့) | ၈.၄ (၃.၆၀) | ၃.၅ (၁.၄၅) | ၂၃.၀ (၉.၈၇) | ၁၀.၉ (၀.၄၉) | ၁၉.၈ (၈.၆၇) | ၉.၀ (၁.၂၇) |
| ဧရာဝတီ | ၉.၅ (၃.၄၆) | ၃.၈ (၀.၆၆) | ၉.၆ (၁.၃၆) | ၆.၅ (၁.၅၉) | ၉.၆ (၁.၃၉) | ၆.၁ (၁.၃၀) |
| ပြည်ထောင်စု | ၆.၁ (၀.၉၃) | ၂.၅ (၀.၃၆) | ၁၀.၉ (၀.၇၃) | ၅.၆ (၀.၇၀) | ၉.၆ (၀.၆၆) | ၄.၈ (၀.၅၆) |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၂-၃ ။ ဆင်းရဲနွမ်းပါးမှု

ဇယား ၃ သည် FGT အတန်းအစား ဆင်းရဲနွမ်းပါးမှု ညွှန်ကိန်းများအတွက် ၂၀၁၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု အဆင့်များ၏ အချက်အလက်များကို တင်ပြထားသည် (အပိုင်း ၂-၁-၃ ကိုကြည့်ပါ) ။ အချက်လေးချက်မှာ ဂရုပြုရန် သက်ဆိုင်ဆက်စပ်နေသည်။

(၁) ခြုံကြည့်လျှင် လူဦးရေ၏ ၂၅% ခန့်သည် ဆင်းရဲနွမ်းပါးမှု ပြမျဉ်းအောက်တွင် ကျရောက်သည်။

(၂) "အစားအစာ ဆင်းရဲချို့တဲ့မှု" တွင်ဖြစ်ခဲ့သည့်အတိုင်း မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုတွင် ထင်ရှားသော ကျေးလက်သွင်ပြင် လက္ခဏာ တစ်ခုရှိသည်။ ခြုံကြည့်လျှင် ကျေးလက် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှုသည် ၂၉% ရှိပြီး ၁၅% ရှိသောမြို့ပြ ဆင်းရဲနွမ်းပါးမှု၏ နှစ်ဆခန့်ရှိသည်။ ပုံပန်းသဏ္ဌာန်သည် FGTဆင်းရဲနွမ်းပါးမှု အတိုင်းအတာ အားလုံးအတွက် ပြည်နယ်/တိုင်း ဒေသကြီး အားလုံးနီးပါးတွင် တည်ရှိနေသည်။ ထို့ပြင် စုစုပေါင်း ဆင်းရဲနွမ်းပါးမှုသို့ ကျေးလက်ဆင်းရဲနွမ်းပါးမှု၏ ထည့်ဝင်မှုသည် ၈၄% ရှိသည်။

(၃) ပြည်နယ်/တိုင်း ဒေသကြီးများအကြား ကျယ်ပြန့်သော ကွဲပြားခြားနားမှုရှိသည်။ ဆင်းရဲနွမ်းပါးခြင်း ဖြစ်မှု၏ အမြင့်ဆုံး တန်ဖိုးသည် ချင်းပြည်နယ်တွင် ၇၃% ဖြင့်ရှိနေပြီး ထိုနောက်မှ ရခိုင် (၄၄%)၊ တနင်္သာရီ (၃၃%)၊ ရှမ်း (၃၃%)နှင့် ဧရာဝတီ (၃၂%) တို့ရှိကြသည်။ (ပုံ ၃ ကိုကြည့်ပါ)။ ပြည်နယ်/တိုင်း ဒေသကြီးများကို ဤသို့အဆင့်ပေးခြင်းသည် အစားအစာ ဆင်းရဲချို့တဲ့မှုကို အဆင့်ပေးခြင်းနှင့် အပြိုင်ဖြစ်ပြီး ဧရာဝတီကို ထပ်တိုးပေးရသည်။ အထူးဂရုမူစရာမှာ ချင်းပြည်နယ်၏ ၈၀% သည်လွန်ကဲစွာ မြင့်မားသော ကျေးလက်ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု ဖြစ်နေသည့်အချက်ဖြစ်သည်။

(၄) အစားအစာ ဆင်းရဲချို့တဲ့မှုတွင် ဖြစ်ခဲ့သည့်အတိုင်း အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးမှုသို့ အဓိက ထည့်ဝင်သည့် ပြည်နယ်/တိုင်း ဒေသကြီး လေးခုမှာ မည်သည့် FGT အတိုင်းအတာကို အသုံးပြုသည်ဖြစ်စေ၊ ဧရာဝတီ (၁၉%)၊ မန္တလေး (၁၅%)၊ ရခိုင် (၁၂%) နှင့် ရှမ်းပြည်နယ် (၁၁%) တို့ဖြစ်ကြသည်။ (ပုံ ၄ ကိုကြည့်ပါ)။ ဤပြည်နယ်/တိုင်း ဒေသကြီး လေးခုသည် မြန်မာနိုင်ငံတွင် စုစုပေါင်း ဆင်းရဲနွမ်းပါးမှု၏ တစ်ဝက်ကျော်အတွက် အတူတကွ စာရင်းပေါက်ပါသည်။

ဇယား ၄ သည် ၂၀၀၅ ခုနှစ် နှင့်၂၀၁၀ ပြည့်နှစ် စစ်တမ်းနှစ်ခုအတွင်း ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု အလားအလာများအတွက် အချက်အလက်များကို တင်ပြသည်။ အချက်သုံးချက်မှာ အရေးပါသည်။

(၁) ခြုံကြည့်လျှင် ၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်အတွင်း ဆင်းရဲနွမ်းပါးခြင်းဖြစ်မှုသည် ဖရာခိုင်နှုန်းခန့် ကျဆင်းခဲ့ပြီး ပြောင်းလဲမှုသည် စာရင်းအင်းသဘောအရ ထူးခြားထင်ရှားသည်။


(၂) အစားအစာ ဆင်းရဲချို့တဲ့မှုတွင် ဖြစ်ခဲ့သည့်အတိုင်း ကျဆင်းသော အလားအလာသည် မြို့ပြနှင့်ကျေးလက် ဒေသများတွင် သိသာထင်ရှားသည်။ သို့သော် မြို့ပြတွင် ကျေးလက်ထက်ပို၍ မြင့်မားသောနှုန်းဖြင့် ကျဆင်းသည်။

(၃) ကျဆင်းသော အလားအလာကို ပြည်နယ်နှင့်တိုင်း ဒေသကြီးအားလုံးနီးပါးတွင် တွေ့ရသည်။ သို့သော် ဤစစ်တမ်းနှစ်ခုအတွင်း ကွဲပြားခြားနားချက်များမှ အများအပြားသည် စာရင်းအင်းသဘောအရ ထူးခြားထင်ရှားမှု မရှိပေ။


ခြုံကြည့်လျှင် ဤအချက်အလက်များသည် မြန်မာနိုင်ငံတွင် လူဦးရေ၏ အဆင်းရဲဆုံး ၃၀%အတွက် အခြေခံ စားသုံးမှုတွင် တိုးတက်ကောင်းမွန်မှု တစ်ခုနှင့် ပြည်နယ်/တိုင်း ဒေသကြီးများအကြား ရှိနေဆဲဖြစ်သော ကွာဟမှုများ အထူးသဖြင့် ကျေးလက်နှင့်မြို့ပြ ဒေသများအကြား ကွာဟမှုကို ညွှန်ပြနေသည်။[၅]

[၅] နောက်ထပ် စိစစ်မှုအတွက် အပိုင်း ၂-၄ ကိုကြည့်ပါ။

ပုံ ၃ ။ ပြည်နယ်/တိုင်း ဒေသကြီးအလိုက် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု



ပုံ ၄ ။ ပြည်နယ်/တိုင်း ဒေသကြီးအလိုက် အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးမှု ဝေစုများ၊ ၂၀၁၀ ပြည့်နှစ်



ဇယား ၃ ။ ဆင်းရဲနွမ်းပါးမှု အတိုင်းအတာများ၊ ၂၀၁၀ ပြည့်နှစ်

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | မြို့ပြ | | | ကျေးလက် | | | စုစုပေါင်း | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | $P_0$ (မြစ်မှု) | $P_1$ (နက်ရှိုင်းမှု) | $P_2$ (ပြင်းထန်မှု) | $P_0$ (မြစ်မှု) | $P_1$ (နက်ရှိုင်းမှု) | $P_2$ (ပြင်းထန်မှု) | $P_0$ | အမျိုးသား အဆင့် ဆင်းရဲနွမ်းပါးမှု (%) | $P_1$ | အမျိုးသား အဆင့် ဆင်းရဲနွမ်းပါးမှု (%) | $P_2$ | အမျိုးသား အဆင့် ဆင်းရဲနွမ်းပါးမှု (%) |
| ကချင် | ၀.၂၃၄ (၀.၀၃၂) | ၀.၀၃၇ (၀.၀၀၇) | ၀.၀၀၈၃ (၀.၀၀၂၄) | ၀.၃၀၆ (၀.၀၂၆) | ၀.၀၄၅ (၀.၀၀၆) | ၀.၀၁၁၂ (၀.၀၀၂၄) | ၀.၂၈၆ (၀.၀၂၆) | ၂.၉ (၀.၂၀) | ၀.၀၄၃ (၀.၀၀၄) | ၂.၈ (၀.၃၇) | ၀.၀၁၀၄ (၀.၀၀၁၃) | ၂.၇ (၀.၄၇) |
| ကယား | ၀.၀၂၃ (၀.၀၂၈) | ၀.၀၀၂ (၀.၀၀၂) | ၀.၀၀၀၀ (၀.၀၀၀၀) | ၀.၁၆၃ (၀.၀၂၅) | ၀.၀၃၉ (၀.၀၀၆) | ၀.၀၀၄၁ (၀.၀၀၂၃) | ၀.၁၁၄ (၀.၀၀၄) | ၀.၁ (၀.၀၀) | ၀.၀၁၃ (၀.၀၀၂) | ၀.၁ (၀.၀၀) | ၀.၀၀၂၇ (၀.၀၀၀၂) | ၀.၁ (၀.၀၃) |
| ကရင် | ၀.၁၆၈ (၀.၀၃၁) | ၀.၀၂၀ (၀.၀၀၉) | ၀.၀၀၃၀ (၀.၀၀၁၆) | ၀.၁၇၅ (၀.၀၀၄) | ၀.၀၁၈ (၀.၀၀၅) | ၀.၀၀၃၈ (၀.၀၀၁၄) | ၀.၁၇၄ (၀.၀၀၅) | ၁.၉ (၀.၄၀) | ၀.၀၁၈ (၀.၀၀၃) | ၁.၃ (၀.၁၁) | ၀.၀၀၃၆ (၀.၀၀၁၀) | ၁.၀ (၀.၁၄) |
| ချင်း | ၀.၅၂၁ (၀.၀၃၉) | ၀.၀၇၆ (၀.၀၀၄) | ၀.၀၁၆၀ (၀.၀၀၀၃) | ၀.၈၀၀ (၀.၀၄၂) | ၀.၁၉၆ (၀.၀၂၇) | ၀.၀၆၁၃ (၀.၀၁၄၉) | ၀.၇၃၃ (၀.၀၂၂) | ၂.၁ (၀.၁၆) | ၀.၁၆၇ (၀.၀၀၂) | ၂.၉ (၀.၂၃) | ၀.၀၅၀၅ (၀.၀၀၇၇) | ၃.၅ (၀.၄၃) |
| စစ်ကိုင်း | ၀.၁၆၀ (၀.၀၂၅) | ၀.၀၂၄ (၀.၀၀၅) | ၀.၀၀၅၇ (၀.၀၀၁၆) | ၀.၁၄၉ (၀.၀၁၄) | ၀.၀၁၇ (၀.၀၀၃) | ၀.၀၀၃၄ (၀.၀၀၀၈) | ၀.၁၅၁ (၀.၀၁၅) | ၆.၁ (၀.၅၄) | ၀.၀၁၈ (၀.၀၀၃) | ၄.၆ (၀.၆၉) | ၀.၀၀၃၇ (၀.၀၀၀၈) | ၃.၈ (၀.၇၈) |
| တနင်္သာရီ | ၀.၁၆၇ (၀.၁၂၅) | ၀.၀၂၉ (၀.၀၁၇) | ၀.၀၀၇၇ (၀.၀၀၇၂) | ၀.၃၇၅ (၀.၀၈၀) | ၀.၀၇၇ (၀.၀၂၂) | ၀.၀၂၃၈ (၀.၀၀၈၈) | ၀.၃၂၆ (၀.၀၉၄) | ၃.၅ (၀.၈၂) | ၀.၀၆၆ (၀.၀၂၃) | ၄.၄ (၁.၃၂) | ၀.၀၂၀၀ (၀.၀၀၈၀) | ၅.၃ (၁.၉၅) |
| ပဲခူး | ၀.၁၉၀ (၀.၀၂၅) | ၀.၀၃၂ (၀.၀၀၅) | ၀.၀၀၇၇ (၀.၀၀၁၈) | ၀.၁၈၂ (၀.၀၂၁) | ၀.၀၂၃ (၀.၀၀၄) | ၀.၀၀၄၃ (၀.၀၀၀၉) | ၀.၁၈၃ (၀.၀၂၀) | ၇.၂ (၀.၇၁) | ၀.၀၂၄ (၀.၀၀၄) | ၆.၀ (၀.၈၁) | ၀.၀၀၄၇ (၀.၀၀၀၉) | ၄.၇ (၀.၈၆) |
| - ပဲခူး (အရှေ့) | ၀.၂၀၉ (၀.၀၂၄) | ၀.၀၄၀ (၀.၀၀၄) | ၀.၀၀၀၃ (၀.၀၀၁၉) | ၀.၂၀၀ (၀.၀၄၀) | ၀.၀၂၈ (၀.၀၀၇) | ၀.၀၀၅၇ (၀.၀၀၁၇) | ၀.၂၁၂ (၀.၀၃၆) | ၄.၄ (၀.၆၅) | ၀.၀၃၀ (၀.၀၀၇) | ၄.၁ (၀.၇၅) | ၀.၀၀၆၄ (၀.၀၀၁၈) | ၃.၅ (၀.၈၂) |
| - ပဲခူး (အနောက်) | ၀.၁၅၆ (၀.၀၆၈) | ၀.၀၁၈ (၀.၀၀၈) | ၀.၀၀၃၁ (၀.၀၀၁၄) | ၀.၁၃၉ (၀.၀၀၆) | ၀.၀၁၇ (၀.၀၀၁) | ၀.၀၀၂၇ (၀.၀၀၀၂) | ၀.၁၃၉ (၀.၀၁၁) | ၂.၈ (၀.၁၇) | ၀.၀၁၇ (၀.၀၀၁) | ၁.၉ (၀.၁၅) | ၀.၀၀၂၇ (၀.၀၀၀၁) | ၁.၂ (၀.၁၂) |
| မကွေး | ၀.၁၅၈ (၀.၀၅၂) | ၀.၀၂၂ (၀.၀၀၉) | ၀.၀၀၄၈ (၀.၀၀၁၉) | ၀.၂၈၂ (၀.၀၃၈) | ၀.၀၄၀ (၀.၀၀၇) | ၀.၀၀၉၆ (၀.၀၀၂၀) | ၀.၂၇၀ (၀.၀၃၀) | ၈.၉ (၀.၇၈) | ၀.၀၃၉ (၀.၀၀၆) | ၈.၀ (၁.၀၇) | ၀.၀၀၉၂ (၀.၀၀၁၇) | ၇.၆ (၁.၃၂) |
| မန္တလေး | ၀.၁၄၁ (၀.၀၂၀) | ၀.၀၂၁ (၀.၀၀၄) | ၀.၀၀၅၂ (၀.၀၀၁၀) | ၀.၃၁၆ (၀.၀၇၂) | ၀.၀၅၅ (၀.၀၁၇) | ၀.၀၁၄၈ (၀.၀၀၅၃) | ၀.၂၆၆ (၀.၀၅၈) | ၁၅.၀ (၂.၆၆) | ၀.၀၄၅ (၀.၀၁၃) | ၁၅.၉ (၃.၈၇) | ၀.၀၁၂၀ (၀.၀၀၄၁) | ၁၆.၈ (၄.၇၂) |
| မွန် | ၀.၁၇၈ (၀.၀၂၀) | ၀.၀၂၄ (၀.၀၀၆) | ၀.၀၀၅၆ (၀.၀၀၀၅) | ၀.၁၆၀ (၀.၀၁၉) | ၀.၀၂၅ (၀.၀၀၅) | ၀.၀၀၆၃ (၀.၀၀၀၇) | ၀.၁၆၃ (၀.၀၀၅) | ၂.၇ (၀.၃၈) | ၀.၀၂၅ (၀.၀၀၄) | ၂.၆ (၀.၅၇) | ၀.၀၀၆၁ (၀.၀၀၀၅) | ၂.၆ (၀.၇၆) |
| ရခိုင် | ၀.၂၂၁ (၀.၀၁၄) | ၀.၀၃၂ (၀.၀၀၂) | ၀.၀၀၈၁ (၀.၀၀၀၆) | ၀.၄၉၀ (၀.၀၄၄) | ၀.၀၈၇ (၀.၀၁၄) | ၀.၀၂၂၀ (၀.၀၀၄၉) | ၀.၄၃၅ (၀.၀၇၂) | ၁၂.၂ (၁.၈၈) | ၀.၀၇၆ (၀.၀၁၉) | ၁၃.၃ (၂.၉၉) | ၀.၀၁၉၀ (၀.၀၀၅၈) | ၁၃.၃ (၃.၆၈) |
| ရန်ကုန် | ၀.၁၁၉ (၀.၀၂၀) | ၀.၀၁၆ (၀.၀၀၃) | ၀.၀၀၃၆ (၀.၀၀၀၉) | ၀.၂၈၇ (၀.၀၂၉) | ၀.၀၄၃ (၀.၀၁၁) | ၀.၀၁၀၀ (၀.၀၀၄၁) | ၀.၁၆၁ (၀.၀၁၇) | ၈.၁ (၀.၁၁) | ၀.၀၂၃ (၀.၀၀၃) | ၇.၁ (၁.၀၄) | ၀.၀၀၅၂ (၀.၀၀၁၂) | ၆.၆ (၁.၂၄) |
| ရှမ်း | ၀.၁၄၁ (၀.၀၇၆) | ၀.၀၂၅ (၀.၀၁၅) | ၀.၀၀၆၆ (၀.၀၀၄၅) | ၀.၃၉၂ (၀.၀၅၀) | ၀.၀၇၁ (၀.၀၁၂) | ၀.၀၁၈၉ (၀.၀၀၃၆) | ၀.၃၃၁ (၀.၀၇၂) | ၁၀.၆ (၂.၆၀) | ၀.၀၆၀ (၀.၀၁၆) | ၁၂.၀ (၃.၃၇) | ၀.၀၁၆၀ (၀.၀၀၄၇) | ၁၂.၇ (၄.၀၁) |
| - ရှမ်း (တောင်) | ၀.၀၈၃ (၀.၁၁၃) | ၀.၀၁၉ (၀.၀၂၆) | ၀.၀၀၅၈ (၀.၀၀၈၃) | ၀.၃၀၂ (၀.၁၀၄) | ၀.၀၅၇ (၀.၀၂၅) | ၀.၀၁၆၅ (၀.၀၀၈၁) | ၀.၂၅၂ (၀.၀၄၈) | ၃.၆ (၂.၄၄) | ၀.၀၄၇ (၀.၀၃၂) | ၄.၂ (၃.၂၃) | ၀.၀၁၃၇ (၀.၀၁၀၀) | ၄.၈ (၃.၉၃) |
| - ရှမ်း (မြောက်) | ၀.၁၆၃ (၀.၀၆၁) | ၀.၀၂၈ (၀.၀၁၀) | ၀.၀၀၇၂ (၀.၀၀၄၀) | ၀.၄၃၁ (၀.၀၈၁) | ၀.၀၈၁ (၀.၀၁၇) | ၀.၀၂၀၀ (၀.၀၀၄၀) | ၀.၃၇၄ (၀.၀၈၇) | ၅.၁ (၁.၃၀) | ၀.၀၇၀ (၀.၀၁၇) | ၆.၀ (၁.၅၅) | ၀.၀၁၈၁ (၀.၀၀၄၃) | ၆.၂ (၁.၅၆) |
| - ရှမ်း (အရှေ့) | ၀.၂၈၆ (၀.၀၅၈) | ၀.၀၄၀ (၀.၀၁၃) | ၀.၀၀၇၇ (၀.၀၀၃၀) | ၀.၅၂၃ (၀.၀၄၁) | ၀.၀၈၄ (၀.၀၀၇) | ၀.၀၁၉၆ (၀.၀၀၀၉) | ၀.၄၆၄ (၀.၀၃၈) | ၁.၉ (၀.၁၂) | ၀.၀၇၃ (၀.၀၀၅) | ၁.၉ (၀.၁၇) | ၀.၀၁၆၆ (၀.၀၀၀၄) | ၁.၇ (၀.၂၀) |
| ဧရာဝတီ | ၀.၂၃၁ (၀.၀၃၂) | ၀.၀၃၇ (၀.၀၀၄) | ၀.၀၀၈၉ (၀.၀၀၁၀) | ၀.၃၃၉ (၀.၀၂၉) | ၀.၀၅၆ (၀.၀၀၈) | ၀.၀၁၄၃ (၀.၀၀၂၇) | ၀.၃၂၂ (၀.၀၂၉) | ၁၈.၆ (၂.၂၃) | ၀.၀၅၃ (၀.၀၀၇) | ၁၉.၀ (၃.၀၅) | ၀.၀၁၃၅ (၀.၀၀၂၂) | ၁၉.၄ (၃.၆၃) |
| ပြည်ထောင်စု | ၀.၁၅၇ (၀.၀၁၀) | ၀.၀၂၃ (၀.၀၀၂) | ၀.၀၀၅၅ (၀.၀၀၀၆) | ၀.၂၉၂ (၀.၀၀၆) | ၀.၀၄၇ (၀.၀၀၄) | ၀.၀၁၂၀ (၀.၀၀၀၂) | ၀.၂၅၆ (၀.၀၁၄) | ၁၀၀.၀ (၀.၀၀) | ၀.၀၄၀ (၀.၀၀၃) | ၁၀၀.၀ (၀.၀၀) | ၀.၀၁၀၃ (၀.၀၀၀၀) | ၁၀၀.၀ (၀.၀၀) |
| - မြို့ပြ | n.a | n.a | n.a | n.a | n.a | n.a | ၀.၁၅၇ (၀.၀၁၁) | ၁၅.၉ (၁.၈၇) | ၀.၀၂၃ (၀.၀၀၂) | ၁၄.၈ (၁.၉၆) | ၀.၀၀၅၅ (၀.၀၀၀၆) | ၁၄.၀ (၂.၁၁) |
| - ကျေးလက် | n.a | n.a | n.a | n.a | n.a | n.a | ၀.၂၉၂ (၀.၀၁၆) | ၈၄.၁ (၁.၈၇) | ၀.၀၄၇ (၀.၀၀၄) | ၈၅.၂ (၁.၉၆) | ၀.၀၁၂၀ (၀.၀၀၀၂) | ၈၆.၀ (၂.၁၁) |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၄ ။ ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု အလားအလာများ၊ ၂၀၀၅ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | မြို့ပြ | | ကျေးလက် | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ၂၀၀၅ | ၂၀၁၀ | ၂၀၀၅ | ၂၀၁၀ | ၂၀၀၅ | ၂၀၁၀ |
| ကချင် | ၃၇.၇ (၂.၃၄) | ၂၃.၄ (၃.၂၂) | ၄၆.၈ (၈.၈၃) | ၃၀.၆ (၂.၅၇) | ၄၄.၂ (၅.၇၀) | ၂၈.၆ (၂.၆၂) |
| ကယား | ၂၆.၁ (၇.၄၅) | ၂.၃ (၂.၈၂) | ၃၈.၂ (၃.၃၀) | ၁၆.၃ (၂.၅၂) | ၃၃.၆ (၁.၆၄) | ၁၁.၄ (၀.၃၇) |
| ကရင် | ၇.၈ (၃.၃၆) | ၁၆.၈ (၃.၀၈) | ၁၂.၅ (၄.၀၉) | ၁၇.၅ (၀.၃၉) | ၁၁.၈ (၄.၁၄) | ၁၇.၄ (၀.၅၁) |
| ချင်း | ၄၅.၉ (၃.၄၁) | ၅၂.၁ (၃.၈၈) | ၈၀.၉ (၁၀.၃၁) | ၈၀.၀ (၄.၂၀) | ၇၃.၃ (၆.၀၀) | ၇၃.၃ (၂.၁၈) |
| စစ်ကိုင်း | ၂၁.၉ (၂.၅၇) | ၁၆.၀ (၂.၅၁) | ၂၇.၄ (၄.၅၈) | ၁၄.၉ (၁.၄၃) | ၂၆.၆ (၃.၈၈) | ၁၅.၁ (၁.၄၉) |
| တနင်္သာရီ | ၂၀.၈ (၁၅.၆၇) | ၁၆.၇ (၁၂.၅၃) | ၃၇.၂ (၅.၈၅) | ၃၇.၅ (၇.၉၆) | ၃၃.၈ (၇.၅၈) | ၃၂.၆ (၉.၄၃) |
| ပဲခူး | ၃၀.၇ (၅.၄၀) | ၁၉.၀ (၂.၅၄) | ၃၁.၈ (၄.၉၉) | ၁၈.၂ (၂.၁၃) | ၃၁.၆ (၄.၉၅) | ၁၈.၃ (၂.၀၀) |
| - ပဲခူး (အရှေ့) | ၃၄.၈ (၆.၉၇) | ၂၀.၉ (၂.၃၉) | ၃၀.၂ (၆.၇၃) | ၂၀.၁ (၄.၀၃) | ၃၀.၉ (၇.၀၀) | ၂၀.၂ (၃.၅၇) |
| - ပဲခူး (အနောက်) | ၂၃.၁ (၂.၃၂) | ၁၅.၆ (၆.၈၃) | ၃၃.၈ (၇.၁၃) | ၁၅.၉ (၀.၆၂) | ၃၂.၆ (၆.၇၄) | ၁၅.၉ (၁.၀၇) |
| မကွေး | ၂၅.၈ (၄.၆၅) | ၁၅.၈ (၅.၂၀) | ၄၃.၉ (၇.၄၄) | ၂၈.၂ (၃.၈၅) | ၄၂.၁ (၇.၅၈) | ၂၇.၀ (၂.၉၈) |
| မန္တလေး | ၂၄.၁ (၃.၂၀) | ၁၄.၁ (၂.၀၄) | ၄၄.၇ (၅.၂၇) | ၃၁.၆ (၇.၂၅) | ၃၈.၉ (၄.၀၇) | ၂၆.၆ (၅.၇၇) |
| မွန် | ၂၂.၅ (၅.၈၄) | ၁၇.၈ (၂.၀၅) | ၂၀.၃ (၉.၂၆) | ၁၆.၀ (၁.၉၅) | ၂၀.၅ (၇.၇၃) | ၁၆.၃ (၁.၅၃) |
| ရခိုင် | ၂၅.၅ (၂.၆၆) | ၂၂.၁ (၁.၃၈) | ၄၁.၂ (၂.၆၆) | ၄၉.၁ (၄.၃၇) | ၃၈.၁ (၂.၈၈) | ၄၃.၅ (၇.၂၄) |
| ရန်ကုန် | ၁၄.၄ (၃.၆၈) | ၁၁.၉ (၁.၉၉) | ၁၇.၄ (၁၇.၃၉) | ၂၈.၇ (၂.၉၃) | ၁၅.၁ (၆.၁၉) | ၁၆.၁ (၁.၆၈) |
| ရှမ်း | ၃၁.၀ (၉.၂၇) | ၁၄.၁ (၇.၅၆) | ၅၀.၅ (၄.၆၆) | ၃၉.၂ (၄.၉၆) | ၄၆.၁ (၆.၇၅) | ၃၃.၁ (၇.၂၂) |
| - ရှမ်း (တောင်) | ၂၆.၁ (၁၄.၈၀) | ၈.၃ (၁၁.၂၈) | ၄၄.၅ (၁၀.၇၉) | ၃၁.၂ (၁၀.၄၄) | ၄၀.၂ (၁၄.၃၂) | ၂၅.၂ (၁၄.၇၇) |
| - ရှမ်း (မြောက်) | ၃၄.၇ (၁၂.၀၁) | ၁၆.၃ (၆.၀၇) | ၅၅.၀ (၄.၉၃) | ၄၃.၁ (၈.၀၉) | ၅၀.၆ (၆.၈၆) | ၃၇.၄ (၈.၇၂) |
| - ရှမ်း (အရှေ့) | ၃၇.၁ (၇.၄၀) | ၂၈.၆ (၅.၈၁) | ၅၆.၀ (၁၁.၀၃) | ၅၂.၃ (၄.၀၆) | ၅၁.၈ (၉.၂၃) | ၄၆.၄ (၃.၇၇) |
| ဧရာဝတီ | ၂၄.၄ (၆.၁၄) | ၂၃.၁ (၃.၁၆) | ၃၀.၃ (၂.၄၉) | ၃၃.၉ (၂.၈၇) | ၂၉.၃ (၁.၉၀) | ၃၂.၂ (၂.၉၄) |
| ပြည်ထောင်စု | ၂၁.၅ (၀.၈၆) | ၁၅.၇ (၁.၀၈) | ၃၅.၈ (၁.၉၀) | ၂၉.၂ (၀.၅၅) | ၃၂.၁ (၁.၆၇) | ၂၅.၆ (၀.၃၆) |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၂-၄ ။ ဆင်းရဲနွမ်းပါးမှု 'ကိုယ်စားပြုများ'

ယခင်အပိုင်းနှစ်ခုသည် အစားအစာ ဆင်းရဲချို့တဲ့မှုနှင့် ဆင်းရဲနွမ်းပါးမှု နှစ်ခုစလုံးတွင် စာရင်းအင်း သဘော အရ ထူးခြားထင်ရှားသော ကျဆင်းမှုတစ်ခုကို ညွှန်ပြသည့် အချက်အလက်များကို တင်ပြခဲ့သည်။ ဤအပိုင်း တွင် ဆင်းရဲနွမ်းပါးမှု၌ ကျဆင်းမှုသည် ဆင်တူအလားအလာကိုပြမည်ဟု မျှော်မှန်းရမည့် ဆင်းရဲနွမ်းပါးမှု 'ကိုယ်စားပြုများ' သို့မဟုတ် ညွှန်ကိန်းသုံးခုနှင့် ညီညွတ်ခြင်းရှိမရှိကို စုံစမ်းစစ်ဆေးသည်။ ယင်းတို့မှာ (၁)ကယ်လိုရီစားသုံးမှု (၂)စားသုံးမှုတွင်အစားအစာဝေစုနှင့် (၃)သေးငယ်သောပိုင်ဆိုင်ပစ္စည်းများ ပိုင်ဆိုင်မှု တို့ဖြစ်သည်။ အချက်အလက်များကို စားသုံးမှုပြန့်ချက် တစ်ခုလုံးအတွက် ဆယ်စိတ်တစ်စိတ် အားဖြင့် တင်ပြထားသည်။

### ၂-၄-၁ ။ ကယ်လိုရီ စားသုံးမှု

ဇယား ၅ သည် အရွယ်ရောက်သူနှင့် ညီမျှချက်အရ နေ့စဉ်ကယ်လိုရီ စားသုံးမှု[၉]အတွက် အချက်အလက်များ ကို စားသုံးမှု ဆယ်စိတ်တစ်စိတ် ဖြင့်ပြထားသည်။ အချက်အလက်များက ၂၀၀၅ခုနှစ်တွင် အစားအစာ ဆင်းရဲချို့တဲ့သူကို ကိုယ်စားပြုသည့် အနိမ့်စား ဆယ်စိတ်တစ်စိတ်အတွက် စာရင်းအင်းသဘောအရ ထူးခြား ထင်ရှားသော ကောင်းမွန်တိုးတက်မှုတစ်ခုနှင့် ဒုတိယနှင့် တတိယ ဆယ်စိတ်တစ်စိတ်များအတွက် တိုးတက်မှု ကို ညွှန်ပြသည်။ ခြုံကြည့်လျှင် ကယ်လိုရီ စားသုံးမှုသည် ၁%ခန့်ကျဆင်း ခဲ့ပုံပေါ်သည်။ ဤအချက်အလက် များသည် အစားအစာ ဆင်းရဲချို့တဲ့မှုတွင် ကျဆင်းခဲ့မှုတစ်ခုနှင့် ညီညွတ်သည်။

ဇယား ၅ ။ ဆယ်စိတ်ကိန်းအလိုက် ကယ်လိုရီစားသုံးမှု၊ ၂၀၀၅ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်

| စားသုံးမှု ဆယ်စိတ်ကိန်းများ | စုစုပေါင်း ၂၀၀၅ | စုစုပေါင်း ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ |
|---|---|---|---|
| ပထမ ဆယ်စိတ်တစ်စိတ် (အနိမ့်ဆုံး ၁၀%) | ၂၅၇၇ (၂၇) | ၂၆၅၆ (၂၉) | ၃ |
| **ဒုတိယ ဆယ်စိတ်တစ်စိတ်** | ၂၉၉၂ (၃၀) | ၃၀၁၅ (၂၆) | ၁ |
| တတိယ ဆယ်စိတ်တစ်စိတ် | ၃၁၄၂ (၃၀) | ၃၁၆၁ (၃၄) | ၁ |
| **စတုတ္ထ ဆယ်စိတ်တစ်စိတ်** | ၃၃၁၇ (၂၈) | ၃၃၀၂ (၃၄) | ၀ |
| ပဉ္စမ ဆယ်စိတ်တစ်စိတ် | ၃၄၃၉ (၃၄) | ၃၃၈၅ (၃၉) | -၂ |
| **ဆဋ္ဌမ ဆယ်စိတ်တစ်စိတ်** | ၃၅၃၄ (၃၉) | ၃၅၂၉ (၃၈) | ၀ |
| သတ္တမ ဆယ်စိတ်တစ်စိတ် | ၃၆၃၇ (၅၆) | ၃၅၈၇ (၅၁) | -၁ |
| **အဋ္ဌမ ဆယ်စိတ်တစ်စိတ်** | ၃၇၈၂ (၅၃) | ၃၇၀၈ (၄၆) | -၂ |
| နဝမ ဆယ်စိတ်တစ်စိတ် | ၃၈၆၂ (၆၇) | ၃၈၁၃ (၄၇) | -၁ |
| **ဒသမ ဆယ်စိတ်တစ်စိတ် (အမြင့်ဆုံး ၁၀%)** | ၄၁၂၅ (၁၁၈) | ၃၈၉၈ (၈၂) | -၅ |
| ပြည်ထောင်စု | ၃၄၄၁ (၃၇) | ၃၄၀၅ (၂၈) | -၁ |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

[၉] ကယ်လိုရီစားသုံးမှု တွက်ချက်ရန်အတွက် IHLCA မေးခွန်းလွှာတွင် အရေအတွက်ဆိုင်ရာ သတင်းအချက်အလက်မရှိသော အစားအစာ အမယ်တချို့အတွက် ကယ်လိုရီတန်ဖိုးကို တွက်ယူရန်လိုအပ်လာသည်။ အသုံးပြုသော လုပ်ငန်းစဉ်မှာ အရေအတွက် ဆိုင်ရာ သတင်းအချက်အလက်ရှိသည့် အစားအစာအမယ်များ၏ ကယ်လိုရီများ၏ တစ်ယူနစ်ကုန်ကျစရိတ်ကို တွက်ချက်ပြီးနောက် ဤတန်ဖိုးကို အခြားအစားအစာတန်ဖိုးတွင် တွက်ယူခြင်းဖြင့် ကယ်လိုရီစားသုံးမှုကို ရရှိရန်ဖြစ်သည်။ ဤသို့တွက်ယူခြင်းကို အချက်အလက်များ စုစည်းထားရှိရာ အခြေစိုက်စခန်းမှ အိမ်ထောင်စုတိုင်းအတွက် ဆောင်ရွက်ခဲ့ပြီး အထက်ပါ ကိန်းဂဏန်းများကို ရရှိရန်ရလဒ်များကို ပျမ်းမျှခြင်းရှာခဲ့သည်။

## ၂-၄-၂ ။ စားသုံးမှုတွင် အစားအစာအတွက် ဝေစု

ဇယား ၆ သည် ၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်တို့၌ စားသုံးမှု အသုံးစရိတ် (ကျန်းမာရေး အသုံးစရိတ် အပါအဝင်)တွင် အစားအစာအတွက် ဝေစုပမာဏနှင့် အလားအလာများအတွက် အချက်အလက်များကို တင်ပြထားသည်။ အစားအစာအတွက် ဝေစုသည် စုစုပေါင်း အသုံးစရိတ်တွင် အစားအစာအတွက် အသုံးစရိတ်၏ 'ဝန်ထုပ်ဝန်ပိုး'ကို ပြသဖြင့် ယင်းကိုယ်တိုင်က လူနေမှုဘဝ ပြည့်စုံဖူလုံမှု ညွှန်ကိန်းတစ်ခု ဖြစ်သည်။ ထို့ပြင် ယင်းကို စားသုံးမှု အသုံးစရိတ်တွင် ပြောင်းလဲမှုများနှင့် ဆင်းရဲနွမ်းပါးမှု၏ ဖြစ်နိုင်ခြေအတွက် ကိုယ်စားအတိုင်းအတာ တစ်ခုအဖြစ် မှတ်ယူနိုင်သည်။ ထုံးစံအတိုင်း စားသုံးမှုသည် နိမ့်ကျသောအဆင့်များမှ မြင့်တက်လာသောအခါ အစားအစာအတွက် ဝေစုသည် နိမ့်ကျသွားသည်။

ဇယား ၆ မှ အချက်အလက်များက အစားအစာ စားသုံးမှု ဝေစုသည် စားသုံးမှုပြန့်ချက်၏ အောက်ဘက်ဆယ်စိတ်ကိန်း သုံးခုကို ဖြန့်ကြက်၍ တိုးသွားခဲ့ပြီး အပေါ်ဘက်ဆီသို့သာ ဦးတည်၍ ကျဆင်းစပြုကြောင်း ညွှန်ပြသည်။ အောက်ဘက်ဆယ်စိတ်ကိန်း သုံးခုအတွင်း ဤပြောင်းလဲမှုများသည် စာရင်းအင်းသဘောအရ ထူးခြားထင်ရှားသည်။ ဆင်းရဲနွမ်းပါးမှု လျော့နည်းခြင်းအတွက် အထက်မှတွေ့ရှိချက်များနှင့် အောက်ဘက်ဆယ်စိတ်ကိန်း များအတွက် စားသုံးမှု အသုံးစရိတ်များတွင် တိုးလာခြင်း အချက်အလက်များအရ ဤတွေ့ရှိမှုသည် အံ့သြစရာ ကောင်းပါသည်(ဇယား ၁၀ ကိုကြည့်ပါ)။ စားသုံးမှု အသုံးစရိတ်သည် ပြန့်ချက်၏ အောက်ဘက်စွန်းတွင် များစွာပိုမို လျင်မြန်စွာ တိုးခဲ့ပြီး အပေါ်ဆုံးဘက် ဆယ်စိတ်ကိန်းတွင် အမှန်တကယ် ကျဆင်းခဲ့သည်မှာလည်း အံ့သြစရာ ကောင်းပါသည် (အောက်မှ ဇယား ၁၀ ကိုကြည့်ပါ)။

ဇယား ၆ ။ ဆယ်စိတ်ကိန်းအလိုက် အစားအစာ စားသုံးမှု ဝေစုများ (ကျန်းမာရေး အသုံးစရိတ် ပါဝင်သည်)

| စားသုံးမှု ဆယ်စိတ်ကိန်းများ | ၂၀၀၅ | ၂၀၁၀ |
|---|---|---|
| ပထမ ဆယ်စိတ်တစ်စိတ် (အနိမ့်ဆုံး ၁၀%) | ၇၂.၄ (၀.၆၇) | ၇၄.၁ (၀.၅၄) |
| ဒုတိယ ဆယ်စိတ်တစ်စိတ် | ၇၂.၀ (၀.၆၃) | ၇၃.၄ (၀.၄၉) |
| တတိယ ဆယ်စိတ်တစ်စိတ် | ၇၁.၆ (၀.၄၈) | ၇၃.၃ (၀.၅၁) |
| စတုတ္ထ ဆယ်စိတ်တစ်စိတ် | ၇၂.၂ (၀.၅၃) | ၇၁.၇ (၀.၈၈) |
| ပဥ္စမ ဆယ်စိတ်တစ်စိတ် | ၇၁.၄ (၀.၆၆) | ၇၁.၆ (၀.၇၂) |
| ဆဋ္ဌမ ဆယ်စိတ်တစ်စိတ် | ၇၁.၂ (၀.၈၀) | ၇၀.၅ (၁.၁၅) |
| သတ္တမ ဆယ်စိတ်တစ်စိတ် | ၇၀.၄ (၀.၉၃) | ၇၀.၄ (၀.၆၈) |
| အဋ္ဌမ ဆယ်စိတ်တစ်စိတ် | ၇၀.၈ (၀.၈၉) | ၆၉.၃ (၀.၇၂) |
| နဝမ ဆယ်စိတ်တစ်စိတ် | ၆၈.၅ (၁.၀၇) | ၆၆.၆ (၀.၉၃) |
| ဒသမ ဆယ်စိတ်တစ်စိတ် (အမြင့်ဆုံး ၁၀%) | ၆၃.၆ (၀.၈၃) | ၅၆.၈ (၂.၁၁) |
| ပြည်ထောင်စု | ၆၉.၄ (၀.၄၇) | ၆၈.၀ (၀.၆၇) |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၂-၄-၃ ။ အသေးစားပစ္စည်း ပိုင်ဆိုင်မှု

ဇယား ၇ သည် ဖြစ်နိုင်ခြေရှိသော ဆင်းရဲနွမ်းပါးမှု 'ကိုယ်စားပြုများ' ၏ ၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်အတွင်း အလားအလာများအတွက် အချက်အလက်များကို တင်ပြသည်။ ကိုယ်စားပြုများဖြစ်သော ရေဒီယို-ကက်ဆက်များ၊ တီဗွီများ၊ စက်ဘီးများနှင့် မော်တော်ဆိုင်ကယ်များကို ပိုင်ဆိုင်သည့် အိမ်ထောင်စုရာခိုင်နှုန်းများအားလုံးသည် ဆင်းရဲသော အိမ်ထောင်စုနှင့် မဆင်းရဲသော အိမ်ထောင်စုများအကြား သိသာသော ကွဲပြားခြားနားမှုများကို ပြသပြီး လူနေမှု အဆင့်အတန်းတွင် ပြောင်းလဲမှုများကို အလိုက်သင့် တုံ့ပြန်မည့် အလားအလာရှိသည်။[၁၀] ထို့အပြင် အသေးစား ပိုင်ဆိုင်ပစ္စည်းများသည် စားသုံးမှုအသုံးစရိတ် သို့မဟုတ် ဝင်ငွေ ဆိုပါစို့ ထက်အမှားပိုနည်းစွာ တိုင်းတာရရှိသည်။ သို့ဖြစ်ရကား ယင်းတို့က ပို၍မြင့်မားသော ယုံကြည်စိတ်ချရမှုကို ဖြည့်ဆည်းပေးသည်။[၁၁]

ဇယား ၇ မှ အချက်အလက်များအရ အဆင်းရဲဆုံးဆယ်စိတ်သည် ၂၀၀၅ ခုနှစ်မှစတင်၍ တီဗွီများ၊ ရေဒီယို-ကက်ဆက်များ/ စတီရီယိုများနှင့် မော်တော်ဆိုင်ကယ်များ ပိုင်ဆိုင်မှုတွင် စာရင်းအင်းသဘောအရ ထူးခြားထင်ရှားသော တိုးလာမှုများကို ဖြစ်မြောက်စေခဲ့သည်။ စက်ဘီးပိုင်ဆိုင်မှုသည် တော်တော်မြင့်မားသော အဆင့်တွင်ကိန်းသေဖြစ်လုနီးပါး ရှိနေခဲ့သည်။[၁၂] စက်ဘီးပိုင်ဆိုင်မှုသည် ဒုတိယ ဆယ်စိတ်တစ်စိတ်မှစ၍ တိုးလာသည့်မှတပါး အောက်ဘက်ဆယ်စိတ်တစ်စိတ် လေးခုကိုဖြန့်၍ မြင့်တက်သွားသည့် တူညီသော အလားအလာကို တွေ့ရသည်။ ယေဘုယျအားဖြင့် ဆိုရလျှင် ပိုင်ဆိုင်မှုပစ္စည်း ပိုင်ဆိုင်မှု၏ တိုးနှုန်းသည် ပြန့်ချက်၏ အောက်ဘက်စွန်းဆီသို့ ဦးတည်၍ မြင့်တက်သွားသဖြင့် ဇယား ၁၀ မှ စားသုံးမှု အသုံးစရိတ်အတွက် အချက်အလက်များနှင့် ကိုက်ညီသည်။ အကျဉ်းချုပ်ပါက အသေးစား ပိုင်ဆိုင်မှုပစ္စည်းအတွက် အချက်အလက်များသည် အစားအစာ ဆင်းရဲချို့တဲ့မှုနှင့် ဆင်းရဲနွမ်းပါးမှုအတွက် အထက်မှတွေ့ရှိချက်များနှင့် ကိုက်ညီသည်။

---

[၁၀] ဤပိုင်ဆိုင်ပစ္စည်းများမှာ IHLCA-I မှကနဦး ဆင်းရဲနွမ်းပါးမှု အခြေအနေ လေ့လာတင်ပြချက်တွင် အစီရင်ခံတင်ပြခဲ့သည့် အဓိက အသေးစား ပစ္စည်း ပိုင်ဆိုင်မှု ငါးမျိုးဖြစ်သည်။

[၁၁] စဉ်းစားစရာတစ်ချက်မှာ တရုတ်ပြည်မှ ပိုတိုးလာသော သွင်းကုန်များကြောင့် ဤကုန်ပစ္စည်းများ၏ အမှန်တကယ်တန်ဖိုးများ ကျဆင်းမှုနှင့် သက်ဆိုင်သည်။ ဤသို့ဖြစ်ခြင်းသည် ပိုင်ဆိုင်ပစ္စည်းတို့၏ ပိုင်ဆိုင်မှုဖြင့် ကိုယ်စားပြုခဲ့သည့် စားသုံးမှုတွင် တိုးတက်မှုများကို ပုံကြီးချဲ့ရန်အတွက် အသုံးတော်ခံနိုင်သည်။

[၁၂] ၂၀၀၅ ခုနှစ်တွင် စက်ဘီးများအတွက် ထိပ်ဘက်နှင့်အောက်ဘက် ဆယ်စိတ်တစ်စိတ်များအကြား ပိုင်ဆိုင်မှုအချိုးသည် တီဗွီများ၊ ရေဒီယို-ကက်ဆက်များ/စတီရီယိုများနှင့် မော်တော်ဆိုင်ကယ်များအတွက် ၉.၅၊ ၃.၃ နှင့် ၇.၃ အသီးသီးဖြစ်ခြင်းနှင့် နှိုင်းယှဉ်ပါက ၁.၅ ရှိခဲ့သည်။

ဇယား ၇ ။ ဆယ်စိတ်တစ်စိတ်အရ အသေးစား ပိုင်ဆိုင်ပစ္စည်း ပိုင်ဆိုင်မှု (%) ၂၀၀၅ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်

| စားသုံးမှုဆယ်စိတ်ကိန်းများ | တီဗွီ | | ရေဒီယို-ကက်ဆက်/စတူရီယို | | စက်ဘီး | | မော်တော်ဆိုင်ကယ် | |
|---|---|---|---|---|---|---|---|---|
| | ၂၀၀၅ | ၂၀၁၀ | ၂၀၀၅ | ၂၀၁၀ | ၂၀၀၅ | ၂၀၁၀ | ၂၀၀၅ | ၂၀၁၀ |
| ပထမ ဆယ်စိတ်တစ်စိတ် (အနိမ့်ဆုံး ၁၀%) | ၆.၈၉ (၀.၉၃) | ၁၅.၂၈ (၁.၅၁) | ၁၄.၁၇ (၁.၂၄) | ၂၃.၅၉ (၂.၁၆) | ၂၇.၀၉ (၂.၁၃) | ၂၆.၉၈ (၂.၇၆) | ၃.၁၃ (၀.၆၉) | ၁၀.၅၇ (၁.၉၃) |
| ဒုတိယ ဆယ်စိတ်တစ်စိတ် | ၉.၅၆ (၁.၁၆) | ၂၀.၂၃ (၁.၈၄) | ၁၇.၉၅ (၁.၁၄) | ၂၉.၂၂ (၂.၀၅) | ၃၃.၄၂ (၁.၉၄) | ၃၆.၂၃ (၂.၀၀) | ၃.၉၀ (၀.၆၈) | ၁၀.၈၇ (၁.၃၀) |
| တတိယ ဆယ်စိတ်တစ်စိတ် | ၁၃.၀၁ (၁.၁၅) | ၂၄.၉၇ (၂.၂၈) | ၁၉.၉၃ (၁.၂၂) | ၃၃.၁၂ (၁.၉၂) | ၃၇.၂၃ (၂.၂၃) | ၃၉.၆၉ (၁.၉၃) | ၅.၄၅ (၀.၆၈) | ၁၄.၆၃ (၁.၂၉) |
| စတုတ္ထ ဆယ်စိတ်တစ်စိတ် | ၁၅.၃၂ (၁.၀၇) | ၃၀.၅၄ (၁.၇၆) | ၁၉.၈၉ (၁.၂၈) | ၃၅.၉၈ (၂.၂၆) | ၃၉.၃၉ (၂.၀၅) | ၄၄.၁၇ (၂.၂၁) | ၆.၀၀ (၀.၇၈) | ၁၈.၅၆ (၁.၅၁) |
| ပဥ္စမ ဆယ်စိတ်တစ်စိတ် | ၁၈.၃၂ (၁.၆၁) | ၃၃.၇၈ (၂.၅၆) | ၂၄.၂၃ (၁.၃၉) | ၃၆.၇၈ (၂.၂၆) | ၄၁.၆၁ (၂.၅၃) | ၄၅.၆၆ (၂.၃၇) | ၆.၂၃ (၀.၈၁) | ၁၉.၆၃ (၁.၆၉) |
| ဆဋ္ဌမ ဆယ်စိတ်တစ်စိတ် | ၂၀.၅၂ (၂.၀၀) | ၃၇.၆၆ (၂.၃၅) | ၂၇.၄၉ (၂.၀၄) | ၄၀.၃၁ (၁.၈၈) | ၄၅.၄၁ (၂.၃၆) | ၄၈.၈၆ (၂.၃၆) | ၉.၀၂ (၁.၃၀) | ၂၅.၂၇ (၁.၉၃) |
| သတ္တမ ဆယ်စိတ်တစ်စိတ် | ၂၈.၉၆ (၂.၃၀) | ၄၅.၄၆ (၂.၄၅) | ၃၀.၃၆ (၁.၉၉) | ၄၂.၆၇ (၂.၂၂) | ၄၈.၁၃ (၂.၂၆) | ၄၈.၅၉ (၂.၅၀) | ၉.၉၉ (၁.၃၂) | ၂၆.၉၆ (၁.၆၆) |
| အဋ္ဌမ ဆယ်စိတ်တစ်စိတ် | ၃၃.၅၈ (၂.၂၆) | ၅၂.၆၂ (၂.၄၂) | ၃၃.၆၄ (၁.၉၄) | ၄၂.၅၅ (၂.၃၃) | ၄၈.၃၉ (၂.၁၃) | ၅၂.၀၀ (၂.၆၃) | ၁၃.၈၁ (၁.၃၉) | ၃၃.၉၈ (၁.၉၉) |
| နဝမ ဆယ်စိတ်တစ်စိတ် | ၄၃.၂၄ (၂.၆၇) | ၆၀.၀၉ (၂.၃၃) | ၄၀.၇၃ (၁.၃၅) | ၄၄.၁၂ (၂.၂၃) | ၄၉.၈၄ (၂.၄၁) | ၅၃.၁၉ (၂.၆၈) | ၁၇.၃၃ (၁.၈၄) | ၃၈.၄၀ (၂.၂၈) |
| ဒသမ ဆယ်စိတ်တစ်စိတ် (အမြင့်ဆုံး ၁၀%) | ၆၅.၂၃ (၂.၉၄) | ၇၆.၀၀ (၂.၆၈) | ၄၆.၄၁ (၂.၃၅) | ၄၆.၄၂ (၃.၀၄) | ၄၄.၂၉ (၆.၂၇) | ၄၃.၂၇ (၄.၂၃) | ၂၂.၀၄ (၃.၂၅) | ၄၂.၀၃ (၃.၆၀) |
| ပြည်ထောင်စု | ၂၅.၄၆ (၁.၅၉) | ၃၉.၆၆ (၁.၈၄) | ၂၇.၄၈ (၁.၁၉) | ၃၃.၄၈ (၁.၆၇) | ၄၁.၄၈ (၁.၈၂) | ၄၄.၂၆ (၁.၉၀) | ၉.၇၄ (၀.၈၅) | ၂၄.၁၉ (၁.၂၂) |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ခြုံကြည့်လျှင် ဆင်းရဲနွမ်းပါးမှု ကိုယ်စားပြု အချက်အလက်များမှ ရလဒ်များသည် ရောထွေးနေသည်။ ဆင်းရဲနွမ်းပါးမှု လျော့နည်းခြင်းအတွက် တွေ့ရှိချက်များအရ အစားအစာ စားသုံးမှု ဝေစု၏ အလားအလာများသည် မြင်ရုံမျှပင် မလုံလောက်စွာ မျှော်လင့်မထားသည်များ ဖြစ်နေသည်။ အခြားတစ်ဖက်တွင် ကယ်လိုရီ စားသုံးမှုနှင့် အသေးစား ပိုင်ဆိုင်ပစ္စည်း ပိုင်ဆိုင်မှုသည် ဆင်းရဲနွမ်းပါးမှု၏ ကျဆင်းနေသည့် အဆင့်များနှင့် ဆင်းရဲသူများအကြား တိုးလာသော စားသုံးမှု အသုံးစရိတ်နှင့် ပေါ်ပေါ်လွင်လွင် ကိုက်ညီနေသည်။ *ဤကွဲပြားဆန့်ကျင်သည့် ရလဒ်များအရ ဆင်းရဲနွမ်းပါးမှု အဆင့်များနှင့် အလားအလာများ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှု ကျဆင်းခြင်း၏ အရေးပါမှု အတိုင်းအတာကို အဓိပ္ပါယ်ပြန်ဆိုရာတွင် ဂရုစိုက်ရန် သတိပေး နှိုးဆော်ပါသည်။*

## ၂-၅ ။ မညီမျှမှု

မညီမျှမှုသည် ဆင်းရဲနွမ်းပါးမှုမှ ကွဲပြားခြားနားသည်။ ဆိုလိုသည်မှာ မညီမျှမှုသည် ကိန်းရှင်တချို့ ဤနေရာတွင် စားသုံးမှု အသုံးစရိတ်၏ ပြန့်ချက်တစ်ခုလုံးကို ကြည့်ရှုစစ်ဆေးပြီး ဆင်းရဲနွမ်းပါးမှု ပြမျဉ်းအောက်ရောက်သူများ သက်သက်ကိုသာ မကြည့်ပေ။ မညီမျှမှုအတွက် ဂုဏ်သတ္တိ အမျိုးမျိုးရှိသော ကွဲပြားခြားနားသည့် အတိုင်းအတာ အများအပြားရှိသည်။ ဤနေရာတွင် ကျွန်ုပ်တို့သည် အလိုလို ဆွဲဆောင်မှုရှိသော ညွှန်ကိန်းနှစ်ခုကို အားထားရသည်။

ပထမဖြစ်သည့် အဆင်းရဲဆုံး ၂၀%၏ စားသုံးမှု ဝေစုသည် နှိုင်းယှဉ်မညီမျှမှု၏ ညွှန်ကိန်းတစ်ခု ဖြစ်သည်။ နှိုင်းယှဉ်မညီမျှမှုသည် 'ပိုင်မုန့်မှ တစ်စုံတစ်ယောက်၏ ဝေစု' နှင့်သာသက်ဆိုင်သည်။ ဤအတိုင်းအတာသည် လူတိုင်း၏ စားသုံးမှု တူညီသောနှုန်းဖြင့် တိုး (သို့မဟုတ်) လျော့သ၍ ကိန်းသေတည်နေသည်။

ဒုတိယ မညီမျှမှု အတိုင်းအတာဖြစ်သည့် အချမ်းသာဆုံး၂၀%နှင့် အဆင်းရဲဆုံး၂၀%တို့အကြား ကွာဟချက်သည် ပကတိမညီမျှမှု၏ အတိုင်းအတာ တစ်ခုဖြစ်သည်။ ယင်းသည် အချမ်းသာဆုံးနှင့် အဆင်းရဲဆုံး ဖြစ်သူများအကြား စားသုံးမှုတွင် ကွဲပြားခြားနားချက်၏ ပကတိတန်ဖိုးနှင့် သက်ဆိုင်သည်။ အကယ်၍ အချမ်းသာဆုံး၂၀%နှင့် အဆင်းရဲဆုံး၂၀%၏ စားသုံးမှု အသုံးစရိတ် နှစ်ခုစလုံးသည် နှုန်းတူတိုးခဲ့လျှင် နှိုင်းယှဉ်မညီမျှမှုသည် မပြောင်းလဲဘဲ တည်ရှိနေမည်ဖြစ်သော်လည်း ပကတိ မညီမျှမှုသည် တိုးလိမ့်မည်။ အကြောင်းရင်းမှာ အချမ်းသာဆုံး၂၀%သည် များစွာပို၍ မြင့်မားသော စားသုံးမှု အဆင့်တွင် ရှိသဖြင့် သူတို့၏ပကတိ တိုးလာခြင်းသည် များစွာပို၍ ကြီးမားလိမ့်မည်။

ဇယား ၈ သည် ပထမ မညီမျှမှု အတိုင်းအတာအတွက် အချက်အလက်များကို တင်ပြထားသည်။ ခြုံကြည့်လျှင် အောက်ဘက်မှ၂၀%၏ စားသုံးမှုဝေစုသည် ၁၁.၁% မှ ၁၂% သို့အနည်းငယ် မြင့်တက်ခဲ့သည်။ သို့သော်လည်း ဤခြားနားချက်သည် နမူနာကောက်အမှားကြောင့် ဖြစ်ပေမည်။ ပြည်နယ်/တိုင်း ဒေသကြီးအားလုံးနှင့် အလွှာအားလုံးနီးပါးကို ဖြန့်ကြက်၍ မြင့်တက်နေသည့် အလားအလာများကို တူညီစွာ တွေ့ရသည်။ ဤအချက်အလက်များအရ နှိုင်းယှဉ်မှုအားဖြင့် ၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်အတွင်း စားသုံးမှု အသုံးစရိတ် တိုးပွားမှုတွင် အောက်ဆုံး၂၀%သည် ကျန်လူဦးရေထက် သာလွန်ခဲ့သည်။

ဇယား ၉ သည် ပကတိ မညီမျှမှုတွင် ပြောင်းလဲမှုများကို ပြန်လည်သုံးသပ်ထားသည်။ အချက်အလက်များကို အချိန်အလိုက် တစ်သမတ်တည်း နှိုင်းယှဉ်မှုများ ပြုလုပ်နိုင်စေရန်အတွက် ၂၀၀၉ ခုနှစ် ကိန်းသေကျပ်အားဖြင့် တင်ပြထားသည်။[၁၃] ဤအချက်အလက်များအရအချမ်းသာဆုံး၂၀%နှင့် အဆင်းရဲဆုံး ၂၀%အကြား စားသုံးမှု ကွာဟချက်သည် ၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်အတွင်း လျော့နည်းခဲ့သည်။ ဤသိသာထင်ရှားသော ကျဆင်းမှုကို ပြည်နယ်/တိုင်းဒေသကြီး အများစုတွင် တွေ့ရသည်။ ဤအချက်အလက်များက အဆင်းရဲဆုံး၂၀%၏ စားသုံးမှု အသုံးစရိတ် တိုးနှုန်းသည် ထိပ်ဆုံး၂၀%၏ တိုးနှုန်းထက် ရည်ညွှန်းပါကာလအတွင်း သိသိသာသာ ပို၍မြင့်မားခဲ့မည်ကို ညွှန်ပြနေသည်။

ဇယား ၁၀ သည် စားသုံးမှုပြန့်ချက်၏ ကွဲပြားခြားနားသော ဆယ်စိတ်ကိန်း (၁၀%)များအကြား နှိုင်းယှဉ်စားသုံးမှု တိုးနှုန်းများအတွက် အကြောင်းခြင်းရာကို နောက်ထပ်စူးစမ်းထားသည်။ အချက်အလက်များက စားသုံးမှုပြန့်ချက်၏ ဆယ်စိတ်ကိန်းအားလုံးအကြား စားသုံးမှု အသုံးစရိတ်

[၁၃] ဈေးနှုန်းလျှော့ချကိန်းကို ဈေးနှုန်းမေးခွန်းလွှာတွင် ကောက်ယူခဲ့သည့် အချက်အလက်များမှ တည်ဆောက်ခဲ့သည်။

ပမာဏများနှင့် တိုးနှုန်းတွင် ပြောင်းပြန်ဆက်နွယ်မှု တစ်ခုကို ပြသသည်။ တစ်မျိုးဆိုရလျှင် ဆင်းရဲလေလေ ပို၍လျှင်မြန်စွာ တိုးတက်လာလေဖြစ်သည်။ ထို့ပြင် အဆင်းရဲဆုံး ဆယ်စိတ်ကိန်းနှစ်ခု၏ တိုးနှုန်းများသည် ၁၄% နှင့် ၉% အသီးသီးဖြင့် တကယ့်ကိုများပြားပေသည်။ အချမ်းသာဆုံး ဆယ်စိတ်ကိန်းများ၏ တိုးနှုန်းများမှာမူ သုည သို့မဟုတ် အနုတ် ဖြစ်ကြသည်။ ကြီးမားသော စံမှားယွင်းချက်များက ထိပ်ဘက်စွန်းမှ အလားအလာများကို အဓိပ္ပါယ် ပြန်ဆိုရာ၌ သတိထားရန် တိုက်တွန်းနေသော်လည်း ပြန့်ချက်တစ်လျှောက်လုံး နိမ့်ဆင်းသွားပြီး စာရင်းအင်းသဘောအရ ထူးခြားထင်ရှားသည့် အလားအလာမှာ ထင်ရှားမြင်သာသည်။[၁၄]

အကျဉ်းချုပ်အားဖြင့် ဤအချက်အလက်များက ၂၀၀၅-၂၀၁၀ ကာလအတွင်း မြန်မာနိုင်ငံတွင် နိုင်းယှဉ်မညီမျှမှုနှင့် ပကတိမညီမျှမှု နှစ်ခုစလုံး ကျဆင်းခဲ့ကြောင်း ညွှန်ပြနေသည်။ အချက်အလက်များအရ ပို၍ဆင်းရဲသော လူဦးရေ အုပ်စုများသည် ပို၍ချမ်းသာသော အုပ်စုများထက် စားသုံးမှုပြန့်ချက်တစ်ခုလုံးကို ဖြန့်ကြက်၍ ပို၍လျှင်မြန်စွာ တိုးစေခဲ့သည်(မြင့်မားသော စံမှားယွင်းချက်များက ထိပ်ဆုံး၂၀%အကြား အလားအလာများကို အဓိပ္ပါယ် ပြန်ဆိုရာတွင် သတိထားရန် တိုက်တွန်းနေသော်လည်း)။

---

[၁၄] စားသုံးမှုကို ထိပ်ဘက်စွန်းတွင် လျှော့နည်းအစီရင်ခံခြင်း ဖြစ်ပေါ်နိုင်ခြေရှိသော်လည်း (အိမ်ထောင်စု စစ်တမ်းအချက်အလက်များ အတွက်ဖြစ်လေ့ဖြစ်ထရှိသည်) ၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်အကြား အဘယ်ကြောင့် လျှော့နည်းအစီရင်ခံသည့် ပမာဏသည် များပြားစွာ တိုးလာခဲ့ရမည်မှာ မရှင်းလင်းပါ။

ဇယား ၈ ။ အောက်ဆုံး ၂၀% ၏ စားသုံးမှု ဝေစု၊ ၂၀၀၅ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | မြို့ပြ | | ကျေးလက် | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ၂၀၀၅ | ၂၀၁၀ | ၂၀၀၅ | ၂၀၁၀ | ၂၀၀၅ | ၂၀၁၀ |
| ကချင် | ၁၀.၄ (၃.၃၃) | ၁၁.၆ (၁.၅၃) | ၁၁.၂ (၃.၅၈) | ၁၂.၄ (၁.၀၃) | ၁၀.၉ (၂.၄၆) | ၁၂.၂ (၀.၈၈) |
| ကယား | ၁၃.၂ (၃.၆၃) | ၁၄.၄ (၄.၃၃) | ၁၁.၃ (၀.၂၇) | ၁၂.၄ (၂.၀၈) | ၁၂.၀ (၂.၄၂) | ၁၂.၈ (၀.၄၇) |
| ကရင် | ၁၁.၂ (၆.၈၁) | ၁၀.၇ (၀.၆၁) | ၁၂.၈ (၃.၈၂) | ၁၃.၁ (၀.၅၇) | ၁၂.၇ (၄.၅၉) | ၁၂.၉ (၀.၈၄) |
| ချင်း | ၁၄.၀ (၂.၃၂) | ၁၃.၃ (၂.၅၇) | ၈.၈ (၄.၃၀) | ၁၃.၉ (၄.၀၆) | ၉.၂ (၃.၃၀) | ၁၃.၆ (၂.၇၁) |
| စစ်ကိုင်း | ၁၁.၆ (၂.၃၂) | ၁၁.၃ (၂.၀၇) | ၁၂.၀ (၂.၆၀) | ၁၃.၅ (၁.၄၆) | ၁၁.၉ (၂.၃၀) | ၁၃.၁ (၁.၂၅) |
| တနင်္သာရီ | ၉.၁ (၆.၃၀) | ၁၁.၁ (၇.၁၁) | ၁၁.၁ (၂.၈၄) | ၁၁.၃ (၃.၉၇) | ၁၀.၄ (၃.၄၃) | ၁၁.၀ (၄.၃၂) |
| ပဲခူး | ၁၁.၂ (၃.၁၁) | ၁၁.၇ (၂.၅၈) | ၁၂.၇ (၂.၆၃) | ၁၃.၀ (၁.၆၄) | ၁၂.၅ (၂.၇၃) | ၁၂.၈ (၁.၆၂) |
| - ပဲခူး (အရှေ့) | ၁၀.၈ (၃.၀၆) | ၁၁.၇ (၁.၉၀) | ၁၂.၇ (၃.၈၂) | ၁၂.၈ (၂.၉၉) | ၁၂.၅ (၄.၂၁) | ၁၂.၇ (၂.၇၁) |
| - ပဲခူး (အနောက်) | ၁၁.၆ (၂.၀၇) | ၁၁.၉ (၇.၇၃) | ၁၂.၇ (၃.၂၁) | ၁၃.၁ (၁.၈၁) | ၁၂.၆ (၃.၂၅) | ၁၃.၀ (၂.၀၆) |
| မကွေး | ၁၁.၀ (၂.၇၁) | ၁၁.၅ (၂.၄၄) | ၁၂.၀ (၂.၇၅) | ၁၃.၃ (၂.၂၇) | ၁၁.၈ (၃.၁၃) | ၁၃.၀ (၁.၅၆) |
| မန္တလေး | ၁၀.၇ (၂.၆၁) | ၁၁.၁ (၁.၆၆) | ၁၂.၅ (၂.၂၀) | ၁၂.၅ (၃.၇၃) | ၁၁.၇ (၁.၈၄) | ၁၁.၇ (၂.၉၄) |
| မွန် | ၁၁.၃ (၀.၉၃) | ၁၁.၆ (၀.၈၅) | ၁၂.၃ (၆.၂၅) | ၁၃.၂ (၁.၈၂) | ၁၂.၃ (၅.၂၉) | ၁၂.၉ (၀.၂၄) |
| ရခိုင် | ၁၀.၇ (၁.၅၄) | ၁၁.၉ (၀.၉၄) | ၁၂.၁ (၁.၄၃) | ၁၃.၁ (၂.၅၇) | ၁၂.၀ (၁.၇၇) | ၁၂.၅ (၄.၁၈) |
| ရန်ကုန် | ၉.၅ (၃.၆၅) | ၁၀.၉ (၂.၈၈) | ၁၂.၀ (၁၃.၈၄) | ၁၂.၆ (၃.၈၀) | ၉.၉ (၅.၀၄) | ၁၁.၀ (၂.၀၉) |
| ရှမ်း | ၁၀.၆ (၃.၇၆) | ၁၁.၆ (၄.၇၈) | ၁၁.၅ (၁.၈၃) | ၁၂.၅ (၂.၉၉) | ၁၁.၁ (၂.၆၉) | ၁၁.၉ (၃.၇၉) |
| - ရှမ်း (တောင်) | ၁၀.၇ (၆.၁၇) | ၁၁.၃ (၄.၈၀) | ၁၀.၆ (၃.၆၆) | ၁၂.၇ (၇.၀၆) | ၁၁.၂ (၅.၁၂) | ၁၂.၀ (၈.၉၇) |
| - ရှမ်း (မြောက်) | ၁၀.၂ (၅.၁၂) | ၁၁.၅ (၆.၄၈) | ၁၁.၄ (၁.၇၂) | ၁၂.၃ (၄.၀၄) | ၁၁.၁ (၂.၅၇) | ၁၁.၈ (၄.၅၄) |
| - ရှမ်း (အရှေ့) | ၁၁.၀ (၄.၀၄) | ၁၂.၄ (၃.၄၀) | ၁၁.၈ (၅.၂၅) | ၁၄.၀ (၁.၂၄) | ၁၁.၈ (၅.၄၇) | ၁၃.၄ (၁.၄၃) |
| ဧရာဝတီ | ၁၀.၄ (၃.၄၉) | ၁၁.၃ (၂.၉၄) | ၁၁.၅ (၁.၁၂) | ၁၂.၈ (၁.၈၇) | ၁၁.၃ (၁.၀၀) | ၁၂.၅ (၂.၀၆) |
| ပြည်ထောင်စု | ၁၀.၀ (၁.၄၈) | ၁၁.၁ (၀.၁၂) | ၁၁.၈ (၀.၉၂) | ၁၂.၆ (၀.၉၂) | ၁၁.၁ (၀.၉၀) | ၁၂.၀ (၀.၈၁) |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၉ ။ အချမ်းသာဆုံး ၂၀% နှင့် အဆင်းရဲဆုံး ၂၀% အကြား စားသုံးမှု ကွာဟချက် (၂၀၀၉ ခုနှစ် ဒီဇင်ဘာလရှိကျပ်အားဖြင့်)

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | မြို့ပြ | | | ကျေးလက် | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|
| | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ |
| ကချင် | ၅၅၅၀၉၉ (၉၆၆၅) | ၅၈၄၈၁၉ (၄၁၉၇၃) | ၅ | ၄၆၈၂၉၂ (၁၇၂၁၃) | ၄၄၁၇၁၀ (၁၈၀၁၇) | -၆ | ၄၉၇၈၄၉ (၁၀၁၉၀) | ၄၈၂၅၅၃ (၂၂၆၀၁) | -၃ |
| ကယား | ၄၈၅၁၉၅ (၄၂၀၅၉) | ၄၆၃၀၂၃ (၄၅၄၈) | -၅ | ၄၃၀၆၁၉ (၂၉၉၄၇) | ၅၀၂၁၃၁ (၃၇၄၁၆) | ၁၇ | ၄၅၈၅၁၇ (၁၆၇၄၁) | ၄၉၃၃၆၅ (၁၂၂၄၃) | ၈ |
| ကရင် | ၇၀၂၈၄၁ (၄၄၉၉၅) | ၆၄၆၆၆၂ (၂၉၂၄၀) | -၈ | ၄၄၁၂၄၄ (၁၂၀၀၀) | ၄၂၄၆၅၁ (၂၂၆၈၃) | -၄ | ၄၈၆၈၄၉ (၁၃၂၁၅) | ၄၆၆၁၅၈ (၃၅၁၁၃) | -၄ |
| ချင်း | ၂၈၁၈၁၄ (၁၃၃၃၉) | ၃၂၀၉၈၄ (၂၃၃၄၁) | ၁၄ | ၅၄၁၉၇၉ (၃၇၄၃၇) | ၂၂၂၃၉၆ (၁၂၀၆၃) | -၅၉ | ၅၀၂၄၅၃ (၁၄၇၇၉၂) | ၂၆၂၉၃၄ (၁၄၃၄၈) | -၄၉ |
| စစ်ကိုင်း | ၅၈၀၄၄၈ (၁၅၆၂၆) | ၆၇၃၃၅၄ (၄၉၆၁၁) | ၁၆ | ၄၄၃၄၁၈ (၁၀၀၈၃) | ၃၉၆၈၄၀ (၉၂၀၄) | -၁၁ | ၄၆၅၆၂၈ (၉၃၃၀) | ၄၄၅၈၉၄ (၂၀၀၂၆) | -၄ |
| တနင်္သာရီ | ၇၉၉၂၃၃ (၅၄၄၄၃) | ၆၃၆၁၃၀ (၂၂၉၇၉) | -၂၀ | ၅၀၃၅၅၈ (၁၁၉၂၁) | ၄၈၉၁၃၄ (၈၆၄၇) | -၃ | ၅၈၇၈၄၀ (၂၁၄၉၆) | ၅၄၆၉၆၀ (၁၉၁၆၇) | -၇ |
| ပဲခူး | ၅၃၉၆၇၅ (၂၇၅၄၅) | ၅၉၇၀၆၂ (၂၂၈၆၁) | ၁၁ | ၄၀၅၆၈၇ (၆၈၇၂) | ၄၃၁၈၅၃ (၂၁၆၅၇) | ၆ | ၄၂၄၈၂၁ (၆၃၇၃) | ၄၅၅၇၈၃ (၁၂၃၅၅) | ၇ |
| - ပဲခူး (အရှေ့) | ၅၁၉၁၃၁ (၂၉၀၉၂) | ၅၆၇၆၁၈ (၁၀၁၆၀) | ၉ | ၄၁၈၄၀၃ (၇၆၁၈) | ၄၂၄၁၄၅ (၁၇၇၁၆) | ၁ | ၄၃၅၁၁၃ (၇၃၈၁) | ၄၄၇၆၆၂ (၂၀၃၈၀) | ၃ |
| - ပဲခူး (အနောက်) | ၅၅၅၇၃၀ (၃၇၆၀၅) | ၆၂၈၀၈၃ (၃၁၂၁၈) | ၁၃ | ၃၉၁၉၆၀ (၅၅၆၈) | ၄၃၉၄၉၆ (၂၉၁၃၄) | ၁၂ | ၄၁၃၈၀၅ (၅၂၉၂) | ၄၆၂၅၀၆ (၁၀၂၄၄) | ၁၂ |
| မကွေး | ၆၀၀၉၅၈ (၉၄၁၄) | ၆၃၈၀၅၉ (၁၀၃၈၂) | ၆ | ၄၀၁၄၃၈ (၂၀၀၆၃) | ၃၈၈၄၄၅ (၁၀၀၉၆) | -၃ | ၄၃၄၄၁၅ (၁၈၇၇၉) | ၄၂၅၁၂၅ (၂၂၉၂၉) | -၂ |
| မန္တလေး | ၆၇၇၇၁၈ (၄၂၈၂၃) | ၇၀၅၆၈၈ (၉၆၆၇) | ၄ | ၃၆၅၉၃၄ (၇၁၁၃) | ၄၀၇၃၁၆ (၆၆၅၀) | ၁၁ | ၄၈၇၉၈၈ (၃၄၈၃၆) | ၅၃၃၈၇၄ (၁၃၅၃၀) | ၉ |
| မွန် | ၄၈၇၂၅၉ (၃၈၇၂၈) | ၅၄၈၇၂၇ (၁၅၇၉၉) | ၁၃ | ၄၄၈၃၀၆ (၈၃၀၀) | ၄၀၂၈၂၆ (၂၆၂၄၈) | -၁၀ | ၄၅၄၅၈၁ (၁၁၂၆၅) | ၄၃၆၉၆၀ (၁၀၄၈၂) | -၄ |
| ရခိုင် | ၄၇၂၉၃၈ (၁၀၈၃၆) | ၅၂၇၄၉၃ (၁၃၇၈၆) | ၁၂ | ၃၉၆၁၈၇ (၁၅၅၂၈) | ၃၄၅၇၆၅ (၉၂၀၁) | -၁၃ | ၄၂၂၃၇၄ (၁၄၇၁၈) | ၄၁၀၇၇၆ (၁၈၅၆၇) | -၃ |
| ရန်ကုန် | ၁၀၉၈၄၅၆ (၁၄၄၅၆၂) | ၈၆၇၈၆၃ (၈၁၂၃၂) | -၂၁ | ၄၅၇၃၅၁ (၆၁၅၂) | ၄၁၇၄၁၉ (၂၆၀၄၆) | -၉ | ၉၇၀၂၃၅ (၁၃၈၄၉၂) | ၇၈၆၄၂၉ (၇၉၀၀၇) | -၁၉ |
| ရှမ်း | ၆၃၈၃၉၈ (၂၅၆၇၃) | ၆၃၆၃၇၅ (၂၄၉၈၉) | ၀ | ၄၂၆၄၄၄ (၅၉၂၂) | ၃၉၀၉၁၂ (၁၇၅၅၃) | -၈ | ၄၉၆၆၄၀ (၂၆၉၂၀) | ၄၈၆၁၆၀ (၂၃၁၈၂) | -၂ |
| - ရှမ်း (တောင်) | ၆၈၀၁၃၅ (၁၆၅၇၂) | ၆၄၈၈၄၉ (၃၇၈၄၈) | -၅ | ၄၃၄၈၀၀ (၁၅၃၈၈) | ၃၈၉၅၆၂ (၂၁၅၀၄) | -၁၀ | ၅၁၅၇၃၉ (၃၄၈၅၂) | ၅၁၀၀၃၈ (၂၉၈၄၅) | -၁ |
| - ရှမ်း (မြောက်) | ၆၁၆၉၂၈ (၁၀၃၉၇) | ၆၄၁၇၁၆ (၄၅၂၄၃) | ၄ | ၄၁၆၇၆၀ (၅၉၀၉) | ၄၀၈၀၅၇ (၁၀၄၅၂) | -၂ | ၄၇၆၅၈၈ (၂၀၅၈၂) | ၄၈၃၅၈၅ (၂၂၅၄၉) | ၁ |
| - ရှမ်း (အရှေ့) | ၅၃၇၉၉၀ (၅၁၅၃၈) | ၄၇၆၄၁၅ (၇၃၈၄) | -၁၁ | ၃၈၇၈၁၄ (၁၄၂၃၆) | ၂၃၅၈၈၆ (၅၆၆၀) | -၃၉ | ၄၄၅၂၆၆ (၁၈၀၅၉) | ၃၃၁၉၂၅ (၂၁၄၉၁) | -၂၅ |
| ဧရာဝတီ | ၆၀၁၁၅၁ (၁၀၈၇၄) | ၆၄၃၃၀၇ (၃၆၄၉၃) | ၇ | ၄၈၂၆၅၃ (၇၄၅၈) | ၃၉၀၈၀၉ (၁၅၁၁၆) | -၁၉ | ၅၀၇၅၀၉ (၆၄၇၃) | ၄၄၄၇၅၉ (၂၄၁၁၀) | -၁၂ |
| ပြည်ထောင်စု | ၈၃၆၁၈၀ (၁၀၀၁၈၀) | ၇၃၆၀၀၈ (၄၃၃၆၃) | -၁၂ | ၄၄၅၀၄၆ (၃၆၇၀) | ၄၁၅၄၅၇ (၅၈၅၄) | -၇ | ၅၇၃၂၆၀ (၄၂၄၇၂) | ၅၂၅၉၂၉ (၁၉၆၈၁) | -၈ |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၁၀ ။ ဆယ်စိတ်ကိန်းအလိုက် စားသုံးမှု အသုံးစရိတ်၊ ၂၀၀၅ခုနှစ်၊ ၂၀၁၀ပြည့်နှစ် (၂၀၀၉ ခုနှစ် ဒီဇင်ဘာလရှိကျပ်အားဖြင့်)

| စားသုံးမှုဆယ်စိတ်ကိန်းများ | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ |
|---|---|---|---|
| ပထမ ဆယ်စိတ်တစ်စိတ် (အနိမ့်ဆုံး ၁၀%) | ၂၄၇၈၂၇ (၁၀၄၆) | ၂၈၁၄၉၄ (၁၂၉၆) | ၁၄ |
| ဒုတိယ ဆယ်စိတ်တစ်စိတ် | ၃၁၉၅၀၈ (၃၇၆) | ၃၄၈၇၈၂ (၃၈၄) | ၉ |
| တတိယ ဆယ်စိတ်တစ်စိတ် | ၃၆၆၀၅၃ (၃၈၅) | ၃၉၁၀၃၉ (၃၇၈) | ၇ |
| စတုတ္ထ ဆယ်စိတ်တစ်စိတ် | ၄၀၇၂၀၈ (၂၄၅) | ၄၂၉၁၂၅ (၂၅၂) | ၅ |
| ပဉ္စမ ဆယ်စိတ်တစ်စိတ် | ၄၄၇၀၀၈ (၂၇၉) | ၄၆၄၈၀၇ (၂၉၈) | ၄ |
| ဆဋ္ဌမ ဆယ်စိတ်တစ်စိတ် | ၄၈၈၆၆၁ (၃၄၁) | ၅၀၄၄၃၂ (၃၅၅) | ၃ |
| သတ္တမ ဆယ်စိတ်တစ်စိတ် | ၅၃၇၆၀၉ (၆၂၄) | ၅၅၀၄၂၃ (၃၉၀) | ၂ |
| အဋ္ဌမ ဆယ်စိတ်တစ်စိတ် | ၆၀၂၀၇၇ (၇၇၁) | ၆၀၈၉၃၁ (၄၈၅) | ၁ |
| နဝမ ဆယ်စိတ်တစ်စိတ် | ၆၉၆၆၁၂ (၁၃၈၂) | ၆၉၈၅၉၇ (၁၁၂၄) | ၀ |
| ဒသမ ဆယ်စိတ်တစ်စိတ် (အမြင့်ဆုံး ၁၀%) | ၁၀၁၇၄၃၃ (၆၆၈၁၀) | ၉၈၃၅၅၀ (၂၉၅၈၁) | -၃ |
| ပြည်ထောင်စု | ၅၁၃၀၀၃ (၁၄၆၂၁) | ၅၂၆၁၁၀ (၈၄၀၄) | ၃ |

ရင်းမြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၂-၆ ။ ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်း

အပိုင်း၁-၃ တွင် ဆွေးနွေးခဲ့သည့်အတိုင်း IHLCAတွင် တစ်စိတ်တစ်ပိုင်း ထပ်တူပြုထားသည့် နမူနာတစ်ခု ပါဝင်သည်။ အိမ်ထောင်စုများ၏ ၅၀%သည် ၂၀၀၄-၂၀၀၅ တွင်ရွေးချယ်ခဲ့သည့် အိမ်ထောင်စုများနှင့် ထပ်တူညီသည်။ ထပ်တူယူထားသည့် နမူနာမှ အချက်အလက်များသည် 'ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်း' ဆိုလိုသည်မှာ အချိန်အလိုက် အိမ်ထောင်စု တစ်ခုစီ၏ ဆင်းရဲနွမ်းပါးမှု အဆင့်အတန်းတွင် ပြောင်းလဲမှုများအား စိစစ်လေ့လာမှုကို ဖြစ်မြောက်စေသည်။ [၁၅] အထူးသဖြင့် ယင်းအချက်အလက်များသည် (၁) ဆင်းရဲနေသေးသော (တာရှည် ဆင်းရဲခြင်း) (၂) ဆင်းရဲခြင်းမှ လွတ်မြောက်သော သို့မဟုတ် ဆင်းရဲလာသော (ခဏပန်း ဆင်းရဲခြင်း) နှင့် (၃) မဆင်းရဲဘဲရှိနေသော အိမ်ထောင်စုများအကြား သဲကွဲအောင် အားထုတ်မှုကို ခွင့်ပြုပေးသည်။ ဗန်းစကားအားဖြင့် ဆင်းရဲခြင်း ရွေ့လျားပြောင်းလဲမှုသည် စိစစ်လေ့လာမှုကို အချိန်မှတ်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အချိန်မှတ်များ၌ရှိသည့် ဆင်းရဲနွမ်းပါးသူ 'အရေအတွက်'မှ အချိန်အလိုက် ဆင်းရဲနွမ်းပါးမှု 'ပြောင်းလဲခြင်း' ဆီသို့ ရွှေ့ပေးသည် ဟုဆိုပေသည်။

ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်း၏ စိစစ်လေ့လာခြင်းသည် အခြေခံသဘောအရ မူဝါဒအလို့ငှာ အသေအချာ အရေးပါပါသည်။ ဆင်းရဲနွမ်းပါးမှုသည် တာရှည်ဆင်းရဲနွမ်းပါးသူများကြောင့် အဓိကဖြစ်ခြင်း သို့မဟုတ် ဆင်းရဲနွမ်းပါးမှုအတွင်း ကျဆင်းသော၊ ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်လာသော သိသာထင်ရှားသည့် အိမ်ထောင်စုအရေအတွက် ရှိမရှိသိရှိရန် အရေးကြီးပေသည်။ တာရှည်ဆင်းရဲနွမ်းပါးမှု နှင့် ခဏပန်းဆင်းရဲနွမ်းပါးမှုကို ဖြစ်စေသည့် ဖြစ်စဉ်များသည် အလွန်ပင်ကွဲပြားခြားနားပေမည်။ သင့်လျော်သော မူဝါဒတုံ့ပြန်မှုသည်လည်း ထို့တူဖြစ်ပေမည်။ ခဏပန်းဆင်းရဲနွမ်းပါးမှုကို ပို၍ကောင်းမွန်စွာ

[၁၅] Shalfer, P.2008 "New Thinking on Poverty: Implementation for Globelization and Poverty Reduction Strategies." UNDESA Working Paper No.65.ST/ESA/2008/DWP/65.

ကိုင်တွယ်ဖြေရှင်းရန် အလွန်အရေးကြီးခြင်းက လူမှုရေးဆိုင်ရာ အကာအကွယ်ပေးမှုကို လိုလားထောက်ခံသည့် ယနေ့ကာလ၏ ကမ္ဘာအနှံ့ မူဝါဒဆိုင်ရာ ပဏာမခြေလှမ်းများကို အတော်များများ တွန်းအားပေးခဲ့ပေသည်။

အောက်ဘက်မှ ဇယား ၁၁ တွင် တင်ပြထားသည့် အချက်အလက်များနှင့် ပတ်သက်၍ အရေးပါသော နည်းပညာဆိုင်ရာ အချက်တစ်ခုရှိသည်။ အိမ်ထောင်စုစားသုံးမှုအတွက် တိုင်းတာမှုအမှား ဆိုလိုသည်မှာ တုံ့ပြန်ဖြေကြားမှုအမှားသည် ဆင်းရဲနွမ်းပါးမှု အရေအတွက်ဆိုင်ရာ အချက်အလက်များထက် ထပ်တူယူထားသည့်အပိုင်းမှ အချက်အလက်များအတွက် များစွာပိုမိုလေးနက်သော ပြဿနာတစ်ခုဖြစ်သည်။ ဆင်းရဲနွမ်းပါးမှု အရေအတွက်ကို စိစစ်လေ့လာသောအခါ သင့်မြတ်သော ယူဆချက်တစ်ခုမှာ စားသုံးမှုကို ပိုမို/လျော့နည်းအစီရင်ခံခြင်းသည် လုံလောက်စွာကြီးမားသော အရေအတွက်များတွင် ညီမျှသွားသဖြင့် ခြုံကြည့်သည့် ဆင်းရဲနွမ်းပါးမှု ခန့်မှန်းခြေသည် ယိမ်းယိုင်မှုမရှိဟူ၍ဖြစ်သည်။ ထပ်တူယူထားသော နမူနာအချက်အလက်ကိစ္စတွင် ဆင်းရဲနွမ်းပါးမှု ပြမျဉ်းတစ်ဝိုက်မှ ပိုမို/လျော့နည်း အစီရင်ခံမှုသည် ဆင်းရဲနွမ်းပါးမှုအတွင်း ကျရောက်မှုနှင့် ဆင်းရဲနွမ်းပါးမှုမှလွတ်မြောက်သူ အရေအတွက်ကို သဘာဝအတိုင်းမဟုတ်ပဲ ချဲ့ကားပေးသည့် အကျိုးသက်ရောက်မှု ရှိမည်ဖြစ်ပြီး ခဏပန်းဆင်းရဲနွမ်းပါးမှု ပမာဏကို သဘာဝအတိုင်းမဟုတ်ပဲချဲ့ကားပေးသည်။ အောက်ဘက်တွင် တင်ပြထားသည့် အချက်အလက်များကို တိုင်းတာမှုအမှားအတွက် ကိုက်ညှိထားခြင်း မရှိသဖြင့် ခဏပန်း ဆင်းရဲနွမ်းပါးမှုအရွယ်ကို ပိုမိုခန့်မှန်းမိပေမည်။

ဤနေရာတွင် တင်ပြထားသော အချက်အလက်များသည် စစ်တမ်းတွင် ထပ်ယူထားသော အိမ်ထောင်စုများမှ အချက်အလက်များကိုသာ အခြေခံထားသည်ကို ပြည့်ပြည့်စုံစုံ ရှင်းရှင်းလင်းလင်းရှိအောင် ဆောင်ရွက်ရပေမည်။ သို့ဖြစ်ရကား ဆင်းရဲနွမ်းပါးသူ စုစုပေါင်းများသည် အထက်တွင်တင်ပြခဲ့သည့် နမူနာ အပြည့်အဝမှ ရယူထားသော အချက်အလက်များနှင့် မတူညီပေ။

ဇယား ၁၁ သည် ၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်အတွင်း ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းအတွက် အချက်အလက်များကို အထက်တွင်ဖော်ပြခဲ့သော အိမ်ထောင်စု အတန်းအစားလေးမျိုးကို ပြသသည့် ကူးပြောင်းမှုပြ မေ့ထရစ်တစ်ခု၏ အသွင်သဏ္ဍာန်ဖြင့် တင်ပြထားသည်။ ဂရုမူရန် အရေးပါသောအချက်သုံးချက်ရှိသည်။

(၁) ခြုံကြည့်လျှင် မြန်မာနိုင်ငံတွင် ခဏပန်း ဆင်းရဲနွမ်းပါးမှုသည် ထူးခြားထင်ရှားသော ဖြစ်စဉ်တစ်ခုဖြစ်ဟန်ပေါ်နေသည်။ ဤအချက်အလက်များက အိမ်ထောင်စုများ၏၁၀%ကို အကျိုးသက်ရောက်စေသည့် တာရှည်ဆင်းရဲနွမ်းပါးမှု၏ ၃ဆနီးပါးဖြစ်ပြီး အိမ်ထောင်စုများ၏၂၈%ကို အကျိုး သက်ရောက်စေကြောင်းညွှန်ပြနေသည်။ ခဏပန်း ဆင်းရဲနွမ်းပါးမှု၏ အရေးပါသော အစိတ်အပိုင်းသည် တိုင်းတာမှုအမှားကြောင့် ဖြစ်လျှင်ပင် ယင်း၏ပမာဏမှာ သိသာထင်ရှားသေးသည်။
(၂) ဤပုံပန်းသဏ္ဍာန်သည် ပြည်နယ်/တိုင်း ဒေသကြီး အများစုကို ဖြန့်ကြက်၍ထပ်မံ ဖြစ်ပေါ်နေသည်။ သို့သော် မြင့်မားသော စံမှားယွင်းချက်များက အဓိပ္ပာယ်ပြန်ဆိုရာတွင် သတိထားရန် တိုက်တွန်းနေသည်။ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်း ဒေသကြီး ကဲ့သို့သော မြင့်မားသော ဆင်းရဲနွမ်းပါးခြင်းဖြစ်မှုနှင့် နိမ့်ကျသော ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု အသီးသီးရှိကြသည်။ ပြည်နယ်/တိုင်းဒေသကြီးများတွင် ခဏပန်း ဆင်းရဲနွမ်းပါးမှု ဒီဂရီမြင့်မားစွာ ရှိဟန်ပေါ်နေသည်မှာ စိတ်ဝင်စားစရာ ကောင်းပေသည်။
(၃) ဆင်းရဲနွမ်းပါးမှုအတွင်း သက်ဆင်းသူ (အိမ်ထောင်စုများ၏၁၁.၃%) နှင့် ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်သူ (အိမ်ထောင်စုများ၏၁၆.၅%) နှစ်ခုစလုံးပမာဏသည် အရေးပါဟန်ပေါက်ပေသည်။

မူဝါဒကိစ္စများအတွက် ဆင်းရဲနွမ်းပါးမှုအတွင်း သက်ဆင်းခြင်းနှင့် ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ခြင်း၏ အကြောင်းရင်းများကို ပိုမိုကောင်းမွန်စွာ သဘောပေါက်နားလည်ရန် လိုအပ်သည်ကို နောက်ဆုံးအချက်က ညွှန်ပြနေသည်။ အထူးအားဖြင့် ဆင်းရဲနွမ်းပါးမှုအတွင်း သက်ဆင်းခြင်းကို ကာကွယ်ပေးပြီး ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်မှုကို ဖြစ်မြောက်အောင် ဆောင်ရွက်ပေးရန်အတွက် သင့်လျော်သော မူဝါဒဆိုင်ရာ ကိရိယာတန်ဆာပလာများ နေရာတကျ ရှိနေရပေမည်။

ဇယား ၁၁ ။ ဆင်းရဲနွမ်းပါးမှု ကူးပြောင်းမှုပြ ဖြန့်စီကိန်း(မေ့ထရစ်)

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | တာရှည်ဆင်းရဲနွမ်းပါးမှု | ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း (ခဏပန်း ဆင်းရဲနွမ်းပါးမှု) | | မဆင်းရဲသူ |
|---|---|---|---|---|
| | | သက်ဆင်းသူ | လွတ်မြောက်သူ | |
| ကချင် | ၁၂.၅ (၁.၁၅) | ၈.၉ (၂.၂၅) | ၂၃.၆ (၆.၆၈) | ၅၅.၁ (၅.၉၀) |
| ကယား | ၃.၇ (၁.၄၀) | ၄.၉ (၀.၁၄) | ၁၉.၇ (၁.၄၉) | ၇၁.၇ (၀.၁၅) |
| ကရင် | ၁.၉ (၀.၂၁) | ၁၃.၀ (၀.၉၀) | ၉.၅ (၃.၇၂) | ၇၅.၆ (၃.၄၄) |
| ချင်း | ၅၀.၅ (၈.၀၆) | ၁၇.၄ (၇.၂၅) | ၂၀.၆ (၁.၉၁) | ၁၀.၅ (၁.၆၆) |
| စစ်ကိုင်း | ၃.၁ (၀.၅၈) | ၇.၅ (၀.၆၇) | ၁၉.၁ (၄.၂၂) | ၇၀.၃ (၄.၉၂) |
| တနင်္သာရီ | ၁၅.၀ (၅.၉၅) | ၁၅.၃ (၃.၃၃) | ၁၃.၂ (၁.၈၅) | ၅၆.၆ (၈.၇၇) |
| ပဲခူး | ၅.၆ (၀.၇၁) | ၉.၇ (၁.၃၂) | ၁၇.၉ (၃.၂၅) | ၆၆.၈ (၃.၂၄) |
| - ပဲခူး (အရှေ့) | ၆.၂ (၁.၁၇) | ၁၀.၅ (၂.၃၃) | ၁၉.၁ (၄.၈၅) | ၆၄.၃ (၄.၀၇) |
| - ပဲခူး (အနောက်) | ၅.၀ (၀.၈၄) | ၈.၉ (၁.၁၉) | ၁၆.၇ (၄.၂၅) | ၆၉.၄ (၅.၁၀) |
| မကွေး | ၁၁.၃ (၂.၅၉) | ၁၃.၃ (၁.၇၀) | ၂၄.၇ (၆.၄၁) | ၅၀.၈ (၅.၅၁) |
| မန္တလေး | ၁၄.၈ (၃.၈၃) | ၈.၀ (၁.၆၆) | ၂၀.၅ (၂.၃၉) | ၅၆.၆ (၅.၄၃) |
| မွန် | ၄.၅ (၀.၇၄) | ၉.၀ (၁.၈၃) | ၁၁.၇ (၅.၃၆) | ၇၄.၈ (၄.၃၄) |
| ရခိုင် | ၁၇.၀ (၄.၀၁) | ၁၉.၈ (၅.၅၈) | ၁၆.၂ (၁.၅၄) | ၄၇.၀ (၉.၃၁) |
| ရန်ကုန် | ၃.၃ (၁.၆၁) | ၉.၉ (၁.၂၂) | ၇.၀ (၃.၈၂) | ၇၉.၈ (၅.၁၄) |
| ရှမ်း | ၁၈.၃ (၄.၉၇) | ၁၂.၅ (၄.၀၄) | ၂၁.၀ (၂.၅၁) | ၄၈.၂ (၁၀.၆၆) |
| - ရှမ်း (တောင်) | ၁၀.၀ (၈.၁၅) | ၁၄.၃ (၈.၈၄) | ၁၈.၃ (၅.၄၃) | ၅၇.၄ (၂၂.၄၁) |
| - ရှမ်း (မြောက်) | ၂၆.၂ (၇.၆၅) | ၉.၈ (၀.၇၇) | ၂၃.၇ (၁.၄၄) | ၄၀.၃ (၈.၅၁) |
| - ရှမ်း (အရှေ့) | ၂၁.၁ (၆.၂၆) | ၁၅.၈ (၄.၂၃) | ၂၁.၁ (၁.၄၈) | ၄၂.၁ (၃.၃၄) |
| ဧရာဝတီ | ၁၁.၅ (၁.၆၃) | ၁၄.၃ (၁.၆၀) | ၁၃.၃ (၀.၈၈) | ၆၀.၉ (၂.၁၆) |
| ပြည်ထောင်စု | ၁၀.၀ (၀.၈၉) | ၁၁.၃ (၀.၆၆) | ၁၆.၅ (၁.၁၇) | ၆၂.၁ (၁.၈၄) |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၂-၇ ။ အကျဉ်းချုပ်

အပိုင်း ၂ သည် မြန်မာနိုင်ငံတွင် 'အစားအစာ ဆင်းရဲချို့တဲ့မှု'၊ 'ဆင်းရဲနွမ်းပါးမှု'၊ ဆင်းရဲနွမ်းပါးမှု၏ ကိုယ်စားပြုများနှင့် မညီမျှမှု၏အဆင့်နှင့် အလားအလာများအတွက် အချက်အလက်များကို တင်ပြပြီး ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်း၏ သွင်ပြင်လက္ခဏာများကို စူးစမ်းစစ်ဆေးခဲ့သည်။

အစားအစာ ဆင်းရဲချို့တဲ့မှုသည် လူဦးရေ၏၅%ခန့်ကို ဖိစီးနှိပ်စက်နေပြီး ၂၀၀၅ ခုနှစ်တွင် ၁၀%ခန့်မှ ကျဆင်းလာခဲ့သည်။ အစားအစာ ဆင်းချို့တဲ့ခြင်းဖြစ်မှုသည် ကျေးလက်ဒေသများတွင် မြို့ပြဒေသများထက် နှစ်ဆထက်ပိုမိုရှိခဲ့ပြီး ၅.၆% နှင့် ၂.၅% အသီးသီးရှိကြသည်။ စုစုပေါင်း အစားအစာ ဆင်းရဲချို့တဲ့မှု၏

၈၅%ထက်ပိုမို၍ ကျေးလက်ဒေသ အစားအစာ ဆင်းရဲချို့တဲ့မှုက စာရင်းပေါက်နေသည်။ အစားအစာ ဆင်းရဲချို့တဲ့ခြင်းဖြစ်မှု၏ အမြင့်ဆုံးတန်ဖိုးသည် ၂၅%ဖြင့် ချင်းပြည်နယ်တွင် ရှိနေပြီး ထို့နောက်တွင် ရခိုင်ပြည်နယ်(၁၀%)၊ တနင်္သာရီ (၉.၆%)နှင့် ရှမ်း (၉%) တို့ရှိကြသည်။ အမျိုးသားအဆင့် အစားအစာ ဆင်းရဲချို့တဲ့မှုသို့ အဓိက ထည့်ဝင်ကြသည့် ပြည်နယ်/တိုင်း ဒေသကြီးလေးခုမှာ ဧရာဝတီ (၁၈.၇%)၊ မန္တလေး(၁၆%)၊ ရှမ်း(၁၅.၄%)နှင့် ရခိုင်ပြည်နယ် (၁၄.၉%) တို့ဖြစ်ကြသည်။

ဆင်းရဲနွမ်းပါးမှုသည် လူဦးရေ၏ ၂၅%ခန့်ကို ဖိစီးနှိပ်စက်နေပြီး ၂၀၀၅ ခုနှစ်မှစ၍ ၆ ရာခိုင်နှုန်း အမှတ်အားဖြင့် ကျဆင်းခဲ့သည်။ ဆင်းရဲနွမ်းပါးခြင်းဖြစ်မှုသည် ကျေးလက်ဒေသတွင် မြို့ပြဒေသထက် နှစ်ဆခန့်မြင့်မားပြီး၂၉%နှင့်၁၅% အသီးသီးရှိကြသည်။ စုစုပေါင်း ဆင်းရဲနွမ်းပါးမှု၏ ၈၅%နီးပါးအတွက် ကျေးလက်ဒေသများက စာရင်းပေါက်နေသည်။ ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု၏ အမြင့်ဆုံးတန်ဖိုးသည် ၇၃%ဖြင့် ချင်းပြည်နယ်တွင်ရှိပြီး ထိုနောက်မှ ရခိုင် (၄၄%)၊ တနင်္သာရီ (၃၃%)၊ ရှမ်း (၃၃%)နှင့် ဧရာဝတီ (၃၂%) တို့ရှိကြသည်။ အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှုသို့ အဓိကထည့်ဝင်ကြသည့် ပြည်နယ်/တိုင်း ဒေသကြီးလေးခုမှာ ဧရာဝတီ (၁၉%)၊ မန္တလေး (၁၅%)၊ ရခိုင် (၁၂%) နှင့် ရှမ်းပြည်နယ် (၁၁%) တို့ဖြစ်ကြသည်။

ဆင်းရဲနွမ်းပါးမှု 'ကိုယ်စားပြုများ' ဖြစ်သော ကယ်လိုရီ စားသုံးမှု၊ စားသုံးမှုတွင် အစားအစာ စားသုံးမှု၏ဝေစုနှင့် အသေးစား ပိုင်ဆိုင်ပစ္စည်းများ ပိုင်ဆိုင်မှုတွင် အလားအလာများနှင့် စပ်လျဉ်း၍ တွေ့ရှိချက်များသည် ရောထွေးနေသည်။ ကယ်လိုရီ စားသုံးမှုသည် ၂၀၀၅ ခုနှစ်တွင် 'အစားအစာ ချို့တဲ့သူ'ကို ကိုယ်စားပြုသည့် အောက်ဘက်ဆုံးဆယ်စိတ်ကိန်းအတွက်နှင့် ဒုတိယ၊ တတိယ ဆယ်စိတ်ကိန်းများအတွက် တိုးနေသည်။ စားသုံးမှုတွင် အစားအစာ စားသုံးမှု၏ဝေစုသည် စားသုံးမှု ပြန့်ချက်၏ အောက်ဘက်ဆယ်စိတ်ကိန်း သုံးခုကိုဖြန့်ကြက်ပြီး မြင့်တက်လာလျက် ထိပ်ဆုံးဘက် သို့သာ ဦးတည်ပြီး ကျဆင်းစပြုသည်။ အသေးစား ပိုင်ဆိုင်ပစ္စည်း ပိုင်ဆိုင်မှုသည် စားသုံးမှုပြန့်ချက်၏ အောက်ဘက်သို့ဦးတည်လျက် ပို၍မြင့်မားသော နှုန်းများဖြင့် ပြန့်ချက်ကိုဖြန့်ကြက်၍ တိုးနေသည်။ အစားအစာ စားသုံးမှု ဝေစုမှ အလားအလာများသည် ဆင်းရဲနွမ်းပါးခြင်း လျော့နည်းမှု များအတွက် တွေ့ရှိချက်များအရ မြင်ရုံမျှဖြင့် မလုံလောက်သော်လည်း တစ်စုံတစ်ဦးက မျှော်လင့်လိမ့်မည် ဖြစ်သကဲ့သို့ မဟုတ်ပေ။ အခြားတစ်ဖက်တွင် ကယ်လိုရီစားသုံးမှုနှင့် အသေးစား ပိုင်ဆိုင်ပစ္စည်း ပိုင်ဆိုင်မှုအတွက် အချက်အလက်များသည် ဆင်းရဲသူများအကြား ဆင်းရဲနွမ်းပါးမှု အဆင့်များကျဆင်းနေမှု၊ တိုးနေသော စားသုံးမှု အသုံးစရိတ်တို့နှင့် ယေဘုယျအားဖြင့် ညီညွတ်လျက် ရှိသည်။ ဤဝိရောဓိဖြစ်နေသည့် ရလဒ်များအရ ဆင်းရဲနွမ်းပါးမှုအဆင့်နှင့် အလားအလာများအတွက် အချက်အလက်များ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှုတွင် ကျဆင်းသည့် ပမာဏကို အဓိပ္ပါယ်ပြန်ဆိုရာတွင် သတိထားရန် တိုက်တွန်းရပေသည်။

၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်အတွင်း 'နှိုင်းယှဉ်' မညီမျှမှုနှင့် 'ပကတိ' မညီမျှမှု နှစ်ခုစလုံး ကျဆင်းခဲ့ဟန် ပေါ်ပေသည်။ နှိုင်းယှဉ်မညီမျှမှု၏ အတိုင်းအတာ တစ်ခုဖြစ်သည့် အောက်ဘက်၂၀%၏ စားသုံးမှုဝေစုသည် ၁၁.၁%မှ၁၂%သို့ အနည်းငယ် မြင့်တက်လာခဲ့သည်။ သို့သော် ဤကွာခြားချက်သည် နမူနာကောက် အမှားကြောင့် ဖြစ်ပေမည်။ ထို့အပြင် အချမ်းသာဆုံး ၂၀%နှင့် အဆင်းရဲဆုံး ၂၀%အကြား စားသုံးမှု ကွာဟချက်သည် ၈%ခန့် နည်းပါးသွားသည်။ ယေဘုယျအားဖြင့် စားသုံးမှုပြန့်ချက်ကို ဖြန့်ကြက်၍ ပိုမိုဆင်းရဲသော လူဦးရေအုပ်စုများက ပို၍ချမ်းသာသော လူဦးရေအုပ်စုများထက် ပိုမိုလျင်မြန်စွာ တိုးတက်လာခြင်းဖြစ်သည့် စားသုံးမှုအဆင့်နှင့် တိုးနှုန်းအကြား ပြောင်းပြန်ဆက်နွယ်မှု အချက်အလက်များက ညွှန်ပြနေသည်။ ထို့အပြင် အဆင်းရဲဆုံး ဆယ်စိတ်ကိန်းနှစ်ခု၏ တိုးနှုန်းများသည် ၁၄%နှင့်၉% အသီးသီးဖြင့် တကယ့်ကို များပြားပေသည်။ အချမ်းသာဆုံး ဆယ်စိတ်ကိန်းနှစ်ခု၏

တိုးနှုန်းများမှာမူ သုည သို့မဟုတ် အနုတ် ဖြစ်ကြသည်။ အကျဉ်းချုပ်ရလျှင် ဤအချက်အလက်များက ၂၀၀၅ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ် ကာလအတွင်း နှိုင်းယှဉ်မညီမျှမှုနှင့် ပကတိမညီမျှမှု နှစ်မျိုးစလုံးသည် မြန်မာနိုင်ငံတွင် ကျဆင်းခဲ့သည်ကို ညွှန်ပြနေသည်။

ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းသည် အချိန်အလိုက် အိမ်ထောင်စု တစ်ခုခြင်းစီ၏ ဆင်းရဲနွမ်းပါးမှု အဆင့်အတန်းတွင် ပြောင်းလဲမှုများနှင့် သက်ဆိုင်သည်။ အထူးသဖြင့် ယင်းသည် (၁) ဆင်းရဲနေဆဲဖြစ်သော (တာရှည်ဆင်းရဲခြင်း)၊(၂) ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်လာသော သို့မဟုတ် ဆင်းရဲနွမ်းပါးမှု အတွင်းသက်ဆင်းသော ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း (ခဏပန်း ဆင်းရဲနွမ်းပါးမှု)နှင့် (၃) မဆင်းရဲဘဲ ရှိဆဲဖြစ်သော အိမ်ထောင်စုများကို စိစစ်လေ့လာသည်။ ခြုံကြည့်လျှင် ခဏပန်း ဆင်းရဲနွမ်းပါးမှုသည် တာရှည်ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု၁၀%၏ ၃ဆနီးပါးရှိသော အိမ်ထောင်စု၂၈%ကို အကျိုး သက်ရောက်စေဟန် ပေါ်နေသည်။ ဆင်းရဲနွမ်းပါးမှုအတွင်း သက်ဆင်းသူ (အိမ်ထောင်စုများ၏၁၁.၃%)နှင့် ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်သူ (အိမ်ထောင်စုများ၏၁၆.၅%) နှစ်မျိုးစလုံး၏ ပမာဏသည် သိသာ ထင်ရှားဟန် ပေါ်နေသည်။ ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း (ခဏပန်း ဆင်းရဲနွမ်းပါးမှု) အရွယ်ကို တိုင်းတာမှုအမှားက ဇကန်မုချ ချဲ့ကားပေးစဉ်တွင် ယင်းသည် သိသာထင်ရှားသောဖြစ်စဉ် ဖြစ်နေဆဲ ဖြစ်သည်။ မူဝါဒ ရေးရာများအတွက် ဆင်းရဲနွမ်းပါးမှုအတွင်းသို့ သက်ဆင်းမှုနှင့် ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ရသည့် အကြောင်းရင်းများကို ပိုမိုကောင်းမွန်စွာ နားလည်သဘောပေါက်ရန် လိုအပ်နေ ပါသည်။

**နောက်ဆက်တွဲ ၂-၁ ။ Foster, Greer, Thorbecke (FGT) အတန်းအစား ဆင်းရဲနွမ်းပါးမှု အတိုင်းအတာများ**

Foster, Greer, Thorbecke (FGT) အတန်းအစား ဆင်းရဲနွမ်းပါးမှု အတိုင်းအတာများကို ဖြင့်ကိုယ်စားပြုပေမည်။

$$P_{\alpha} = \frac{1}{n} \sum_{i=1}^{q} \left( \frac{g_i}{z} \right)^{\alpha}$$

ဤတွင် z သည် ဆင်းရဲနွမ်းပါးမှုပြမျဉ်း၊ $g_i = z - y_i$ ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုပြမျဉ်းမှ iအကြိမ် ဆင်းရဲသူ၏ စားသုံးမှု ကွာလှမ်းချက်၊ qသည် ဆင်းရဲသူ အရေအတွက်နှင့် nသည် စုစုပေါင်း လူဦးရေဖြစ်သည်။

$\alpha$ သည် ၀ (သုည) တန်ဖိုး သတ်မှတ်သော အခါအညွှန်ကိန်းသည် $q/n$ ဖြစ်သွားသည်။ $q/n$ သည် စုစုပေါင်း လူဦးရေတွင် ဆင်းရဲသူများအချိုး သို့မဟုတ် ဆင်းရဲနွမ်းပါးခြင်း ဖြစ်ပွားမှု ဖြစ်သည်။ $\alpha$ ကို တန်ဖိုး ၁ သတ်မှတ်သောအခါ အညွှန်ကိန်းသည် တစ်ပြေးညီပြုထားသော ဆင်းရဲနွမ်းပါးမှု ကွာဟချက် သို့မဟုတ် ဆင်းရဲနွမ်းပါးမှုမျဉ်းမှ လူဦးရေဖြင့် အလေးတင်ထားသော ပျှမ်းမျှကွာလှမ်းချက်ကို တိုင်းတာသည်။ $P_{\alpha}$=1သည် ဆင်းရဲနွမ်းပါးခြင်း နက်ရှိုင်းမှု၏ အတိုင်းအတာတစ်ခုကို ဖြည့်ဆည်းပေးသည်။ $\alpha$ ကို ၁ ထက်ကြီးသော တန်ဖိုးတစ်ခု သတ်မှတ်ပေးသောအခါ ပို၍ကြီးမားသော ဆင်းရဲနွမ်းပါးခြင်း ကွာဟမှု တစ်ခုချင်းကို ပို၍ကြီးသော အလေးသတ်မှတ်ပေးသဖြင့် ညွှန်ကိန်းသည် ပျံ့နှံ့မှုအရ ထင်ဟပ်တုံ့ပြန် လွယ်လာသည်။ အစဉ်အလာအရ $P_{\alpha}$ တွင် $\alpha$ ကို ဆင်းရဲနွမ်းပါးခြင်း ပြင်းထန်မှုကို တိုင်းတာရန်အတွက် တန်ဖိုးအားဖြင့် ၂ သတ်မှတ်သည်။

# ၃ ။ အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ ပင်ကိုလက္ခဏာများ

အပိုင်း ၃ သည် စားသုံးခြင်း ဆင်းရဲနွမ်းပါးမှုနှင့် ၎င်းတို့၏ ဆက်နွယ်မှုကို အလေးထားပြီး အရေးကြီးသော အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ ပင်ကိုလက္ခဏာ (၃)ရပ် ၏ ကိန်းဂဏန်းအချက်အလက်များကို သုံးသပ်တင်ပြပါသည်။ ပျမ်းမျှ အိမ်ထောင်စုအရွယ်၏ အဆင့်နှင့် အလားအလာများကို ပထမဦးဆုံး လေ့လာဆန်းစစ်ပါသည် (အပိုင်း ၃-၁)။ ၎င်းနောက် မှီခိုမှု အချိုးများ (အပိုင်း ၃-၂) နှင့် အမျိုးသမီး ဦးစီးသော အိမ်ထောင်စုဦးရေအချိုး (အပိုင်း ၃- ၃) ကို လေ့လာပြီး နောက်ဆုံးအပိုင်း (၃-၄)မှာ အဓိက ရလဒ်များကို အကျဉ်းချုပ် စုစည်း တင်ပြပါသည်။

## ၃-၁ ။ အိမ်ထောင်စုအရွယ်

ဇယား ၁၂ သည် အချိန်ကာလတစ်လျှောက် မြန်မာနိုင်ငံ၏ အိမ်ထောင်စုအရွယ်၏ ကိန်းဂဏန်းအချက်အလက်များကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဆင်းရဲနွမ်းပါးမှု အခြေအနေနှင့် အလျှာလိုက်ခွဲခြား၍ ဖော်ပြပါသည်။

(၁) ၂၀၀၅ခုနှစ်နှင့် ၂၀၁၀ပြည့်နှစ်အကြား အိမ်ထောင်စုအရွယ်မှာ နှိုင်းယှဉ်မှုအရ ပြောင်းလဲမှုမရှိပဲ အမြဲမပြတ် အိမ်ထောင်စုတစ်စုတွင် ၅ဦးခန့်ရှိပါသည်။

(၂) ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြားတွင် ကွဲပြားခြားနားမှုမှာ အကန့်အသတ်ဖြင့် အနည်းငယ်မျှရှိပြီး အနည်းဆုံး ၄.၇ဦးနှင့် အများဆုံး ၆.၀ဦးရှိပါသည်။ မှတ်သားထိုက်ရန် ဆီလျော်မှုရှိသည်မှာ အဆင်းရဲဆုံး ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့၌ ကြီးမားသော အိမ်ထောင်စုများရှိခြင်းပင်ဖြစ်သည်။ အထောက်အထားအဖြစ် ချင်းပြည်နယ် (၆.၁)၊ ရခိုင်ပြည်နယ် (၆.၀) နှင့် တနင်္သာရီတိုင်းဒေသကြီး (၅.၈) တို့က ဖော်ပြပါသည်။

(၃) ၂၀၀၅ခုနှစ်ကကဲ့သို့ပင် ဆင်းရဲနွမ်းပါးမှုနှင့် အိမ်ထောင်စုအရွယ် ဆက်နွယ်မှုရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုများမှာ မဆင်းရဲသောအိမ်ထောင်စုများထက် ပိုမိုကြီးမားသော အိမ်ထောင်စုအရွယ်ရှိ၍ ၆.၀ဦးနှင့် ၄.၇ဦး အသီးသီးရှိပါသည်။ ခြားနားမှုများမှာ စာရင်းအင်း သဘောအရ အရေးပါပါသည်။

(၄) စိတ်ဝင်စားဖွယ်ကောင်းသည်မှာ မြို့ပြနှင့် ကျေးလက်ဒေသများအကြားတွင် များများစားစားခြားနားမှု မရှိပါ။

မှတ်သားသင့်သည်မှာ အထက်တွင်ဖော်ပြထားသည့် အိမ်ထောင်စုအရွယ်နှင့် ဆင်းရဲနွမ်းပါးမှုအကြားရှိ ဆက်နွယ်မှုမှာ တွေ့လေ့ရှိသော အချက်ဖြစ်ပါသည်။ သို့သော်များပြားသည့် ချမ်းသာသော အိမ်ထောင်စုများမှာလည်း ကြီးမားသော အိမ်ထောင်စုများရှိပါသည်။ ဤကဲ့သို့သော ဆန့်ကျင်ဘက်အခြေအနေများကို "ဆင်းရဲနွမ်းပါးမှု၏ လူဦးရေဆိုင်ရာ သဘော သဘာဝ ဝိရောဓိ"ဟု အမှတ်သညာပြုပါသည်။ (Lipton) သို့မဟုတ် "အိမ်ထောင်စုအရွယ် သဘောသဘာဝ ဝိရောဓိ"ဟု အမှတ်သညာပြုပါသည်။ (Krishnaji)

ဆိုလိုသည်မှာ ပျမ်းမျှအားဖြင့် ပိုမိုကြီးမားသော အိမ်ထောင်စုများမှာ ပိုမိုဆင်းရဲလေ့ရှိသော်လည်း အချို့သော လူဦးရေအုပ်စုများမှာ ပိုမိုကြီးမားသော အိမ်ထောင်စုများရှိသော်လည်း ဆင်းရဲနွမ်းပါးမှု ဖြစ်ဟန်မရှိပါ။ ဤထူးခြားဖြစ်စဉ်နှစ်ရပ်လုံး ဖြစ်ပေါ်နေဟန် ရှိသော်လည်း ပထမအဖြစ်အပျက်က ဒုတိယအဖြစ်အပျက်ကို လွှမ်းမိုးထားပါသည်။

ဇယား ၁၂ ။ ပျမ်းမျှအိမ်ထောင်စုအရွယ်

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | ၂၀၁၀ | | | | | ၂၀၀၅ စုစုပေါင်း | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ |
|---|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | အလွှာ | | စုစုပေါင်း | | |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | | | |
| ကချင် | ၆.၇ (၀.၁၃) | ၅.၅ (၀.၁၆) | ၆.၀ (၀.၃၀) | ၅.၇ (၀.၀၉) | ၅.၈ (၀.၁၄) | ၆.၀ (၀.၁၈) | -၂.၇ |
| ကယား | ၇.၁ (၀.၆၃) | ၅.၁ (၀.၂၃) | ၄.၈ (၀.၁၅) | ၅.၅ (၀.၂၈) | ၅.၂ (၀.၁၈) | ၅.၅ (၀.၂၉) | -၄.၂ |
| ကရင် | ၇.၁ (၀.၃၀) | ၅.၄ (၀.၀၂) | ၅.၅ (၀.၁၂) | ၅.၆ (၀.၀၄) | ၅.၆ (၀.၀၂) | ၅.၆ (၀.၀၇) | ၀.၈ |
| ချင်း | ၆.၇ (၀.၄၇) | ၄.၈ (၀.၂၈) | ၅.၇ (၀.၄၀) | ၆.၂ (၀.၃၀) | ၆.၀ (၀.၃၇) | ၆.၁ (၀.၃၂) | -၀.၁ |
| စစ်ကိုင်း | ၆.၂ (၀.၃၄) | ၅.၁ (၀.၁၂) | ၄.၉ (၀.၀၇) | ၅.၃ (၀.၁၄) | ၅.၂ (၀.၁၃) | ၅.၅ (၀.၀၅) | -၅.၆ |
| တနင်္သာရီ | ၆.၆ (၀.၁၅) | ၅.၄ (၀.၀၂) | ၆.၀ (၀.၁၇) | ၅.၇ (၀.၁၆) | ၅.၇ (၀.၁၄) | ၅.၈ (၀.၂၃) | -၁.၀ |
| ပဲခူး | ၅.၆ (၀.၃၃) | ၄.၄ (၀.၁၆) | ၄.၅ (၀.၂၅) | ၄.၆ (၀.၁၈) | ၄.၆ (၀.၁၈) | ၄.၇ (၀.၂၃) | -၃.၀ |
| - ပဲခူး (အရှေ့) | ၆.၂ (၀.၂၀) | ၄.၇ (၀.၁၁) | ၅.၀ (၀.၀၈) | ၄.၉ (၀.၀၅) | ၄.၉ (၀.၀၄) | ၅.၂ (၀.၀၅) | -၅.၈ |
| - ပဲခူး (အနောက်) | ၄.၈ (၀.၁၁) | ၄.၁ (၀.၂၀) | ၃.၉ (၀.၀၈) | ၄.၂ (၀.၁၈) | ၄.၂ (၀.၁၈) | ၄.၂ (၀.၁၂) | ၀.၇ |
| မကွေး | ၅.၆ (၀.၁၁) | ၄.၅ (၀.၁၄) | ၄.၄ (၀.၀၄) | ၄.၈ (၀.၀၉) | ၄.၈ (၀.၀၉) | ၅.၀ (၀.၁၀) | -၃.၅ |
| မန္တလေး | ၆.၀ (၀.၁၇) | ၄.၇ (၀.၁၆) | ၅.၀ (၀.၁၄) | ၅.၀ (၀.၀၉) | ၅.၀ (၀.၀၉) | ၅.၂ (၀.၀၉) | -၄.၈ |
| မွန် | ၆.၁ (၀.၃၈) | ၅.၀ (၀.၁၅) | ၅.၁ (၀.၀၉) | ၅.၂ (၀.၁၈) | ၅.၂ (၀.၁၆) | ၅.၃ (၀.၁၆) | -၂.၁ |
| ရခိုင် | ၆.၉ (၀.၂၄) | ၅.၂ (၀.၁၀) | ၅.၃ (၀.၀၆) | ၆.၀ (၀.၁၅) | ၅.၉ (၀.၀၃) | ၆.၀ (၀.၁၈) | -၂.၇ |
| ရန်ကုန် | ၅.၉ (၀.၃၆) | ၄.၅ (၀.၁၃) | ၄.၇ (၀.၀၇) | ၄.၄ (၀.၁၀) | ၄.၇ (၀.၀၃) | ၄.၇ (၀.၁၀) | -၁.၄ |
| ရှမ်း | ၆.၂ (၀.၃၅) | ၄.၉ (၀.၁၁) | ၅.၁ (၀.၂၉) | ၅.၃ (၀.၂၀) | ၅.၃ (၀.၂၁) | ၅.၅ (၀.၂၃) | -၄.၃ |
| - ရှမ်း (တောင်) | ၆.၈ (၀.၃၄) | ၄.၉ (၀.၂၁) | ၄.၇ (၀.၁၇) | ၅.၅ (၀.၃၈) | ၅.၃ (၀.၄၇) | ၅.၆ (၀.၅၃) | -၅.၆ |
| - ရှမ်း (မြောက်) | ၅.၇ (၀.၂၀) | ၅.၀ (၀.၁၂) | ၅.၅ (၀.၁၂) | ၅.၁ (၀.၀၇) | ၅.၂ (၀.၀၈) | ၅.၅ (၀.၂၀) | -၄.၈ |
| - ရှမ်း (အရှေ့) | ၆.၇ (၀.၃၉) | ၅.၁ (၀.၄၁) | ၆.၃ (၀.၂၇) | ၅.၅ (၀.၃၃) | ၅.၇ (၀.၃၆) | ၅.၆ (၀.၂၇) | ၂.၈ |
| ဧရာဝတီ | ၅.၅ (၀.၀၈) | ၄.၄ (၀.၀၈) | ၄.၅ (၀.၁၉) | ၄.၇ (၀.၀၉) | ၄.၇ (၀.၀၉) | ၅.၁ (၀.၀၄) | -၇.၈ |
| ပြည်ထောင်စု ၂၀၁၀ | ၆.၀ (၀.၀၇) | ၄.၇ (၀.၀၄) | ၄.၉ (၀.၀၈) | ၅.၀ (၀.၀၄) | ၅.၀ (၀.၀၄) | ၅.၂ (၀.၀၄) | -၃.၉ |
| ပြည်ထောင်စု ၂၀၀၅ | ၆.၁ (၀.၀၈) | ၄.၉ (၀.၀၃) | ၅.၁ (၀.၀၉) | ၅.၂ (၀.၀၃) | ၅.၂ (၀.၀၄) | | |
| ပြောင်းလဲမှု (%) | -၀.၉ | -၃.၁ | -၄.၅ | -၃.၇ | -၃.၉ | | |

ရင်းမြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၃-၂ ။ မှီခိုမှုအချိုးများ

### ၃-၂-၁ ။ လူဦးရေဆိုင်ရာ မှီခိုမှုအချိုးများ (DDRs)

လူဦးရေဆိုင်ရာမှီခိုမှုအချိုးသည် အသက်၁၅နှစ်အောက်နှင့်၅၉နှစ်အထက်ရှိသော အိမ်ထောင်စုဝင်ဦးရေကို အသက်၁၅နှစ်နှင့် ၅၉နှစ် အကြားရှိသော အိမ်ထောင်စုဝင်ဦးရေနှင့် နှိုင်းယှဉ်ခြင်းဖြစ်ပါသည်။ အချိုးတန်ဖိုးမြင့်မားသည်နှင့်အမျှ အိမ်ထောင်စု အပေါ်တွင် မှီခိုမှုဝန်ထုပ်ဝန်ပိုးကြီးမားလာပါသည်။ အချို့ဆက်စပ်သော အနေအထားများတွင် မြင့်မားသော လူဦးရေဆိုင်ရာ မှီခိုမှုအချိုးများမှ ဘဝစက်ဝန်း ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ကိုယ်စားပြုချက်တစ်ရပ်ဖြစ်နိုင်ပြီး ဤကိုယ်စားပြုချက်မှာ ဘဝတွင်ကလေး စောစီးစွာမွေးရမှုနှင့် သက်ကြီးရွယ်အိုမိဘများကို စောင့်ရှောက်ရမှုတို့နှင့် ဆက်နွယ်နေပါသည်။

ဇယား ၁၃ သည် အချိန်ကာလတစ်လျှောက် မြန်မာနိုင်ငံ၏ လူဦးရေဆိုင်ရာ မှီခိုမှုအချိုး၏ ကိန်းဂဏန်းအချက်အလက်များကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် အလွှာအလိုက် ခွဲခြား၍ဖော်ပြပါသည်။ ဆက်စပ်သော ရလဒ်များရှိပါသည်။

(၁) လူဦးရေဆိုင်ရာ မှီခိုမှုအချိုးသည် အချိန်ကာလတစ်လျှောက် တည်ငြိမ်လျက်ရှိပြီး ၀.၅၈မှ ၀.၅၃သို့ ကျဆင်းလာပါသည်။
(၂) ၂၀၁၅ခုနှစ်တွင် လူဦးရေဆိုင်ရာ မှီခိုမှုအချိုးနှင့် စားသုံးခြင်းဆင်းရဲနွမ်းပါးမှုအကြား ဆက်သွယ်မှုမှာ အားနည်းပါသည်။ ဆင်းရဲသူနှင့် မဆင်းရဲသူအတွက် အချိုးတန်ဖိုးများမှာ ၀.၅၆ မှ ၀.၅၂ အသီးသီးရှိပါသည်။
(၃) စိတ်ဝင်စားဖွယ်ကောင်းသည်မှာ မြန်မာနိုင်ငံ၌ ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု အမြင့်ဆုံးရှိသည့် ချင်းပြည်နယ် (၇၃%)တွင် အလွန်မြင့်မားသော လူဦးရေဆိုင်ရာ မှီခိုမှုအချိုး(၀.၇၁)မှာ ဆင်းရဲနွမ်းပါးမှုနှင့် ဆက်နွယ်မှုမရှိခြင်းပင်ဖြစ်သည်။ ဆင်းရဲသူနှင့် မဆင်းရဲသူအတွက် အသီးသီးသောအချိုးများမှာ ၀.၆၈ နှင့် ၀.၇၉ ဖြစ်ကြပါသည်။
(၄) အံ့သြလောက်ဖွယ်မရှိသည်မှာ လူဦးရေဆိုင်ရာ မှီခိုမှုအချိုးမှာ ကျေးလက်ဒေသများတွင် မြို့ပြထက် ပိုမို မြင့်မားခြင်းကြောင့် ဖြစ်သည် (ကျေးလက်ဒေသတွင် မွေးဖွားမှုနှုန်း ပိုမိုမြင့်မားခြင်းကြောင့်)။ [၁၆]

အချုပ်အားဖြင့် ကိန်းဂဏန်းအချက်အလက်များက ညွှန်ပြသည်မှာ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုမှာ အဓိကအားဖြင့် ဘဝစက်ဝန်းဆိုင်ရာ တွေးဆချက်များ (Life Circle Consideration) ၏ စေ့ဆော်မှုကြောင့် မဟုတ်ကြောင်း ဖော်ပြပါသည်။

---

[၁၆] မွေးဖွားမှုနှုန်းနှင့် မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေး (၂၀၀၇) စစ်တမ်း၏ စာမျက်နှာ၆၀တွင် စုစုပေါင်းမွေးဖွားမှုနှုန်းများမှာ ကျေးလက်နှင့် မြို့ပြဒေသများတွင် (၂.၁၈) နှင့် (၁.၆၈) အသီးသီးရှိကြောင်း အစီရင်ခံထားပါသည်။

## ၃-၂-၂။ စီးပွားရေးအရ မှီခိုမှုအချိုးများ (EDRs)

စီးပွားရေးအရ မှီခိုမှုအချိုးသည် အသက်၁၅နှစ်နှင့် ၅၉နှစ် အကြားရှိသောအိမ်ထောင်စုဝင် စီးပွားရှာနိုင်သူဦးရေနှင့် စီးပွားမရှာနိုင်သူဦးရေကို နှိုင်းယှဉ်ပါသည်။ "စီးပွားရှာနိုင်သူ" ကို မိသားစုမပါဝင်လုပ်ဆောင်သည့် အလုပ်သမားအပါအဝင် စီးပွားရေးလုပ်ဆောင်ချက်တစ်ခုတွင် ဝင်ရောက်လုပ်ကိုင်နေသူဟု အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အချိုးတန်ဖိုး ပိုမိုမြင့်မားသည်နှင့်အမျှ အိမ်ထောင်စုအပေါ် "စီးပွားရေးဝန်ထုပ်ဝန်ပိုး" ပိုမိုကြီးမားလာပါသည်။ စားသုံးမှုဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များနှင့် ဆက်စပ်မှုအရ စီးပွားရေးအရမှီခိုမှုအချိုး (EDR)က စားသုံးခြင်းဆင်းရဲနွမ်းပါးမှု၊ လုပ်သားအင်အားပါဝင်မှုနှင့် အလုပ်အကိုင်ရှိမှုတို့အကြား ဆက်သွယ်မှုကို ရှင်းလင်းဖော်ပြပါသည်။

ဇယား ၁၄ သည် အချိန်ကာလတစ်လျှောက် မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာမှီခိုမှုအချိုး၏ ကိန်းဂဏန်းအချက်အလက်များကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် အလွှာအလိုက်ခွဲခြား၍ဖော်ပြပါသည်။ ဆက်စပ်သော ရလဒ်များရှိပါသည်။

(၁) စီးပွားရေးအရ မှီခိုမှုအချိုးသည် အချိန်ကာလတစ်လျှောက် တည်ငြိမ်သလောက်ရှိပြီး ၀.၆၅ မှ ၀.၆၇သို့ တိုးတက်လာပါသည်။
(၂) ၂၀၁၅ခုနှစ် ကဲ့သို့ပင် ဤညွှန်ကိန်းနှင့် ဆင်းရဲနွမ်းပါးမှုမှာ ပြောင်းပြန်ဆက်သွယ်မှုရှိပါသည်။ ဤအချိုးမှာ မဆင်းရဲသူနှင့် ဆင်းရဲသူအိမ်ထောင်စုများတွင် ၀.၆၉ နှင့် ၀.၆၂ အသီးသီးရှိပါသည်။
(၃) ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် သိသာသော ပြောင်းလဲခြားနားမှုများရှိပါသည်။ ထင်ရှားပီပြင်သော အချက်တစ်ချက်မှာ ရခိုင်ပြည်နယ်တွင်ဖြစ်ပြီး ယင်းပြည်နယ်တွင် အချိုးမှာ ၁ ကို ကျော်လွန်၍ စီးပွားရေးအလုပ်မလုပ်ကိုင်မှု (စီးပွားမရှာနိုင်သူ)နှင့် ဆင်းရဲနွမ်းပါးမှုတို့အကြား ခိုင်မာသော ဆက်နွယ်မှုရှိပါသည်။
(၄) မြို့ပြတွင် ကျေးလက်ဒေသများထက် ဆက်သွယ်မှုသိသာစွာမြင့်မားပြီး ၀.၈၈ နှင့် ၀.၆၉ အသီးသီးရှိပါသည်။
(၅) မြို့ပြဒေသများတွင်လည်း ဆင်းရဲနွမ်းပါးမှုနှင့် ဆက်သွယ်မှုရှိသည်။ ဤအချိုးမှာ မဆင်းရဲသော အိမ်ထောင်စုများတွင် ဆင်းရဲသောအိမ်ထောင်စုများထက် မြင့်မားပြီး ၀.၈၉ နှင့် ၀.၈၄ ရှိပါသည် (ဇယား ၁၄ တွင်ဖော်ပြမထားပါ)။

အားလုံးခြုံ၍ တင်ပြရပါက ဤကိန်းဂဏန်းအချက်အလက်များက ညွှန်ပြသည်မှာ (မြို့ပြဒေသတွင်ပင်လျှင်) ဆင်းရဲနွမ်းပါးမှုသည် စီးပွားရေးအရ အလုပ်မလုပ်ကိုင်မှုကြောင့် မဟုတ်ဘဲ စီးပွားရေးအရ အလုပ်လုပ်ကိုင်ပြီးရရှိသည့် အကျိုးအမြတ် နိမ့်ကျမှုကြောင့်သာဖြစ်ကြောင်း ညွှန်ပြပါသည်။ ရခိုင်ပြည်နယ်မှာ တစ်ခုတည်းသော ချွင်းချက်ဖြစ်ပါသည်။

ဇယား ၁၃ ။ လူဦးရေဆိုင်ရာ မိခိုမှုအချိုး

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | ၂၀၁၀ | | | | | ၂၀၀၅ စုစုပေါင်း | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ |
|---|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | အလွှာ | | စုစုပေါင်း | | |
| | ဆင်းရဲသူ | ဆင်းရဲသူ | မြို့ပြ | ကျေးလက် | | | |
| ကချင် | ၀.၅၃ (၀.၀၅) | ၀.၆၃ (၀.၀၁) | ၀.၅၇ (၀.၀၄) | ၀.၆၁ (၀.၀၂) | ၀.၆၀ (၀.၀၂) | ၀.၆၄ (၀.၀၂) | -၆.၈ |
| ကယား | ၀.၇၅ (၀.၁၁) | ၀.၆၀ (၀.၀၉) | ၀.၅၅ (၀.၀၄) | ၀.၆၆ (၀.၁၄) | ၀.၆၂ (၀.၁၀) | ၀.၅၉ (၀.၀၄) | ၃.၇ |
| ကရင် | ၀.၅၈ (၀.၀၁) | ၀.၆၄ (၀.၀၃) | ၀.၄၅ (၀.၀၃) | ၀.၆၇ (၀.၀၃) | ၀.၆၃ (၀.၀၂) | ၀.၇၄ (၀.၀၅) | -၁၅.၈ |
| ချင်း | ၀.၆၈ (၀.၀၄) | ၀.၇၉ (၀.၁၁) | ၀.၅၉ (၀.၀၈) | ၀.၇၅ (၀.၀၅) | ၀.၇၁ (၀.၀၄) | ၀.၇၈ (၀.၀၃) | -၉.၀ |
| စစ်ကိုင်း | ၀.၆၄ (၀.၀၂) | ၀.၅၁ (၀.၀၃) | ၀.၄၇ (၀.၀၁) | ၀.၅၄ (၀.၀၃) | ၀.၅၃ (၀.၀၃) | ၀.၅၆ (၀.၀၆) | -၆.၃ |
| တနင်္သာရီ | ၀.၆၂ (၀.၁၀) | ၀.၅၉ (၀.၀၂) | ၀.၅၇ (၀.၀၄) | ၀.၆၀ (၀.၀၆) | ၀.၆၀ (၀.၀၅) | ၀.၆၉ (၀.၀၅) | -၁၃.၂ |
| ပဲခူး | ၀.၅၆ (၀.၀၅) | ၀.၅၁ (၀.၀၂) | ၀.၅၁ (၀.၀၃) | ၀.၅၂ (၀.၀၂) | ၀.၅၂ (၀.၀၂) | ၀.၅၉ (၀.၀၂) | -၁၂.၂ |
| - ပဲခူး (အရှေ့) | ၀.၅၃ (၀.၀၄) | ၀.၅၃ (၀.၀၃) | ၀.၄၉ (၀.၀၅) | ၀.၅၄ (၀.၀၁) | ၀.၅၃ (၀.၀၂) | ၀.၆၂ (၀.၀၂) | -၁၃.၄ |
| - ပဲခူး (အနောက်) | ၀.၆၁ (၀.၀၅) | ၀.၄၈ (၀.၀၃) | ၀.၅၃ (၀.၀၂) | ၀.၅၀ (၀.၀၅) | ၀.၅၀ (၀.၀၄) | ၀.၅၆ (၀.၀၁) | -၁၀.၃ |
| မကွေး | ၀.၅၇ (၀.၀၂) | ၀.၅၁ (၀.၀၂) | ၀.၄၈ (၀.၀၂) | ၀.၅၃ (၀.၀၁) | ၀.၅၂ (၀.၀၁) | ၀.၅၉ (၀.၀၂) | -၁၀.၉ |
| မန္တလေး | ၀.၅၃ (၀.၀၃) | ၀.၅၁ (၀.၀၂) | ၀.၄၆ (၀.၀၂) | ၀.၅၄ (၀.၀၃) | ၀.၅၁ (၀.၀၂) | ၀.၅၆ (၀.၀၂) | -၇.၉ |
| မွန် | ၀.၃၈ (၀.၀၀) | ၀.၅၃ (၀.၀၁) | ၀.၄၆ (၀.၀၂) | ၀.၅၁ (၀.၀၂) | ၀.၅၀ (၀.၀၁) | ၀.၅၆ (၀.၀၃) | -၉.၉ |
| ရခိုင် | ၀.၆၂ (၀.၀၃) | ၀.၆၀ (၀.၀၇) | ၀.၃၉ (၀.၀၃) | ၀.၆၇ (၀.၀၂) | ၀.၆၁ (၀.၀၅) | ၀.၇၂ (၀.၀၄) | -၁၅.၂ |
| ရန်ကုန် | ၀.၅၀ (၀.၀၄) | ၀.၄၆ (၀.၀၃) | ၀.၄၅ (၀.၀၂) | ၀.၄၉ (၀.၀၅) | ၀.၄၆ (၀.၀၃) | ၀.၄၅ (၀.၀၃) | ၁.၈ |
| ရှမ်း | ၀.၄၉ (၀.၀၅) | ၀.၅၄ (၀.၀၄) | ၀.၄၇ (၀.၀၃) | ၀.၅၄ (၀.၀၅) | ၀.၅၂ (၀.၀၄) | ၀.၅၉ (၀.၀၄) | -၁၀.၉ |
| - ရှမ်း (တောင်) | ၀.၅၉ (၀.၀၄) | ၀.၅၇ (၀.၀၃) | ၀.၄၄ (၀.၀၃) | ၀.၆၄ (၀.၀၉) | ၀.၅၈ (၀.၁၁) | ၀.၆၆ (၀.၁၁) | -၁၂.၆ |
| - ရှမ်း (မြောက်) | ၀.၄၃ (၀.၀၄) | ၀.၅၃ (၀.၀၁) | ၀.၅၅ (၀.၀၂) | ၀.၄၇ (၀.၀၄) | ၀.၄၉ (၀.၀၃) | ၀.၅၆ (၀.၀၄) | -၁၂.၄ |
| - ရှမ်း (အရှေ့) | ၀.၄၈ (၀.၀၈) | ၀.၄၆ (၀.၀၁) | ၀.၄၀ (၀.၀၅) | ၀.၄၉ (၀.၀၃) | ၀.၄၇ (၀.၀၄) | ၀.၄၆ (၀.၀၁) | ၁.၆ |
| ဧရာဝတီ | ၀.၅၈ (၀.၀၁) | ၀.၅၅ (၀.၀၂) | ၀.၄၆ (၀.၀၁) | ၀.၅၈ (၀.၀၁) | ၀.၅၆ (၀.၀၁) | ၀.၅၉ (၀.၀၂) | -၅.၆ |
| ပြည်ထောင်စု ၂၀၁၀ | ၀.၅၆ (၀.၀၁) | ၀.၅၂ (၀.၀၁) | ၀.၄၆ (၀.၀၁) | ၀.၅၆ (၀.၀၁) | ၀.၅၃ (၀.၀၁) | ၀.၅၈ (၀.၀၁) | -၈.၁ |
| ပြည်ထောင်စု ၂၀၀၅ | ၀.၆၂ (၀.၀၂) | ၀.၅၆ (၀.၀၁) | ၀.၄၈ (၀.၀၁) | ၀.၆၁ (၀.၀၁) | ၀.၅၈ (၀.၀၁) | | |
| ပြောင်းလဲမှု(%) | -၁၀.၉ | -၆.၂ | -၃.၈ | -၉.၅ | -၈.၁ | | |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၁၄ ။ စီးပွားရေးအရ မှီခိုမှုအချိုး

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | ၂၀၁၀ | | | | | ၂၀၀၅ စုစုပေါင်း | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ |
|---|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | အလွှာ | | စုစုပေါင်း | | |
| | ဆင်းရဲသူ | ဆင်းရဲသူ | မြို့ပြ | ကျေးလက် | | | |
| ကချင် | ၀.၇၅ (၀.၀၅) | ၀.၈၁ (၀.၀၆) | ၀.၉၅ (၀.၁၆) | ၀.၇၄ (၀.၀၆) | ၀.၈၀ (၀.၀၅) | ၀.၇၀ (၀.၀၄) | ၁၃.၀ |
| ကယား | ၀.၆၀ (၀.၀၄) | ၀.၅၃ (၀.၀၇) | ၀.၆၅ (၀.၀၃) | ၀.၄၇ (၀.၀၉) | ၀.၅၄ (၀.၀၈) | ၀.၅၅ (၀.၀၃) | -၁.၈ |
| ကရင် | ၀.၅၆ (၀.၀၆) | ၀.၆၉ (၀.၀၃) | ၀.၆၆ (၀.၁၄) | ၀.၆၆ (၀.၀၁) | ၀.၆၆ (၀.၀၂) | ၀.၆၅ (၀.၀၃) | ၂.၀ |
| ချင်း | ၀.၅၂ (၀.၀၅) | ၀.၆၄ (၀.၁၀) | ၀.၈၆ (၀.၀၂) | ၀.၄၇ (၀.၀၃) | ၀.၅၅ (၀.၀၆) | ၀.၆၃ (၀.၁၃) | -၁၂.၁ |
| စစ်ကိုင်း | ၀.၅၂ (၀.၀၃) | ၀.၅၇ (၀.၀၂) | ၀.၇၃ (၀.၀၃) | ၀.၅၄ (၀.၀၁) | ၀.၅၇ (၀.၀၂) | ၀.၆၁ (၀.၀၃) | -၇.၂ |
| တနင်္သာရီ | ၀.၇၃ (၀.၀၇) | ၀.၇၇ (၀.၀၅) | ၀.၈၉ (၀.၀၄) | ၀.၇၂ (၀.၀၄) | ၀.၇၆ (၀.၀၄) | ၀.၇၆ (၀.၀၁) | -၁.၀ |
| ပဲခူး | ၀.၅၅ (၀.၀၆) | ၀.၆၂ (၀.၀၆) | ၀.၈၀ (၀.၀၃) | ၀.၅၈ (၀.၀၆) | ၀.၆၀ (၀.၀၅) | ၀.၅၄ (၀.၀၅) | ၁၁.၅ |
| - ပဲခူး (အရှေ့) | ၀.၅၈ (၀.၀၄) | ၀.၇၃ (၀.၀၁) | ၀.၈၃ (၀.၀၄) | ၀.၆၈ (၀.၀၂) | ၀.၇၀ (၀.၀၁) | ၀.၅၈ (၀.၀၂) | ၂၂.၀ |
| - ပဲခူး (အနောက်) | ၀.၅၀ (၀.၁၄) | ၀.၅၀ (၀.၀၆) | ၀.၇၅ (၀.၀၂) | ၀.၄၇ (၀.၀၇) | ၀.၅၀ (၀.၀၇) | ၀.၅၀ (၀.၁၂) | -၀.၅ |
| မကွေး | ၀.၄၆ (၀.၀၁) | ၀.၄၉ (၀.၀၁) | ၀.၇၉ (၀.၀၆) | ၀.၄၆ (၀.၀၁) | ၀.၄၈ (၀.၀၁) | ၀.၅၁ (၀.၀၃) | -၄.၇ |
| မန္တလေး | ၀.၅၀ (၀.၀၃) | ၀.၆၆ (၀.၀၄) | ၀.၈၃ (၀.၀၅) | ၀.၅၄ (၀.၀၂) | ၀.၆၀ (၀.၀၃) | ၀.၆၂ (၀.၀၃) | -၀.၅ |
| မွန် | ၀.၆၈ (၀.၀၅) | ၀.၇၆ (၀.၀၇) | ၀.၇၉ (၀.၀၃) | ၀.၇၃ (၀.၀၉) | ၀.၇၄ (၀.၀၇) | ၀.၈၀ (၀.၀၃) | -၆.၅ |
| ရခိုင် | ၁.၁၇ (၀.၀၅) | ၁.၀၃ (၀.၀၆) | ၁.၀၈ (၀.၀၁) | ၁.၀၉ (၀.၀၆) | ၁.၀၉ (၀.၀၄) | ၁.၀၀ (၀.၀၆) | ၈.၄ |
| ရန်ကုန် | ၀.၈၉ (၀.၁၁) | ၀.၉၆ (၀.၀၄) | ၁.၀၁ (၀.၀၅) | ၀.၇၈ (၀.၀၇) | ၀.၉၅ (၀.၀၅) | ၀.၉၃ (၀.၀၅) | ၁.၈ |
| ရှမ်း | ၀.၄၁ (၀.၀၅) | ၀.၄၇ (၀.၀၃) | ၀.၆၃ (၀.၀၄) | ၀.၃၉ (၀.၀၄) | ၀.၄၅ (၀.၀၃) | ၀.၄၃ (၀.၀၃) | ၄.၉ |
| - ရှမ်း (တောင်) | ၀.၄၇ (၀.၀၈) | ၀.၄၇ (၀.၀၂) | ၀.၅၉ (၀.၀၂) | ၀.၄၃ (၀.၀၈) | ၀.၄၇ (၀.၀၄) | ၀.၄၆ (၀.၀၄) | ၂.၀ |
| - ရှမ်း (မြောက်) | ၀.၃၈ (၀.၀၃) | ၀.၄၇ (၀.၀၄) | ၀.၇၃ (၀.၀၇) | ၀.၃၇ (၀.၀၃) | ၀.၄၃ (၀.၀၅) | ၀.၃၉ (၀.၀၅) | ၉.၈ |
| - ရှမ်း (အရှေ့) | ၀.၃၉ (၀.၀၇) | ၀.၄၃ (၀.၀၉) | ၀.၅၆ (၀.၀၇) | ၀.၃၆ (၀.၀၆) | ၀.၄၀ (၀.၀၈) | ၀.၄၀ (၀.၀၉) | -၀.၅ |
| ဧရာဝတီ | ၀.၆၆ (၀.၀၃) | ၀.၇၂ (၀.၀၄) | ၀.၇၉ (၀.၀၅) | ၀.၆၈ (၀.၀၄) | ၀.၇၀ (၀.၀၃) | ၀.၆၀ (၀.၀၃) | ၁၅.၂ |
| ပြည်ထောင်စု ၂၀၁၀ | ၀.၆၂ (၀.၀၂) | ၀.၆၉ (၀.၀၁) | ၀.၈၈ (၀.၀၃) | ၀.၆၀ (၀.၀၁) | ၀.၆၇ (၀.၀၁) | ၀.၆၅ (၀.၀၁) | ၃.၃ |
| ပြည်ထောင်စု ၂၀၀၅ | ၀.၅၇ (၀.၀၂) | ၀.၆၈ (၀.၀၂) | ၀.၈၆ (၀.၀၃) | ၀.၅၈ (၀.၀၁) | ၀.၆၅ (၀.၀၁) | | |
| ပြောင်းလဲမှု (%) | ၈.၅ | ၀.၂ | ၁.၇ | ၄.၀ | ၃.၃ | | |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၃-၃ ။ အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများ (FHHs)

စားသုံးမှုကိန်းဂဏန်းအချက်အလက်များကို အိမ်ထောင်စုအဆင့်တွင်သာ ကောက်ယူထားသဖြင့် ကျား၊မ ခွဲခြား စားသုံးမှုကို လေ့လာအကဲဖြတ်ရန် မကြာခဏ အခက်အခဲရှိပါသည်။ အထူးသဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် ပိုမို (သို့မဟုတ်) လျော့နည်းဆင်းရဲပါသလား ဆိုသည့်အချက်ကို လေ့လာအကဲဖြတ်ရန် ခက်ခဲပါသည်။ ဤမေးခွန်းကို ဖြေရှင်းရန်အတွက် တစ်စိတ်တစ်ပိုင်းနည်းလမ်းမှာ အမျိုးသားဦးစီးသည့် အိမ်ထောင်စုများနှင့် အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများကို နှိုင်းယှဉ်ခြင်း ဖြစ်သည်။ [၁၇] ဇယား ၁၅ က ဤနှိုင်းယှဉ်ချက်ကို တင်ပြထားပြီး အဓိကအရင်းခံကျသော တွေ့ရှိချက် (၃)ချက် ကို ဖော်ပြထားပါသည်။

(၁) အမျိုးသမီးဦးစီးသည့် အိမ်ထောင်စု (FHH) အချိုးမှာ ၂၀၀၅ခုနှစ်နှင့် ၂၀၁၀ပြည့်နှစ်အတွင်း အနည်းငယ်တိုးတက်ခဲ့ပြီး အိမ်ထောင်စုများ၏ ၂၁%ရှိပါသည်။

(၂) ၂၀၀၅ခုနှစ် ကကဲ့သို့ပင် ဆင်းရဲနွမ်းပါးမှုနှင့် အမျိုးသမီးဦးစီးမှုအကြား ပြောင်းပြန် ဆက်နွယ်မှုရှိပါသည်။ ဆင်းရဲသူနှင့် မဆင်းရဲသူ အမျိုးသမီးဦးစီးသည့် အိမ်ထောင်စု (FHHs) အချိုးများမှာ ၁၈% နှင့် ၂၁.၅% အသီးသီးရှိပါသည်။

(၃) အမျိုးသမီး ဦးစီးသည့် အိမ်ထောင်စုများမှာ မြို့ပြတွင် ကျေးလက်ဒေသများထက် ပိုမိုများပြားပြီး အိမ်ထောင်စုများ၏ ၂၇% နှင့် ၁၉% အသီးသီးရှိပါသည်။

ဆင်းရဲနွမ်းပါးမှုနှင့် အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုဆက်သွယ်မှုမရှိခြင်းကို မြန်မာနိုင်ငံ [၁၈] နှင့် အခြားနေရာများတွင် ယခင်ကပင်တွေ့ရှိခဲ့ပါသည်။ ဤကဲ့သို့ဖြစ်ရခြင်းမှာ လွှဲပို့ငွေမှ ဝင်ငွေရရှိခြင်း (သို့မဟုတ်) အခြားအကြောင်းမှာ ချမ်းသာကြွယ်ဝသော အမျိုးသမီးများ အဓိကအားဖြင့် မြို့ပြဒေသများတွင် နေထိုင်သည့်ကြွယ်ဝသော အမျိုးသမီးများသည် ခင်ပွန်းသေဆုံးပြီး (သို့မဟုတ်) ခင်ပွန်းနှင့် ကွာရှင်းပြီးနောက် ဆွေမျိုးများနှင့် ပူးပေါင်းနေထိုင်သည်ထက် ကိုယ်တိုင်မိမိ အိမ်ထောင်စုကို ဦးဆောင်တည်ဆောက်နိုင်ခြင်းကြောင့် ဖြစ်သည်။ အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများနှင့် အမျိုးသားများဦးစီးသည့် အိမ်ထောင်စုများ နှိုင်းယှဉ်ခြင်းမှာ အမျိုးသားများနှင့် အမျိုးသမီးများ၏ နှိုင်းယှဉ်စားသုံးခြင်း ဆင်းရဲနွမ်းပါးမှုကို စီစစ်အကဲဖြတ်နိုင်ရန် တစ်စိတ်တစ်ပိုင်းနည်းလမ်း တစ်ခုသာဖြစ်ကြောင်း အလေးထားသင့်ပါသည်။

## ၃-၄ ။ အကျဉ်းချုပ်

အပိုင်း ၃သည် (၁) ပျမ်းမျှအိမ်ထောင်စုအရွယ် (၂) လူဦးရေဆိုင်ရာနှင့် စီးပွားရေးအရ မှီခိုမှုအချိုးများ (၃) အိမ်ထောင်စုဦးရေအတွင်း အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများအချိုးတို့၏အဆင့်များနှင့် အလားအလာများကို ဖော်ပြပါသည်။

---

[၁၇] ဤမေးခွန်းများကို အာဟာရဆိုင်ရာရရှိသည့် အချက်အလက်များတွင် ကျား ၊မ အတွက် ခြားနားမှုနှင့် အိမ်ထောင်စုအတွင်း အရင်းအမြစ်ခွဲဝေသုံးစွဲပုံကို လေ့လာအကဲဖြတ်ခြင်းဖြင့် ဖြေရှင်းနိုင်ပါသည်။
[၁၈] UNDP/UNDESA. 1999. Studies in Social Deprivation in Myanmar.Yangon.

၂၀၀၅ခုနှစ် ကကဲ့သို့ပင် ဆင်းရဲနွမ်းပါးမှုနှင့် အိမ်ထောင်စုအရွယ် ဆက်နွယ်မှုရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုများမှာ မဆင်းရဲသော အိမ်ထောင်စုများထက် အိမ်ထောင်စုအရွယ်ပိုမိုကြီးမားပြီး ၆.၀ဦး နှင့် ၄.၇ဦး အသီးသီးရှိပါသည်။ မြို့ပြနှင့် ကျေးလက်ဒေသများ အကြားတွင် အိမ်ထောင်စုအရွယ် ခြားနားမှုများပြားစွာမရှိပါ။

လူဦးရေဆိုင်ရာမှီခိုမှု အချိုးသည် အသက် ၁၅နှစ်အောက် နှင့် ၅၉နှစ်အထက် ရှိသော အိမ်ထောင်စုဝင်ဦးရေကို အသက် ၁၅နှစ် နှင့် ၅၉နှစ်အကြားရှိသော အိမ်ထောင်စုဝင်ဦးရေနှင့် နှိုင်းယှဉ်ခြင်းဖြစ်ပါသည်။ ၂၀၀၅ခုနှစ် ကကဲ့သို့ပင် လူဦးရေဆိုင်ရာအချိုးနှင့် စားသုံးခြင်းဆင်းရဲနွမ်းပါးမှုအကြား ဆက်သွယ်မှုမှာ အားနည်းပါသည်။ ဤကိန်းဂဏန်းအချက်အလက်များက အကြံပြုညွှန်ပြသည်မှာ ဆင်းရဲနွမ်းပါးမှုမှာ ကလေးစောစီးစွာရရှိမှု၊ သက်ကြီးရွယ်အိုမိဘများကို စောင့်ရှောက်မှုနှင့် ဆက်စပ်သည့် ဘဝစက်ဝန်းဆိုင်ရာ တွေးဆချက်များကြောင့် ဖြစ်ပေါ်ခြင်းမဟုတ်ကြောင်း ညွှန်ပြပါသည်။

စီးပွားရေးအရမှီခိုမှုအချိုးသည် အသက် ၁၅နှစ် နှင့် ၅၉နှစ် ကြားရှိသော အိမ်ထောင်စုဝင် စီးပွားရှာနိုင်သူဦးရေနှင့် စီးပွားမရှာနိုင်သူဦးရေကို နှိုင်းယှဉ်ခြင်းဖြစ်သည်။ ၂၀၀၅ခုနှစ် ကကဲ့သို့ပင် ဤညွှန်ကိန်းနှင့် ဆင်းရဲနွမ်းပါးမှုမှာ ပြောင်းပြန်ဆက်သွယ်မှုရှိပါသည်။ ဆိုလိုသည်မှာ ဆင်းရဲသူတွင် အချိုးအစားအရပိုမိုပြီး စီးပွားရေးအရ အလုပ်လုပ်ကိုင်သူ (စီးပွားရှာနိုင်သူ) အိမ်ထောင်စုဝင်ဦးရေများပြားခြင်းဖြစ်သည်။ ခြုံ၍ ဖော်ပြရပါလျှင် ဤကိန်းဂဏန်းအချက်အလက်များက ညွှန်ပြသည်မှာ ဆင်းရဲနွမ်းပါးမှုမှာ စီးပွားရေးအရ အလုပ်မလုပ်ကိုင်မှုကြောင့် မဟုတ်ပဲ စီးပွားရေးအရ အလုပ်လုပ်ကိုင်မှုနှင့် ဆက်နွယ်သည့် အကျိုးအမြတ် ရရှိမှု နိမ့်ကျခြင်းကြောင့်ဖြစ်ကြောင်း ညွှန်ပြပါသည်။ ဤဖြစ်စဉ်မှာ မြို့ပြဒေသများတွင်ပင် ဖြစ်ပေါ်လျှက် ရှိသည်။

၂၀၀၅ခုနှစ် ကကဲ့သို့ပင် ဆင်းရဲနွမ်းပါးမှုနှင့် အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုမှာ ပြောင်းပြန်ဆက်သွယ်မှု ရှိသည်။ ဆင်းရဲသူနှင့် မဆင်းရဲသူအတွက် အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုနှိုင်းယှဉ် အချိုးများမှာ ၁၈% နှင့် ၂၀.၅% အသီးသီး ရှိပါသည်။ ဤကဲ့သို့ဖြစ်ရခြင်းမှာ လွှဲပို့ငွေမှ ဝင်ငွေရရှိခြင်း (သို့မဟုတ်) အခြားသော အကြောင်းမှာ ချမ်းသာကြွယ်ဝသော အမျိုးသမီးများ၊ အဓိကအားဖြင့် မြို့ပြဒေသများတွင် နေထိုင်ကြသည့် ကြွယ်ဝသော အမျိုးသမီးများသည် ခင်ပွန်းသေဆုံးပြီး (သို့မဟုတ်) ခင်ပွန်းနှင့် ကွာရှင်းပြီးနောက် ဆွေမျိုးများနှင့် ပူးပေါင်းနေထိုင်သည်ထက် ကိုယ်တိုင်မိမိ အိမ်ထောင်စုကို ဦးဆောင်တည်ဆောက်နိုင်ခြင်းကြောင့် ဖြစ်ပါသည်။

ဇယား ၁၅ ။ အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများ (%)


| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | ၂၀၁၀ | | | | | ၂၀၀၅ စုစုပေါင်း |
|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | အလွှာ | | စုစုပေါင်း | |
| | ဆင်းရဲသူ | ဆင်းရဲသူ | မြို့ပြ | ကျေးလက် | | |
| ကချင် | ၂၇.၉ (၃.၁) | ၂၄.၀ (၂.၉) | ၃၆.၇ (၂.၄) | ၂၀.၉ (၁.၃) | ၂၅.၀ (၁.၈) | ၂၂.၈ (၃.၂) |
| ကယား | ၂၃.၂ (၁.၈) | ၁၇.၈ (၂.၄) | ၂၇.၁ (၆.၈) | ၁၂.၆ (၁.၄) | ၁၈.၂ (၂.၃) | ၁၈.၃ (၀.၂) |
| ကရင် | ၂၄.၅ (၃.၅) | ၂၁.၅ (၀.၈) | ၂၄.၈ (၂.၅) | ၂၁.၃ (၁.၀) | ၂၁.၉ (၁.၀) | ၁၈.၉ (၃.၁) |
| ချင်း | ၁၃.၆ (၂.၅) | ၁၆.၄ (၂.၄) | ၇.၈ (၂.၁) | ၁၆.၉ (၄.၃) | ၁၄.၆ (၂.၄) | ၁၀.၄ (၁.၇) |
| စစ်ကိုင်း | ၂၂.၃ (၄.၁) | ၂၁.၂ (၁.၁) | ၂၅.၂ (၂.၂) | ၂၀.၇ (၁.၀) | ၂၁.၃ (၀.၉) | ၁၇.၃ (၂.၈) |
| တနင်္သာရီ | ၂၄.၅ (၁.၂) | ၂၀.၅ (၃.၀) | ၁၈.၅ (၃.၃) | ၂၂.၅ (၂.၉) | ၂၁.၆ (၂.၅) | ၂၀.၂ (၀.၇) |
| ပဲခူး | ၁၉.၉ (၄.၅) | ၂၁.၈ (၂.၅) | ၂၇.၉ (၄.၈) | ၂၀.၅ (၂.၂) | ၂၁.၅ (၂.၃) | ၁၈.၂ (၀.၇) |
| - ပဲခူး (အရှေ့) | ၂၄.၇ (၇.၉) | ၂၆.၇ (၂.၈) | ၃၄.၈ (၄.၈) | ၂၄.၈ (၂.၅) | ၂၆.၄ (၂.၃) | ၂၀.၀ (၂.၇) |
| - ပဲခူး (အနောက်) | ၁၄.၀ (၂.၆) | ၁၆.၈ (၁.၂) | ၁၈.၁ (၁.၈) | ၁၆.၂ (၁.၂) | ၁၆.၄ (၁.၀) | ၁၅.၃ (၀.၇) |
| မကွေး | ၂၀.၁ (၂.၂) | ၂၁.၈ (၂.၀) | ၂၈.၅ (၂.၁) | ၂၀.၆ (၁.၉) | ၂၁.၄ (၁.၈) | ၂၀.၈ (၁.၁) |
| မန္တလေး | ၁၈.၃ (၁.၂) | ၂၃.၇ (၂.၁) | ၂၇.၃ (၂.၅) | ၂၀.၆ (၂.၀) | ၂၂.၅ (၁.၅) | ၂၀.၉ (၁.၆) |
| မွန် | ၁၉.၆ (၆.၀) | ၁၆.၁ (၁.၇) | ၂၀.၅ (၂.၁) | ၁၅.၅ (၂.၈) | ၁၆.၆ (၂.၃) | ၁၇.၃ (၃.၀) |
| ရခိုင် | ၁၈.၈ (၃.၅) | ၂၀.၉ (၁.၇) | ၂၂.၆ (၂.၂) | ၁၉.၄ (၂.၀) | ၂၀.၁ (၁.၇) | ၁၉.၅ (၁.၃) |
| ရန်ကုန် | ၁၉.၀ (၁.၀) | ၂၆.၁ (၁.၂) | ၂၈.၄ (၁.၃) | ၁၆.၁ (၂.၀) | ၂၅.၂ (၁.၁) | ၂၄.၄ (၂.၄) |
| ရှမ်း | ၁၃.၀ (၂.၅) | ၁၉.၂ (၁.၈) | ၂၇.၈ (၄.၀) | ၁၄.၀ (၂.၀) | ၁၇.၄ (၁.၉) | ၁၄.၃ (၁.၇) |
| - ရှမ်း (တောင်) | ၇.၁ (၂.၃) | ၁၆.၄ (၃.၀) | ၂၂.၁ (၁.၆) | ၁၁.၅ (၃.၅) | ၁၄.၆ (၄.၀) | ၁၁.၀ (၂.၁) |
| - ရှမ်း (မြောက်) | ၁၇.၃ (၁.၉) | ၂၄.၀ (၁.၈) | ၃၇.၀ (၅.၁) | ၁၇.၈ (၁.၃) | ၂၀.၇ (၂.၁) | ၁၈.၀ (၃.၁) |
| - ရှမ်း (အရှေ့) | ၁၀.၆ (၅.၆) | ၁၃.၈ (၄.၁) | ၂၆.၅ (၃.၂) | ၈.၅ (၃.၃) | ၁၂.၅ (၄.၇) | ၁၂.၈ (၃.၉) |
| ဧရာဝတီ | ၁၆.၄ (၁.၀) | ၁၇.၁ (၀.၅) | ၂၁.၈ (၁.၀) | ၁၅.၉ (၀.၅) | ၁၆.၉ (၀.၆) | ၁၄.၃ (၁.၂) |
| ပြည်ထောင်စု ၂၀၁၀ | ၁၈.၅ (၀.၈) | ၂၁.၅ (၀.၅) | ၂၆.၇ (၀.၈) | ၁၈.၇ (၀.၅) | ၂၀.၈ (၀.၄) | ၁၈.၉ (၀.၆) |
| ပြည်ထောင်စု ၂၀၀၅ | ၁၈.၃ (၀.၇) | ၁၉.၁ (၀.၇) | ၂၅.၁ (၁.၂) | ၁၆.၇ (၀.၇) | ၁၈.၉ (၀.၆) | |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

**UNDP Myanmar**
No. (6), Natmauk Road, P.O. Box (650)
Yangon, 11211, Myanmar
Phone: +95 1 542910~19
Email: registry.mm@undp.org
Website: www.mm.undp.org

# မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်း
# (၂၀၀၉ - ၂၀၁၀)

## ဆင်းရဲနွမ်းပါးမှု အခြေအနေ လေ့လာတင်ပြချက်



MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT

Sida unicef UNDP

၂၀၁၁ - ဇွန်လ

# ၄ ။ အိမ်ထောင်စုများ၏ စီးပွားရေးလုပ်ဆောင်ချက်များ

အပိုင်း ၄ မှာ အိမ်ထောင်စုများကို ဆက်စပ်သည့် လုပ်ငန်းအမျိုးအစားများ/ ကဏ္ဍများ (အပိုင်း ၄-၁)နှင့် အလုပ်အကိုင် အမျိုးအစားအလိုက်ခွဲခြားခြင်း (အပိုင်း ၄-၂)ဖြင့် စတင်ပါသည်။ ဆက်လက်၍ မြေယာပိုင်ဆိုင်မှုနှင့်မြေယာမဲ့မှုပြဿနာများ (အပိုင်း ၄-၃)၊ ချေးငွေလက်လှမ်းမီရရှိမှုနှင့် ကြွေးမြီပြဿနာများ (အပိုင်း ၄-၄) ကိုလည်းသုံးသပ်ဖော်ပြထားပါသည်။ နောက်ဆုံး(အပိုင်း ၄-၅)တွင် အဓိကတွေ့ရှိချက်များကို အကျဉ်းချုပ်ဖော်ပြထားပါသည်။

## ၄-၁ ။ လုပ်ငန်းအမျိုးအစား ခွဲခြားခြင်း

ဇယား ၁၆သည် အိမ်ထောင်စုဝင်များ၏အဓိကစီးပွားရေးလုပ်ဆောင်ချက်၏လုပ်ငန်းအမျိုးအစား ခွဲခြားခြင်းနှင့်ပတ်သက်သည့်ကိန်းဂဏန်းအချက်အလက်များကိုဆင်းရဲနွမ်းပါးမှုအခြေအနေအလွှာနှင့် ကျားမအလိုက်ခွဲခြားကာဖော်ပြထားပါသည်။ ဤကိန်းဂဏန်းအချက်အလက်များက မြန်မာနိုင်ငံ၏ လုပ်ငန်းများဖွဲ့စည်းမှုတစ်ခုလုံးခြုံငုံ၍လည်းကောင်း အထက်တွင်ဖော်ပြသည့် လူဦးရေအုပ်စုများကို အလေးထားပြီးသက်ဆိုင်သည့်ပြဿနာများကိုလည်းကောင်း အထူးမြင်သာစေရန် တင်ပြထားပါသည်။ မှတ်သားသင့်သောအချက်(၃)ချက်ရှိပါသည်။

(၁) ယေဘုယျအားဖြင့် စိုက်ပျိုးမွေးမြူရေး၊ အမဲလိုက်နှင့် သစ်တောလုပ်ငန်းသည် အကြီးမားဆုံးသောအလုပ်ပေးသည့် လုပ်ငန်းများဖြစ်၍ အလုပ်လုပ်ကိုင်သူစုစုပေါင်း၏ တစ်ဝက်ခန့် အလုပ်လုပ်ကိုင်လျက်ရှိပါသည်။ ကုန်ချောပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းမှာ သေးငယ်ပြီး အလုပ်လုပ်ကိုင်သူစုစုပေါင်း၏ ၆%ခန့်သာလုပ်ငန်းတွင် အလုပ်လုပ်ကိုင်လျက် ရှိပါသည်။ ကျန်အလုပ်လုပ်ကိုင်သူများမှာ အဆင့်နိမ့် ဝန်ဆောင်မှု ကဏ္ဍတွင် အလုပ်လုပ်လျက်ရှိကြပြီး ၎င်းတို့အနက် အဓိကကျသည့်အစိတ်အပိုင်းများမှာ လက်လီလက္ကားရောင်းဝယ်ခြင်း နှင့် ပြင်ဆင်ရေးလုပ်ငန်းများ (၁၀.၅%) အိမ်ထောင်စုများ၏ ပုဂ္ဂလိက အထွေထွေထုတ်လုပ်မှု လုပ်ငန်းများ(၇.၉%) ၊ ငွေးရမ်းခြင်းနှင့် စီးပွားရေးလုပ်ငန်းများ (၇.၁%) ဖြစ်ပါသည်။

(၂) စိုက်ပျိုးမွေးမြူရေးကဏ္ဍ၏ နှိုင်းယှဉ်မှုအရွယ်အစားမှာ ၂၀၀၅ခုနှစ်မှ စတင်၍ မပြောင်းလဲပဲရှိနေပြီး ဤအချက်က စီးပွားရေးဖွဲ့စည်းမှု ပြောင်းလဲခြင်း (သို့မဟုတ်) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ကုန်ချောပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများသို့ ရွှေ့ပြောင်းလုပ်ငန်း လုပ်ကိုင်ခြင်းများမရှိပဲ ရပ်တန့်နေသည့် သဘောပင်ဖြစ်သည်။ အထူးမှတ်သားထိုက်သည်မှာ ကုန်ချောပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၏ အရွယ်အစားမှာ ကျဆင်းလာပြီး အလုပ်လုပ်ကိုင်သူ စုစုပေါင်း၏ ၇.၄% မှ ၅.၉% သို့ လျော့နည်းလာပါသည်။ ဤအချက်က စက်မှုလုပ်ငန်းများ အမြန်ဖြစ်ပေါ်လာသည့် အရှေ့တောင်အာရှနိုင်ငံများ၏ အတွေ့အကြုံနှင့် လုံးလုံးလျားလျားဆန့်ကျင်နေပါသည်။[၁၉]

(၃) အပိုင်း ၂ တွင် ဆွေးနွေးခဲ့သည့်အတိုင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုအကြား ဆက်နွယ်မှုရှိပါသည်။ ဆင်းရဲသောအိမ်ထောင်စုများ၏ ၅၄%မှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွင် အလုပ်လုပ်ကိုင်ကြပြီးနှိုင်းယှဉ်ပါက မဆင်းရဲသောအိမ်ထောင်စုများ၏ ၄၉%မှာ ၎င်းလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ကြပါသည်။

စိုက်ပျိုးမွေးမြူရေးကဏ္ဍ၏ အရွယ်အစားနှင့် သေးငယ်ပြီးတိုးတက်မှုနှေးကွေးသည့် ကုန်ချောပစ္စည်းထုတ်လုပ်သည့်လုပ်ငန်း၊ များပြားလွန်းကဲသည့် အဆင့်နိမ့် ဝန်ဆောင်မှုကဏ္ဍလုပ်ငန်းများ တစ်ပြိုင် တည်း

[၁၉] ဥပမာအားဖြင့် ဗီယက်နမ်နိုင်ငံတွင် ကုန်ချောပစ္စည်းထုတ်လုပ်မှုလုပ်ငန်းရှိ အလုပ်လုပ်ကိုင်သူ အချိုးမှာ ၂၀၀၀ မှ ၂၀၀၅ခုနှစ် အတွင်း (၈.၇%) မှ (၁၂.၃%)အထိ တိုးမြင့်လာပါသည်။ Republic Of Vietman / General Statistics Office, Statistical Yearbooks Hanoi

ပေါင်းဆက်နေမှုမှာ အနည်းဆုံးကာလတို ဆင်းရဲနွမ်းပါးမှုလျှော့ချရေး မဟာဗျူဟာ အတွက် ကျေးလက်အခြေခံပြီး စိုက်ပျိုးမွေးမြူရေး ဦးဆောင်သည့်ဖွံ့ဖြိုးမှု၏ ဗဟိုအချက်အခြာကျမှုကို မှန်ကန်လုံလောက်သော အထောက်အထားအဖြစ် ဖော်ပြနေပါသည်။

## ၄-၂။ အလုပ်အကိုင်အမျိုးအစား

ဇယား ၁၇ သည် စီးပွားရေးအရအလုပ်လုပ်ကိုင်သည့် လူဦးရေအတွက် အဓိကအလုပ်အကိုင် အမျိုးအစားနှင့်ပတ်သက်သည့် ကိန်းဂဏန်းအချက်အလက်များကို ဖော်ပြပါသည်။ ဤကိန်းဂဏန်း အချက်အလက်များက မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုကို ဖော်ညွှန်းသည့်အလုပ်အကိုင် သဘာဝပြောင်းလဲမှုကို ညွှန်ပြပါသည်။ အရေးကြီးသော တွေ့ရှိချက် (၃) ရပ်ရှိပါသည်။

(၁) ကျေးလက်ဒေသများရှိ ကျပန်းလုပ်သားပမာဏမှာ မြင့်မားပြီး ၂၀%ရှိပါသည်။

(၂) ဆင်းရဲသူများတွင် ကျပန်းလုပ်သားသိသာစွာ တိုးတက်မှုရှိပြီး စီးပွားရေးအရ အလုပ်လုပ်ကိုင်သူဆင်းရဲသော အိမ်ထောင်စုဝင်များတွင် ၂၃% မှ ၂၈% အထိတိုးမြင့်လာပါသည်။ ယင်းပြောင်းလဲမှုမှာ အမျိုးသားနှင့် အမျိုးသမီး လုပ်သားများတွင်လည်း အလားတူ ဖြစ်ပေါ်၍ ကျေးလက်ဒေသများတွင် စုစည်းဖြစ်ပေါ်လျှက်ရှိပါသည်။

(၃) ဆင်းရဲသူများအကြား မိသားစုမှ ပါဝင်လုပ်ကိုင်သူများ အလိုက်သင့်ကျဆင်းလာပြီး ၁၇.၅% မှ ၁၂% အထိ ကျဆင်း လာပါသည်။ ကိုယ်ပိုင်လုပ်ငန်းကိုယ်တိုင်လုပ်သူများမှာ ဆင်းရဲသူများ၏ ၃၃% ရှိနေဆဲဖြစ်ပြီး အခစားလုပ်သားများမှာ ၁၆% မှ ၂၀% အထိ တိုးမြင့်လာပါသည်။ ကျေးလက်ဒေသများတွင် ကိုယ်ပိုင်လုပ်ငန်း ကိုယ်တိုင်လုပ်သူများနှင့် အခစား လုပ်သားများ၏ အချိုးအစားမှာ အမှန်ပင် တိုးမြင့်လာပါသည်။

သို့ဖြစ်ပါ၍ ဤကိန်းဂဏန်းအချက်အလက်များက ဆင်းရဲနွမ်းပါးမှု၏ (ကျပန်းလုပ်သားများကြောင့်) ကျပန်းသဘောဆန်လာမှုမှာ မိသားစုမှပါဝင်လုပ်ကိုင်သူများသည် ကျပန်းအလုပ်အကိုင်များသို့ ဝင်ရောက်လုပ်ကိုင်ခြင်း ဖြစ်သည်ဟု ညွှန်ပြထားပြီး ကိုယ်ပိုင် လုပ်ငန်းကိုယ်တိုင်လုပ်သူများ ကျဆင်းမှုနှင့် ဆက်နွယ်သည့် မြေယာမဲ့ခြင်းကြောင့်မဟုတ်ကြောင်း ဖော်ပြပါသည်(အပိုင်း ၄-၃ တွင်ကြည့်ပါ)။ အပိုင်း ၂ တွင် အလားတူ ညွှန်ပြအကြံပြု ဖော်ပြဆွေးနွေးထားသည့် ဆင်းရဲသူများအကြား စားသုံးမှုအသုံးစရိတ်တိုးတက်လာရခြင်းမှာလည်း အလုပ်သမားများသည် မိသားစုလုပ်ငန်းအပြင် ကျပန်းလုပ်ငန်းဖြင့် လုပ်ကိုင်ဖြည့်ဆည်း၍ အလုပ်ချိန်နှင့် လုပ်ငန်းကြိုးစားအားထုတ်မှု ပိုမိုလုပ်ကိုင်လာခြင်းကြောင့် ဖြစ်သည်ဟု ညွှန်ပြထားပါသည်။

ဇယား ၁၆ ။ စီးပွားရေးအရအလုပ်လုပ်ကိုင်သောလူဦးရေ၏လုပ်ငန်းအမျိုးအစားခွဲခြားမှု (%)

| လုပ်ငန်းအမျိုးအစား | ၂၀၁၀ | | | | | | | ၂၀၀၅ |
|---|---|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | အလွှာ | | ကျား/မ | | စုစုပေါင်း | စုစုပေါင်း |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | | |
| စိုက်ပျိုးမွေးမြူရေး၊ အမဲလိုက်နှင့် သစ်တောလုပ်ငန်း | ၅၄.၂ (၂.၁) | ၄၈.၉ (၁.၉) | ၇.၁ (၀.၈) | ၆၃.၈ (၁.၄) | ၅၂.၃ (၁.၈) | ၄၇.၄ (၁.၈) | ၅၀.၂ (၁.၈) | ၅၀.၂ (၂.၀) |
| ငါးဖမ်းခြင်း | ၃.၄ (၀.၆) | ၁.၇ (၀.၂) | ၀.၉ (၀.၁) | ၂.၅ (၀.၃) | ၃.၂ (၀.၄) | ၀.၇ (၀.၁) | ၂.၂ (၀.၃) | ၂.၈ (၀.၄) |
| ဓါတ်သတ္တု၊ ရွှေငွေနှင့် ကျောက်မျက်ရတနာ တူးဖော်ခြင်းနှင့် ရှာဖွေခြင်း | ၁.၇ (၀.၃) | ၁.၅ (၀.၃) | ၁.၆ (၀.၃) | ၁.၆ (၀.၃) | ၂.၂ (၀.၃) | ၀.၇ (၀.၁) | ၁.၆ (၀.၂) | ၁.၂ (၀.၂) |
| ကုန်ချောပစ္စည်းထုတ်လုပ်ခြင်း | ၆.၃ (၀.၈) | ၅.၈ (၀.၅) | ၉.၈ (၀.၈) | ၄.၇ (၀.၅) | ၅.၀ (၀.၄) | ၇.၂ (၀.၈) | ၅.၉ (၀.၅) | ၇.၄ (၀.၆) |
| လျှပ်စစ်၊ ဓါတ်ငွေ့နှင့် ရေရရှိရေးလုပ်ငန်း | ၀.၅ (၀.၂) | ၀.၅ (၀.၁) | ၁.၂ (၀.၂) | ၀.၃ (၀.၀) | ၀.၇ (၀.၁) | ၀.၂ (၀.၀) | ၀.၅ (၀.၁) | ၀.၃ (၀.၁) |
| ဆောက်လုပ်ရေး | ၄.၆ (၀.၅) | ၃.၈ (၀.၄) | ၅.၈ (၀.၇) | ၃.၄ (၀.၄) | ၆.၁ (၀.၆) | ၁.၁ (၀.၁) | ၄.၀ (၀.၄) | ၂.၇ (၀.၃) |
| လက်လီလက္ကား ရောင်းဝယ်ခြင်း၊ မော်တော်ယဉ်၊ မော်တော်ဆိုင်ကယ်၊ လူသုံး၊ အိမ်သုံးပစ္စည်း ကုန်ပစ္စည်းများပြုပြင်ခြင်း | ၇.၀ (၀.၅) | ၁၁.၇ (၀.၆) | ၂၂.၉ (၀.၇) | ၆.၆ (၀.၄) | ၈.၀ (၀.၅) | ၁၃.၉ (၀.၆) | ၁၀.၅ (၀.၆) | ၁၁.၆ (၀.၆) |
| ဟော်တယ်နှင့် စားသောက်ဆိုင်လုပ်ငန်းများ | ၁.၃ (၀.၂) | ၁.၄ (၀.၂) | ၂.၆ (၀.၃) | ၀.၉ (၀.၁) | ၁.၃ (၀.၁) | ၁.၄ (၀.၂) | ၁.၃ (၀.၁) | ၀.၉ (၀.၁) |
| သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ပို့ဆောင်ခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ | ၂.၈ (၀.၄) | ၄.၁ (၀.၄) | ၈.၉ (၀.၈) | ၂.၂ (၀.၂) | ၆.၁ (၀.၅) | ၀.၇ (၀.၁) | ၃.၈ (၀.၃) | ၃.၃ (၀.၃) |
| ဘဏ္ဍာရေးဆိုင်ရာ ကြားခံအဖွဲ့အစည်းများနှင့် အလားတူလုပ်ဆောင်သူများ | ၀.၁ (၀.၀) | ၀.၂ (၀.၀) | ၀.၆ (၀.၁) | ၀.၁ (၀.၀) | ၀.၁ (၀.၀) | ၀.၃ (၀.၁) | ၀.၂ (၀.၀) | ၀.၂ (၀.၀) |
| အိမ်ခြံမြေ ငှားရမ်းခြင်းနှင့် ရောင်းဝယ်ခြင်းလုပ်ငန်း | ၅.၁ (၀.၅) | ၇.၈ (၀.၅) | ၁၅.၁ (၁.၃) | ၄.၆ (၀.၃) | ၄.၄ (၀.၄) | ၁၀.၈ (၀.၆) | ၇.၁ (၀.၄) | ၅.၈ (၀.၇) |
| ပြည်သူ့အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် လူမှုဖူလုံရေး | ၀.၆ (၀.၁) | ၁.၆ (၀.၂) | ၄.၀ (၀.၄) | ၀.၅ (၀.၁) | ၁.၅ (၀.၂) | ၁.၁ (၀.၁) | ၁.၃ (၀.၂) | ၂.၀ (၀.၄) |
| ပညာရေး | ၁.၀ (၀.၁) | ၃.၂ (၀.၂) | ၅.၆ (၀.၅) | ၁.၈ (၀.၁) | ၁.၀ (၀.၁) | ၄.၉ (၀.၃) | ၂.၇ (၀.၂) | ၂.၀ (၀.၁) |
| ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာလုပ်ဆောင်မှုများ | ၀.၄ (၀.၁) | ၀.၈ (၀.၁) | ၁.၆ (၀.၂) | ၀.၄ (၀.၀) | ၀.၆ (၀.၁) | ၀.၈ (၀.၁) | ၀.၇ (၀.၁) | ၅.၆ (၀.၄) |
| အခြားသော ပုဂ္ဂလိက အိမ်ထောင်စုကိုယ်ပိုင်ကိုယ်တိုင်လုပ်သည့်လုပ်ငန်းနှင့် အထွေထွေ ကုန်ထုတ်လုပ်ငန်း လုပ်ဆောင်မှုများ | ၁၀.၈ (၁.၆) | ၆.၉ (၀.၄) | ၁၂.၁ (၀.၈) | ၆.၆ (၀.၈) | ၇.၃ (၀.၇) | ၈.၇ (၀.၇) | ၇.၉ (၀.၆) | ၁.၅ (၀.၂) |
| နိုင်ငံတကာ အဖွဲ့အစည်းနှင့် လက်အောက်ခံအဖွဲ့အစည်းများ | ၀.၁ (၀.၀) | ၀.၁ (၀.၀) | ၀.၃ (၀.၁) | ၀.၁ (၀.၀) | ၀.၁ (၀.၀) | ၀.၁ (၀.၀) | ၀.၁ (၀.၀) | ၀.၀ (၀.၀) |
| စုစုပေါင်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၁၇ ။ စီးပွားရေးအရအလုပ်လုပ်ကိုင်သော လူဦးရေ၏ အလုပ်အကိုင်အမျိုးအစားခွဲခြားမှု (%)

| အလုပ်အကိုင်အမျိုးအစား | ၂၀၁၀ | | | | | | | ၂၀၀၅ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | အလွှာ | | ကျား/မ | | စုစုပေါင်း | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | အလွှာ | | ကျား/မ | | စုစုပေါင်း |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | |
| အလုပ်ရှင် | ၂.၅ (၀.၃) | ၆.၄ (၀.၄) | ၆.၄ (၀.၅) | ၅.၁ (၀.၄) | ၆.၄ (၀.၄) | ၄.၁ (၀.၃) | ၅.၄ (၀.၃) | ၅.၁ (၀.၃) | ၁၀.၉ (၀.၅) | ၈.၉ (၀.၈) | ၉.၁ (၀.၅) | ၅.၉ (၀.၅) | ၂.၉ (၀.၃) | ၉.၁ (၀.၄) |
| ကိုယ်ပိုင်လုပ်ငန်းကိုယ်တိုင်လုပ်ကိုင်သူ | ၃၃.၂ (၁.၇) | ၄၂.၉ (၁.၀) | ၃၇.၀ (၁.၃) | ၄၁.၅ (၁.၁) | ၄၀.၉ (၁.၀) | ၃၉.၈ (၁.၂) | ၄၀.၄ (၁.၀) | ၃၃.၃ (၁.၄) | ၃၇.၉ (၁.၀) | ၃၂.၃ (၁.၂) | ၃၇.၈ (၁.၁) | ၄၀.၀ (၁.၀) | ၃၈.၅ (၁.၃) | ၃၆.၄ (၀.၉) |
| အခစားလုပ်သား | ၁၉.၆ (၁.၅) | ၁၈.၁ (၁.၃) | ၃၆.၂ (၂.၅) | ၁၂.၉ (၀.၉) | ၁၈.၇ (၁.၃) | ၁၈.၃ (၁.၃) | ၁၈.၅ (၁.၃) | ၁၆.၁ (၁.၃) | ၁၈.၄ (၁.၆) | ၃၄.၉ (၂.၈) | ၁၁.၉ (၀.၈) | ၂၀.၈ (၁.၃) | ၁၉.၆ (၁.၃) | ၁၇.၆ (၁.၃) |
| ကုန်ထုတ် သမဝါယမ အသင်းဝင် | ၀.၀ (၀.၀) | ၀.၀ (၀.၀) | ၀.၁ (၀.၀) | ၀.၀ (၀.၀) | ၀.၀ (၀.၀) | ၀.၀ (၀.၀) | ၀.၀ (၀.၀) | ၀.၂ (၀.၁) | ၀.၂ (၀.၁) | ၀.၂ (၀.၁) | ၀.၂ (၀.၁) | ၀.၀ (၀.၀) | ၀.၁ (၀.၀) | ၀.၂ (၀.၁) |
| မိသားစုမှ ပါဝင်လုပ်ကိုင်သူ | ၁၁.၉ (၀.၇) | ၁၅.၃ (၁.၁) | ၉.၄ (၁.၂) | ၁၆.၁ (၁.၁) | ၁၁.၅ (၀.၈) | ၁၈.၅ (၁.၄) | ၁၄.၅ (၁.၀) | ၁၇.၄ (၁.၃) | ၁၆.၆ (၁.၁) | ၁၁.၅ (၁.၃) | ၁၈.၇ (၁.၂) | ၁၂.၄ (၀.၉) | ၂၁.၁ (၁.၈) | ၁၆.၉ (၁.၀) |
| ကျပန်းအလုပ်သမား | ၂၈.၁ (၁.၈) | ၁၄.၅ (၀.၈) | ၇.၇ (၀.၇) | ၂၀.၂ (၁.၁) | ၁၉.၀ (၁.၀) | ၁၆.၆ (၁.၀) | ၁၈.၀ (၁.၀) | ၂၂.၉ (၁.၀) | ၁၂.၅ (၀.၇) | ၇.၇ (၀.၇) | ၁၈.၆ (၀.၈) | ၁၇.၆ (၁.၁) | ၁၅.၄ (၁.၁) | ၁၅.၉ (၀.၇) |
| ခွဲခြားမဖော်ပြနိုင်သောအလုပ်သမားများ | ၄.၆ (၀.၄) | ၂.၇ (၀.၂) | ၃.၂ (၀.၄) | ၃.၂ (၀.၃) | ၃.၅ (၀.၃) | ၂.၇ (၀.၂) | ၃.၂ (၀.၂) | ၅.၀ (၀.၅) | ၃.၄ (၀.၃) | ၄.၄ (၀.၅) | ၃.၇ (၀.၃) | ၃.၃ (၀.၄) | ၂.၅ (၀.၂) | ၃.၉ (၀.၃) |
| **၂၀၁၀ စုစုပေါင်း** | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၄-၃ ။ လယ်ယာစိုက်ပျိုးမြေ

ဆင်းရဲနွမ်းပါးမှုနှင့် လယ်ယာစိုက်ပျိုးရေးအချင်းချင်း ဆက်သွယ်နေသဖြင့် မြေယာပိုင်ဆိုင်မှုမေးခွန်းမှာ အလေးအနက်ထားရန်လိုအပ်လာပါသည်။ မြေယာအားစိုက်ပျိုးမည် (သို့မဟုတ်) ငှားရမ်းမည်ဆိုပါက မြေယာသည်ဝင်ငွေရရှိသော ပိုင်ဆိုင်ပစ္စည်းတစ်ခုဖြစ်သကဲ့သို့ ချေးငွေရရှိရန်အတွက် အပေါင်ခံပစ္စည်း ဇာစ်မြစ်တစ်ခုလည်းဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးမှု ရှုထောင့်အမြင်မှ ရှုမြင်ပါက အရေးကြီးသော အချက် နှစ်ချက်အဖြစ် ပျမ်းမျှလယ်ယာမြေအရွယ် နှင့် မြေယာမဲ့မှုအတိုင်းအတာ တို့ပါဝင်သည်။

ဇယား ၁၈ သည် တောင်သူလယ်သမားအိမ်ထောင်စုများ ပိုင်ဆိုင်သည့်ပျမ်းမျှလယ်ယာ အရွယ်ကို ဖော်ပြပါသည်။ အချက် (၆) ချက်မှာ မှတ်သားရန် ဆက်စပ်လျက်ရှိပါသည်။

(၁) ပျမ်းမျှလယ်ယာမြေအရွယ် ၆.၇ ဧက (၂.၇၁ ဟတ်တာ) မှာ အရှေ့တောင်အာရှ အဆင့်အတန်း[၂၀]အရ သင့်တင့်မျှတသော်လည်း နိုင်ငံတကာအဆင့်အရ သေးငယ်ပါသည်။

(၂) ၂၀၀၅ ခုနှစ်မှ စတင်၍ ပျမ်းမျှမြေဧရိယာအရွယ်မှာ ၆.၁ ဧက မှ အနည်းငယ် တိုးတက်လာသော်လည်း စာရင်းအင်းသဘာအရ အရေးမပါလှပါ။

(၃) ဆင်းရဲသောအိမ်ထောင်စုများမှာ မဆင်းရဲသောအိမ်ထောင်စုများထက် သိသာစွာသေးငယ်သော ပျမ်းမျှလယ်ယာမြေ အရွယ်ပိုင်ဆိုင်ပြီး ၄.၄ဧက နှင့် ၇.၃ဧက အသီးသီးဖြစ်ပြီး နှိုင်းယှဉ်ပါက ၂၀၀၅ခုနှစ်တွင် ၄.၁ဧက နှင့် ၆.၉ဧက အသီးသီးရှိပါသည်။

(၄) ၂၀၀၅ခုနှစ်မှ စတင်၍ ဆင်းရဲသူနှင့် မဆင်းရဲသူ ပိုင်ဆိုင်သည့် ပျမ်းမျှမြေဧရိယာ ကွာခြားချက်မှာ မြင့်မားလာပါသည်။

(၅) ဇယား ၁၉ ပါ အချက်အလက်များအရ ခြုံငုံအနေအထားတွင် လယ်ယာမြေအရွယ် ပြန့်ချက်မှာ ဆိုးရွားလှသည်မဟုတ်ပါ။ စားသုံးမှု ဆယ်စိတ်တစ်စိတ် (အိမ်ထောင်စုများ)၏ မြေယာပိုင်ဆိုင်မှုအရွယ် ပြောင်းလဲမှုများရှိပါသည်။ ယေဘုယျအားဖြင့် အောက်ပိုင်းနှင့် အလယ်ပိုင်းရှိ ဆယ်စိတ်တစ်စိတ် (အိမ်ထောင်စုများ)မှာ ပျမ်းမျှမြေအရွယ် ကြီးမြင့်လာမှုသည် အထက်ပိုင်း ဆယ်စိတ်တစ်စိတ် (အိမ်ထောင်စုများ) ထက် ပိုမိုလျင်မြန်စွာ ကြီးမြင့်လာပါသည်။

(၆) ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား သိသာသောကွာခြားချက်များရှိပါသည်။ အကြီးမားဆုံးသော ပျမ်းမျှမြေယာအရွယ်ကို ဧရာဝတီတိုင်းဒေသကြီး (၁၁.၂ ဧက)နှင့် ရန်ကုန်တိုင်းဒေသကြီး (၉.၃ဧက) တို့တွင် တွေ့ရှိရပြီး အသေးငယ်ဆုံးသော ပျမ်းမျှမြေဧရိယာအရွယ်ကို ချင်းပြည်နယ် (၁.၇ဧက) တွင် တွေ့ရှိရပါသည်။

အချုပ်အားဖြင့် သေးငယ်သောပျမ်းမျှမြေယာအရွယ်မှာ ဆင်းရဲနွမ်းပါးမှုနှင့် ဆက်စပ်မှုရှိပါသည်။ ဤမြေယာ အရွယ်မှာ ၂၀၀၅ခုနှစ် မှ စတင်၍ စားသုံးမှုဆယ်စိတ်တစ်စိတ် အိမ်ထောင်စုများ (အဆင်းရဲဆုံး အပါအဝင်) အကြား မပြောင်းမလဲ တည်ငြိမ်လျက် ရှိပါသည်။

ဇယား ၂၀ က လယ်ယာစိုက်ပျိုးရေးတွင် မြေယာမဲ့မှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်ကို ဖော်ပြပါသည်။ မြေယာမဲ့သူများကို မည်သည့်လယ်ယာစိုက်ပျိုးမြေကိုမျှ ပိုင်ဆိုင်ခြင်းမရှိသော လယ်ယာစိုက်ပျိုးခြင်းကို

---

[၂၀] ဥပမာအားဖြင့် FAO လယ်ယာလုပ်ငန်း သန်းခေါင်စာရင်းအရ ၁၉၉၀ ခုနှစ်၏ ရွေးချယ်ထားသော အရှေ့တောင်အာရှနိုင်ငံများ၏ ပျမ်းမျှလယ်ယာမြေအရွယ် (ဟက်တာ) မှာ အင်ဒိုနီးရှားတွင် (၀.၈၇)၊ ကိုရီးယား (၁.၀၅)၊ လာအို (၁.၅၇)၊ ထိုင်း (၃.၃၆) ရှိပါသည်။ (Eastwood R and M.Lipton, 2004, 'Farm Size', University of Sussex, mimeo)

အဓိကစီးပွားရေးလုပ်ဆောင်ချက်အဖြစ် လုပ်ကိုင်သည့်အိမ်ထောင်စုများတွင် ပါဝင်သူများအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ မြေယာမဲ့သူများတွင် ကျပန်းလုပ်သားများ၊ လယ်ယာလုပ်သားများနှင့် ကန်ထရိုက်လယ်သမားများ စသည်တို့ ပါဝင်ကြပါသည်။

(၁) မြေယာမဲ့မှုမှာ လယ်ယာစိုက်ပျိုးရေးကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ၏ ၂၄% ရှိပြီး ထူးခြားဖြစ်စဥ်တစ်ခုဖြစ်ပါသည်။
(၂) ဤနှုန်းမှာ ၂၀၀၅ခုနှစ်၏ ၂၆%မှ ကျဆင်းလာပြီး စာရင်းအင်းသဘောအရ အရေးပါခြင်းမရှိပါ။
(၃) ဤနှုန်းမှာ ဆင်းရဲသောအိမ်ထောင်စုများတွင် မဆင်းရဲသောအိမ်ထောင်စုများထက် ပိုမိုမြင့်မားပြီး ၃၄% နှင့် ၁၉% အသီးသီးရှိပါသည်။ အထက်ပါ ဇယား ၁၇ ၏ ဖော်ပြချက်အရ များပြားသည့် မြေယာမဲ့များမှာ လယ်ယာစိုက်ပျိုးရေးတွင် ကျပန်းလုပ်သားများအဖြစ် အလုပ်လုပ်ကိုင်သည်ဟု ညွှန်ပြထားပါသည်။
(၄) ဆင်းရဲသောအိမ်ထောင်စုများ၏ မြေယာမဲ့နှုန်းမှာ ၂၀၀၅ခုနှစ်နှင့် နှိုင်းယှဥ်ပါက ၃၂% မှ ၃၄%သို့ အနည်းငယ်တိုးမြင့်လာပြီး ဤကွာခြားချက်မှာ စာရင်းအင်းသဘောအရ အရေးမပါပါ။
(၅) ဇယား ၂၁ ၏ စားသုံးမှုဆယ်စိတ်တစ်စိတ် (အိမ်ထောင်စုများ) ဆန်းစစ်မှုကဖော်ပြသည်မှာ အဆင်းရဲဆုံး ဆယ်စိတ်တစ်စိတ် (အိမ်ထောင်စု)တွင် မြေယာမဲ့နှုန်းမှာ ၃၄% မှ ၃၈% သို့ တိုးမြင့်လာပြီး ဤကွာခြားချက်မှာ စာရင်းအင်းသဘောအရ အရေးမပါပါ။
(၆) ပြည်နယ်နှင့် တိုင်းဒေသကြီးများ အကြားသိသာသည့် ကွဲပြားခြားနားမှုများရှိပြီး အမြင့်ဆုံး မြေယာမဲ့နှုန်းများကို ပဲခူးတိုင်းဒေသကြီး (၄၁%)၊ ရန်ကုန်တိုင်းဒေသကြီး (၃၉%) နှင့် ဧရာဝတီတိုင်းဒေသကြီး (၃၃%) တို့တွင်တွေ့ရှိရပါသည်။

အချုပ်အားဖြင့် မြေယာမဲ့မှုသည် ဆင်းရဲနွမ်းပါးမှုနှင့် ဆက်စပ်ပြီး အချိန်ကာလတစ်လျှောက် တိုးမြင့်လာပါသည်။ အထူးသဖြင့် အဆင်းရဲဆုံးအုပ်စုများတွင် တိုးမြင့်လာခြင်းဖြစ်သည်။ ဤတွေ့ရှိချက်က ဇယား ၁၇ ၏ အလုပ်အကိုင်အမျိုးအစားဆိုင်ရာ ရလဒ်များအတွက် အလွန်သိမ်မွေ့သည့် ကွဲပြားချက် ရှိသော အဓိပ္ပါယ်ဖော်ဆောင်ချက် ဖြစ်ကြောင်းညွှန်ပြပါသည်။ ဆင်းရဲနွမ်းပါးခြင်း "ကျပန်းသဘော ဆန်လာမှု" (ကျပန်းလုပ်သားများပြားလာခြင်း)မှာ အဓိက မြေယာမဲ့များ တိုးမြင့်လာခြင်းကြောင့် မဟုတ် သော်လည်း အဆင်းရဲဆုံးအုပ်စုများ အကြားတွင်မူ မြေယာမဲ့ခြင်းသည် (ဆင်းရဲစေရန်) ပံ့ပိုးသည့် အကြောင်း အချက်တစ်ခုဖြစ်သည်။

ဇယား ၁၈ ။ တောင်သူလယ်သမားအိမ်ထောင်စုများ ပိုင်ဆိုင်သည့် ပျမ်းမျှလယ်ယာမြေဧရိယာ (ဧက)

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | ၂၀၁၀ | | | ၂၀၀၅ စုစုပေါင်း | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ |
|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | | | |
| | ဆင်းရဲသူ | မဆင်းရဲသူ | စုစုပေါင်း | | |
| ကချင် | ၄.၂ (၀.၆) | ၆.၉ (၁.၇) | ၆.၁ (၁.၄) | ၃.၃ (၀.၅) | ၈၅.၄ |
| ကယား | ၄.၇ (၀.၄) | ၅.၀ (၀.၀) | ၅.၀ (၀.၀) | ၃.၆ (၂.၀) | ၄၁.၀ |
| ကရင် | ၃.၇ (၀.၅) | ၄.၉ (၀.၆) | ၄.၈ (၀.၆) | ၃.၇ (၀.၆) | ၃၀.၄ |
| ချင်း | ၁.၇ (၀.၃) | ၁.၈ (၀.၄) | ၁.၇ (၀.၃) | ၀.၆ (၀.၀) | ၂၀၆.၁ |
| စစ်ကိုင်း | ၅.၆ (၀.၈) | ၈.၀ (၀.၄) | ၇.၈ (၀.၄) | ၇.၉ (၁.၂) | -၁.၆ |
| တနင်္သာရီ | ၅.၇ (၀.၆) | ၈.၄ (၁.၄) | ၇.၇ (၁.၀) | ၃.၉ (၀.၅) | ၉၆.၅ |
| ပဲခူး | ၄.၉ (၀.၉) | ၇.၉ (၁.၃) | ၇.၇ (၁.၂) | ၅.၈ (၀.၇) | ၃၂.၇ |
| - ပဲခူး (အရှေ့) | ၅.၁ (၀.၃) | ၉.၆ (၁.၆) | ၉.၂ (၀.၃) | ၆.၉ (၁.၃) | ၃၄.၀ |
| - ပဲခူး (အနောက်) | ၄.၅ (၁.၀) | ၆.၅ (၁.၇) | ၆.၄ (၁.၅) | ၄.၉ (၀.၄) | ၂၉.၈ |
| မကွေး | ၃.၇ (၀.၅) | ၅.၈ (၀.၅) | ၅.၄ (၀.၄) | ၅.၂ (၀.၄) | ၅.၃ |
| မန္တလေး | ၄.၄ (၀.၅) | ၆.၅ (၀.၆) | ၆.၀ (၀.၅) | ၅.၅ (၀.၃) | ၉.၄ |
| မွန် | ၅.၆ (၀.၇) | ၈.၇ (၁.၇) | ၈.၄ (၁.၅) | ၆.၁ (၀.၀) | ၃၈.၉ |
| ရခိုင် | ၄.၂ (၁.၄) | ၄.၆ (၀.၅) | ၄.၅ (၀.၇) | ၄.၁ (၀.၅) | ၉.၅ |
| ရန်ကုန် | ၅.၇ (၀.၀) | ၁၀.၁ (၁.၅) | ၉.၃ (၀.၅) | ၇.၃ (၀.၈) | ၂၇.၉ |
| ရှမ်း | ၃.၇ (၀.၂) | ၄.၄ (၀.၇) | ၄.၁ (၀.၅) | ၂.၆ (၀.၃) | ၅၆.၅ |
| - ရှမ်း (တောင်) | ၄.၀ (၀.၁) | ၄.၀ (၀.၈) | ၄.၀ (၀.၆) | ၃.၂ (၀.၆) | ၂၄.၁ |
| - ရှမ်း (မြောက်) | ၃.၇ (၀.၃) | ၅.၂ (၁.၁) | ၄.၆ (၀.၇) | ၂.၂ (၀.၃) | ၁၀၆.၁ |
| - ရှမ်း (အရှေ့) | ၃.၂ (၀.၄) | ၃.၀ (၀.၂) | ၃.၁ (၀.၂) | ၂.၁ (၀.၄) | ၄၄.၅ |
| ဧရာဝတီ | ၅.၅ (၀.၈) | ၁၀.၃ (၁.၀) | ၉.၃ (၁.၀) | ၁၁.၂ (၂.၈) | -၁၆.၉ |
| ပြည်ထောင်စု ၂၀၁၀ | ၄.၄ (၀.၂) | ၇.၃ (၀.၃) | ၆.၇ (၀.၂) | ၆.၁ (၀.၄) | ၉.၄ |
| ပြည်ထောင်စု ၂၀၀၅ | ၄.၁ (၀.၂) | ၆.၉ (၀.၆) | ၆.၁ (၀.၄) | | |
| ပြောင်းလဲမှု (%) | ၈.၄ | ၄.၆ | ၉.၄ | | |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၁၉ ။ စားသုံးမှု ဆယ်စိတ်တစ်စိတ် အိမ်ထောင်စုများအရ ပိုင်ဆိုင်သည့် ပျမ်းမျှလယ်ယာမြေဧရိယာ (ဧက)

| စားသုံးမှု ဆယ်စိတ်တစ်စိတ် အိမ်ထောင်စုများ | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ |
|---|---|---|---|
| ပထမ ဆယ်စိတ်တစ်စိတ် (အနိမ့်ဆုံး ၁၀%) | ၃.၁၇ (၀.၁၈) | ၃.၈၈ (၀.၂၁) | ၂၂ |
| **ဒုတိယ ဆယ်စိတ်တစ်စိတ်** | **၄.၁၄ (၀.၁၈)** | **၄.၆၀ (၀.၂၃)** | **၁၁** |
| တတိယ ဆယ်စိတ်တစ်စိတ် | ၄.၉၁ (၀.၃၈) | ၅.၃၇ (၀.၃၄) | ၉ |
| **စတုတ္ထ ဆယ်စိတ်တစ်စိတ်** | **၄.၉၄ (၀.၃၂)** | **၅.၇၆ (၀.၃၂)** | **၁၇** |
| **ပဉ္စမ ဆယ်စိတ်တစ်စိတ်** | **၅.၁၀ (၀.၂၉)** | **၆.၂၂ (၀.၃၆)** | **၂၂** |
| **ဆဋ္ဌမ ဆယ်စိတ်တစ်စိတ်** | **၆.၁၄ (၀.၄၉)** | **၇.၀၄ (၀.၃၂)** | **၁၅** |
| သတ္တမ ဆယ်စိတ်တစ်စိတ် | ၆.၁၂ (၀.၃၅) | ၇.၂၇ (၀.၄၃) | ၁၉ |
| **အဋ္ဌမ ဆယ်စိတ်တစ်စိတ်** | **၉.၂၈ (၂.၀၀)** | **၇.၉၀ (၀.၃၈)** | **-၁၅** |
| နဝမ ဆယ်စိတ်တစ်စိတ် | ၈.၀၇ (၀.၆၆) | ၉.၅၃ (၁.၀၁) | ၁၈ |
| **ဒသမ ဆယ်စိတ်တစ်စိတ် (အမြင့်ဆုံး ၁၀%)** | **၁၂.၁၃ (၃.၂၉)** | **၁၀.၁၂ (၀.၉၄)** | **-၁၇** |
| ပြည်ထောင်စု | ၆.၁၁ (၀.၄၃) | ၆.၆၉ (၀.၂၃) | ၁၀ |

ရင်းမြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၂၀ ။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ မြေယာမဲ့နှုန်း

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | ၂၀၁၀ | | | ၂၀၀၅ |
|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | စုစုပေါင်း | စုစုပေါင်း |
| | ဆင်းရဲသူ | မဆင်းရဲသူ | | |
| ကချင် | ၂၁.၄ (၃.၂) | ၁၅.၀ (၂.၁) | ၁၇.၂ (၂.၄) | ၂၅.၆ (၂.၄) |
| ကယား | ၂၄.၅ (၉.၈) | ၁၀.၈ (၀.၂) | ၁၂.၇ (၁.၅) | ၁၁.၁ (၁.၃) |
| ကရင် | ၁၅.၀ (၄.၇) | ၁၁.၀ (၀.၈) | ၁၁.၇ (၀.၃) | ၁၆.၄ (၉.၆) |
| ချင်း | ၈.၄ (၅.၀) | ၇.၀ (၃.၀) | ၈.၁ (၄.၇) | ၁၀.၂ (၃.၅) |
| စစ်ကိုင်း | ၃၀.၃ (၄.၉) | ၁၂.၈ (၁.၄) | ၁၅.၃ (၁.၈) | ၁၅.၆ (၂.၅) |
| တနင်္သာရီ | ၃၉.၆ (၁၀.၉) | ၁၀.၂ (၂.၁) | ၂၀.၃ (၆.၈) | ၂၅.၅ (၅.၉) |
| ပဲခူး | ၆၉.၆ (၅.၂) | ၃၅.၄ (၂.၀) | ၄၀.၇ (၂.၉) | ၄၀.၉ (၃.၆) |
| - ပဲခူး (အရှေ့) | ၆၄.၄ (၉.၂) | ၃၆.၈ (၄.၆) | ၄၀.၉ (၅.၅) | ၄၅.၆ (၃.၇) |
| - ပဲခူး (အနောက်) | ၇၅.၈ (၄.၃) | ၃၄.၄ (၂.၃) | ၃၉.၈ (၂.၄) | ၃၆.၁ (၁.၆) |
| မကွေး | ၃၃.၄ (၃.၆) | ၁၉.၄ (၄.၂) | ၂၃.၁ (၃.၈) | ၂၆.၂ (၃.၈) |
| မန္တလေး | ၃၁.၈ (၅.၄) | ၁၉.၀ (၅.၂) | ၂၃.၀ (၄.၅) | ၂၄.၃ (၂.၃) |
| မွန် | ၄၉.၉ (၁၉.၄) | ၂၀.၁ (၄.၂) | ၂၄.၉ (၅.၉) | ၂၄.၉ (၁.၉) |
| ရခိုင် | ၃၄.၀ (၉.၀) | ၁၇.၈ (၄.၃) | ၂၄.၆ (၅.၃) | ၃၁.၅ (၁.၃) |
| ရန်ကုန် | ၅၇.၅ (၄.၇) | ၂၉.၅ (၅.၀) | ၃၉.၄ (၅.၈) | ၅၁.၂ (၂.၂) |
| ရှမ်း | ၇.၀ (၂.၇) | ၆.၃ (၁.၁) | ၆.၆ (၁.၄) | ၉.၉ (၁.၄) |
| - ရှမ်း (တောင်) | ၇.၄ (၄.၆) | ၇.၈ (၀.၃) | ၇.၇ (၁.၆) | ၁၀.၀ (၁.၈) |
| - ရှမ်း (မြောက်) | ၈.၅ (၃.၈) | ၆.၀ (၂.၉) | ၇.၂ (၂.၆) | ၁၀.၆ (၂.၇) |
| - ရှမ်း (အရှေ့) | ၂.၁ (၁.၇) | ၁.၈ (၀.၄) | ၁.၉ (၀.၉) | ၇.၆ (၃.၀) |
| ဧရာဝတီ | ၅၀.၄ (၈.၀) | ၂၄.၂ (၃.၈) | ၃၂.၆ (၅.၁) | ၃၂.၃ (၃.၂) |
| ပြည်ထောင်စု ၂၀၁၀ | ၃၃.၆ (၂.၇) | ၁၉.၈ (၀.၂) | ၂၃.၆ (၁.၃) | ၂၅.၇ (၁.၀) |
| ပြည်ထောင်စု ၂၀၀၅ | ၃၁.၈ (၂.၀) | ၂၂.၀ (၁.၁) | ၂၅.၇ (၁.၀) | |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၂၁ ။စားသုံးမှုဆယ်စိတ်တစ်စိတ်အိမ်ထောင်စုများအရလယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ မြေယာမဲ့နှုန်း

| စားသုံးမှု ဆယ်စိတ်တစ်စိတ် အိမ်ထောင်စုများ | ၂၀၀၅ | ၂၀၁၀ |
|---|---|---|
| ပထမ ဆယ်စိတ်တစ်စိတ် (အနိမ့်ဆုံး ၁၀%) | ၃၃.၇၇ (၂.၄၂) | ၃၇.၉၆ (၄.၀၅) |
| ဒုတိယ ဆယ်စိတ်တစ်စိတ် | ၃၁.၈၁ (၂.၁၄) | ၂၉.၈၂ (၂.၄၀) |
| တတိယ ဆယ်စိတ်တစ်စိတ် | ၂၉.၁၉ (၂.၃၉) | ၃၀.၆၀ (၁.၃၈) |
| စတုတ္ထ ဆယ်စိတ်တစ်စိတ် | ၂၅.၇၄ (၂.၂၅) | ၂၃.၃၃ (၂.၃၉) |
| ပဉ္စမ ဆယ်စိတ်တစ်စိတ် | ၂၄.၃၈ (၁.၇၁) | ၂၁.၈၃ (၁.၈၇) |
| ဆဋ္ဌမ ဆယ်စိတ်တစ်စိတ် | ၂၀.၉၀ (၁.၄၇) | ၂၀.၇၁ (၁.၇၇) |
| သတ္တမ ဆယ်စိတ်တစ်စိတ် | ၂၁.၃၈ (၁.၉၃) | ၁၅.၃၈ (၁.၅၈) |
| အဋ္ဌမ ဆယ်စိတ်တစ်စိတ် | ၁၇.၅၁ (၁.၅၇) | ၁၄.၄၅ (၁.၅၈) |
| နဝမ ဆယ်စိတ်တစ်စိတ် | ၁၉.၁၂ (၂.၃၀) | ၁၀.၆၀ (၁.၅၇) |
| ဒသမ ဆယ်စိတ်တစ်စိတ် (အမြင့်ဆုံး ၁၀%) | ၁၄.၈၀ (၂.၃၉) | ၆.၉၅ (၁.၂၄) |
| ပြည်ထောင်စု | ၂၅.၇၂ (၁.၀၄) | ၂၃.၆၁ (၁.၀၃) |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၄-၄ ။ ချေးငွေနှင့် ကြွေးမြီ

ချေးငွေလက်လှမ်းမီရရှိမှုမှာ ဆင်းရဲနွမ်းပါးမှုနှင့် အလားအလာအရ အလွန်အရေးကြီးသော ဆက်သွယ်မှု ရှိပါသည်။ အကြောင်းမူ ချေးငွေသည် ဝင်ငွေရရှိနိုင်သည့် လုပ်ဆောင်ချက်များအား ငွေကြေးအရင်းအနှီးဖြင့် အထောက်အပံ့ပြုနိုင်ပါသည် (သို့မဟုတ်) ဝင်ငွေရရှိမှု မတည်ငြိမ်သည့်အခါတွင်လည်း စားသုံးမှု အဆင်ပြေစေရန် အထောက်အပံ့ပြုပါသည်။ ချေးငွေလက်လှမ်းမီရရှိမှုသည် တောင်သူလယ်သမားများ အတွက် ပျိုးကြဲချိန်နှင့် ရိတ်သိမ်းချိန်အကြား စောင့်ဆိုင်းနေရသည့် ကာလနှင့် ဆက်စပ်နေသည့် အိမ်ထောင်စုဝင်ငွေ မတည်ငြိမ်မှုကြောင့် အထူးပင် အရေးကြီးပါသည်။ အခြားတစ်ဖက်တွင်လည်း ချေးငွေသည် ထိန်းထားနိုင်စွမ်းမရှိသည့် ကြွေးမြီဝန်ထုပ်ဝန်ပိုး ဖြစ်လာစေကာ အထူးသဖြင့် တိုးတက်မှု နှေးကွေးသည့် အခြေအနေတွင် ဝန်ထုပ်ဝန်ပိုးဖြစ်စေပါသည်။ အောက်တွင်ဖော်ပြသည့် ကိန်းဂဏန်း အချက်အလက်များသည် အချိန်ကာလတစ်လျှောက် မြန်မာနိုင်ငံရှိ ချေးငွေလက်လှမ်းမီရရှိမှု ချေးငွေပမာဏ နှင့် ချေးငွေဇာစ်မြစ်နှင့် ကြွေးမြီဝန်ထုပ်ဝန်ပိုးများအား ထင်ရှားမြင်သာစေရန် ကြိုးစားဖော်ပြထားပါသည်။

ဇယား ၂၂[၂၀] က ၂၀၀၉ခုနှစ် မေလနှင့် အောက်တိုဘာလအတွင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် ချေးငွေရရှိသည့် လယ်ယာလုပ်ငန်း အဓိကလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများ၏ အချိုးကို ဖော်ပြပါသည်။ သတိပြုမှတ်သားရန် အရေးကြီးသည်မှာ ဤဇယားသည် တရားဝင်ပုံမှန်နှင့် ပုံမှန်မဟုတ်သော ငွေချေးဌာနအဖွဲ့အစည်း နှစ်ခုလုံးမှ လက်ခံရရှိသည့်ချေးငွေများကို ပေါင်းစပ်ဖော်ပြထားပါသည်။ အဓိကတွေ့ရှိချက် (၄) ခု ရှိပါသည်။

(၁) ၂၀၀၉ခုနှစ်တွင် တောင်သူလယ်သမား အိမ်ထောင်စုများ၏ သုံးပုံတစ်ပုံမှာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများအတွက် ချေးငွေရရှိခဲ့ပြီး ၂၀၀၄ခုနှစ်တွင် ၃၈% ဖြစ်ပါသည်။

(၂) မဆင်းရဲသော အိမ်ထောင်စုများမှာ ဆင်းရဲသောအိမ်ထောင်စုများထက် ချေးငွေလက်လှမ်းမီရရှိမှု ပိုမို၍ ၃၄% နှင့် ၃၀% အသီးသီးရှိပါသည်။

(၃) အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုနှင့် အမျိုးသားဦးစီးသည့် အိမ်ထောင်စုများအကြား ချေးငွေ လက်လှမ်းမီရရှိမှုမှာ အနည်းငယ်သာ ခြားနားပါသည်။

(၄) ချေးငွေလက်လှမ်းမီရရှိမှုမှာ ဒေသအလိုက် ကျယ်ပြန့်သော ကွဲပြားခြားနားမှုရှိပါသည်။ အလွန်နိမ့်ကျသော ချေးငွေလက်လှမ်းမီရရှိမှုကို ရှမ်းပြည်နယ်အရှေ့ (၁.၈%)နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း (၈.၉%)နှင့် အလားတူ ချင်းပြည်နယ် (၅.၆%)နှင့် တနင်္သာရီတိုင်းဒေသကြီး (၁၁.၂%)တို့တွင် တွေ့ရှိရပါသည်။ ရှမ်းပြည်နယ်ကိစ္စရပ်တွင် ယင်းအရပ်ဒေသ၌ ငွေချေးမှုကို ဆန့်ကျင်သော အားကောင်းသည့် လူမှုရေး ဓလေ့စရိုက်များရှိပါသည်။

ဇယား ၂၃ သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ခြင်းမရှိသော အိမ်ထောင်စုများအနက် စီးပွားရေးလုပ်ငန်းအတွက် ချေးငွေရရှိသည့် အိမ်ထောင်စုအချိုးနှင့် ပတ်သက်သည့် ကိန်းဂဏန်း အချက်အလက်များကို ဖော်ပြပါသည်။ ဖော်ပြရန်ဆက်စပ်သည့် အချက်(၅)ချက် ရှိပါသည်။

[၂၀] ရှင်းလင်းလွယ်ကူစေမှုအတွက် ဇယား ၂၂ နှင့် ဇယား ၂၃ ကို ချေးငွေအား လက်လှမ်းမီရရှိမှုဟု ခေါ်ဝေါ်သော်လည်း တိတိကျကျ ပြောဆိုရပါက ချေးငှားရရှိမှုကို တိုင်းတာခြင်းဖြစ်ပါသည်။

(၁) ၂၀၀၉ခုနှစ်တွင် စိုက်ပျိုးရေးမလုပ်ကိုင်သည့် အိမ်ထောင်စုများ၏ ၁၁%က စီးပွားရေးလုပ်ငန်းများအား ဘဏ္ဍာငွေကြေးအရင်းအနှီး ပြုပေးနိုင်ရန်ချေးငွေရယူပြီး နိုင်းယှဥ်ပါက ၂၀၀၄ခုနှစ်တွင် ၁၅%က ရယူပါသည်။
(၂) စိတ်ဝင်စားဖွယ်မှာ ဆင်းရဲသောအိမ်ထောင်စုများ၏ ပိုမိုမြင့်မားသောရာခိုင်နှုန်း (၁၃.၅%)က မဆင်းရဲသောအိမ်ထောင်စုများ (၁၀.၆%)ထက် ချေးငွေကို လက်လှမ်းမီရရှိခြင်းဖြစ်သည်။
(၃) ချေးငွေ လက်လှမ်းမီရရှိမှုမှာ မြို့ပြဒေသများသည် (၈.၆%) ကျေးလက်ဒေသများ (၁၃.၂%)ထက် နိမ့်ကျပါသည်။
(၄) ကျား၊ မ ချေးငွေခြားနားရရှိမှုကို အမျိုးသားဦးစီးသည့် အိမ်ထောင်စုများနှင့် အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများဖြင့် တိုင်းတာပြီး ဤခြားနားမှုမှာ သိသာမှုမရှိပါ။
(၅) စိုက်ပျိုးစရိတ်ချေးငွေကဲ့သို့ပင် ရှမ်းပြည်နယ်အရှေ့ (၂.၅%)၊ ရှမ်းပြည်နယ်မြောက် (၅.၃%)မှာ လက်လှမ်းမီရှိမှုတွင် အနိမ့်ဆုံးဖြစ်ပြီး ၎င်းတို့နောက် ပဲခူးတိုင်းဒေသကြီး (အနောက်) မှာလည်း နိမ့်ကျ (၅.၅%) ပါသည်။

အထက်တွင်ဖော်ပြခဲ့သည့် ကိန်းဂဏန်းအချက်အလက်များမှာ တရားဝင်ပုံမှန်ချေးငွေနှင့် ပုံမှန်မဟုတ်သည့် နီးစပ်ရာ ချေးငွေများပါဝင်နေပြီး ယင်းအနေအထား၌ပင် ချေးငွေလက်လှမ်းမီရရှိမှုမှာ သင့်တင့်ရုံနှင့် နိမ့်ကျလျက် ရှိပုံပေါ်ပါသည်။ စိုက်ပျိုးစရိတ်ချေးငွေနှင့် ပတ်သက်လျှင် လက်လှမ်းမီရရှိမှုမှာ ကာလတစ်လျှောက်ကျဆင်းခဲ့ပါသည်။ သို့ဖြစ်ပါ၍ တရားဝင် ချေးငွေလက်လှမ်းမီမှုကို ချဲ့ထွင်ရန် လက်တွေ့လုံလောက်သော အထောက်အထားရှိပါသည်။ သို့သော်ဤပြဿနာမှာ ရှုပ်ထွေးမှုကင်းခြင်း မရှိပါ။

ဇယား ၂၂ ။ချေးငွေအား လက်လှမ်းမီရရှိမှု (အိမ်ထောင်စုဦးရေ %၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း)

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | ၂၀၁၀ | | | | | ၂၀၀၅ စုစုပေါင်း |
|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | အိမ်ထောင်ဦးစီးသူ | | စုစုပေါင်း | |
| | ဆင်းရဲသူ | မဆင်းရဲသူ | အမျိုးသား | အမျိုးသမီး | | |
| ကချင် | ၂၈.၅ (၇.၆) | ၂၄.၄ (၄.၃) | ၂၄.၅ (၃.၂) | ၃၀.၅ (၁၀.၀) | ၂၅.၅ (၃.၂) | ၂၀.၇ (၉.၄) |
| ကယား | ၅၂.၄ (၂.၃) | ၄၃.၆ (၉.၁) | ၄၃.၂ (၄.၁) | ၅၀.၅ (၃၀.၂) | ၄၄.၄ (၈.၅) | ၄၀.၈ (၆.၄) |
| ကရင် | ၁၂.၈ (၂.၄) | ၁၀.၆ (၂.၆) | ၉.၈ (၄.၃) | ၁၅.၆ (၆.၁) | ၁၀.၉ (၂.၂) | ၁၆.၃ (၉.၆) |
| ချင်း | ၈.၂ (၈.၄) | ၀.၀ (၀.၀) | ၅.၇ (၆.၃) | ၅.၀ (၄.၄) | ၅.၆ (၆.၀) | ၅.၄ (၄.၄) |
| စစ်ကိုင်း | ၂၅.၀ (၄.၃) | ၃၂.၆ (၃.၉) | ၃၂.၉ (၄.၃) | ၂၇.၀ (၂.၅) | ၃၀.၈ (၃.၉) | ၃၈.၈ (၃.၈) |
| တနင်္သာရီ | ၁၂.၂ (၂.၄) | ၁၀.၈ (၅.၀) | ၁၁.၆ (၃.၅) | ၈.၈ (၃.၆) | ၁၁.၂ (၃.၄) | ၁၀.၇ (၁.၆) |
| ပဲခူး | ၄၄.၅ (၁၀.၉) | ၃၈.၄ (၅.၀) | ၃၇.၈ (၅.၆) | ၄၃.၇ (၄.၅) | ၃၈.၈ (၅.၁) | ၅၆.၉ (၇.၃) |
| - ပဲခူး (အရှေ့) | ၆၆.၆ (၈.၈) | ၄၅.၁ (၁၀.၇) | ၄၇.၅ (၁၀.၂) | ၄၅.၈ (၇.၁) | ၄၇.၁ (၉.၆) | ၆၇.၇ (၈.၃) |
| - ပဲခူး (အနောက်) | ၁၄.၄ (၁၀.၄) | ၃၂.၈ (၅.၀) | ၃၀.၅ (၆.၃) | ၄၀.၆ (၈.၁) | ၃၁.၇ (၄.၉) | ၄၈.၀ (၉.၂) |
| မကွေး | ၄၁.၅ (၈.၅) | ၃၃.၂ (၈.၃) | ၃၄.၄ (၇.၇) | ၃၆.၇ (၁၀.၆) | ၃၄.၈ (၈.၂) | ၄၅.၂ (၃.၇) |
| မန္တလေး | ၃၄.၃ (၃.၈) | ၃၄.၃ (၃.၃) | ၃၃.၄ (၂.၃) | ၃၈.၈ (၃.၉) | ၃၄.၃ (၂.၀) | ၃၆.၂ (၂.၄) |
| မွန် | ၂၀.၃ (၁၄.၀) | ၁၃.၉ (၅.၀) | ၁၅.၂ (၅.၉) | ၉.၆ (၅.၄) | ၁၄.၆ (၅.၇) | ၂၂.၉ (၃.၆) |
| ရခိုင် | ၂၆.၅ (၅.၁) | ၂၈.၁ (၃.၄) | ၂၉.၇ (၄.၄) | ၁၃.၆ (၅.၂) | ၂၇.၆ (၃.၆) | ၂၄.၉ (၂.၂) |
| ရန်ကုန် | ၆၆.၉ (၁၃.၉) | ၇၅.၈ (၇.၈) | ၇၅.၃ (၇.၄) | ၆၆.၇ (၂၃.၈) | ၇၄.၃ (၉.၃) | ၅၉.၆ (၄.၈) |
| ရှမ်း | ၁၁.၁ (၄.၈) | ၁၆.၆ (၃.၀) | ၁၅.၁ (၃.၄) | ၁၂.၀ (၃.၉) | ၁၄.၇ (၃.၄) | ၂၃.၅ (၈.၃) |
| - ရှမ်း (တောင်) | ၂၇.၁ (၂.၀) | ၂၅.၂ (၁.၉) | ၂၅.၉ (၀.၈) | ၂၄.၄ (၄.၃) | ၂၅.၇ (၂.၀) | ၃၈.၅ (၁၆.၀) |
| - ရှမ်း (မြောက်) | ၄.၉ (၃.၃) | ၁၁.၆ (၂.၁) | ၉.၅ (၂.၅) | ၆.၁ (၅.၂) | ၈.၉ (၂.၆) | ၁၅.၃ (၆.၆) |
| - ရှမ်း (အရှေ့) | ၁.၈ (၁.၁) | ၁.၉ (၀.၀) | ၁.၈ (၀.၃) | ၂.၀ (၂.၆) | ၁.၈ (၀.၅) | ၁.၆ (၁.၃) |
| ဧရာဝတီ | ၄၈.၅ (၇.၀) | ၅၅.၄ (၂.၅) | ၅၅.၀ (၂.၃) | ၄၇.၅ (၅.၆) | ၅၄.၀ (၂.၁) | ၄၉.၄ (၆.၈) |
| ပြည်ထောင်စု ၂၀၁၀ | ၂၉.၇ (၂.၃) | ၃၃.၈ (၀.၇) | ၃၃.၂ (၀.၆) | ၃၂.၀ (၂.၀) | ၃၃.၀ (၁.၆) | ၃၈.၁ (၁.၈) |
| ပြည်ထောင်စု ၂၀၀၅ | ၃၆.၇ (၂.၅) | ၃၈.၆ (၂.၀) | ၃၈.၁ (၀.၉) | ၃၇.၈ (၂.၃) | ၃၈.၁ (၁.၈) | |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၂၃ ။ ချေးငွေအား လက်လှမ်းမီရရှိမှု (အိမ်ထောင်စုဦးရေ %၊ လယ်ယာစိုက်ပျိုးရေးမဟုတ်သည့် လုပ်ငန်းများ)

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | ၂၀၁၀ | | | | | | | ၂၀၀၅ |
|---|---|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | အလွှာ | | အိမ်ထောင်ဦးစီးသူ | | စုစုပေါင်း | စုစုပေါင်း |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | | |
| ကချင် | ၉.၂ (၇.၂) | ၈.၇ (၁.၀) | ၇.၂ (၂.၄) | ၁၀.၀ (၁.၁) | ၈.၁ (၃.၁) | ၁၀.၇ (၂.၀) | ၈.၈ (၁.၈) | ၁၅.၂ (၂.၆) |
| ကယား | ၅၉.၄ (၄၈.၂) | ၉.၄ (၅.၀) | ၁၂.၈ (၈.၂) | ၈.၂ (၅.၇) | ၁၀.၈ (၆.၃) | ၁၁.၄ (၇.၈) | ၁၀.၉ (၆.၆) | ၂၂.၇ (၂.၀) |
| ကရင် | ၃၄.၁ (၆.၀) | ၁၂.၇ (၃.၉) | ၄.၅ (၄.၁) | ၂၀.၂ (၂.၆) | ၁၇.၇ (၃.၄) | ၅.၆ (၂.၆) | ၁၅.၆ (၂.၅) | ၂၃.၀ (၅.၄) |
| ချင်း | ၂၄.၀ (၁၀.၁) | ၉.၃ (၉.၀) | ၁၇.၄ (၇.၅) | ၁၆.၂ (၁၂.၀) | ၁၆.၉ (၇.၂) | ၁၉.၉ (၁၈.၅) | ၁၇.၁ (၇.၅) | ၈.၀ (၆.၉) |
| စစ်ကိုင်း | ၁.၃ (၁.၃) | ၇.၉ (၁.၃) | ၇.၀ (၀.၇) | ၇.၃ (၁.၆) | ၇.၃ (၁.၂) | ၇.၁ (၂.၉) | ၇.၂ (၁.၂) | ၁၂.၄ (၂.၅) |
| တနင်္သာရီ | ၁၀.၂ (၅.၅) | ၁၈.၉ (၀.၄) | ၁၅.၆ (၁.၉) | ၁၇.၇ (၀.၅) | ၁၈.၈ (၁.၁) | ၉.၄ (၂.၅) | ၁၇.၀ (၀.၅) | ၁၈.၂ (၃.၉) |
| ပဲခူး | ၁၀.၂ (၅.၈) | ၁၅.၁ (၇.၀) | ၁၅.၇ (၅.၆) | ၁၃.၈ (၇.၅) | ၁၃.၄ (၇.၁) | ၁၇.၇ (၆.၂) | ၁၄.၄ (၆.၆) | ၁၉.၃ (၁.၁) |
| - ပဲခူး (အရှေ့) | ၂၂.၃ (၇.၈) | ၂၀.၀ (၁၀.၀) | ၂၃.၇ (၉.၂) | ၁၈.၆ (၁၂.၂) | ၂၁.၆ (၁၀.၄) | ၁၇.၀ (၈.၂) | ၂၀.၃ (၁၀.၅) | ၁၉.၃ (၀.၉) |
| - ပဲခူး (အနောက်) | ၀.၀ (၀.၀) | ၆.၇ (၂.၉) | ၃.၃ (၀.၈) | ၆.၆ (၃.၃) | ၃.၀ (၀.၅) | ၂၀.၀ (၁၁.၂) | ၅.၅ (၂.၅) | ၁၉.၂ (၂.၈) |
| မကွေး | ၁၆.၇ (၂.၀) | ၁၂.၅ (၂.၃) | ၈.၆ (၂.၇) | ၁၅.၀ (၂.၈) | ၁၄.၀ (၂.၅) | ၁၀.၂ (၆.၄) | ၁၃.၃ (၁.၇) | ၁၆.၈ (၂.၀) |
| မန္တလေး | ၁၂.၅ (၆.၅) | ၇.၃ (၂.၀) | ၅.၁ (၁.၃) | ၁၁.၅ (၄.၄) | ၇.၁ (၂.၃) | ၁၀.၇ (၃.၈) | ၇.၉ (၂.၅) | ၁၀.၆ (၁.၈) |
| မွန် | ၂၈.၁ (၁၈.၀) | ၁၀.၆ (၅.၅) | ၁၅.၆ (၄.၅) | ၁၁.၁ (၇.၀) | ၁၁.၃ (၅.၉) | ၁၆.၈ (၁၀.၅) | ၁၂.၃ (၆.၅) | ၁၁.၈ (၄.၇) |
| ရခိုင် | ၂၂.၇ (၆.၁) | ၁၆.၁ (၂.၈) | ၁၆.၇ (၂.၄) | ၁၈.၁ (၃.၇) | ၁၉.၁ (၃.၆) | ၁၁.၉ (၄.၅) | ၁၇.၆ (၂.၇) | ၂၀.၆ (၅.၁) |
| ရန်ကုန် | ၅.၁ (၄.၂) | ၇.၆ (၂.၁) | ၇.၉ (၂.၂) | ၄.၃ (၂.၇) | ၆.၉ (၂.၅) | ၈.၉ (၃.၆) | ၇.၄ (၂.၁) | ၉.၆ (၂.၄) |
| ရှမ်း | ၂.၆ (၁.၂) | ၄.၉ (၁.၂) | ၃.၉ (၁.၁) | ၅.၁ (၁.၃) | ၄.၀ (၁.၁) | ၅.၈ (၃.၂) | ၄.၄ (၀.၉) | ၆.၉ (၁.၉) |
| - ရှမ်း (တောင်) | ၄.၉ (၅.၇) | ၃.၉ (၂.၄) | ၂.၄ (၀.၇) | ၈.၁ (၆.၂) | ၃.၀ (၀.၈) | ၇.၄ (၁၀.၀) | ၄.၀ (၁.၈) | ၆.၂ (၂.၉) |
| - ရှမ်း (မြောက်) | ၁.၂ (၁.၂) | ၆.၆ (၀.၅) | ၆.၇ (၀.၇) | ၄.၂ (၁.၂) | ၅.၄ (၀.၉) | ၄.၉ (၃.၁) | ၅.၃ (၀.၈) | ၈.၁ (၃.၁) |
| - ရှမ်း (အရှေ့) | ၅.၇ (၂.၇) | ၁.၃ (၁.၀) | ၀.၉ (၁.၂) | ၄.၁ (၁.၃) | ၂.၀ (၁.၃) | ၄.၉ (၂.၄) | ၂.၅ (၀.၉) | ၄.၈ (၁.၄) |
| ဧရာဝတီ | ၁၉.၂ (၅.၀) | ၁၅.၆ (၂.၄) | ၁၁.၃ (၁.၄) | ၁၈.၃ (၂.၇) | ၁၆.၁ (၂.၁) | ၁၇.၃ (၄.၈) | ၁၆.၃ (၂.၅) | ၂၂.၀ (၂.၆) |
| ပြည်ထောင်စု ၂၀၁၀ | ၁၃.၅ (၂.၀) | ၁၀.၆ (၁.၁) | ၈.၆ (၀.၀) | ၁၃.၂ (၁.၄) | ၁၁.၀ (၁.၁) | ၁၁.၄ (၁.၆) | ၁၁.၁ (၁.၁) | ၁၅.၀ (၀.၉) |
| ပြည်ထောင်စု ၂၀၀၅ | ၁၈.၈ (၁.၃) | ၁၄.၀ (၀.၉) | ၁၂.၆ (၁.၁) | ၁၆.၆ (၁.၁) | ၁၅.၀ (၁.၀) | ၁၄.၈ (၁.၃) | ၁၅.၀ (၀.၉) | |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ချေးငွေလက်လှမ်းမီရရှိမှု (သို့မဟုတ်) လက်ကမ်းလားသော ချေးငွေအထောက်အကူများ အပြင် စဥ်းစားတွေးတောသည့် တွေးဆချက်နှစ်ရပ်မှာ ချေးငွေပမာဏနှင့် ဇာစ်မြစ်ဖြစ်ပါသည်။ အသေးစားချေးငွေများမှာ အိမ်ထောင်စုဝင်ငွေနှင့် စားသုံးမှုအပေါ် သိသာသော အကျိုးသက်ရောက်မှုဖြစ်မလာပါ။ ချေးငွေဇာစ်မြစ်ကို စဥ်းစားရန် ဆက်စပ်မှုရှိလာခြင်းမှာ ဇာစ်မြစ်က ပြန်လည်ပေးဆပ်ရမည့် စည်းကမ်းချက်များနှင့် အခြေအနေများကို ထင်ရှားမြင်သာစေခြင်းဖြစ်သည်။ IHLCA-II စစ်တမ်းက အတိုးနှုန်းများနှင့် ပတ်သက်သည့် ကိန်းဂဏန်းအချက်အလက်များကို မကောက်ယူခဲ့သော်လည်း စိတ်ချလက်ချယူဆနိုင်သည်က ပုံမှန်မဟုတ်သည့် နီးစပ်ရာချေးငွေဇာစ်မြစ်များ၏ အတိုးနှုန်းမှာမြင့်မားနေပြီး အချို့နေရာများတွင် သိသာစွာ မြင့်မားနေပါသည်။ ပုံမှန်နှင့် ပုံမှန်မဟုတ်သည့် ချေးငွေဇာစ်မြစ်ကန့်သတ်ခြားနားမှုများမှာ တစ်ဖက်တွင် နိုင်ငံပိုင်ဘဏ်များ၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကဘဏ်များ၊ ဒေသဆိုင်ရာချေးငွေအဖွဲ့အစည်း၊ ပြည်တွင်းနှင့်နိုင်ငံတကာအဖွဲ့အစည်းရှိ၍ အခြားတစ်ဖက်တွင် ဆွေမျိုးများ၊ မိတ်ဆွေများ၊ အလုပ်ရှင်နှင့် လယ်ပိုင်ရှင်၊ ကုန်သည်များ၊ ပွဲစားများ၊ အပေါင်ဆိုင်နှင့် ငွေချေးသူများ ဖြစ်ကြပါသည်။ ဇယား ၂၄ ရှိ ကိန်းဂဏန်းအချက်အလက်များမှာ ၂၀၀၄ခုနှစ် နှင့် ၂၀၀၉ခုနှစ်အတွင်း မြန်မာနှစ်သစ်ကူးနှင့် မီးထွန်းပွဲတော်အကြား ငွေထုတ်ချေးသည့် ချေးငွေများနှင့် သက်ဆိုင်ပါသည်။ အဓိကတွေ့ရှိချက် (၄)ခု ရှိပါသည်။

(၁) ပျမ်းမျှချေးငွေပမာဏ အထူးသဖြင့် ဆင်းရဲသူအတွက် ချေးငွေပမာဏမှာ မကြီးမားသည်ဟုမဆိုနိုင်ပဲ ကျပ် ၁၇၀၀၀၀ ရှိပြီး တစ်နှစ်အတွင်း ဆင်းရဲနွမ်းပါးမှု ပြမျဉ်း (၃၇၆၁၅၁ ကျပ်)၏ ခန့်မှန်းခြေ ၄၅% ရှိပါသည်။ (အပိုင်း ၂-၁-၂ ကိုကြည့်ပါ။)

(၂) မဆင်းရဲသူအတွက် ချေးငွေပမာဏမှာ ၂၀၀၄ခုနှစ်နှင့် ၂၀၀၉ခုနှစ်အတွင်း အလွန်ထင်ရှားစွာ တိုးမြင့်လာသော်လည်း မြင့်မားသော စံမှားယွင်းချက်များက ဤတိုးမြင့်လာမှုကို အဓိပ္ပါယ် ဖော်ဆောင်ရာတွင် ချိန်ဆသတိပြုစေပါသည်။

(၃) စိုက်ပျိုးစရိတ်ချေးငွေ၏ တစ်ဝက်ခန့်မှာ ပုံမှန်မဟုတ် နီးစပ်ရာချေးငွေဇာစ်မြစ်များမှ ရယူထားခြင်းဖြစ်ပြီး ဤအချိုးမှာ ကာလတစ်လျှောက်နှိုင်းယှဥ်ချက်အရ မပြောင်းမလဲရှိနေပါသည်။

(၄) စိတ်ဝင်စားဖွယ်မှာ ဆင်းရဲသူနှင့် မဆင်းရဲသူအကြား ပုံမှန်မဟုတ်သော ချေးငွေလက်လှမ်းမီရရှိမှုမှာ ကြီးမားသော ခြားနားမှုများမရှိပါ။

ဇယား ၂၄ ။ စိုက်ပျိုးစရိတ်ချေးငွေပမာဏနှင့် ဇာစ်မြစ်

| အမျိုးအစားများ | ဆင်းရဲသူ | | မဆင်းရဲသူ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ၂၀၀၄ | ၂၀၀၉ | ၂၀၀၄ | ၂၀၀၉ | ၂၀၀၄ | ၂၀၀၉ |
| လတ်တလောချေးသည့် စိုက်ပျိုးစရိတ်ချေးငွေပမာဏ (ဒီဇင်ဘာ ၂၀၀၉-ကျပ်) | ၁၀၉၇၇၉ (၇၅၇၅) | ၁၇၀၁၇၀ (၂၄၆၁၅) | ၁၈၇၉၈၁ (၂၈၁၉၈) | ၂၁၃၇၉၁ (၁၈၉၅၃) | ၁၆၇၉၇၄ (၂၁၆၅၀) | ၂၀၆၉၆၆ (၁၆၇၀၈) |
| **စိုက်ပျိုးစရိတ်ချေးငွေ၏ ပုံမှန်မဟုတ်သည့် ချေးငွေအချိုး (%)** | ၄၅.၈ (၃.၅၂) | ၄၇.၂ (၄.၀၆) | ၄၇.၅ (၂.၉၅) | ၅၂.၁ (၃.၀၀) | ၄၇.၀ (၂.၇၆) | ၅၁.၃ (၂.၉၃) |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ချေးငွေ၏ဆိုးကျိုးမှာ ကြွေးမြီဖြစ်ပါသည်။ ချေးငွေပြန်ဆပ်ရာတွင် လွယ်ကူစေရန်အတွက် ချေးငွေက လုံလောက်သော အကျိုးအမြတ်များ မဖန်တီးနိုင်ပါက ကြွေးမြီဝန်ထုပ်ဝန်ပိုးမှာ ခက်ခဲပင်ပန်းလာမည်ဖြစ်ပါသည်။ ဇယား ၂၅ သည် အချိန်ကာလတစ်လျှောက်နှင့် လက်ရှိကြွေးမြီရှိနေမှုအား ထင်ရှားမြင်သာစေရန် သတင်းအချက်အလက် အစိတ်အပိုင်းအချို့ကို ဖော်ပြပါသည်။ ကိန်းဂဏန်းအချက်အလက်များသည် ၂၀၀၄ခုနှစ်နှင့် ၂၀၀၉ခုနှစ်အတွင်း မြန်မာမီးထွန်းပွဲတော်ကာလ၌ ကြွေးမြီ

ဝန်ထုပ်ဝန်ပိုးဆိုင်ရာ မေးခွန်းလွှာဖြေကြားချက်များအပေါ် အခြေခံထားပါသည်။ အရေးကြီးသော အဓိက ရလဒ် (၃)ခုရှိပါသည်။

(၁) ၂၀၀၄ခုနှစ်နှင့် ၂၀၀၉ခုနှစ်အတွင်း ကြွေးမြီရှိသည့် အိမ်ထောင်စုဦးရေမှာ ထူးခြားမှတ်သားလောက်စွာ ကျဆင်းလာပြီး ၄၈% မှ ၃၀% အထိကျဆင်းပါသည်။ မေးခွန်းလွှာက တရားဝင်ငွေချေးသည့် ဇာစ်မြစ်များမှ ကြွေးလျှော်ပေးမှုကို မေးမြန်းခြင်းမပြုသော်လည်း ဤကျဆင်းမှုမှာ အောင်မြင်စွာ ကြွေးပြန်ဆပ်နိုင်ခြင်းကို ထင်ဟပ်နေသည်ဟု ယူဆနိုင်ရန် ကျိုးကြောင်းဆီလျော်ပါသည်။

(၂) ကြွေးမြီရှိသည့် အိမ်ထောင်စုအရေအတွက် ကျဆင်းလာမှုမှာ ဆင်းရဲသူနှင့် မဆင်းရဲသူ အိမ်ထောင်စုများတွင် တူညီစွာထင်ရှားပါသည်။

(၃) စားသုံးမှုတွင် အစားအစာဝေစုအချိုးမှာ မြင့်မားပြီး ၇၄% ရှိသည့် အခြေအနေတွင် ဆင်းရဲသူအိမ်ထောင်စုများ၏ စုစုပေါင်း ကြွေးမြီအဆင့်မှာ မြင့်မားပြီး စုစုပေါင်းစားသုံးမှုအသုံးစရိတ်၏ ၁၄% ရှိပါသည်။ (အပိုင်း ၂၊ ဇယား ၆)

ဇယား ၂၅ ။ အိမ်ထောင်စု၏ ကြွေးမြီ

| အမျိုးအစားများ | ဆင်းရဲသူ | | မဆင်းရဲသူ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ၂၀၀၄ | ၂၀၀၉ | ၂၀၀၄ | ၂၀၀၉ | ၂၀၀၄ | ၂၀၀၉ |
| ကြွေးမြီရှိသည့် အိမ်ထောင်စုများ၏ (%) | ၅၃.၀ (၁.၃) | ၃၃.၀ (၁.၉) | ၄၆.၆ (၁.၇) | ၂၉.၄ (၁.၄) | ၄၈.၄ (၁.၄) | ၃၀.၂ (၁.၄) |
| ကြွေးမြီရှိသော အိမ်ထောင်စုစားသုံးမှု (ကျန်းမာရေးအသုံးစရိတ်အပါအဝင်)တွင် ကြွေးမြီ (%) | ၁၅.၀ (၁.၂) | ၁၄.၀ (၁.၀) | ၂၄.၀ (၂.၀) | ၂၂.၂ (၃.၅) | ၂၀.၉ (၁.၇) | ၂၀.၈ (၂.၉) |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ချေးငွေနှင့် ကြွေးမြီအပေါ်ရှေ့ပြေး ဆန်းစစ်မှု၏မူဝါဒဆိုင်ရာ ပါဝင်ပတ်သတ်မှုများမှာ လျှော်ကန် သင့်မြတ်သော အနုစိတ်ကွဲပြားချက်များ လိုအပ်ပါသည်။ တစ်ဖက်တွင်နိမ့်ကျပြီး လွှမ်းခြုံမှု ကျဆင်းနေသော ပုံမှန်ချေးငွေ လက်လှမ်းမီရရှိမှုကို တိုးမြှင့်ပေးရန် ကိစ္စရပ်ရှိပါသည်။ ထို့အပြင် အိမ်ထောင်စုများ၏ သိသာများပြားသော အရေအတွက်မှာလည်း လက်ရှိကြွေးမြီများကို ပြည်လည် ပေးဆပ်နိုင်ကြပါသည်။ သို့သော် အခြားတစ်ဖက်တွင် ကြွေးမြီဝန်ထုပ်ဝန်ပိုးများ ထမ်းဆောင်နိုင်မှု၊ အထူးသဖြင့် ဆင်းရဲသော အိမ်ထောင်စုများအကြား ကြွေးမြီဝန်ထုပ်ဝန်ပိုးများ ထမ်းဆောင်နေရမှုသည် နှိုင်းယှဥ်မှုအရ ကြွေးမြီ / စားသုံးမှုအချိုးများ မြင့်မားနေချိန်တွင် မေးမြန်းစရာမေးခွန်းဖြစ်နေပါသည်။ အခြားသောကိစ္စရပ်များတွင် ပုံမှန်ချေးငွေချဲ့ထွင်မှုနှင့် ဆက်စပ်နေသာ နိမ့်ကျသောအတိုးနှုန်းများမှာ ကြွေးမြီဝန်ပိမှုကို လျှော့ပါး သက်သာစေသော်လည်း နိမ့်ကျသော စားသုံးမှုအဆင့်များ၌ ရှိနေသူများအတွက်မူ ချေးငွေပြန်လည် ပေးဆပ်ရမှုမှာ မမျှမတ ပင်ပန်းခက်ခဲလှပါသည်။

## ၄-၅ ။ အကျဉ်းချုပ်

အပိုင်း ၄ သည် မြန်မာနိုင်ငံရှိ အိမ်ထောင်စုများ ဆောင်ရွက်နေသော စီးပွားရေးလုပ်ဆောင်ချက်များ၏ အမျိုးအစားဆိုင်ရာ သတင်းအချက်အလက်များကို တင်ပြထားသကဲ့သို့ အိမ်ထောင်စုများ၏ ကုန်ထုတ်လုပ်မှု မတည်အရင်းအနှီးများ၊ မြေနှင့် ချေးငွေလက်လှမ်းမီရရှိမှုကိုလည်း ဖော်ပြပါသည်။

လုပ်ငန်းဖွဲ့စည်းမှုအရ စိုက်ပျိုးမွေးမြူရေး၊ အမဲလိုက်နှင့် သစ်တောလုပ်ငန်းများမှာ အကြီးမားဆုံး အလုပ်ပေးသည့် လုပ်ငန်းများဖြစ်၍ စုစုပေါင်းအလုပ်လုပ်ကိုင်သူ တစ်ဝက်ခန့် အလုပ်လုပ်ကိုင်လျက် ရှိပါသည်။ ကုန်ချောပစ္စည်းထုတ်လုပ်မှု လုပ်ငန်းမှာသေးငယ်ပြီး အလုပ်လုပ်ကိုင်သူစုစုပေါင်း၏ ၆%ခန့် အလုပ်လုပ်ကိုင်လျက် ရှိပါသည်။ ကျန်အလုပ်လုပ်ကိုင်သူများမှာ အဆင့်နိမ့်ဝန်ဆောင်မှုကဏ္ဍတွင် အလုပ်လုပ်ကိုင်လျက်ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုများ၏ ၅၄% မှာ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိကြပြီး နှိုင်းယှဉ်ပါက မဆင်းရဲသောအိမ်ထောင်စုများမှာ ၄၉% ဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၏ အရွယ်အစားမှာ သေးငယ်ပြီး တိုးတက်မှုနှေးကွေးသော ကုန်ချောပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းနှင့် များပြားလွန်ကဲလှသည့် အဆင့်နိမ့်ဝန်ဆောင်မှုကဏ္ဍ လုပ်ငန်းများ တစ်ပြိုင်တည်းပေါင်းစပ်နေမှုမှာ အနည်းဆုံးကာလတို ဆင်းရဲနွမ်းပါးမှု လျော့ချရေး မဟာဗျူဟာအတွက် ကျေးလက်အခြေခံပြီး စိုက်ပျိုးမွေးမြူရေးဦးဆောင်သည့် ဖွံ့ဖြိုးမှု၏ ဗဟိုအချက် အခြာ ကျမှုကို မှန်ကန်လုံလောက်သော အထောက်အထားအဖြစ် ဖော်ပြနေပါသည်။

အလုပ်အကိုင်အမျိုးအစားအလိုက် ဖော်ပြရပါလျှင် ကျေးလက်ဒေသများရှိ ကျပန်းလုပ်သားမှာ ၂၁% ရှိပြီး မြင့်မားပါသည်။ ဆင်းရဲသူများအကြား ကျပန်းလုပ်သားတိုးတက်လာပြီး စီးပွားရေးအရအလုပ်လုပ်ကိုင်သည့် ဆင်းရဲသောအိမ်ထောင်စုဝင်များတွင် ၂၃% မှ ၂၈% အထိ တိုးမြင့်လာပါသည်။ ဤကဲ့သို့ တိုးမြင့်လာခြင်း နှင့်အတူ ဆင်းရဲသူများအကြားမိသားစုမှ ပါဝင်လုပ်ကိုင်သူများ အလိုက်သင့် ကျဆင်းလာပြီး ၁၇.၅% မှ ၁၂% အထိ ကျဆင်းလာပါသည်။ သို့သော် ကိုယ်ပိုင်အလုပ် ကိုယ်တိုင်လုပ်ကိုင်သူဦးရေ မကျဆင်းပါ။ သို့ဖြစ်ပါ၍ ဤကိန်းဂဏန်းအချက်အလက်များက ဆင်းရဲနွမ်းပါးမှု၏ (ကျပန်းလုပ်သားများကြောင့်) ကျပန်းသဘော ဆန်လာမှုမှာ မိသားစုမှ ပါဝင်လုပ်ကိုင်သူများသည် ကျပန်းအလုပ်အကိုင်များသို့ ဝင်ရောက် လုပ်ကိုင်ခြင်း ဖြစ်သည်ဟု ညွှန်ပြထားပြီး ကိုယ်ပိုင်လုပ်ငန်း ကိုယ်တိုင်လုပ်သူများ ကျဆင်းမှုနှင့် ဆက်နွယ်သည့် မြေယာမဲ့ခြင်းကြောင့်မဟုတ်ကြောင်း ဖော်ပြပါသည်။ အပိုင်း ၂ တွင် ဆွေးနွေးဖော်ပြထားသကဲ့သို့ ဆင်းရဲသူများအကြား စားသုံးမှုအသုံးစရိတ် တိုးမြင့်လာရခြင်းမှာလည်း မိသားစုလုပ်ငန်းကိုအပြင် ကျပန်းလုပ်ငန်းဖြင့် လုပ်ကိုင်ဖြည့်ဆည်း၍ အလုပ်ချိန်နှင့် လုပ်ငန်းကြိုးစားအားထုတ်မှု ပိုမိုလုပ်ကိုင်လာ ခြင်းကြောင့် ဖြစ်သည်ဟု ညွှန်ပြထားပါသည်။

ပျမ်းမျှလယ်ယာမြေအရွယ် ၆.၇ဧက (၂.၇၁ဟတ်တာ) မှာ အရှေ့တောင်အာရှ အဆင့်အတန်းအရ သင့်တင့်မျှတသော်လည်း နိုင်ငံတကာအဆင့်အရ သေးငယ်ပါသည်။ ဆင်းရဲသောအိမ်ထောင်စုများမှာ မဆင်းရဲသောအိမ်ထောင်စုများထက် သိသာစွာသေးငယ်သော ပျမ်းမျှလယ်မြေအရွယ် ပိုင်ဆိုင်ပြီး ၄.၄ဧက နှင့် ၇.၃ဧက အသီးသီးဖြစ်ပါသည်။ ခြုံငုံအနေအထားတွင် လယ်ယာမြေအရွယ်ပြန့်ချက်မှာ ဆိုးရွားလှ သည်မဟုတ်ပါ။ အချုပ်အားဖြင့် သေးငယ်သော လယ်ယာမြေအရွယ်သည် ဆင်းရဲနွမ်းပါးမှုနှင့် ဆက်စပ်မှုရှိပြီး၂၀၀၅ခုနှစ်မှ စတင်၍ လယ်ယာမြေအရွယ်မှာ အဆင်းရဲဆုံးသော ဆယ်စိတ်တစ်စိတ် အိမ်ထောင်စုများအပါအဝင် စားသုံးမှု ဆယ်စိတ်တစ်စိတ် အိမ်ထောင်စုများအကြား မပြောင်းမလဲ တည်ငြိမ်လျက်ရှိပါသည်။

မြေယာမဲ့မှုမှာ လယ်ယာစိုက်ပျိုးရေးကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ၏ ၂၄% ရှိပြီး ထူးခြား ဖြစ်စဉ်တစ်ခုဖြစ်ပါသည်။ ဤနှုန်းမှာ ၂၀၀၅ခုနှစ်၏ ၂၆% မှ အနည်းငယ်ကျဆင်းလာခြင်း ဖြစ်ပါသည်။ ဤနှုန်းမှာ ဆင်းရဲသောအိမ်ထောင်စုများတွင် မဆင်းရဲသောအိမ်ထောင်စုများထက် ပိုမိုမြင့်မားလာပြီး ၃၄% နှင့် ၁၉% အသီးသီးရှိပြီး ဆင်းရဲသူများတွင် ဤနှုန်းမှာ ၂၀၀၅ခုနှစ်၌ ၃၂% ရှိခဲ့ရာမှ ၃၄% သို့ အနည်းငယ်တိုးမြင့်လာခြင်း ဖြစ်သော်လည်း ဤခြားနားမှုမှာ စာရင်းအင်းသဘောအရ

အရေးမပါလှပါ။ အဆင်းရဲဆုံး အောက်ခြေဆယ်စိတ်တစ်စိတ် အိမ်ထောင်စုတွင် မြေယာမဲ့နှုန်းမှာ ၃၄% မှ ၃၈% သို့ တိုးမြင့်လာပြီး ဤကွာခြားချက်မှာ စာရင်းအင်းသဘောအရ အရေးမပါလှပါ။ အမြင့်ဆုံးသော မြေယာမဲ့နှုန်းကို ပဲခူးတိုင်းဒေသကြီး (၄၁%)၊ ရန်ကုန်တိုင်းဒေသကြီး (၃၉%)နှင့် ဧရာဝတီတိုင်းဒေကြီး (၃၃%)တို့တွင် တွေ့ရှိရပါသည်။ အချုပ်အားဖြင့် မြေယာမဲ့မှုသည် ဆင်းရဲနွမ်းပါးမှုနှင့် ဆက်စပ်ပြီး ကာလတစ်လျှောက် အနည်းငယ်တိုးမြင့်လာပါသည်။ အထူးသဖြင့် အဆင်းရဲဆုံးအုပ်စုများအကြားတွင် တိုးမြင့်လာခြင်းဖြစ်သည်။

ဤတွေ့ရှိချက်များက ဇယား ၁၇ ၏ အလုပ်အကိုင်အမျိုးအစားဆိုင်ရာ ရလဒ်များအတွက် အလွန်သိမ်မွေ့သည့်ကွဲပြားချက်ရှိသော အဓိပ္ပါယ်ဖော်ဆောင်ချက်ကို ညွှန်ပြထားပါသည်။ ဆင်းရဲနွမ်းပါးမှု ကျပန်းသဘောဆန်လာခြင်း (ကျပန်းလုပ်သားများပြားလာခြင်း) မှာ အဓိကမြေယာမဲ့များတိုးမြင့်လာခြင်းကြောင့် မဟုတ်သော်လည်း အဆင်းရဲဆုံး အုပ်စုများအကြားတွင်မူ မြေယာမဲ့ခြင်းသည် (ဆင်းရဲစေရန်) ပံ့ပိုးသည့် အကြောင်းအချက်တစ်ခုဖြစ်ပါသည်။

ချေးငွေလက်လှမ်းမီရရှိမှုနှင့် ပတ်သက်၍ဖော်ပြရပါလျှင် ၂၀၀၉ခုနှစ်တွင် တောင်သူလယ်သမား အိမ်ထောင်စုများ၏ သုံးပုံတစ်ပုံမှာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများအတွက် ပုံမှန်နှင့် ပုံမှန်မဟုတ်သည့် ချေးငွေများရရှိကြပြီး နှိုင်းယှဉ်ပါက ၂၀၀၄ခုနှစ်တွင် အိမ်ထောင်စုများ၏ ၃၈% သာရရှိပါသည်။ ၂၀၀၉ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေး မလုပ်ကိုင်သည့် အိမ်ထောင်စုများ၏ ၁၁%က စီးပွားရေးလုပ်ငန်းများအား ဘဏ္ဍာငွေကြေးအရင်းအနှီးပြုပေးနိုင်ရန် ချေးငွေရယူပြီး နှိုင်းယှဉ်ပါက ၂၀၀၄ခုနှစ်တွင် ၁၅%က ရယူပါသည်။ ဆင်းရဲသူအတွက် ပျမ်းမျှချေးငွေပမာဏမှာ သေးငယ်သည်မဆိုနိုင်ပဲ တစ်နှစ်အတွက်အစားအစာပြမျဉ်း၏ ၆၀% ခန့်ရှိပါသည်။ စိုက်ပျိုးစရိတ်ချေးငွေ၏ တစ်ဝက်ခန့်မှာ ပုံမှန်မဟုတ်သည့် နီးစပ်ရာချေးငွေများဖြစ်ပြီး ဤအချိုး (၅၀%)မှာလည်း ကာလရှည်ကြာ မပြောင်းမလဲ တည်တန့်နေပါသည်။ ဤအချိုးမှာ ဆင်းရဲသူများအတွက် ဖြစ်သကဲ့သို့ မဆင်းရဲသူများအတွက်လည်း ဖြစ်ပါသည်။ ကြွေးမြီနှင့် ပတ်သက်လျှင် ကြွေးမြီရှိသည့် အိမ်ထောင်စုများ၏ အရေအတွက်မှာ ၂၀၀၄ခုနှစ်နှင့် ၂၀၀၉ခုနှစ်အတွင်း ၄၈% မှ ၃၀%အထိ သိသာစွာကျဆင်းခဲ့ပါသည်။ ဤကျဆင်းမှုမှာ ဆင်းရဲသူနှင့် မဆင်းရဲသူများအကြား တူညီစွာထင်ရှားလှပါသည်။ ဆင်းရဲသောအိမ်ထောင်စုများ၏ ကြွေးမြီအဆင့်သည် တစ်နှစ်စားသုံးမှု အသုံးစရိတ်၏ ၁၄%ရှိ၍ အလွန်မြင့်မားလှပါသည်။ ချေးငွေနှင့် ကြွေးမြီ ဆန်းစစ်မှု၏မူဝါဒ ပါဝင်ပတ်သက်မှုများမှာ ရှင်းလင်းမှုမရှိပဲ ရှုပ်ထွေးပါသည်။ တစ်ဖက်တွင် ချေးငွေလွှမ်းခြုံမှု နိမ့်ကျပြီးကျဆင်းလာ၍ ပုံမှန်ချေးငွေလက်လှမ်းမီ ရရှိမှုကို တိုးမြှင့်ပေးရန်ရှိသကဲ့သို့ အိမ်ထောင်စုအများအပြား၏ လက်ရှိကြွေးအား ပြန်လည်ပေးဆပ်ရန် တတ်စွမ်းနိုင်မှုလည်းရှိပါသည်။ အခြားတစ်ဖက်တွင်မူ ကြွေးမြီနှင့် စားသုံးမှုအချိုးများ မြင့်မားသည့်အနေအထားတွင် အထူးသဖြင့် ဆင်းရဲသူများအကြား ကြွေးမြီဝန်ထုပ်ဝန်ပိုး ထမ်းဆောင်နိုင်မှုမှာ မသေချာ မရေရာဖြစ်နေပါသည်။

# ၅ ။ လုပ်သားဈေးကွက်

အပိုင်း ၅ သည် လုပ်သားဈေးကွက်ဆိုင်ရာအဓိကရှုမြင်ချက် (၃)ရပ်ကို သုံးသပ်ဖော်ပြီး ၎င်းတို့မှာ လုပ်သားအင်အားပါဝင်မှုနှုန်းများ (အပိုင်း ၅-၁)၊ အလုပ်လက်မဲ့နှုန်းများ (အပိုင်း ၅-၂) နှင့် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်းများ (အပိုင်း၅-၃) ဖြစ်ပါသည်။ ၎င်းနောက် အဓိကတွေ့ရှိချက်များကို အကျဉ်းချုပ် ဖော်ပြပါသည် (အပိုင်း ၅-၄)။

## ၅-၁ ။ လုပ်သားအင်အားပါဝင်မှုနှုန်းများ

လုပ်သားအင်အားပါဝင်မှုကို လူဦးရေ၏ သက်မှတ်ထားသော အသက်အုပ်စုအတွက် အလုပ်လုပ်နေသော (သို့မဟုတ်) အလုပ်လုပ်ရန်အသင့်ရှိနေသူအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ လုပ်သားအင်အားပါဝင်မှုတွင် ကျန်းမာရေးအကြောင်းများကြောင့် အလုပ်မလုပ်နိုင်သူများ၊ အခကြေးငွေမရပဲ အိမ်မှုကိစ္စများကို အချိန်ပြည့် လုပ်ကိုင်နေသူများ၊ အချိန်ပြည့်ပညာသင်ယူနေသည့် ကျောင်းသားများ၊ အချိန်ပြည့်သာသနာရေး ပုဂ္ဂိုလ်များ၊ ခန္ဓာကိုယ်နှင့် စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှုကြောင့် အလုပ်မလုပ်နိုင်သူများ၊ အငြိမ်းစားပင်စင်ယူသူများနှင့် အလုပ်ရှာဖွေနေသူများ စသည့်လူဦးရေအုပ်စုများအား ချန်လှပ်ထားပါသည်။

ဇယား ၂၇ သည် စစ်တမ်းမေးခွန်းများစတင်မေးမြန်းရန်မပြင်ဆင်မီ ၆လအလိုတွင်ရှိသည့် လုပ်သားအင်အား ပါဝင်မှုနှုန်းများဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ဖော်ပြပါသည်။ ယင်းကိန်းဂဏန်း အချက် အလက်များမှာ IHLCA-II စစ်တမ်း နှစ်ကြိမ်ကောက်ယူရရှိသည့် အချက်အလက်များကို ပေါင်းစပ် ဖော်ပြခြင်းဖြစ်၍ စစ်တမ်းနှစ်ကြိမ်တွင်လည်း သေးငယ်သော ခြားနားမှုများသာရှိပါသည်။ တွေ့ရှိချက် (၅)ခုမှာ အရေးကြီးပါသည်။

(၁) လုပ်သားအင်အားပါဝင်မှုနှုန်းမှာမြင့်မားပြီး အသက်၁၅နှစ်နှင့် အထက်လူဦးရေ၏ သုံးပုံနှစ်ပုံ (၆၇%)ရှိ ၍ ၂၀၀၄ခုနှစ်၏ ၆၄% ထက် အနည်းငယ်တိုးမြင့်လာပါသည်။

(၂) ၂၀၀၄-၂၀၀၅ခုနှစ်ကဲ့သို့ပင် ဆင်းရဲသူများမှာ မဆင်းရဲသူများထက် ပိုမိုမြင့်မားသော လုပ်သားအင်အား ပါဝင်မှုနှုန်းများရှိ၍ ၆၉% နှင့် ၆၆% အသီးသီးရှိပါသည်။

(၃) ကြီးမားသောလုပ်သားအင်အားပါဝင်မှုနှုန်း ခြားနားမှုများမှာ မြို့ပြနှင့် ကျေးလက်အကြားတွင် (၆၀%) နှင့် (၇၀%) အသီးသီးရှိပြီး အမျိုးသားနှင့် အမျိုးသမီးများအကြားတွင် ၈၂% နှင့် ၅၄% အသီးသီး ရှိကြပါသည်။

(၄) အနိမ့်ဆုံးပါဝင်နှုန်းများမှာ အဓိကအားဖြင့် ရန်ကုန်တိုင်းဒေသကြီး (၅၇%)နှင့် ရခိုင်ပြည်နယ် (၅၈%)တို့ တွင်ဖြစ်ပါသည်။ ၎င်းတိုင်းဒေသကြီးနှင့် ပြည်နယ်တွင် စီးပွားရေးအရမှီခိုမှု အချိုးများမှာလည်း မြင့်မားကြောင်းတွေ့ရှိရပါသည် (အပိုင်း၃ ဇယား ၁၄ တွင်ကြည့်ပါ)။

(၅) ကလေးလုပ်သားအင်အား (အသက် ၁၀-၁၄) ပါဝင်မှုနှုန်းများမှာ ဆင်းရဲသူနှင့် မဆင်းရဲသူအကြား လုံးလုံးလျားလျား ခြားနားမှုများရှိပြီး (၁၈%) နှင့် (၁၀%) အသီးသီးရှိကာ အသက် ၁၅_၂၄ အရွယ်ဆင်းရဲသူနှင့် မဆင်းရဲသူလုပ်သားအင်အား ပါဝင်မှုနှုန်းများ အကြားမှာလည်း ခြားနားမှုများ ကြီးမားပြီး ၇၂% နှင့် ၆၂% အသီးသီးရှိပါသည်။

ခြုံငုံဖော်ပြရပါလျှင် ဤတွေ့ရှိချက်များက ညွှန်ပြအကြံပြုသည်မှာ ဆင်းရဲနွမ်းပါးမှုမှာ လုပ်သားအင်အားတွင် အဓိကအားဖြင့် မပါဝင်ခြင်းကြောင့် မဟုတ်ပဲ လုပ်သားအင်အားတွင် ပါဝင်သော်လည်း လုပ်ငန်းမှ

အကျိုးအမြတ်ရရှိမှု နိမ့်ကျခြင်းနှင့် လုပ်ခကြေးငွေ လျော့နည်းခြင်းကြောင့် ဖြစ်ပါသည်။ (အပိုင်း ၄-၂ ၏ စီးပွားရေးအရ မှီခိုမှုအခန်းတွင် တွေ့ရှိနိုင်ပါသည်)။ ထို့အပြင် ဤတွေ့ရှိချက်များက အပိုင်း ၄-၂ ၏ အကြံပြုချက်ကို ကန့်သတ်ချက်ဖြင့် ထပ်ဆင့် ထောက်ခံဖော်ပြသည်မှာ အပိုင်း ၂ တွင် ဆွေးနွေးထားသည့် ဆင်းရဲသူများအကြား စားသုံးမှုအသုံးစရိတ် မြင့်မားလာရခြင်းမှာ အိမ်ထောင်စုဝင်များသည် လုပ်သားအင်အားအဖြစ် ပြောင်းလဲဝင်ရောက် သွားသည်နှင့်အမျှ အလုပ်ချိန်ပိုမိုလုပ်ကိုင်ခြင်းနှင့် ကြိုးစားလုပ်ကိုင်ခြင်းကြောင့် ဖြစ်သည်ဆိုသည့်အချက် ဖြစ်သည်။

ဆင်းရဲသူများအကြား ကလေးလုပ်သားအင်အား (အသက် ၁၀-၁၄) ပါဝင်မှုမြင့်မားသောနှုန်းများက ဖြစ်နိုင်ခြေရှိသည့် မျိုးဆက်ကြားဆင်းရဲနွမ်းပါးခြင်း ကူးပြောင်းမှုနှင့် ဆင်းရဲနွမ်းပါးမှု အနှောင်အဖွဲ့များအကြောင်း မေးမြန်းရန်မေးခွန်းများ ထွက်ပေါ်လာစေပါသည်။ ယင်းပြဿနာကို ပိုမိုစူးစမ်းလေ့လာရန် ဇယား ၂၆ က လုပ်သားအင်အားတွင် ပါဝင်သည့် (အသက် ၁၀-၁၄)နှစ်အရွယ် ကလေးများနှင့် အခြားကလေးများ (အသက် ၁၀-၁၄)၏ကျောင်းဝင်နှုန်းများကို နှိုင်းယှဉ်ဖော်ပြပါသည်။ ဤကိန်းဂဏန်း အချက် အလက်များက လုပ်သားအင်အား ပါဝင်သူများနှင့် မပါဝင်သူများအကြား အသားတင် ကျောင်းဝင်နှုန်း များမှာ လုံးလုံးလျားလျား ခြားနားပြီး ၁၁.၆% နှင့် ၇၈.၃% အသီးသီးရှိပါသည်။ ထို့ပြင် ဤအသက် အုပ်စုတွင် ဆင်းရဲသော လုပ်သားအင်အားပါဝင်သူများမှာ မဆင်းရဲသော လုပ်သားအင်အား ပါဝင်သူများထက် နိမ့်ကျသော ကျောင်းဝင်နှုန်းရှိပြီး ၉.၉% နှင့် ၁၂.၇% အသီးသီးရှိပါသည်။ သို့ဖြစ်ပါ၍ အသက် ၁၀-၁၄နှစ် အရွယ်လုပ်သားအင်အား ပါဝင်သူများမှာ ဆင်းရဲသူများ၏ အုပ်စုခွဲ တစ်ခုဖြစ်၍ မူဝါဒရှုထောင့်မှ အထူးဂရုပြုအလေးထားရန်အတွက် လုံလောက်သော အကြောင်းတစ်ရပ် ဖြစ်ပါသည်။

ဇယား ၂၆ ။ အသက် ၁၀-၁၄ နှစ် အရွယ်ရှိသူများ၏ ကျောင်းဝင်နှုန်း

| လုပ်သားအင်အားတွင် ပါဝင်သူ | | | စုစုပေါင်း (၁၀-၁၄) |
|---|---|---|---|
| ဆင်းရဲသူ | မဆင်းရဲသူ | ပေါင်း | |
| ၉.၉<br>(၁.၉) | ၁၂.၇<br>(၁.၃) | ၁၁.၆<br>(၁.၂) | ၇၈.၃<br>(၀.၉) |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၂၇ ။ လွန်ခဲ့သော ၆လအတွင်း လုပ်သားအင်အားပါဝင်မှုနှုန်း (၁၅ နှစ်နှင့်အထက်)

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | ၂၀၁၀ | | | | | | | ၂၀၀၅ စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | အလွှာ | | ကျား/မ | | စုစုပေါင်း | |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | | |
| ကချင် | ၆၄.၄ (၂.၀) | ၆၄.၅ (၁.၇) | ၅၈.၉ (၄.၀) | ၆၆.၈ (၂.၃) | ၇၈.၄ (၃.၂) | ၅၂.၀ (၃.၁) | ၆၄.၅ (၁.၆) | ၆၃.၀ (၁.၅) |
| ကယား | ၇၁.၉ (၆.၉) | ၇၂.၉ (၂.၃) | ၆၈.၇ (၁.၁) | ၇၅.၄ (၃.၁) | ၈၃.၇ (၃.၇) | ၆၀.၉ (၁.၄) | ၇၂.၈ (၂.၈) | ၆၆.၉ (၂.၈) |
| ကရင် | ၇၂.၅ (၄.၁) | ၆၈.၉ (၁.၁) | ၆၆.၅ (၂.၇) | ၇၀.၃ (၀.၄) | ၈၄.၀ (၂.၁) | ၅၆.၇ (၁.၄) | ၆၉.၆ (၀.၂) | ၆၄.၈ (၂.၃) |
| ချင်း | ၇၅.၂ (၁.၃) | ၆၈.၉ (၅.၄) | ၆၀.၂ (၀.၆) | ၇၈.၀ (၀.၆) | ၈၃.၉ (၂.၁) | ၆၃.၅ (၂.၈) | ၇၃.၅ (၂.၁) | ၆၄.၈ (၄.၀) |
| စစ်ကိုင်း | ၇၄.၂ (၁.၀) | ၇၀.၀ (၀.၉) | ၆၄.၀ (၁.၃) | ၇၁.၇ (၀.၈) | ၈၂.၆ (၀.၆) | ၆၀.၁ (၁.၂) | ၇၀.၆ (၀.၉) | ၆၅.၉ (၁.၃) |
| တနင်္သာရီ | ၆၆.၀ (၁.၅) | ၆၅.၃ (၂.၁) | ၆၁.၁ (၀.၉) | ၆၆.၉ (၀.၈) | ၈၂.၄ (၁.၈) | ၅၀.၆ (၁.၃) | ၆၅.၅ (၁.၀) | ၆၁.၂ (၁.၀) |
| ပဲခူး | ၇၀.၆ (၂.၄) | ၆၈.၃ (၁.၆) | ၆၁.၆ (၀.၉) | ၆၉.၈ (၁.၇) | ၈၅.၅ (၀.၉) | ၅၃.၉ (၂.၈) | ၆၈.၇ (၁.၆) | ၆၆.၄ (၁.၈) |
| - ပဲခူး (အရှေ့) | ၇၀.၀ (၀.၇) | ၆၆.၂ (၀.၅) | ၆၂.၂ (၁.၄) | ၆၇.၉ (၀.၂) | ၈၄.၄ (၀.၆) | ၅၂.၀ (၀.၆) | ၆၇.၀ (၀.၅) | ၆၅.၉ (၁.၁) |
| - ပဲခူး (အနောက်) | ၇၁.၃ (၇.၃) | ၇၀.၆ (၂.၈) | ၆၀.၆ (၀.၆) | ၇၁.၉ (၃.၅) | ၈၆.၉ (၀.၉) | ၅၆.၃ (၆.၇) | ၇၀.၇ (၃.၄) | ၆၇.၁ (၄.၇) |
| မကွေး | ၇၄.၉ (၀.၆) | ၇၃.၃ (၀.၅) | ၆၂.၂ (၁.၉) | ၇၅.၁ (၀.၅) | ၈၄.၄ (၀.၄) | ၆၄.၉ (၀.၈) | ၇၃.၇ (၀.၂) | ၆၉.၁ (၁.၃) |
| မန္တလေး | ၇၃.၂ (၁.၅) | ၆၇.၂ (၁.၅) | ၆၁.၄ (၁.၅) | ၇၁.၉ (၀.၉) | ၈၂.၆ (၀.၉) | ၅၇.၀ (၂.၀) | ၆၈.၈ (၁.၃) | ၆၅.၅ (၀.၈) |
| မွန် | ၆၅.၀ (၂.၄) | ၆၄.၅ (၂.၂) | ၆၃.၂ (၁.၀) | ၆၄.၉ (၂.၇) | ၈၁.၇ (၁.၀) | ၄၈.၆ (၄.၂) | ၆၄.၆ (၂.၂) | ၅၉.၇ (၀.၈) |
| ရခိုင် | ၅၈.၅ (၁.၆) | ၅၈.၄ (၁.၃) | ၅၇.၁ (၀.၄) | ၅၈.၉ (၁.၃) | ၇၉.၃ (၀.၉) | ၄၀.၀ (၁.၄) | ၅၈.၄ (၁.၂) | ၅၇.၂ (၀.၅) |
| ရန်ကုန် | ၆၀.၁ (၂.၁) | ၅၇.၃ (၀.၂) | ၅၆.၃ (၀.၃) | ၆၃.၁ (၂.၄) | ၇၃.၅ (၀.၄) | ၄၄.၄ (၁.၂) | ၅၇.၉ (၁.၃) | ၅၅.၁ (၀.၈) |
| ရှမ်း | ၇၉.၂ (၁.၃) | ၇၆.၁ (၀.၉) | ၆၈.၁ (၁.၃) | ၈၀.၃ (၁.၁) | ၈၅.၉ (၁.၁) | ၆၈.၇ (၁.၂) | ၇၇.၁ (၀.၉) | ၇၃.၈ (၁.၂) |
| - ရှမ်း (တောင်) | ၈၁.၁ (၀.၈) | ၇၆.၆ (၀.၄) | ၆၉.၆ (၀.၅) | ၈၁.၂ (၂.၅) | ၈၆.၅ (၂.၂) | ၆၉.၀ (၀.၆) | ၇၇.၆ (၀.၆) | ၇၂.၂ (၀.၇) |
| - ရှမ်း (မြောက်) | ၇၈.၇ (၁.၉) | ၇၅.၂ (၂.၀) | ၆၅.၀ (၂.၆) | ၇၉.၈ (၁.၃) | ၈၄.၇ (၂.၂) | ၆၉.၁ (၂.၂) | ၇၆.၆ (၂.၂) | ၇၅.၁ (၂.၂) |
| - ရှမ်း (အရှေ့) | ၇၇.၅ (၃.၇) | ၇၇.၂ (၃.၈) | ၇၀.၃ (၃.၃) | ၇၉.၅ (၂.၇) | ၈၇.၉ (၃.၅) | ၆၆.၆ (၂.၉) | ၇၇.၃ (၃.၆) | ၇၄.၅ (၂.၈) |
| ဧရာဝတီ | ၆၇.၈ (၁.၀) | ၆၄.၈ (၁.၅) | ၆၁.၁ (၁.၄) | ၆၆.၇ (၁.၄) | ၈၄.၇ (၀.၇) | ၄၈.၆ (၁.၉) | ၆၅.၈ (၁.၂) | ၆၄.၆ (၁.၂) |
| ပြည်ထောင်စု ၂၀၁၀ | ၆၉.၄ (၀.၆) | ၆၆.၃ (၀.၅) | ၅၉.၉ (၀.၇) | ၆၉.၉ (၀.၅) | ၈၂.၁ (၀.၄) | ၅၃.၉ (၀.၇) | ၆၇.၁ (၀.၅) | ၆၄.၀ (၀.၅) |
| ပြည်ထောင်စု ၂၀၀၅ | ၆၇.၁ (၀.၅) | ၆၂.၇ (၀.၆) | ၅၆.၄ (၀.၈) | ၆၇.၀ (၀.၅) | ၇၉.၆ (၀.၄) | ၅၀.၁ (၀.၇) | ၆၄.၁ (၀.၅) | |
| ၂၀၁၀ အသက် ၁၀-၁၄ | ၁၈.၂ (၀.၁) | ၁၀.၄ (၀.၆) | ၄.၄ (၀.၅) | ၁၄.၆ (၀.၇) | ၁၂.၅ (၀.၇) | ၁၂.၄ (၀.၇) | ၁၂.၅ (၀.၆) | |
| ၂၀၁၀ အသက် ၁၅-၂၄ | ၇၂.၂ (၀.၉) | ၆၂.၁ (၁.၀) | ၄၈.၄ (၁.၃) | ၇၀.၁ (၀.၈) | ၇၃.၀ (၀.၉) | ၅၇.၄ (၁.၁) | ၆၅.၁ (၀.၉) | |
| ၂၀၁၀ အသက် ၂၅-၅၉ | ၇၅.၅ (၀.၇) | ၇၆.၀ (၀.၆) | ၇၂.၄ (၀.၇) | ၇၇.၅ (၀.၅) | ၉၄.၂ (၀.၃) | ၆၀.၄ (၀.၈) | ၇၆.၀ (၀.၅) | |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၅-၂။ အလုပ်လက်မဲ့

ဇယား ၂၈ သည် မေးခွန်းလွှာများ စတင်မေးမြန်းခြင်းမပြုမီ ၆လအတွင်း ပေါ်လွင်အလုပ်လက်မဲ့နှုန်း၏ ကိန်းဂဏန်းအချက်အလက်များ ကိုဖော်ပြထားပါသည်။ ပေါ်လွင်အလုပ်လက်မဲ့နှုန်းများကို တွေ့ဆုံမေးမြန်းခြင်းမပြုမီ ၆လအတွင်း အလုပ်မလုပ်သော လုပ်သားအင်အား၏ ရာခိုင်နှုန်းအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုသည့် ကိန်းဂဏန်းအချက်အလက်များမှာ IHLCA-II ၏ စာရင်းကောက်ယူမှုနှင့် နှစ်ကြိမ်ကို ပေါင်းစပ်ဖော်ပြထားပြီး စာရင်းကောက်ယူမှု နှစ်ကြိမ်တွင် အနည်းငယ် ခြားနားမှုများရှိပါသည်။ တွေ့ရှိချက် (၄)ချက်မှာ အလွန်အရေးပါပါသည်။

(၁) မြန်မာနိုင်ငံတွင် ပေါ်လွင်အလုပ်လက်မဲ့နှုန်းမှာ ထူးထူးခြားခြား နိမ့်ကျ၍ ၁.၇% ခန့်သာရှိပြီး ၂၀၀၄-၂၀၀၅ခုနှစ်၏ ၂% နီးပါးရှိပါသည်။
(၂) ဆင်းရဲသူများမှာ မဆင်းရဲသူများထက် ပိုမိုအလုပ်လက်မဲ့ဖြစ်ကြပြီး ၂.၄% နှင့် ၁.၄% အသီးသီး ရှိပါသည်။ သို့သော် ဆင်းရဲသူ၏ အလုပ်လက်မဲ့နှုန်းမှာ အလွန်နိမ့်ကျပြီး ၂၀၀၅ခုနှစ်၏ ၂.၃%မှ ပြောင်းလဲလာခြင်းမရှိပါ။
(၃) မြို့ပြအလုပ်လက်မဲ့မှာ ကျေးလက်အလုပ်လက်မဲ့ထက် ၃ဆများပြီး ၃.၅% နှင့် ၁.၁% အသီးသီးရှိပြီး အမျိုးသားများနှင့် အမျိုးသမီးများအကြားတွင်မူ လုပ်သားအင်အား ပါဝင်မှုနှုန်းနှင့်မတူပဲ အနည်းငယ် ခြားနားမှုရှိပါသည်။
(၄) လုပ်သားအင်အား ပါဝင်မှုနှုန်းကဲ့သို့ပင် အမြင့်ဆုံးသော ပေါ်လွင်အလုပ်လက်မဲ့နှုန်းများမှာ ရခိုင်ပြည်နယ် (၆.၇%) နှင့် ရန်ကုန်တိုင်းဒေသကြီး (၄.၄%) တွင်ရှိပြီး ယင်းဒေသများတွင် ဆင်းရဲနွမ်းပါးမှုမှာ အလုပ်လက်မဲ့နှင့် ပိုမို၍ခိုင်ခိုင်မာမာ ဆက်စပ်လျက်ရှိပါသည်။ မြင့်မားသော စံမှားယွင်းချက်များက ဤရလဒ်များကို အဓိပ္ပါယ်ဖော်ဆောင်ရာတွင် သတိပြုရန်ညွှန်ပြ အကြံပြုထားပါသည်။

ကျေးလက်အခြေခံပြီး ကျယ်ပြန့်သည့် ပုံမှန်လူမှုဖူလုံရေး စနစ်မရှိသော နိုင်ငံများ၌ ဆင်းရဲနွမ်းပါးခြင်းဖြစ်ပေါ်မှုတွင် အလုပ်လက်မဲ့၏ အကန့်အသတ်ဖြင့် ပါဝင်ပတ်သက်ခြင်းမှာ ဖြစ်ရိုးဖြစ်စဥ်မဟုတ်ဟု မဆိုနိုင်ပါ။ ဤအခြေအနေများတွင် ဆင်းရဲနွမ်းပါးမှုနှင့် အလုပ်မရှိမှုအကြား ဆက်သွယ်နေမှုကို အချိန်အလိုက်အလုပ်လက်မဲ့နှုန်း TRU ဖြင့် (သို့မဟုတ်) ရည်ညွှန်းကာလ တစ်ရပ်ရပ်အတွက် လုပ်သားအင်အားပါဝင်သူများ အလုပ်မရသည့်နေ့ရက်များဖြင့် ထင်ရှားစွာသက်သေ ပြလျက်ရှိပါသည်။ TRU ၏ သွယ်ဝိုက်သည့် တိုင်းတာချက်တစ်ခုမှာ မေးခွန်းများ တွေ့ဆုံမေးမြန်းမီ ခုနစ်ရက်အတွင်းရှိသည့် အလုပ်လက်မဲ့နှုန်းဖြစ်ပါသည်။ ဤသွယ်ဝိုက်သည့် TRU တိုင်းတာချက်များမှာ ကျပန်း(သို့မဟုတ်) မရေရာသော အလုပ်အကိုင် လုပ်ကိုင်သူများမှာ ပုံမှန်အလုပ်တွင် လုပ်ကိုင်နေသူများထက် ဤတိုတောင်းသောကာလအတွင်း အလုပ်အကိုင်မရရှိနိုင်ခြင်း ဖြစ်သည်ဆိုသည့် ယူဆချက်အပေါ် အခြေခံထားပါသည်။

ဤညွှန်ကိန်းနှင့် ပတ်သက်သည့် ကိန်းဂဏန်းအချက်အလက်များက ဇယား ၂၉ တွင်ဖော်ပြထားပါသည်။ အထက်တွင် ဖော်ပြသည့်အတိုင်း စာရင်းကောက်ယူသည့် နှစ်ကြိမ်တွင် အနည်းငယ်ခြားနားမှုများရှိ၍ IHLCA-II ၏ နှစ်ကြိမ် စာရင်းကောက်ယူရရှိသည့် ကိန်းဂဏန်းအချက်အလက်များကို ပေါင်းစပ်ဖော်ပြထားပါသည်။ အချက်နှစ်ချက်မှာ မှတ်သားရန်ဆက်စပ်မှုရှိပါသည်။

(၁) "ခုနစ်ရက်"အလုပ်လက်မဲ့နှုန်းမှာ မြန်မာနိုင်ငံတွင် အလွန်နိမ့်ကျပြီး ၂.၅% ရှိ၍ ၂၀၀၅ခုနှစ်၏ ၃.၁% မှ ကျဆင်းခဲ့ပါသည်။

(၂) အံ့ဩဖွယ်ကောင်းသည်မှာ ဆင်းရဲနွမ်းပါးမှုနှင့် ခုနှစ်ရက်အလုပ်လက်မဲ့အကြား ဆက်သွယ်မှုမှာ ဆင်းရဲနွမ်းပါးမှုနှင့် ခြောက်လအလုပ်လက်မဲ့အကြား ဆက်သွယ်မှုနှင့် အလွန်တူညီနေသည့် အချက်ဖြစ်သည်။ ဆင်းရဲသူနှင့် မဆင်းရဲသူအတွက် ဤညွှန်ကိန်းမှာ ၃.၇% နှင့် ၂.၁% အသီးသီးရှိပြီး ဆင်းရဲသူ၏ အလုပ်လက်မဲ့နှုန်းမှာ ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အကြား လုံးဝနီးပါးတူညီပါသည်။

အချုပ်အားဖြင့် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုနှင့် ပေါ်လွင်အလုပ်လက်မဲ့အကြား၊ ဆင်းရဲနွမ်းပါးမှုနှင့် အလုပ်လုပ်ကိုင်မှု၏ အချိန်ဖြင့် သတ်မှတ်သည့်နှုန်းအကြား ဆက်သွယ်မှုရှိပါသည်။ သို့သော်လည်း ဆင်းရဲနွမ်းပါးမှုတွင် ဤအချက်နှစ်ချက်သည် အဓိကမကျသည့် ပါဝင်ဖြစ်ပေါ်မှုများသာ ဖြစ်စေပါသည်။ လွန်ခဲ့သော ၆လ (သို့မဟုတ်) ၇ရက် အတွင်း ဆင်းရဲသူများ၏ ၂.၅%မှာ အလုပ်လက်မဲ့ဖြစ်ပါသည်။ အထက်တွင် ဆွေးနွေးသကဲ့သို့ ဆင်းရဲနွမ်းပါးမှုမှာ အလုပ်မရှိသည်ထက် လုပ်ငန်းမှအကျိုးအမြတ်ရရှိမှု နိမ့်ကျခြင်းနှင့်သာ ပိုမိုသက်ဆိုင်ပါသည်။

ဇယား ၂၈ ။ လွန်ခဲ့သော ၆လအတွင်းရှိ အလုပ်လက်မဲ့နှုန်း (၁၅နှစ်နှင့်အထက်)

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | ၂၀၁၀ | | | | | | | ၂၀၀၅ စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | အလွှာ | | ကျား/မ | | စုစုပေါင်း | |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | | |
| ကချင် | ၁.၉ (၀.၆) | ၂.၅ (၀.၇) | ၃.၂ (၁.၃) | ၂.၀ (၀.၄) | ၂.၅ (၀.၆) | ၂.၀ (၀.၄) | ၂.၃ (၀.၅) | ၁.၇ (၀.၃) |
| ကယား | ၀.၀ (၀.၀) | ၀.၆ (၀.၂) | ၀.၇ (၀.၀) | ၀.၄ (၀.၂) | ၀.၆ (၀.၃) | ၀.၄ (၀.၀) | ၀.၅ (၀.၂) | ၀.၀ (၀.၀) |
| ကရင် | ၀.၉ (၀.၈) | ၁.၂ (၁.၀) | ၁.၉ (၁.၉) | ၁.၀ (၀.၇) | ၁.၅ (၁.၂) | ၀.၆ (၀.၆) | ၁.၁ (၀.၉) | ၁.၄ (၀.၉) |
| ချင်း | ၁.၀ (၀.၆) | ၀.၈ (၀.၅) | ၂.၃ (၀.၄) | ၀.၆ (၀.၅) | ၀.၇ (၀.၂) | ၀.၄ (၀.၂) | ၁.၀ (၀.၆) | ၅.၂ (၂.၅) |
| စစ်ကိုင်း | ၀.၂ (၀.၁) | ၀.၆ (၀.၂) | ၁.၇ (၀.၄) | ၀.၄ (၀.၁) | ၀.၄ (၀.၁) | ၀.၇ (၀.၂) | ၀.၆ (၀.၂) | ၁.၅ (၀.၅) |
| တနင်္သာရီ | ၃.၉ (၂.၇) | ၁.၇ (၀.၆) | ၂.၇ (၁.၁) | ၂.၄ (၁.၄) | ၁.၇ (၀.၆) | ၃.၅ (၂.၀) | ၂.၄ (၁.၂) | ၁.၆ (၀.၄) |
| ပဲခူး | ၀.၈ (၀.၆) | ၀.၉ (၀.၄) | ၁.၅ (၀.၃) | ၀.၈ (၀.၅) | ၀.၈ (၀.၄) | ၁.၁ (၀.၄) | ၀.၉ (၀.၄) | ၁.၃ (၀.၂) |
| - ပဲခူး (အရှေ့) | ၁.၃ (၁.၀) | ၁.၆ (၀.၆) | ၁.၈ (၀.၅) | ၁.၅ (၀.၈) | ၁.၃ (၀.၇) | ၁.၈ (၀.၆) | ၁.၅ (၀.၇) | ၀.၆ (၀.၀) |
| - ပဲခူး (အနောက်) | ၀.၀ (၀.၀) | ၀.၂ (၀.၀) | ၁.၀ (၀.၃) | ၀.၁ (၀.၀) | ၀.၁ (၀.၁) | ၀.၂ (၀.၀) | ၀.၂ (၀.၀) | ၁.၀ (၀.၅) |
| မကွေး | ၀.၅ (၀.၃) | ၀.၆ (၀.၂) | ၃.၁ (၀.၇) | ၀.၃ (၀.၁) | ၀.၅ (၀.၂) | ၀.၇ (၀.၃) | ၀.၆ (၀.၂) | ၁.၁ (၀.၀) |
| မန္တလေး | ၁.၁ (၀.၂) | ၁.၀ (၀.၂) | ၂.၁ (၀.၂) | ၀.၆ (၀.၂) | ၀.၈ (၀.၁) | ၁.၂ (၀.၂) | ၁.၀ (၀.၁) | ၁.၄ (၀.၂) |
| မွန် | ၂.၂ (၀.၆) | ၁.၆ (၀.၃) | ၂.၄ (၀.၄) | ၁.၆ (၀.၃) | ၁.၀ (၀.၁) | ၂.၈ (၀.၇) | ၁.၇ (၀.၂) | ၂.၄ (၀.၃) |
| ရခိုင် | ၁၀.၆ (၀.၉) | ၃.၈ (၁.၂) | ၇.၂ (၀.၃) | ၆.၅ (၂.၂) | ၅.၁ (၁.၂) | ၉.၅ (၂.၃) | ၆.၇ (၁.၆) | ၅.၇ (၁.၁) |
| ရန်ကုန် | ၇.၄ (၂.၈) | ၃.၉ (၀.၅) | ၅.၃ (၀.၇) | ၂.၁ (၀.၆) | ၄.၅ (၀.၉) | ၄.၄ (၀.၈) | ၄.၄ (၀.၇) | ၄.၉ (၁.၀) |
| ရှမ်း | ၀.၉ (၀.၅) | ၁.၀ (၀.၄) | ၂.၇ (၀.၇) | ၀.၅ (၀.၁) | ၁.၀ (၀.၂) | ၁.၀ (၀.၃) | ၁.၀ (၀.၃) | ၁.၁ (၀.၃) |
| - ရှမ်း (တောင်) | ၁.၇ (၀.၆) | ၁.၃ (၁.၀) | ၃.၅ (၀.၉) | ၀.၆ (၀.၃) | ၁.၁ (၀.၅) | ၁.၇ (၀.၅) | ၁.၄ (၀.၅) | ၁.၀ (၀.၇) |
| - ရှမ်း (မြောက်) | ၀.၃ (၀.၂) | ၀.၉ (၀.၂) | ၂.၀ (၀.၁) | ၀.၄ (၀.၁) | ၀.၈ (၀.၁) | ၀.၄ (၀.၂) | ၀.၆ (၀.၁) | ၁.၂ (၀.၅) |
| - ရှမ်း (အရှေ့) | ၀.၉ (၀.၅) | ၀.၇ (၀.၂) | ၁.၅ (၀.၄) | ၀.၆ (၀.၁) | ၀.၈ (၀.၄) | ၀.၉ (၀.၁) | ၀.၈ (၀.၂) | ၁.၄ (၀.၆) |
| ဧရာဝတီ | ၀.၉ (၀.၃) | ၀.၅ (၀.၁) | ၁.၅ (၀.၇) | ၀.၄ (၀.၁) | ၀.၅ (၀.၁) | ၀.၈ (၀.၃) | ၀.၆ (၀.၂) | ၁.၀ (၀.၁) |
| ပြည်ထောင်စု ၂၀၁၀ | ၂.၄ (၀.၃) | ၀.၄ (၀.၁) | ၃.၅ (၀.၄) | ၁.၀ (၀.၂) | ၁.၅ (၀.၂) | ၁.၉ (၀.၂) | ၁.၇ (၀.၂) | ၂.၀ (၀.၂) |
| ပြည်ထောင်စု ၂၀၀၅ | ၂.၃ (၀.၃) | ၁.၉ (၀.၂) | ၄.၅ (၀.၆) | ၁.၂ (၀.၁) | ၂.၁ (၀.၂) | ၂.၀ (၀.၂) | ၂.၀ (၀.၂) | |
| ၂၀၁၀ အသက် ၁၅-၂၄ | ၄.၀ (၀.၅) | ၃.၄ (၀.၄) | ၉.၈ (၀.၃) | ၂.၄ (၀.၄) | ၃.၃ (၀.၄) | ၄.၁ (၀.၅) | ၃.၆ (၀.၄) | |
| ၂၀၁၀ အသက် ၂၅-၅၉ | ၁.၇ (၀.၃) | ၀.၉ (၀.၁) | ၂.၃ (၀.၃) | ၀.၆ (၀.၀) | ၁.၀ (၀.၁) | ၁.၁ (၀.၂) | ၁.၀ (၀.၁) | |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၂၉ ။ လွန်ခဲ့သော ၇ ရက်အတွင်း အလုပ်လက်မဲ့နှုန်း (၁၅ နှစ်နှင့်အထက်)

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | ၂၀၁၀ | | | | | | | ၂၀၀၅ စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | အလွှာ | | ကျား/မ | | စုစုပေါင်း | |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | | |
| ကချင် | ၆.၇ (၂.၀) | ၅.၄ (၁.၂) | ၆.၀ (၂.၄) | ၅.၇ (၀.၇) | ၆.၅ (၀.၅) | ၄.၈ (၀.၈) | ၅.၈ (၀.၆) | ၄.၃ (၁.၇) |
| ကယား | ၃.၁ (၁.၁) | ၁.၃ (၀.၆) | ၂.၁ (၀.၃) | ၁.၁ (၀.၇) | ၂.၁ (၁.၄) | ၀.၇ (၀.၃) | ၁.၅ (၀.၇) | ၀.၂ (၀.၂) |
| ကရင် | ၃.၄ (၁.၂) | ၁.၄ (၁.၀) | ၂.၂ (၂.၂) | ၁.၆ (၀.၃) | ၂.၁ (၁.၀) | ၁.၃ (၀.၂) | ၁.၇ (၀.၆) | ၃.၀ (၁.၆) |
| ချင်း | ၁.၈ (၁.၄) | ၁.၁ (၀.၉) | ၄.၇ (၂.၂) | ၀.၈ (၀.၇) | ၁.၄ (၁.၀) | ၁.၈ (၁.၇) | ၁.၆ (၁.၃) | ၇.၃ (၃.၄) |
| စစ်ကိုင်း | ၀.၇ (၀.၃) | ၀.၇ (၀.၂) | ၁.၉ (၀.၄) | ၀.၆ (၀.၁) | ၀.၆ (၀.၂) | ၀.၉ (၀.၃) | ၀.၇ (၀.၂) | ၃.၅ (၀.၉) |
| တနင်္သာရီ | ၆.၃ (၃.၉) | ၂.၂ (၀.၈) | ၃.၄ (၀.၃) | ၃.၆ (၂.၁) | ၂.၈ (၁.၂) | ၄.၇ (၂.၇) | ၃.၅ (၁.၈) | ၂.၅ (၀.၁) |
| ပဲခူး | ၂.၅ (၀.၃) | ၁.၆ (၀.၅) | ၂.၆ (၀.၅) | ၁.၆ (၀.၅) | ၁.၆ (၀.၅) | ၂.၀ (၀.၅) | ၁.၈ (၀.၅) | ၂.၉ (၀.၇) |
| - ပဲခူး (အရှေ့) | ၂.၇ (၀.၂) | ၂.၅ (၀.၅) | ၃.၄ (၀.၅) | ၂.၄ (၀.၄) | ၂.၃ (၀.၅) | ၂.၉ (၀.၃) | ၂.၆ (၀.၄) | ၂.၇ (၀.၃) |
| - ပဲခူး (အနောက်) | ၂.၂ (၀.၃) | ၀.၆ (၀.၁) | ၁.၃ (၀.၃) | ၀.၈ (၀.၁) | ၀.၇ (၀.၂) | ၁.၀ (၀.၁) | ၀.၈ (၀.၁) | ၃.၁ (၂.၀) |
| မကွေး | ၁.၂ (၀.၆) | ၁.၂ (၀.၆) | ၃.၄ (၀.၈) | ၀.၉ (၀.၅) | ၀.၈ (၀.၄) | ၁.၅ (၀.၈) | ၁.၂ (၀.၆) | ၂.၁ (၀.၅) |
| မန္တလေး | ၁.၉ (၀.၃) | ၁.၄ (၀.၂) | ၂.၅ (၀.၂) | ၁.၂ (၀.၃) | ၁.၂ (၀.၂) | ၁.၉ (၀.၂) | ၁.၅ (၀.၂) | ၁.၉ (၀.၃) |
| မွန် | ၅.၁ (၁.၁) | ၂.၇ (၀.၁) | ၃.၄ (၀.၅) | ၃.၁ (၀.၃) | ၂.၃ (၀.၅) | ၄.၄ (၀.၃) | ၃.၁ (၀.၃) | ၂.၈ (၀.၅) |
| ရခိုင် | ၁၃.၆ (၀.၇) | ၅.၃ (၂.၀) | ၉.၉ (၀.၇) | ၈.၄ (၂.၉) | ၇.၃ (၁.၃) | ၁၁.၄ (၂.၈) | ၈.၈ (၁.၈) | ၆.၉ (၀.၈) |
| ရန်ကုန် | ၉.၄ (၂.၈) | ၅.၁ (၀.၈) | ၆.၆ (၁.၂) | ၃.၃ (၀.၃) | ၆.၂ (၁.၄) | ၅.၂ (၀.၈) | ၅.၈ (၁.၀) | ၆.၀ (၁.၃) |
| ရှမ်း | ၁.၃ (၀.၆) | ၂.၃ (၀.၈) | ၃.၈ (၁.၃) | ၁.၄ (၀.၄) | ၂.၁ (၀.၇) | ၁.၈ (၀.၅) | ၁.၉ (၀.၆) | ၁.၆ (၀.၄) |
| - ရှမ်း (တောင်) | ၂.၇ (၀.၄) | ၃.၄ (၁.၂) | ၅.၄ (၁.၅) | ၂.၅ (၀.၁) | ၃.၄ (၀.၂) | ၃.၁ (၀.၅) | ၃.၃ (၀.၉) | ၁.၃ (၀.၈) |
| - ရှမ်း (မြောက်) | ၀.၅ (၀.၃) | ၁.၂ (၀.၄) | ၂.၃ (၀.၃) | ၀.၆ (၀.၂) | ၁.၁ (၀.၃) | ၀.၈ (၀.၃) | ၀.၉ (၀.၂) | ၁.၅ (၀.၅) |
| - ရှမ်း (အရှေ့) | ၁.၁ (၀.၅) | ၁.၀ (၀.၁) | ၁.၇ (၀.၃) | ၀.၈ (၀.၁) | ၁.၁ (၀.၄) | ၀.၉ (၀.၀) | ၁.၀ (၀.၂) | ၂.၅ (၀.၇) |
| ဧရာဝတီ | ၁.၆ (၀.၄) | ၀.၈ (၀.၂) | ၁.၇ (၀.၇) | ၀.၉ (၀.၂) | ၀.၈ (၀.၂) | ၁.၆ (၀.၄) | ၁.၁ (၀.၂) | ၂.၁ (၀.၂) |
| ပြည်ထောင်စု ၂၀၁၀ | ၃.၇ (၀.၄) | ၂.၀ (၀.၂) | ၄.၆ (၀.၆) | ၁.၉ (၀.၃) | ၂.၄ (၀.၂) | ၂.၇ (၀.၂) | ၂.၅ (၀.၂) | ၃.၁ (၀.၃) |
| ပြည်ထောင်စု ၂၀၀၅ | ၃.၅ (၀.၃) | ၂.၉ (၀.၃) | ၅.၅ (၀.၇) | ၂.၃ (၀.၂) | ၃.၂ (၀.၃) | ၃.၁ (၀.၂) | ၃.၁ (၀.၃) | |
| ၂၀၁၀ အသက် ၁၅-၂၄ | ၅.၃ (၀.၅) | ၄.၄ (၀.၅) | ၁၀.၄ (၀.၇) | ၃.၃ (၀.၅) | ၄.၃ (၀.၄) | ၅.၂ (၀.၆) | ၄.၇ (၀.၄) | |
| ၂၀၁၀ အသက် ၂၅-၃၉ | ၂.၉ (၀.၄) | ၁.၅ (၀.၂) | ၃.၁ (၀.၅) | ၁.၃ (၀.၂) | ၁.၈ (၀.၂) | ၁.၈ (၀.၂) | ၁.၈ (၀.၂) | |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၅-၃ ။ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့

တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်းအား အချိန်အသုံးပြုခြင်း နည်းလမ်းကိုသုံး၍ တွက်ချက်ဆောင်ရွက်ပါသည်။ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်းကို တွေ့ဆုံမေးမြန်းခြင်းမပြုမီ (၇)ရက်အတွင်း (၄၄)နာရီအောက် လျော့နည်းအလုပ်လုပ်သော အသက် (၁၅) နှစ်နှင့်အထက် အလုပ်လုပ်သူဦးရေ၏ ရာခိုင်နှုန်းအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ ဇယား ၃၀ တွင် စစ်တမ်းနှစ်ကြိမ်အတွက် ကိန်းဂဏန်းအချက်အလက်များကို ပေါင်းစပ်ဖော်ပြပါသည်။ ဇယား ၃၁ နှင့် ဇယား ၃၂ တို့တွင် စစ်တမ်း ပထမအကြိမ်နှင့် စစ်တမ်းဒုတိယအကြိမ်အတွက် ကိန်းဂဏန်းအချက်အလက်များကို ဖော်ပြပါသည်။ စိတ်ဝင်စားဖွယ်ရလဒ်များရှိပါသည်။

(၁) ၂၀၁၀ပြည့်နှစ်တွင် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့မှာ အလုပ်လုပ်သူဦးရေ၏ ၃၇% ရှိပြီး ဤနှုန်းမှာ ၂၀၀၅ခုနှစ်၏ ၃၄% ထက် အနည်းငယ်မြင့်မားပါသည်။

(၂) ဆင်းရဲသူ (၃၈%) နှင့် မဆင်းရဲသူ (၃၇%) အကြား ခြားနားမှုများရှိသော်လည်း စာရင်းအင်းသဘောအရ အရေးမပါလှပါ။

(၃) တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့မှာ အမျိုးသားများ (၃၅%)ထက် အမျိုးသမီးများ (၄၀%)တွင် ပိုမိုပျံ့နှံ့ပြီး မြို့ပြ (၃၅%)ထက် ကျေးလက် (၃၈%)တွင် ပိုမိုပျံ့နှံ့ပါသည်။

(၄) တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့မှာ ကယားပြည်နယ်တွင် အမြင့်ဆုံးဖြစ်၍ ၅၉% ရှိပြီး ဆင်းရဲနွမ်းပါးမှုနှင့် ဆက်စပ်မှုရှိပါသည်။ သို့သော် မြင့်မားသည့် စံမှားယွင်းချက်များက ဤရလဒ်ကို အဓိပ္ပါယ်ဖော်ဆောင်ရာတွင် သတိပြုရန် နှိုးဆော်နေပါသည်။

(၅) ၂၀၁၀ မေလတွင် ကောက်ယူခဲ့သည့် ဒုတိယအကြိမ် စစ်တမ်းအတွင်း တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်းမှာ ၂၀၀၉-၂၀၁၀ ဒီဇင်ဘာ - ဇန်နဝါရီလ၏ ရိတ်သိမ်းရာသီ (သို့မဟုတ်) ရိတ်သိမ်းရာသီပြီးစအတွင်း ကောက်ယူခဲ့သည့် ပထမအကြိမ် စစ်တမ်း၏ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်းထက် များစွာမြင့်မားပါသည်။ အသီးသီးသော တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်းမှာ (၄၅%) နှင့် (၃၀%) ရှိပါသည်။

တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်းမှာ မြန်မာနိုင်ငံတွင် ထူးခြားဖြစ်စဉ် တစ်ခုဖြစ်ပြီး ရာသီအလိုက် သိသာသည့် ပြောင်းလဲမှုများရှိပါသည်။ ဤတွေ့ရှိချက်များက ဆင်းရဲနွမ်းပါးမှုသည် အလုပ်မရှိမှုထက်လုပ်ငန်းမှ ရရှိသည့်အကျိုးအမြတ် နိမ့်ကျခြင်းနှင့် ပိုမိုသက်ဆိုင်သည့် အမြင်ကို ထပ်ဆင့် ထောက်ခံခြင်းဖြစ်ပါသည် (စီးပွားရေးအရ မှီခိုမှုအချိုးများ၊ လုပ်သားအင်အား ပါဝင်မှုနှုန်းများနှင့် အလုပ်လက်မဲ့စသော စကားဆက်များတွင် ဆွေးနွေးပြီးဖြစ်ပါသည်)။ ဤတွေ့ရှိချက်များက ဆင်းရဲနွမ်းပါးမှု ရှေ့လျားခြင်း (သို့မဟုတ်) စိုက်ပျိုးရေး ရာသီစက်ဝန်းကာလတစ်လျှောက် ဆင်းရဲနွမ်းပါးသွားမှုနှင့် ဆင်းရဲခြင်းမှ လွတ်မြောက်မှုများ၏ အရေးကြီးမှုကို မှန်ကန်ကြောင်း သက်သေခံနေပါသည်။

## ၅-၄ ။ အကျဉ်းချုပ်

အပိုင်း ၄ ဇယား ၁၇ တွင် ဆင်းရဲနွမ်းပါးမှုအတွက် လုပ်သားဈေးကွက် အရေးကြီးမှုကို ဖော်ပြခဲ့ပြီး ဆင်းရဲသူများ၏ တစ်ဝက်ခန့်မှာ အလုပ်သမားများ (သို့မဟုတ်) ကျပန်းလုပ်သားများ ဖြစ်ကြပါသည်။ အပိုင်း ၅ က လုပ်သားဈေးကွက်နှင့် ဆင်းရဲနွမ်းပါးမှုအကြား ဆက်သွယ်မှုနှင့် ပတ်သက်သည့် အပိုဆောင်း သတင်းအချက်အလက်ကို ဖော်ပြပါသည်။

လုပ်သားအင်အား ပါဝင်မှုနှုန်းနှင့် ပတ်သက်၍ ဖော်ပြရပါလျှင် အားလုံးခြုံငုံသော နှုန်းများမှာ မြင့်မားပြီး အသက်၁၅နှစ် နှင့် အထက် လူဦးရေ၏ သုံးပုံနှစ်ပုံ ၆၇% ရှိ၍ ဆင်းရဲသူများတွင် မဆင်းရဲသူများထက် မြင့်မားကာ ၆၉% နှင့် ၆၆% အသီးသီးရှိပါသည်။ ကလေးလုပ်သား (အသက် ၁၀-၁၄) ပါဝင်မှုနှုန်းများမှာ ဆင်းရဲသူ နှင့် မဆင်းရဲသူအကြား လုံးလုံးလျားလျား ခြားနားမှုများရှိပြီး ၁၈% နှင့် ၁၀% အသီးသီးရှိကာ အသက် ၁၅-၂၄ နှစ်အရွယ် ဆင်းရဲသူနှင့် မဆင်းရဲသူအကြားတွင်လည်း ပါဝင်မှုနှုန်းများမှာ ခြားနားမှု ကြီးမားပြီး ၇၂% နှင့် ၆၂% အသီးသီး ရှိပါသည်။ ဤတွေ့ရှိချက်များက ညွှန်ပြသည်မှာ ဆင်းရဲနွမ်းပါးမှုမှာ လုပ်သားအင်အား ပါဝင်မှုနှုန်းတွင် အဓိက မပါဝင်နိုင်ခြင်းကြောင့် မဟုတ်ပဲ လုပ်သားအင်အားတွင် ပါဝင်သော်လည်း လုပ်ငန်းမှ အကျိုးအမြတ်ရရှိမှု နိမ့်ကျခြင်းနှင့် လုပ်ခ ကြေးငွေ လျော့နည်းခြင်းကြောင့် ဖြစ်ပါသည်(အပိုင်း ၄-၂ ၏ စီးပွားရေးအရ မှီခိုမှုအချိုးတွင် တွေ့ရှိနိုင်ပါသည်)။ ထို့အပြင် ဤတွေ့ရှိချက်များက အပိုင်း ၄-၂ ၏ အကြံပြုချက်ကို ကန့်သက်ချက်ဖြင့် ထပ်ဆင့်ထောက်ခံဖော်ပြသည်မှာ အပိုင်း ၂ တွင် ဆွေးနွေးထားသည့် ဆင်းရဲသူများအကြား စားသုံးမှုစရိတ်မြင့်မားလာရခြင်းမှာ အိမ်ထောင်စုဝင်များသည် လုပ်သားအင်အားအဖြစ် ပြောင်းလဲ ဝင်ရောက်သွားသည်နှင့်အမျှ အလုပ်ချိန်ပိုမို လုပ်ကိုင်ခြင်းနှင့် ကြိုးစားလုပ်ကိုင်ခြင်းကြောင့် ဖြစ်သည်ဆိုသည့်အချက်ဖြစ်သည်။ အဆုံးတွင် ဆင်းရဲသူများအကြား အလွန်မြင့်မားသော ကလေးလုပ်သားအင်အား (အသက် ၁၀-၁၄)ပါဝင်မှု၏ မြင့်မားသောနှုန်းများက ဖြစ်နိုင်ခြေရှိသည့် မျိုးဆက်ကြား ဆင်းရဲနွမ်းပါးခြင်း ကူးပြောင်းမှုနှင့် ဆင်းရဲနွမ်းပါးမှု အနှောင်အဖွဲ့များ အကြောင်း မေးမြန်းရန်မေးခွန်းများ ထွက်ပေါ်လာစေပါသည်။ ဤဖြစ်နိုင်ခြေမှာ အလုပ်လုပ်နေသည့် ကလေးများ၏ နိမ့်ကျသော ကျောင်းဝင်နှုန်းများက သက်သေခံလျက်ရှိပါသည်။

အလုပ်လက်မဲ့ နှင့် ပတ်သက်၍ ဖော်ပြရပါလျှင် ဤနှုန်းများမှာ မြန်မာနိုင်ငံတွင် ထူးထူးခြားခြား နိမ့်ကျ၍ ၁.၇% ရှိပါသည်။ ဆင်းရဲသူများမှာ မဆင်းရဲသူများထက် ပိုမိုအလုပ်လက်မဲ့ဖြစ်ကြပြီး ၂.၄% နှင့် ၁.၄% အသီးသီးရှိပါသည်။ သို့သော် ဆင်းရဲသူများ၏ ပေါ်လွင်အလုပ်လက်မဲ့နှုန်းမှာ အလွန်နိမ့်ကျပြီး ၂၀၀၅ခုနှစ်၏ ၂.၃% မှ ပြောင်းလဲလာခြင်းမရှိပါ။ တွေ့ဆုံမေးမြန်းမီ (၇) ရက်အတွင်း အလုပ်လက်မဲ့၏ ကိုယ်စားပြုချက်ဖြစ်သော အချိန်အလိုက်အလုပ်လက်မဲ့နှုန်း TRU မှာ အလွန်နိမ့်ကျပြီး ၂.၅% ရှိပါသည်။ ဆင်းရဲနွမ်းပါးမှုနှင့် TRU အကြား ဆက်သွယ်မှုမှာ အထက်တွင်ဖော်ပြခဲ့သည့် ဆင်းရဲနွမ်းပါးမှုနှင့် အလုပ်လက်မဲ့အကြား ဆက်သွယ်မှုနှင့် အလားတူပင် ဖြစ်ပါသည်။ ဆင်းရဲသူနှင့် မဆင်းရဲသူအတွက် ဤညွှန်ကိန်းမှာ ၃.၇% နှင့် ၂.၁% အသီးသီးရှိပြီး ဆင်းရဲသူ၏ အလုပ်လက်မဲ့နှုန်းမှာ ၂၀၀၅ နှင့် ၂၀၁၀ အကြား လုံးဝနီးပါး တူညီပါသည်။ အချုပ်အားဖြင့် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုနှင့် ပေါ်လွင်အလုပ်လက်မဲ့အကြား၊ ဆင်းရဲနွမ်းပါးမှုနှင့် အလုပ်လုပ်ကိုင်မှု၏ အချိန်ဖြင့် သတ်မှတ်သည့်နှုန်းများအကြား ဆက်နွယ်မှုရှိပါသည်။ သို့သော်လည်း ဤဆက်နွယ်မှု အချက်နှစ်ရပ်မှာ အရေးပါခြင်းမရှိပဲ ဆင်းရဲနွမ်းပါးဖြစ်ပေါ်မှုတွင် အဓိကမကျသည့်ပါဝင် ဖြစ်ပေါ်မှုများသာ ဖြစ်စေပါသည်။ ဆင်းရဲနွမ်းပါးမှုသည် အလုပ်မရှိသည်ထက် လုပ်ငန်းမှအကျိုးအမြတ်ရရှိမှု နိမ့်ကျခြင်းနှင့်သာ ပိုမိုသက်ဆိုင်ပါသည်။

နောက်ဆုံးတွင် မြန်မာနိုင်ငံ၌ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့မှာ သိသာသောရာသီအလိုက် အတိုင်းအတာပမာဏများနှင့် ထူခြားသော ဖြစ်စဥ်တစ်ရပ်ဖြစ်ပြီး ၂၀၀၅ နှင့် ၂၀၁၀အကြား တိုးမြင့်လာပါသည်။ သို့သော်လည်း တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့မှာ ဆင်းရဲနွမ်းပါးမှုနှင့် နီးကပ်သောဆက်သွယ်မှုမရှိပါ။ ဤတွေ့ရှိချက်များက ဆင်းရဲနွမ်းပါးမှုသည် အလုပ်မရှိခြင်းထက် လုပ်ငန်းမှရရှိသည့် အကျိုးအမြတ် နိမ့်ကျခြင်းနှင့် ပိုမိုသက်ဆိုင်သည် အမြင်ကို ထပ်ဆင့် ထောက်ခံခြင်းဖြစ်သည်။ (စီးပွားရေးအရ မှီခိုမှုအချိုးများ၊ လုပ်သားအင်အားပါဝင်မှုနှုန်းနှင့် အလုပ်လက်မဲ့ စသည်တို့နှင့် ပတ်သက်သည့် စကားဆက်များတွင် ဆွေးနွေးဖော်ပြပြီး ဖြစ်သည်။) ဤတွေ့ရှိချက်များက ဆင်းရဲ နွမ်းပါးမှုလျှော့လျှားခြင်း (သို့မဟုတ်) စိုက်ပျိုးရေး

ရာသီစက်ဝန်းတစ်လျှောက် ဆင်းရဲနွမ်းပါးသွားမှုနှင့် ဆင်းရဲခြင်းမှ လွတ်မြောက်မှုများ၏ အရေးကြီးမှုကို မှန်ကန်ကြောင်း သက်သေခံနေပါသည်။

ဇယား ၃၀ ။ လွန်ခဲ့သော ၇ရက် (၄၄ နာရီ) အတွင်း တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း (၁၅ နှစ် နှင့် အထက်)

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | ၂၀၁၀ | | | | | | | ၂၀၀၅ရှိ စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | အလွှာ | | ကျား/မ | | စုစုပေါင်း | |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | | |
| ကချင် | ၅၃.၂ (၈.၅) | ၄၆.၃ (၈.၆) | ၄၄.၉ (၈.၇) | ၄၉.၄ (၈.၆) | ၄၆.၇ (၉.၁) | ၅၀.၃ (၇.၉) | ၄၈.၂ (၈.၄) | ၃၆.၇ (၅.၇) |
| ကယား | ၆၄.၀ (၁၃.၇) | ၅၇.၉ (၁.၁) | ၅၁.၉ (၅.၁) | ၆၅.၇ (၃.၉) | ၅၄.၁ (၃.၀) | ၆၄.၅ (၂.၁) | ၅၈.၅ (၂.၄) | ၄၈.၈ (၅.၃) |
| ကရင် | ၅၀.၉ (၂၀.၇) | ၄၉.၇ (၁၁.၉) | ၅၄.၀ (၁၅.၉) | ၄၉.၁ (၁၂.၉) | ၄၉.၂ (၁၃.၄) | ၅၀.၉ (၁၃.၇) | ၄၉.၉ (၁၃.၅) | ၃၄.၉ (၃.၅) |
| ချင်း | ၅၁.၄ (၁၀.၂) | ၃၈.၁ (၅.၃) | ၃၈.၀ (၅.၄) | ၅၀.၄ (၁၀.၁) | ၄၄.၁ (၆.၉) | ၅၂.၉ (၉.၉) | ၄၇.၉ (၈.၀) | ၅၀.၇ (၈.၉) |
| စစ်ကိုင်း | ၄၆.၆ (၅.၅) | ၄၄.၆ (၃.၆) | ၄၃.၈ (၂.၅) | ၄၅.၁ (၄.၁) | ၄၂.၂ (၃.၁) | ၄၈.၂ (၄.၅) | ၄၄.၉ (၃.၇) | ၃၇.၃ (၄.၄) |
| တနင်္သာရီ | ၃၉.၇ (၃.၃) | ၃၅.၈ (၁.၂) | ၃၀.၄ (၃.၀) | ၃၉.၀ (၁.၃) | ၃၃.၉ (၀.၇) | ၄၁.၆ (၂.၃) | ၃၇.၁ (၀.၄) | ၃၆.၃ (၄.၄) |
| ပဲခူး | ၂၅.၉ (၈.၁) | ၃၂.၇ (၆.၂) | ၂၉.၈ (၄.၄) | ၃၁.၇ (၆.၈) | ၂၉.၅ (၆.၇) | ၃၄.၄ (၆.၄) | ၃၁.၅ (၆.၅) | ၂၆.၈ (၃.၆) |
| - ပဲခူး (အရှေ့) | ၁၂.၆ (၄.၂) | ၂၀.၉ (၄.၄) | ၂၂.၀ (၃.၀) | ၁၈.၇ (၄.၆) | ၁၆.၇ (၄.၁) | ၂၂.၈ (၅.၀) | ၁၉.၂ (၄.၅) | ၂၀.၅ (၂.၆) |
| - ပဲခူး (အနောက်) | ၄၆.၁ (၁၁.၂) | ၄၄.၅ (၇.၀) | ၄၂.၆ (၂.၆) | ၄၅.၀ (၇.၉) | ၄၃.၄ (၇.၈) | ၄၆.၇ (၇.၀) | ၄၄.၈ (၇.၄) | ၃၄.၈ (၆.၀) |
| မကွေး | ၄၄.၅ (၆.၁) | ၄၃.၁ (၄.၃) | ၃၃.၁ (၂.၆) | ၄၄.၄ (၅.၀) | ၄၀.၆ (၄.၄) | ၄၆.၅ (၄.၆) | ၄၃.၄ (၄.၅) | ၅၂.၄ (၆.၀) |
| မန္တလေး | ၃၀.၅ (၃.၅) | ၂၉.၄ (၃.၆) | ၂၈.၄ (၂.၇) | ၃၀.၁ (၄.၁) | ၂၈.၃ (၃.၁) | ၃၁.၄ (၃.၃) | ၂၉.၇ (၃.၂) | ၃၀.၀ (၃.၃) |
| မွန် | ၂၇.၄ (၄.၃) | ၄၁.၅ (၅.၃) | ၃၉.၂ (၂.၂) | ၃၉.၁ (၆.၅) | ၃၅.၄ (၅.၂) | ၄၅.၂ (၄.၃) | ၃၉.၁ (၅.၁) | ၃၈.၇ (၃.၈) |
| ရခိုင် | ၃၉.၅ (၂.၆) | ၄၆.၂ (၁.၀) | ၄၅.၅ (၁.၄) | ၄၂.၉ (၀.၆) | ၃၈.၆ (၁.၃) | ၅၂.၇ (၂.၆) | ၄၃.၅ (၀.၈) | ၃၁.၂ (၄.၅) |
| ရန်ကုန် | ၃၂.၂ (၃.၉) | ၃၃.၅ (၂.၆) | ၃၄.၃ (၂.၇) | ၃၀.၆ (၃.၀) | ၂၉.၄ (၂.၅) | ၃၈.၈ (၂.၀) | ၃၃.၃ (၂.၁) | ၃၀.၄ (၂.၆) |
| ရှမ်း | ၄၆.၄ (၃.၁) | ၃၈.၆ (၂.၈) | ၃၅.၆ (၃.၀) | ၄၃.၀ (၃.၁) | ၃၉.၃ (၂.၈) | ၄၃.၉ (၃.၄) | ၄၁.၄ (၂.၉) | ၄၂.၁ (၄.၃) |
| - ရှမ်း (တောင်) | ၄၉.၇ (၃.၂) | ၄၁.၂ (၄.၅) | ၃၅.၀ (၀.၉) | ၄၆.၅ (၄.၄) | ၄၁.၉ (၃.၄) | ၄၅.၄ (၈.၅) | ၄၃.၅ (၅.၆) | ၃၃.၁ (၃.၄) |
| - ရှမ်း (မြောက်) | ၄၄.၂ (၂.၇) | ၃၄.၃ (၂.၈) | ၃၅.၀ (၇.၅) | ၃၉.၁ (၂.၈) | ၃၅.၃ (၃.၀) | ၄၁.၈ (၁.၆) | ၃၈.၃ (၂.၂) | ၄၃.၇ (၅.၉) |
| - ရှမ်း (အရှေ့) | ၄၇.၈ (၁၄.၄) | ၄၃.၈ (၇.၃) | ၃၉.၂ (၅.၅) | ၄၆.၆ (၁၃.၁) | ၄၃.၈ (၁၀.၃) | ၄၆.၂ (၁၁.၀) | ၄၄.၈ (၁၀.၅) | ၆၇.၀ (၆.၉) |
| ဧရာဝတီ | ၃၅.၁ (၄.၉) | ၃၃.၁ (၃.၂) | ၃၁.၅ (၀.၉) | ၃၄.၂ (၄.၄) | ၃၁.၈ (၃.၈) | ၃၇.၀ (၃.၅) | ၃၃.၈ (၃.၇) | ၃၀.၆ (၀.၉) |
| ပြည်ထောင်စု ၂၀၁၀ | ၃၈.၀ (၀.၆) | ၃၇.၃ (၀.၃) | ၃၄.၈ (၀.၃) | ၃၈.၃ (၀.၅) | ၃၄.၉ (၀.၂) | ၄၁.၀ (၀.၃) | ၃၇.၅ (၀.၂) | ၃၃.၉ (၀.၁) |
| ပြည်ထောင်စု ၂၀၀၅ | ၃၄.၅ (၀.၅) | ၃၃.၇ (၀.၁) | ၃၄.၆ (၀.၄) | ၃၃.၈ (၀.၄) | ၃၁.၀ (၀.၁) | ၃၈.၀ (၀.၂) | ၃၃.၉ (၀.၁) | |
| ၂၀၁၀ အသက် ၁၅-၂၄ | ၃၄.၃ (၂.၀) | ၃၄.၈ (၀.၇) | ၂၉.၃ (၂.၀) | ၃၅.၇ (၀.၇) | ၃၂.၈ (၀.၄) | ၃၇.၀ (၀.၈) | ၃၄.၆ (၀.၅) | |
| ၂၀၁၀ အသက် ၂၅-၅၉ | ၃၉.၃ (၀.၅) | ၃၇.၈ (၀.၂) | ၃၅.၉ (၀.၄) | ၃၉.၀ (၀.၅) | ၃၅.၀ (၀.၂) | ၄၂.၃ (၀.၂) | ၃၈.၀ (၀.၂) | |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၃၁ ။ လွန်ခဲ့သော ၇ ရက် (၄၄ နာရီ) အတွင်း တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း (၁၅ နှစ်နှင့်အထက်၊ ပထမအကြိမ်)

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | ၂၀၁၀ | | | | | | | ၂၀၀၅ စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | အလွှာ | | ကျား/မ | | စုစုပေါင်း | |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | | |
| ကချင် | ၄၈.၉ (၁၁.၁) | ၄၄.၂ (၉.၆) | ၄၆.၇ (၁၄.၉) | ၄၅.၂ (၈.၄) | ၄၂.၅ (၉.၆) | ၄၉.၈ (၁၀.၂) | ၄၅.၆ (၉.၈) | ၃၃.၈ (၅.၀) |
| ကယား | ၆၄.၃ (၃၀.၉) | ၄၉.၇ (၀.၃) | ၄၅.၂ (၀.၉) | ၅၄.၇ (၄.၉) | ၄၆.၄ (၃.၅) | ၅၇.၉ (၄.၆) | ၅၀.၃ (၃.၇) | ၄၈.၁ (၀.၁) |
| ကရင် | ၄၈.၈ (၂၄.၈) | ၃၄.၅ (၈.၇) | ၄၀.၇ (၁၅.၈) | ၃၆.၅ (၁၀.၈) | ၃၄.၇ (၁၀.၇) | ၄၀.၄ (၁၃.၁) | ၃၇.၂ (၁၁.၇) | ၂၉.၀ (၁.၅) |
| ချင်း | ၅၀.၆ (၁၁.၆) | ၄၁.၄ (၃.၆) | ၃၇.၁ (၅.၃) | ၅၀.၅ (၁၀.၈) | ၄၆.၉ (၇.၈) | ၄၉.၉ (၁၀.၃) | ၄၈.၁ (၈.၇) | ၅၀.၄ (၆.၀) |
| စစ်ကိုင်း | ၄၀.၅ (၄.၆) | ၃၃.၇ (၃.၄) | ၄၂.၂ (၂.၉) | ၃၃.၆ (၃.၉) | ၃၁.၇ (၂.၀) | ၃၈.၃ (၅.၇) | ၃၄.၇ (၃.၆) | ၃၂.၂ (၄.၁) |
| တနင်္သာရီ | ၄၀.၄ (၅.၄) | ၃၄.၁ (၂.၂) | ၂၆.၅ (၂.၄) | ၃၈.၇ (၃.၆) | ၃၃.၂ (၂.၉) | ၄၀.၆ (၂.၇) | ၃၆.၂ (၂.၇) | ၃၅.၇ (၃.၉) |
| ပဲခူး | ၁၆.၀ (၅.၉) | ၂၀.၉ (၄.၅) | ၂၆.၆ (၄.၀) | ၁၉.၂ (၄.၈) | ၁၇.၂ (၄.၆) | ၂၄.၁ (၄.၈) | ၂၀.၁ (၄.၆) | ၂၂.၆ (၂.၇) |
| - ပဲခူး (အရှေ့) | ၇.၀ (၀.၂) | ၁၁.၄ (၀.၇) | ၁၉.၈ (၁.၈) | ၉.၀ (၀.၃) | ၇.၆ (၀.၅) | ၁၄.၇ (၁.၆) | ၁၀.၅ (၀.၈) | ၂၀.၀ (၂.၀) |
| - ပဲခူး (အနောက်) | ၂၉.၆ (၁၁.၆) | ၃၀.၃ (၄.၄) | ၃၇.၈ (၂.၇) | ၂၉.၅ (၅.၃) | ၂၇.၆ (၅.၂) | ၃၃.၇ (၅.၅) | ၃၀.၂ (၅.၁) | ၂၅.၆ (၆.၄) |
| မကွေး | ၃၄.၇ (၅.၆) | ၂၉.၇ (၄.၅) | ၂၈.၅ (၁.၆) | ၃၀.၂ (၅.၀) | ၂၈.၅ (၄.၄) | ၃၃.၇ (၅.၀) | ၃၀.၀ (၄.၅) | ၃၀.၆ (၅.၃) |
| မန္တလေး | ၂၄.၃ (၃.၇) | ၂၂.၅ (၂.၀) | ၂၉.၁ (၃.၂) | ၂၀.၉ (၃.၁) | ၂၂.၁ (၂.၀) | ၂၄.၂ (၂.၃) | ၂၃.၀ (၂.၀) | ၂၆.၇ (၃.၀) |
| မွန် | ၂၃.၂ (၇.၉) | ၃၆.၀ (၄.၈) | ၃၅.၄ (၂.၇) | ၃၃.၅ (၆.၄) | ၂၉.၁ (၆.၀) | ၄၁.၉ (၂.၉) | ၃၃.၉ (၅.၂) | ၃၇.၀ (၄.၈) |
| ရခိုင် | ၂၄.၆ (၂.၀) | ၃၉.၈ (၂.၆) | ၄၃.၈ (၁.၆) | ၃၁.၁ (၁.၂) | ၂၈.၉ (၂.၃) | ၄၂.၄ (၃.၁) | ၃၃.၉ (၂.၅) | ၂၉.၇ (၄.၅) |
| ရန်ကုန် | ၃၂.၃ (၈.၂) | ၃၂.၅ (၂.၆) | ၃၄.၁ (၃.၅) | ၂၇.၈ (၀.၉) | ၂၈.၅ (၂.၇) | ၃၈.၁ (၂.၈) | ၃၂.၅ (၂.၇) | ၃၀.၀ (၂.၇) |
| ရှမ်း | ၃၇.၆ (၅.၁) | ၃၂.၆ (၄.၂) | ၃၄.၄ (၃.၅) | ၃၄.၄ (၄.၉) | ၃၂.၅ (၄.၁) | ၃၆.၆ (၄.၉) | ၃၄.၄ (၄.၄) | ၃၈.၅ (၄.၀) |
| - ရှမ်း (တောင်) | ၄၇.၃ (၃.၈) | ၃၈.၀ (၇.၇) | ၃၅.၀ (၄.၀) | ၄၂.၄ (၈.၂) | ၃၉.၄ (၆.၀) | ၄၀.၈ (၁၁.၁) | ၄၀.၅ (၈.၂) | ၂၆.၇ (၁.၀) |
| - ရှမ်း (မြောက်) | ၃၀.၁ (၄.၃) | ၂၅.၄ (၂.၈) | ၃၃.၃ (၈.၆) | ၂၆.၀ (၂.၄) | ၂၄.၃ (၂.၉) | ၃၀.၇ (၃.၆) | ၂၇.၃ (၂.၉) | ၄၃.၂ (၅.၄) |
| - ရှမ်း (အရှေ့) | ၄၂.၆ (၁၄.၇) | ၃၇.၄ (၉.၀) | ၃၅.၅ (၇.၆) | ၄၁.၁ (၁၃.၇) | ၃၇.၉ (၁၀.၆) | ၄၂.၃ (၁၀.၉) | ၃၉.၈ (၁၀.၆) | ၆၃.၃ (၅.၃) |
| ဧရာဝတီ | ၂၅.၄ (၄.၅) | ၂၄.၆ (၂.၈) | ၂၆.၉ (၁.၅) | ၂၄.၅ (၃.၅) | ၂၁.၅ (၂.၈) | ၃၀.၃ (၃.၄) | ၂၄.၉ (၂.၉) | ၂၈.၈ (၁.၀) |
| ပြည်ထောင်စု ၂၀၁၀ | ၃၀.၄ (၀.၈) | ၂၉.၄ (၀.၀) | ၃၃.၄ (၀.၆) | ၂၈.၅ (၀.၃) | ၂၆.၇ (၀.၀) | ၃၃.၆ (၀.၃) | ၂၉.၇ (၀.၀) | ၃၀.၃ (၀.၀) |
| ပြည်ထောင်စု ၂၀၀၅ | ၃၀.၈ (၀.၆) | ၃၀.၁ (၀.၀) | ၃၅.၁ (၀.၃) | ၂၈.၉ (၀.၂) | ၂၇.၃ (၀.၀) | ၃၄.၅ (၀.၂) | ၃၀.၃ (၀.၁) | |
| ၂၀၁၀ အသက် ၁၅-၂၄ | ၂၆.၇ (၂.၃) | ၂၆.၈ (၀.၄) | ၂၈.၉ (၂.၄) | ၂၆.၄ (၀.၅) | ၂၅.၄ (၀.၃) | ၂၈.၅ (၀.၇) | ၂၆.၈ (၀.၄) | |
| ၂၀၁၀ အသက် ၂၅-၅၉ | ၃၁.၈ (၀.၆) | ၃၀.၀ (၀.၀) | ၃၄.၃ (၀.၆) | ၂၉.၀ (၀.၃) | ၂၆.၈ (၀.၀) | ၃၅.၃ (၀.၃) | ၃၀.၄ (၀.၀) | |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၃၂ ။ လွန်ခဲ့သော ၇ရက် (၄၄ နာရီ) အတွင်း တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း (၁၅ နှစ်နှင့် အထက်၊ ဒုတိယအကြိမ်)

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | ၂၀၁၀ | | | | | | | ၂၀၀၅ စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | အလွှာ | | ကျား/မ | | စုစုပေါင်း | |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | | |
| ကချင် | ၅၇.၈ (၁၀.၆) | ၄၈.၃ (၉.၉) | ၄၂.၈ (၇.၅) | ၅၃.၅ (၁၀.၆) | ၅၁.၀ (၁၁.၄) | ၅၀.၈ (၈.၅) | ၅၀.၉ (၁၀.၁) | ၄၀.၂ (၆.၅) |
| ကယား | ၆၃.၇ (၃.၆) | ၆၅.၃ (၁.၉) | ၄၆.၄ (၈.၈) | ၇၆.၀ (၃.၁) | ၆၀.၁ (၂.၇) | ၇၀.၇ (၀.၀) | ၆၅.၁ (၀.၄) | ၄၉.၅ (၉.၂) |
| ကရင် | ၅၃.၀ (၁၆.၇) | ၆၅.၁ (၁၆.၂) | ၆၆.၂ (၁၆.၂) | ၆၂.၁ (၁၆.၄) | ၆၃.၇ (၁၇.၄) | ၆၁.၇ (၁၅.၁) | ၆၂.၉ (၁၆.၄) | ၄၁.၄ (၆.၇) |
| ချင်း | ၅၂.၀ (၉.၅) | ၃၅.၃ (၆.၉) | ၃၈.၆ (၅.၆) | ၅၀.၂ (၁၀.၀) | ၄၁.၇ (၆.၄) | ၅၄.၉ (၁၀.၁) | ၄၇.၈ (၇.၉) | ၅၀.၉ (၁၀.၂) |
| စစ်ကိုင်း | ၅၂.၈ (၆.၇) | ၅၅.၅ (၄.၅) | ၄၅.၃ (၃.၄) | ၅၆.၆ (၄.၇) | ၅၂.၇ (၄.၃) | ၅၈.၁ (၄.၆) | ၅၅.၁ (၄.၃) | ၄၃.၄ (၅.၀) |
| တနင်္သာရီ | ၃၉.၀ (၁.၃) | ၃၇.၄ (၃.၈) | ၃၃.၅ (၅.၄) | ၃၉.၃ (၁.၃) | ၃၄.၆ (၃.၂) | ၄၂.၆ (၃.၃) | ၃၇.၉ (၂.၄) | ၃၆.၈ (၅.၀) |
| ပဲခူး | ၃၆.၀ (၁၀.၉) | ၄၄.၉ (၈.၅) | ၃၃.၀ (၄.၉) | ၄၄.၈ (၉.၄) | ၄၁.၈ (၉.၂) | ၄၅.၅ (၈.၄) | ၄၃.၃ (၈.၉) | ၃၁.၄ (၅.၇) |
| - ပဲခူး (အရှေ့) | ၁၈.၂ (၉.၅) | ၃၀.၆ (၈.၆) | ၂၄.၂ (၄.၄) | ၂၈.၇ (၉.၇) | ၂၅.၉ (၈.၅) | ၃၁.၂ (၉.၀) | ၂၈.၁ (၈.၇) | ၂၀.၉ (၃.၃) |
| - ပဲခူး (အနောက်) | ၆၂.၆ (၉.၉) | ၅၉.၅ (၉.၇) | ၄၇.၃ (၄.၆) | ၆၁.၄ (၁၀.၅) | ၅၉.၂ (၁၀.၃) | ၆၁.၂ (၈.၃) | ၆၀.၀ (၉.၅) | ၄၅.၈ (၆.၇) |
| မကွေး | ၅၄.၃ (၇.၅) | ၅၆.၇ (၆.၈) | ၃၇.၆ (၄.၅) | ၅၇.၉ (၆.၄) | ၅၂.၉ (၅.၇) | ၅၉.၆ (၆.၄) | ၅၆.၁ (၆.၀) | ၃၃.၃ (၇.၇) |
| မန္တလေး | ၃၆.၉ (၄.၄) | ၃၆.၁ (၅.၅) | ၂၇.၇ (၃.၀) | ၃၉.၃ (၆.၀) | ၃၄.၄ (၅.၀) | ၃၈.၅ (၄.၈) | ၃၆.၃ (၄.၉) | ၃၃.၃ (၄.၁) |
| မွန် | ၃၁.၅ (၁.၃) | ၄၇.၀ (၆.၀) | ၄၂.၈ (၂.၂) | ၄၄.၆ (၆.၇) | ၄၁.၈ (၄.၅) | ၄၈.၃ (၅.၈) | ၄၄.၃ (၅.၁) | ၄၀.၄ (၃.၃) |
| ရခိုင် | ၅၄.၈ (၄.၁) | ၅၃.၅ (၂.၅) | ၄၇.၂ (၁.၅) | ၅၆.၄ (၂.၅) | ၄၈.၄ (၄.၂) | ၆၅.၉ (၂.၅) | ၅၄.၀ (၂.၈) | ၃၃.၀ (၄.၈) |
| ရန်ကုန် | ၃၂.၂ (၃.၉) | ၃၄.၆ (၄.၁) | ၃၄.၅ (၄.၀) | ၃၃.၄ (၆.၉) | ၃၀.၄ (၄.၈) | ၃၉.၅ (၂.၈) | ၃၄.၂ (၃.၈) | ၃၀.၈ (၂.၇) |
| ရှမ်း | ၅၅.၁ (၃.၁) | ၄၄.၃ (၂.၂) | ၃၆.၇ (၂.၈) | ၅၁.၄ (၂.၈) | ၄၅.၈ (၂.၅) | ၅၀.၈ (၂.၇) | ၄၈.၀ (၂.၄) | ၄၅.၆ (၅.၃) |
| - ရှမ်း (တောင်) | ၅၂.၀ (၂.၈) | ၄၄.၁ (၁.၆) | ၃၅.၀ (၁.၁) | ၅၀.၂ (၁.၁) | ၄၄.၂ (၁.၀) | ၄၈.၆ (၅.၉) | ၄၆.၂ (၃.၀) | ၃၉.၅ (၇.၄) |
| - ရှမ်း (မြောက်) | ၅၈.၂ (၃.၃) | ၄၃.၂ (၅.၂) | ၃၆.၆ (၇.၃) | ၅၂.၀ (၅.၄) | ၄၆.၁ (၅.၂) | ၅၂.၈ (၃.၃) | ၄၉.၂ (၄.၂) | ၄၄.၂ (၆.၄) |
| - ရှမ်း (အရှေ့) | ၅၀.၆ (၁၄.၆) | ၄၈.၉ (၅.၉) | ၄၂.၈ (၃.၇) | ၅၂.၅ (၁၂.၉) | ၄၉.၉ (၉.၄) | ၅၀.၄ (၁၀.၇) | ၅၀.၁ (၉.၈) | ၇၀.၄ (၈.၄) |
| ဧရာဝတီ | ၄၄.၆ (၆.၀) | ၄၁.၉ (၄.၅) | ၃၆.၀ (၂.၈) | ၄၄.၁ (၅.၇) | ၄၂.၃ (၅.၂) | ၄၃.၇ (၄.၈) | ၄၂.၈ (၄.၉) | ၃၂.၅ (၁.၅) |
| ပြည်ထောင်စု ၂၀၁၀ | ၄၅.၆ (၀.၉) | ၄၅.၂ (၀.၈) | ၃၆.၂ (၀.၇) | ၄၈.၃ (၂.၀) | ၄၃.၀ (၀.၈) | ၄၈.၆ (၀.၇) | ၄၅.၃ (၀.၇) | ၃၇.၈ (၀.၄) |
| ပြည်ထောင်စု ၂၀၀၅ | ၃၈.၃ (၀.၈) | ၃၇.၅ (၀.၄) | ၃၄.၀ (၀.၅) | ၃၉.၀ (၀.၇) | ၃၄.၉ (၀.၄) | ၄၁.၈ (၀.၅) | ၃၇.၈ (၀.၄) | |
| ၂၀၁၀ အသက် ၁၅-၂၄ | ၄၂.၁ (၂.၂) | ၄၂.၇ (၂.၉) | ၂၉.၇ (၂.၅) | ၄၅.၀ (၂.၇) | ၄၀.၀ (၀.၉) | ၄၅.၈ (၂.၄) | ၄၂.၅ (၂.၀) | |
| ၂၀၁၀ အသက် ၂၅-၅၉ | ၄၆.၈ (၂.၀) | ၄၅.၆ (၀.၈) | ၃၇.၄ (၀.၈) | ၄၉.၁ (၂.၀) | ၄၃.၃ (၀.၈) | ၄၉.၃ (၀.၅) | ၄၅.၈ (၀.၆) | |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၆ ။ အိုးအိမ်၊ သောက်သုံးရေနှင့် အညစ်အကြေး သန့်ရှင်းရေးစနစ်

အပိုင်း ၆ သည် အိုးအိမ်ဆိုင်ရာ သွင်ပြင်လက္ခဏာများ နှင့် အစပြု၍ တင်ပြပြီး အထူးသဖြင့် အိမ်အမိုးအမျိုးအစား (အပိုင်း ၆-၁)၊ ၎င်းနောက် လူနေမှုဘဝပြည့်စုံ ဖူလုံမှု၏ အဓိကအတိုင်းအတာ (၃)ရပ်ဖြစ်သည့် ဘေးကင်းသည့် သောက်သုံးရေ (အပိုင်း ၆-၂)၊ ကောင်းမွန်သည့် အညစ်အကြေးသန့်ရှင်းရေးစနစ် (အပိုင်း ၆-၃) နှင့် လျှပ်စစ်ဓါတ်အား (အပိုင်း ၆-၄) တို့ကို ဖော်ပြပါသည်။ ဤကိန်းဂဏန်း အချက်အလက်များကို ပထမအကြိမ် စစ်တမ်းမှ ကောက်ယူစုစည်းခဲ့ခြင်းဖြစ်၍ ရာသီအလိုက် ကွဲပြားခြားနားရန် မရှိနိုင်ဟု ယူဆချက်ဖြင့် ဖော်ပြခြင်းဖြစ်သည်။ အဓိကတွေ့ရှိချက်များ၏ အကျဉ်းချုပ် ကို အပိုင်း ၆-၅ တွင်တင်ပြထားပါသည်။

### ၆-၁ ။ အိုးအိမ်ဆိုင်ရာ သွင်ပြင်လက္ခဏာများ (အိမ်အမိုးအမျိုးအစား)

ဇယား ၃၃ သည် အိမ်အမိုးတည်ဆောက်ရာတွင် အသုံးပြုသည့် ပစ္စည်းအမျိုးအစားနှင့် ပတ်သက်သည့် အချက်အလက်ကို ဖော်ပြပါသည်။ "အဆင့်မီအရည်အသွေးကောင်းသော" အိမ်အမိုးပစ္စည်းများနှင့် "အဆင့်မမီသော အိမ်အမိုးပစ္စည်းများကို ခွဲခြားထားပါသည်။ အိမ်မိုးရန်အတွက် အဆင့်မမီသော ပစ္စည်းများမှာ သက်ငယ်၊ သစ်ရွက်အမျိုးမျိုး၊ ထန်းရွက်၊ ဓနိ နှင့် ဝါးတို့ဖြစ်ပြီး အရည်အသွေး ကောင်းမွန်သည့် အိမ်အမိုးတွင် အုတ်ကြွပ်ပြား၊ သွပ်၊ သစ်သားအမိုးချပ်များနှင့် ကွန်ကရစ်တို့ပါဝင်ပါသည်။ အရည်အသွေးကောင်းမွန်သည့် အိမ်အမိုးမှာ လူနေမှုဘဝ၏ ပြည့်စုံဖူလုံမှု၏ အတိုင်းအတာတစ်ရပ် (သို့မဟုတ်) လူနေမှုဘဝ၏ အဆင့်မြင့်မှုတို့အပြင် တစ်ခါတစ်ရံ စားသုံးခြင်း ဆင်းရဲချို့တဲ့မှုအတွက် ကိုယ်စားပြုချက်တစ်ရပ်အဖြစ်လည်း အရေးကြီးပါသည်။

အရေးကြီးသော ရလဒ်များရှိပါသည်။

(၁) ယေဘုယျအားဖြင့် ၂၀၁၀ပြည့်နှစ်တွင် အိမ်ထောင်စုများ၏ ၅၃% မှာ အရည်အသွေးကောင်းမွန်သော အိမ်အမိုးများရှိကြပြီး ၂၀၀၅ခုနှစ်၏ ၄၄% မှ စာရင်းအင်းသဘောအရ သိသာစွာ တိုးတက်မှုရှိပါသည်။
(၂) ဆင်းရဲသူနှင့် မဆင်းရဲသူအကြားတွင် ကြီးမားသောခြားနားချက်များရှိ၍ ၃၂% နှင့် ၅၉% အသီးသီးရှိပါသည်။
(၃) ဆင်းရဲသူများ၏ လက်လှမ်းမီရရှိမှုမှာ ၂၀၀၅ခုနှစ်၏ ၂၇.၈% မှ တိုးမြင့်လာသော်လည်း စာရင်းအင်း သဘောအရ အရေးမပါသော ပြောင်းလဲမှု တစ်ရပ်သာဖြစ်ပါသည်။
(၄) ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် ကွဲပြားခြားနားမှုများရှိကြပြီး အဓိကအားဖြင့် နိမ့်ကျသော နှုန်းများမှာ ရခိုင်ပြည်နယ် (၂၀%) နှင့် ဧရာဝတီတိုင်းဒေသကြီး (၃၉%) တွင်ဖြစ်ပါသည်။
(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်တွင် အချို့ကြီးမားသော တိုးတက်မှုများရှိသော်လည်း တိုးတက် ခြားနားမှုများမှာ စာရင်းအင်းသဘောအရ အရေးမပါလှပါ။

အကျဉ်းချုပ်အားဖြင့် ကောင်းမွန်သော အိမ်အမိုးအား လက်လှမ်းမီရရှိမှုမှာ ယေဘုယျအားဖြင့် သိသာစွာ တိုးတက်လာသော်လည်း ဆင်းရဲသူများအတွက် တိုးတက်မှုမှာ အနည်းငယ်လျော့နည်းနေပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြားသိသာသော ကွာဟမှုများရှိပါသည်။ အရည်အသွေးနိမ့်သော အိမ်အမိုးကို

ဆင်းရဲနွမ်းပါးမှု၏ ကိုယ်စားပြုချက်တစ်ရပ်အဖြစ် အမိပွါယ်ဖော်ဆောင်ပါက ဤတွေ့ရှိချက်များမှာ အပိုင်း ၂ တွင် ဖော်ပြခဲ့သည့် ဆင်းရဲနွမ်းပါးမှုနှုန်းများ လျော့နည်းကျဆင်းခြင်းကို ထောက်ခံမှုပြုပါသည်။

ဇယား ၃၃ ။ အရည်အသွေးကောင်းမွန်သော အိမ်အမိုးအား လက်လှမ်းမီရရှိမှု (လူဦးရေ% ၊ ပထမအကြိမ်)

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | ၂၀၀၀ | | | ၂၀၀၅ | | |
|---|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | စုစုပေါင်း | ဆင်းရဲသူ | မဆင်းရဲသူ | စုစုပေါင်း |
| ကချင် | ၃၆.၁ (၄.၀) | ၆၇.၈ (၃.၄) | ၅၉.၉ (၄.၀) | ၂၅.၆ (၇.၇) | ၅၄.၇ (၆.၈) | ၄၃.၀ (၅.၁) |
| ကယား | ၄၅.၉ (၄.၀) | ၇၉.၁ (၄.၈) | ၇၆.၃ (၃.၈) | ၅၀.၅ (၆.၁) | ၅၆.၅ (၈.၁) | ၅၄.၈ (၇.၆) |
| ကရင် | ၇၁.၄ (၉.၉) | ၆၈.၃ (၅.၀) | ၆၈.၇ (၃.၁) | ၂၆.၆ (၄.၈) | ၅၇.၆ (၄.၁) | ၅၄.၆ (၂.၄) |
| ချင်း | ၈၃.၂ (၂.၉) | ၇၇.၇ (၈.၈) | ၈၁.၄ (၅.၀) | ၇၃.၀ (၁.၆) | ၈၆.၉ (၆.၇) | ၇၇.၄ (၂.၇) |
| စစ်ကိုင်း | ၂၄.၀ (၃.၆) | ၄၇.၇ (၃.၀) | ၄၄.၇ (၂.၆) | ၁၉.၅ (၃.၁) | ၄၀.၇ (၄.၂) | ၃၅.၉ (၃.၆) |
| တနင်္သာရီ | ၁၁.၀ (၄.၁) | ၃၅.၆ (၇.၈) | ၂၈.၆ (၇.၄) | ၄.၉ (၂.၁) | ၂၃.၅ (၆.၇) | ၁၈.၂ (၅.၉) |
| ပဲခူး | ၂၂.၆ (၂.၇) | ၄၈.၃ (၄.၅) | ၄၄.၄ (၄.၀) | ၁၈.၅ (၁.၀) | ၄၀.၉ (၄.၉) | ၃၅.၀ (၄.၂) |
| - ပဲခူး (အရှေ့) | ၂၇.၄ (၃.၆) | ၄၃.၁ (၄.၀) | ၄၀.၆ (၃.၅) | ၁၈.၀ (၁.၆) | ၃၆.၅ (၁.၃) | ၃၁.၇ (၁.၇) |
| - ပဲခူး (အနောက်) | ၁၆.၇ (၃.၈) | ၅၃.၆ (၇.၉) | ၄၈.၅ (၇.၂) | ၁၉.၀ (၁.၄) | ၄၅.၆ (၉.၉) | ၃၈.၅ (၈.၅) |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၇-၅ ။ ကျန်းမာရေး စောင့်ရှောက်မှုအား လက်လှမ်းမီ ရရှိမှု

ဇယား ၄၄ က ကျန်းမာရေးစောင့်ရှောက်မှုအား ရုပ်ဝတ္ထုပိုင်းဆိုင်ရာလက်လှမ်းမီရရှိမှု၏ ကိန်းဂဏန်း အချက်အလက်များကို ဖော်ပြပါသည်။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာလက်လှမ်းမီရရှိမှုကို ဆေးရုံတစ်ရုံ (မြို့နယ်ဆေးရုံ၊ အထူးကုပြည်သူ့ဆေးရုံကြီးများနှင့် တိုက်နယ်ဆေးရုံများ) သို့မဟုတ် ကျန်းမာရေးဌာန (ကျေးလက်ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ မိခင် နှင့် ကလေးကျန်းမာရေးဌာနများ) နှင့် တစ်နာရီလမ်းလျှောက်အကွာအဝေး (၁.၂၃ မိုင်) အတွင်း နေထိုင်သူဦးရေ ဖြင့် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ သတင်းအချက်အလက်ကို ရပ်ရွာအဆင့်တွင် မေးမြန်းသည့် အဓိက သတင်းအချက်အလက်ပေးသူ မေးခွန်းလွှာ (Key Informant Questionnaire) မှရရှိခြင်းဖြစ်၍ ၎င်းမေးခွန်းလွှာတွင် ကျေးရွာ/ရပ်ကွက်၏ အလယ်ဗဟို နှင့် ကျန်းမာရေး (ဆေးရုံ၊ဆေးခန်း) ဝန်ဆောင်မှုဌာနများ၏ မိုင်အကွာအဝေးကို မေးမြန်း ထားပါသည်။ စံမှားယွင်းချက်များကို တွက်ချက်နိုင်ရန် ကျေးရွာ/ရပ်ကွက်၏ မေးခွန်းလွှာ ဖြေကြားချက်များ တွင် အကွာအဝေးကို ခန့်မှန်းတွက်ချက်ထားပါသည်။ စိတ်ဝင်စားဖွယ်ရလဒ်များ ရရှိပါသည်။

(၁) ၂၀၁၀ ပြည့်နှစ်တွင် ယေဘုယျအားဖြင့် ကျန်းမာရေး စောင့်ရှောက်မှုအား လက်လှမ်းမီရရှိမှုမှာ ၈၁% ဖြစ်သဖြင့် ၂၀၀၅ ခုနှစ်ရှိ ၆၅%နှင့် နှိုင်းယှဉ်ပါက တိုးတက်မှုရှိပြီးစာရင်းအင်းသဘောအရ အရေးပါ ပါသည်။
(၂) ဆင်းရဲသူနှင့်မဆင်းရဲသူများအကြားတွင်အနည်းငယ်ခြားနားမှုများရှိ၍ ၇၇% နှင့် ၈၂% အသီးသီးရှိကာ ကျေးလက်နှင့်မြို့ပြနေထိုင်သူများ အကြားတွင်ကြီးမားသော ခြားနားမှုများရှိပြီး ၇၅% နှင့် ၉၆% အသီးသီးရှိပါသည်။
(၃) ဆင်းရဲသူအတွက် လက်လှမ်းမီရရှိမှုမှာ ၂၀၀၅ ခုနှစ်၏ ၅၇% မှ တိုးမြင့်လာပြီး စာရင်းအင်းသဘောအရ အရေးပါသော ပြောင်းလဲမှုတစ်ရပ်ဖြစ်ပါသည်။
(၄) ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြားသိသာသော ကွဲပြားခြားနားမှုများရှိ၍နိမ့်ကျသော နှုန်းများမှာ စစ်ကိုင်းတိုင်းဒေသကြီး (၆၂%) နှင့် ချင်းပြည်နယ် (၆၈%) တို့တွင်ဖြစ်ပါသည်။
(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်တွင် အလွန်မြင့်မားသော တိုးတက်မှု အချို့ဖြစ်ပေါ်ဟန်ရှိသော်လည်း ဤရလဒ်များကို အဓိပ္ပါယ်ဖော်ဆောင်ရာတွင် သတိချပ်ရန် မြင့်မားသည့် စံမှားယွင်းချက်များက နှိုးဆော်လျက်ရှိပါသည်။

အချုပ်အားဖြင့် ၂၀၀၅ ခုနှစ်မှ စတင်၍ ကျန်းမာရေး စောင့်ရှောက်မှုလက်လှမ်းမီရရှိမှုမှာ အလွန်များပြား စွာတိုးတက်ခဲ့ပြီး အဓိကအားဖြင့် ဆင်းရဲသူအတွက် တိုးတက်ခဲ့ကာ မြို့ပြ နှင့် ကျေးလက်နေထိုင်သူများ အကြားတွင်မှု ကြီးမားသော ကွာဟချက်များရှိနေဆဲဖြစ်ပါသည်။

## ၇-၆ ။ ကျန်းမာရေးအသုံးစရိတ်

ဇယား ၄၅ တွင် ၂၀၀၉ ခုနှစ် 'ကျပ်' ငွေတန်ဖိုးအရ ကျန်းမာရေးအသုံးစရိတ် နှင့် ကျန်းမာရေး အသုံးစရိတ်ဝေစုများ၏ ကိန်းဂဏန်းအချက်အလက်များကို ဖော်ပြပါသည်။ ကျန်းမာရေးအသုံးစရိတ်တွင် အာမခံကြေး၊ ပြည်သူ့ဆေးရုံနှင့် ပုဂ္ဂလိက ဆေးရုံများတွင် အတွင်းလူနာအဖြစ်တက်ရောက်ကုသမှု၊ ပြည်သူ့ဆေးရုံနှင့် ပုဂ္ဂလိကဆေးရုံများတွင် အပြင်လူနာအဖြစ် ကျန်းမာရေးစောင့်ရှောက်မှု၊ အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှု၊ သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု၊ တိုင်းရင်းရိုးရာ

ကျန်းမာရေးစောင့်ရှောက်မှု နှင့် အခြားဆက်စပ်သော အသုံးစရိတ်များပါဝင်ပါသည်။ ဤကိန်းဂဏန်း အချက်အလက်များက ခြားနားသော ပြဿနာနှစ်ရပ်အတွက် သတင်းအချက်အလက်ပံ့ပိုးပေးပါသည်။ ပထမအချက်မှာ ဤသတင်းအချက်အလက်များက ကျန်းမာရေးစောင့်ရှောက်မှု အသုံးစရိတ်များနှင့် ဆက်နွယ်သည့် ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုး၏ အခြေအနေအား ညွှန်ပြပေးပြီး အဓိကအားဖြင့် ဆင်းရဲသူများ၏ ဝန်ထုပ်ဝန်ပိုးကို ညွှန်ပြသည်။ ဒုတိယအချက်မှာ ဤသတင်းအချက်အလက်များသည် စရိတ်မြင့်မား သော်လည်း အရည်အသွေးမြင့်မားသည့် ကျန်းမာရေးစောင့်ရှောက်ခြင်းအား လက်လှမ်းမီ ရရှိမှုကို ကိုယ်စားပြု ဖော်ပြခြင်းဖြစ်သည်။ အချက်သုံးရပ်မှာ မှတ်သားရန်ဆက်နွယ်မှုရှိပါသည်။

(၁) ယေဘုယျအားဖြင့် အသုံးစရိတ်၏ ကျန်းမာရေးဝေစုများမှာ ၂၀၁၀ ပြည့်နှစ်တွင် ၅% ရှိပြီး ၂၀၀၅ခုနှစ်၏ နှုန်းနှင့် ထပ်တူနီးပါးတူညီပါသည်။
(၂) ဆင်းရဲသူများအတွက် ကျန်းမာရေးဝေစုအချိုးမှာ မဆင်းရဲသူများထက် သိသိသာသာ နိမ့်ကျပြီး ၃.၇% နှင့် ၅.၁% အသီးသီးရှိပြီး အလားတူ ကျေးလက်တွင်နေထိုင်သူများအတွက် ကျန်းမာရေးဝေစု အချိုးမှာ မြို့ပြတွင် နေထိုင်သူများထက် နိမ့်ကျပြီး ၄.၄% နှင့် ၅.၉% အသီးသီးရှိပါသည်။
(၃) မဆင်းရဲသူများက ဆင်းရဲသူများ၏ ကျန်းမာရေးအတွက်သုံးစွဲသည့် အသုံးစရိတ်၏ ကိန်းပြည့် သဘောအရ သုံးဆနီးပါး ကျခံသုံးစွဲပါသည်။ ယင်းအချက်က မဆင်းရဲသူများက ပိုမိုအရည်အသွေး မြင့်မားသော (ကျန်းမာရေး) စောင့်ရှောက်မှုကို ပိုမိုကောင်းမွန်စွာ လက်လှမ်းမီ ရရှိသည်ဟု ညွှန်ပြ ပါသည်။

အချုပ်အားဖြင့် နှိုင်းယှဉ်မှုသဘောအရ ဆင်းရဲသူအတွက် ကျန်းမာရေး အသုံးစရိတ်၏ ဝန်ထုပ်ဝန်ပိုးမှာ မဆင်းရဲသူထက် လျော့နည်းသော်လည်း မဆင်းရဲသူက ရရှိသည့် ကျန်းမာရေး စောင့်ရှောက်မှု၏ အရည်အသွေးမှာ ပိုမိုမြင့်မားပါသည်။

ဇယား ၄၄ ။ ကျန်းမာရေး စောင့်ရှောက်မှုအား လက်လှမ်းမီရရှိမှု (ဦးရေ%)

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | ၂၀၁၀ | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | အလွှာ | | စုစုပေါင်း | |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | | |
| ကချင် | ၉၃.၂ (၂.၄) | ၉၆.၈ (၀.၄) | ၁၀၀.၀ (၀.၀) | ၉၄.၂ (၁.၃) | ၉၅.၈ (၀.၈) | ၇၄.၆ (၄.၂) |
| ကယား | ၁၀၀.၀ (၀.၀) | ၁၀၀.၀ (၀.၀) | ၁၀၀.၀ (၀.၀) | ၁၀၀.၀ (၀.၀) | ၁၀၀.၀ (၀.၀) | ၁၀၀.၀ (၀.၀) |
| ကရင် | ၈၂.၄ (၁၃.၃) | ၇၆.၇ (၁.၅) | ၉၆.၀ (၄.၇) | ၇၄.၁ (၃.၄) | ၇၇.၇ (၃.၅) | ၆၈.၇ (၃.၁) |
| ချင်း | ၇၁.၈ (၈.၂) | ၅၇.၆ (၁၁.၄) | ၈၂.၅ (၁၈.၁) | ၆၃.၅ (၃.၃) | ၆၈.၁ (၈.၃) | ၃၆.၅ (၁၂.၅) |
| စစ်ကိုင်း | ၇၀.၅ (၆.၄) | ၆၀.၇ (၇.၉) | ၉၇.၈ (၁.၅) | ၅၆.၄ (၈.၂) | ၆၂.၂ (၇.၇) | ၅၄.၀ (၃.၉) |
| တနင်္သာရီ | ၇၁.၇ (၉.၉) | ၈၂.၄ (၇.၃) | ၉၈.၅ (၁.၆) | ၇၂.၈ (၉.၈) | ၇၈.၈ (၉.၀) | ၆၀.၆ (၆.၂) |
| ပဲခူး | ၈၁.၇ (၇.၅) | ၈၀.၀ (၆.၅) | ၁၀၀.၀ (၀.၀) | ၇၇.၄ (၇.၅) | ၈၀.၃ (၆.၅) | ၅၉.၂ (၇.၉) |
| - ပဲခူး (အရှေ့) | ၉၀.၂ (၇.၂) | ၈၈.၁ (၉.၂) | ၁၀၀.၀ (၀.၀) | ၈၆.၅ (၁၀.၅) | ၈၈.၅ (၈.၇) | ၆၅.၇ (၈.၀) |
| - ပဲခူး (အနောက်) | ၆၈.၄ (၁၅.၅) | ၇၀.၆ (၉.၀) | ၁၀၀.၀ (၀.၀) | ၆၆.၉ (၁၁.၂) | ၇၀.၂ (၉.၄) | ၅၀.၈ (၈.၈) |
| မကွေး | ၇၀.၄ (၈.၅) | ၇၂.၀ (၆.၄) | ၉၃.၀ (၆.၃) | ၆၉.၀ (၆.၈) | ၇၁.၅ (၆.၈) | ၄၉.၇ (၅.၄) |
| မန္တလေး | ၇၄.၅ (၅.၅) | ၈၃.၉ (၃.၄) | ၉၆.၈ (၂.၂) | ၇၅.၃ (၄.၁) | ၈၁.၄ (၃.၇) | ၆၇.၀ (၃.၅) |
| မွန် | ၁၀၀.၀ (၀.၀) | ၉၈.၃ (၀.၇) | ၁၀၀.၀ (၀.၀) | ၉၈.၂ (၁.၇) | ၉၈.၆ (၀.၄) | ၇၉.၁ (၄.၃) |
| ရခိုင် | ၆၆.၀ (၂.၆) | ၈၂.၂ (၅.၄) | ၉၈.၈ (၁.၅) | ၆၈.၉ (၁.၄) | ၇၅.၁ (၅.၃) | ၄၈.၁ (၁၄.၆) |
| ရန်ကုန် | ၈၅.၆ (၇.၄) | ၉၅.၅ (၁.၆) | ၉၆.၂ (၃.၁) | ၈၆.၀ (၅.၀) | ၉၃.၉ (၂.၂) | ၉၄.၄ (၂.၆) |
| ရှမ်း | ၇၁.၉ (၈.၃) | ၈၁.၀ (၆.၂) | ၉၃.၇ (၄.၉) | ၇၃.၀ (၇.၂) | ၇၈.၀ (၆.၁) | ၅၉.၇ (၄.၈) |
| - ရှမ်း (တောင်) | ၉၁.၅ (၁.၄) | ၉၃.၈ (၄.၅) | ၁၀၀.၀ (၀.၀) | ၉၀.၈ (၃.၃) | ၉၃.၂ (၄.၀) | ၆၃.၄ (၁၀.၄) |
| - ရှမ်း (မြောက်) | ၆၄.၈ (၆.၀) | ၆၈.၅ (၇.၉) | ၈၃.၄ (၁၄.၅) | ၆၂.၇ (၇.၁) | ၆၇.၁ (၄.၃) | ၅၄.၄ (၈.၈) |
| - ရှမ်း (အရှေ့) | ၅၄.၂ (၂၁.၈) | ၆၇.၉ (၉.၀) | ၁၀၀.၀ (၀.၀) | ၄၈.၉ (၁၄.၉) | ၆၁.၅ (၁၅.၂) | ၆၄.၇ (၁၂.၈) |
| ဧရာဝတီ | ၈၃.၆ (၃.၆) | ၈၆.၈ (၃.၁) | ၉၅.၂ (၃.၃) | ၈၄.၀ (၃.၉) | ၈၅.၇ (၃.၂) | ၆၃.၉ (၇.၁) |
| **ပြည်ထောင်စု ၂၀၁၀** | **၇၇.၀ (၀.၈)** | **၈၂.၂ (၀.၇)** | **၉၆.၅ (၀.၃)** | **၇၅.၃ (၀.၉)** | **၈၀.၉ (၀.၆)** | **၆၄.၉ (၂.၀)** |
| ပြည်ထောင်စု ၂၀၀၅ | ၅၇.၃ (၂.၄) | ၆၈.၄ (၂.၂) | ၉၆.၂ (၀.၂) | ၅၃.၈ (၂.၂) | ၆၄.၉ (၂.၀) | |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၄၅ ။ ကျန်းမာရေးအသုံးစရိတ်/ ဝေစုအချိုးများ (ဒီဇင်ဘာ ၂၀၀၉ ခုနှစ် ကျပ်တန်ဖိုးအရ)

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | အသွားအရ | | | | ဆင်းရဲနွမ်းပါးမှုအရ | | | | စုစုပေါင်း | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | မြို့ပြ | | ကျေးလက် | | ဆင်းရဲသူ | | မဆင်းရဲသူ | | တန်ဖိုး (ကျပ်) | | | ဝေစုအချိုး % | | |
| | တန်ဖိုး (ကျပ်) | ဝေစု အချိုး % | တန်ဖိုး (ကျပ်) | ဝေစု အချိုး % | တန်ဖိုး (ကျပ်) | ဝေစု အချိုး % | တန်ဖိုး (ကျပ်) | ဝေစု အချိုး % | ၂၀၁၀ | ၂၀၀၅ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ | ၂၀၁၀ | ၂၀၀၅ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ |
| ကချင် | ၂၈,၈၂၄ (၉၈၅၄) | ၅.၀ (၁.၇၅) | ၂၇,၉၆၀ (၆၄၃၇) | ၅.၄ (၁.၁၆) | ၁၆,၂၁၈ (၂၇၆၃) | ၄.၈ (၀.၇၁) | ၃၂,၁၁၇ (၈၃၅၉) | ၅.၃ (၁.၂၈) | ၂၈,၁၈၃ (၆၅၉၁) | ၃၇,၉၄၅ (၇၆၃၄) | -၂၆ | ၅.၃ (၁.၁၇) | ၇.၇ (၁.၂၄) | -၃၁ |
| ကယား | ၃၇,၉၀၅ (၂၀၀၃၇) | ၅.၆ (၂.၇၅) | ၃၄,၄၉၅ (၁၁,၇၇၂) | ၅.၇ (၂.၁၉) | ၁၉,၉၆၀ (၆၁၉) | ၅.၇ (၀.၀၃) | ၃၇,၂၅၁ (၃၇၈) | ၅.၇ (၀.၁၅) | ၃၅,၈၀၉ (၅၂၇) | ၂၃,၅၉၄ (၂၅၁၉) | ၅၂ | ၅.၇ (၀.၁၅) | ၄.၈ (၀.၆၉) | ၁၈ |
| ကရင် | ၂၁,၇၂၅ (၂၁၁၂) | ၃.၄ (၀.၂၆) | ၂၀,၄၆၂ (၁၇၀၇) | ၃.၇ (၀.၂၆) | ၂၃,၂၆၄ (၇၅၅၈) | ၆.၅ (၁.၈၆) | ၂၀,၂၅၇ (၆၁၃) | ၃.၃ (၀.၁၁) | ၂၀,၆၆၉ (၁၂၈၆) | ၀,၇၀၀ (၃၃၄၉) | -၃၃ | ၃.၆ (၀.၂၄) | ၅.၀ (၀.၆၇) | -၂၈ |
| ချင်း | ၂၇,၆၁၁ (၈၃၃၅) | ၆.၃ (၁.၉၈) | ၁၅,၁၆၁ (၅၁၀၉) | ၄.၄ (၁.၅၈) | ၁၇,၇၃၀ (၇၉၆၇) | ၅.၇ (၂.၄၉) | ၁၉,၄၉၉ (၅၉၁၅) | ၄.၁ (၁.၁၃) | ၁၈,၃၂၉ (၇၁၇၀) | ၃၅,၇၄၃ (၉၁၅၃) | -၄၉ | ၅.၀ (၁.၉၁) | ၉.၀ (၃.၂၂) | -၄၅ |
| စစ်ကိုင်း | ၂၇,၄၅၄ (၇၄၀၁) | ၄.၂ (၁.၀၁) | ၁၉,၆၂၄ (၁၂၇၉) | ၃.၆ (၀.၂၀) | ၁၈,၃၅၈ (၆၇၉၆) | ၅.၃ (၁.၈၅) | ၂၁,၁၁၈ (၁၃၅၉) | ၃.၆ (၀.၁၉) | ၂၀,၇၆၈ (၁၉၅၄) | ၂၂,၆၃၃ (၂၈၈၉) | -၈ | ၃.၇ (၀.၃၀) | ၄.၃ (၀.၅၉) | -၁၄ |
| တနင်္သာရီ | ၄၆,၉၉၈ (၁၅၉၇၄) | ၇.၀ (၁.၃၈) | ၃၄,၀၂၁ (၂၂၄၃) | ၆.၇ (၀.၄၃) | ၁၅,၄၄၈ (၁၆၉၈) | ၄.၈ (၀.၅၈) | ၄၅,၄၇၇ (၄၉၆၇) | ၇.၁ (၀.၅၄) | ၃၆,၉၂၈ (၅၉၀၆) | ၃၄,၄၃၂ (၇၄၅၆) | ၇ | ၆.၈ (၀.၆၀) | ၆.၂ (၁.၆၆) | ၉ |
| ပဲခူး | ၈၄,၈၃၁ (၁၇၃၆၇) | ၁၃.၁ (၅.၄၀) | ၂၄,၂၃၀ (၃၂၀၀) | ၄.၄ (၀.၄၆) | ၁၃,၅၁၅ (၁၅၂၁) | ၃.၉ (၁.၀၁) | ၃၅,၇၇၀ (၇၈၂၉) | ၅.၉ (၁.၁၉) | ၃၂,၄၃၉ (၆၉၁၂) | ၂၇,၃၅၀ (၁၄၃၂) | ၁၉ | ၅.၇ (၁.၁၂) | ၅.၃ (၀.၁၅) | ၇ |
| - ပဲခူး (အရှေ့) | ၃၃,၅၃၆ (၁၀၂၃) | ၅.၈ (၀.၀၅) | ၃၃,၇၉၄ (၆၆၆၇) | ၆.၀ (၀.၉၁) | ၁၈,၀၆၅ (၆၅၃၁) | ၅.၃ (၁.၈၇) | ၃၆,၇၅၅ (၅၃၉၅) | ၆.၁ (၀.၆၂) | ၃၃,၇၆၀ (၅၇၄၁) | ၃၆,၅၁၇ (၈၉၅) | -၈ | ၆.၀ (၀.၇၅) | ၇.၀ (၀.၂၆) | -၁၄ |
| - ပဲခူး (အနောက်) | ၁၅၈,၁၇၇ (၇၂၄၁၃) | ၂၀.၉ (၉.၁၈) | ၁၄,၅၆၃ (၁၆၂၆) | ၂.၆ (၀.၁၉) | ၇,၉၄၅ (၁၄၈၃) | ၂.၃ (၀.၄၂) | ၃၄,၇၅၄ (၁၄၈၉၄) | ၅.၇ (၂.၃၁) | ၃၁,၀၃၉ (၁၂၈၇၁) | ၁၇,၆၇၃ (၂၇၄၂) | ၇၆ | ၅.၄ (၂.၁၄) | ၃.၅ (၀.၃၇) | ၅၂ |
| မကွေး | ၃၄,၂၄၈ (၃၂၆၃) | ၅.၄ (၀.၇၀) | ၂၀,၇၆၀ (၄၃၂၈) | ၄.၃ (၀.၈၈) | ၁၁,၅၃၃ (၁၉၁၇) | ၃.၄ (၀.၅၉) | ၂၆,၅၄၄ (၄၄၅၉) | ၄.၇ (၀.၈၂) | ၂၃,၀၉၇ (၃၄၀၇) | ၁၈,၉၃၆ (၃၃၂၆) | ၂၂ | ၄.၅ (၀.၆၈) | ၄.၁ (၀.၅၂) | ၁၀ |
| မန္တလေး | ၂၅,၇၆၆ (၂၅၂၅) | ၃.၈ (၀.၁၆) | ၁၅,၈၄၅ (၂၉၈၈) | ၃.၂ (၀.၅၇) | ၇,၉၂၁ (၈၄၂) | ၂.၅ (၀.၂၂) | ၂၁,၇၁၈ (၃၂၂၁) | ၃.၆ (၀.၅၃) | ၁၈,၆၃၉ (၂၃၈၅) | ၁၉,၂၄၃ (၂၁၆၇) | -၃ | ၃.၄ (၀.၄၄) | ၃.၉ (၀.၄၀) | -၁၃ |
| မွန် | ၈၆,၉၃၆ (၄၆၆၂၂) | ၁၃.၁ (၅.၅၃) | ၂၆,၅၂၀ (၃၈၆၄) | ၄.၉ (၀.၇၇) | ၁၈,၄၀၈ (၅၁၂၃) | ၅.၄ (၁.၄၈) | ၄၀,၇၈၇ (၁၈၇၀၄) | ၆.၈ (၂.၈၄) | ၃၇,၆၈၄ (၁၅၄၉၇) | ၂၇,၁၁၇ (၆၂၇၃) | ၃၉ | ၆.၆ (၂.၅၀) | ၄.၉ (၁.၃၉) | ၃၅ |
| ရခိုင် | ၁၅,၅၃၃ (၂၄၀၈) | ၂.၇ (၀.၄၅) | ၁၇,၀၀၄ (၁၆၇၁) | ၃.၉ (၀.၃၆) | ၈,၁၁၂ (၈၈၉) | ၂.၅ (၀.၃၀) | ၂၁,၆၆၀ (၂၆၂၄) | ၃.၉ (၀.၅၉) | ၁၆,၆၆၉ (၁၄၃၃) | ၁၇,၀၇၆ (၁၃၈၄) | -၂ | ၃.၆ (၀.၄၃) | ၃.၆ (၀.၃၆) | ၀ |
| ရန်ကုန် | ၄၈,၆၁၉ (၁၄၄၂၃) | ၆.၆ (၁.၂၇) | ၂၄,၇၁၉ (၂၂၅၉) | ၄.၈ (၀.၇၃) | ၁၂,၆၇၈ (၁၂၁၉) | ၃.၈ (၀.၃၂) | ၄၆,၆၈၃ (၁၁၉၂၃) | ၆.၄ (၁.၁၅) | ၄၂,၃၄၇ (၁၀၀၅၂) | ၄၁,၉၁၈ (၁၂၄၁၂) | ၁ | ၆.၂ (၁.၀၈) | ၅.၇ (၁.၁၄) | ၁၀ |
| ရှမ်း | ၂၅,၁၇၉ (၂၆၇၀) | ၄.၀ (၀.၄၇) | ၁၂,၇၀၅ (၂၅၅၀) | ၂.၇ (၀.၆၀) | ၆,၃၃၇ (၁၂၉၅) | ၂.၀ (၀.၄၀) | ၁၉,၅၀၈ (၂၅၆၅) | ၃.၄ (၀.၅၅) | ၁၅,၇၈၁ (၁၉၆၄) | ၂၀,၀၃၅ (၁၇၄၀) | -၂၁ | ၃.၁ (၀.၄၆) | ၄.၃ (၀.၅၁) | -၂၇ |
| - ရှမ်း (တောင်) | ၂၅,၉၈၅ (၁၈၈၂) | ၃.၉ (၀.၆၀) | ၁၆,၇၈၆ (၄၀၆၆) | ၃.၄ (၁.၁၁) | ၉,၇၁၁ (၅၁၀) | ၃.၀ (၀.၀၈) | ၂၁,၈၆၂ (၄၀၈၃) | ၃.၇ (၁.၀၁) | ၁၉,၄၉၈ (၁၇၁၁) | ၂၉,၈၇၁ (၁၄၅၆) | -၃၅ | ၃.၆ (၀.၈၃) | ၅.၉ (၀.၉၆) | -၃၈ |
| - ရှမ်း (မြောက်) | ၂၂,၃၄၇ (၆၇၉၀) | ၃.၆ (၀.၇၃) | ၁၁,၀၂၈ (၂၆၈၂) | ၂.၄ (၀.၅၂) | ၄,၄၂၄ (၁၆၆၈) | ၁.၄ (၀.[illegible]) | ၁၇,၉၆၉ (၄၀၇၅) | ၃.၁ (၀.၆၂) | ၁၃,၃၁၉ (၃၈၄၃) | ၁၂,၀၆၉ (၃၅၇၂) | ၁၀ | ၂.၇ (၀.၆၂) | ၂.၈ (၀.၇၅) | -၁ |
| - ရှမ်း (အရှေ့) | ၃၀,၄၄၈ (၉၂၆၃) | ၅.၇ (၁.၇၀) | ၅,၀၄၃ (၁၄၅၅) | ၁.၂ (၀.၃၃) | ၆,၁၄၃ (၃၀၆၀) | ၁.၉ (၀.၉၃) | ၁၃,၈၁၈ (၇၀၄၉) | ၂.၇ (၁.၂၉) | ၁၀,၇၇၈ (၅၂၀၀) | ၁၂,၆၁၇ (၂၁၉၃) | -၁၅ | ၂.၄ (၁.၀၉) | ၂.၉ (၀.၅၆) | -၁၆ |
| ဧရာဝတီ | ၂၅,၉၉၈ (၃၄၈၄) | ၄.၃ (၀.၇၆) | ၃၂,၁၀၂ (၆၄၈၃) | ၆.၄ (၁.၁၇) | ၁၅,၇၂၃ (၂၇၉၀) | ၄.၇ (၀.၇၉) | ၃၆,၉၀၅ (၅၇၁၉) | ၆.၃ (၀.၇၇) | ၃၁,၁၀၁ (၄၈၁၁) | ၃၁,၈၆၄ (၃၁၃၉) | -၂ | ၆.၀ (၀.၇၁) | ၅.၉ (၀.၄၄) | ၂ |
| ပြည်ထောင်စု | ၃၉,၉၅၉ (၆၁၈၃) | ၅.၉ (၀.၇၁) | ၂၂,၅၉၅ (၁၃၈၅) | ၄.၄ (၀.၂၅) | ၁၂,၃၃၈ (၈၄၀) | ၃.၇ (၀.၂၄) | ၃၁,၂၄၅ (၂၃၈၃) | ၅.၁ (၀.၃၃) | ၂၇,၂၁၉ (၁၉၀၁) | ၂၆,၉၂၃ (၁၈၉၅) | ၁ | ၄.၉ (၀.၂၉) | ၅.၀ (၀.၂၇) | -၁ |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၇-၇ ။ အကျဉ်းချုပ်

အပိုင်း ၇ ။ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍအခြေအနေ၏ ရှုထောင့်အသွင်အပြင်များ၏ ကိန်းဂဏန်းအချက် အလက်များကို ဖော်ပြပါသည်။

ဝက်သက်ရောဂါကာကွယ်ဆေးထိုးမှုနှင့် ပတ်သက်၍ ဖော်ပြရပါလျှင် ၂၀၁၀ ပြည့်နှစ်၌ လွှမ်းခြုံမှုမှာ ၈၂% ရှိပြီး ၂၀၀၅ ခုနှစ်၏ ၈၀% သင့်တင့်ရုံ တိုးတက်လာသော တိုးတက်မှုတစ်ရပ်ဖြစ်ပါသည်။ ဆင်းရဲသူ နှင့် မဆင်းရဲသူများအကြားလွှမ်းခြုံမှုတွင် သိသာသောခြားနားမှုများရှိ၍ ၇၆% နှင့် ၈၆% အသီးသီးရှိကာ ကျေးလက်နှင့် မြို့ပြနေထိုင်သူများအကြားတွင် ၈၀% နှင့် ၉၂% အသီးသီးရှိပါသည်။ ဆင်းရဲသူအတွက် လွှမ်းခြုံမှုမှာ ၂၀၀၅ ခုနှစ်၏ ၇၈%မှ အနည်းငယ် ကျဆင်းလာသော်လည်း စာရင်းအင်းသဘောအရ အရေးပါသော ပြောင်းလဲမှုတစ်ရပ်မဟုတ်ပါ။ ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြားတွင် အသင့်အတင့် ကွဲပြားခြားနားမှုများရှိ၍ အဓိကအားဖြင့် နိမ့်ကျသောနှုန်းများမှာ ရခိုင်ပြည်နယ် (၆၇%) တွင်ဖြစ်ပါသည်။ အကျဉ်းချုပ်အားဖြင့် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးခြင်း လွှမ်းခြုံမှုမှာ ယေဘုယျအားဖြင့် သင့်တင့်ရုံမျှ တိုးတက်လာသော်လည်း ဆင်းရဲသောအိမ်ထောင်စုများအတွက် အနည်းငယ်ကျဆင်းပါသည်။ ပြည်နယ်/တိုင်း ဒေသကြီးများအကြား၊ မြို့ပြနှင့် ကျေးလက်နေထိုင်သူများအကြား နှင့် ဆင်းရဲသော အိမ်ထောင်စုများနှင့် မဆင်းရဲသော အိမ်ထောင်စုများအကြားတွင် ကွာဟချက်များရှိနေဆဲဖြစ်ပါသည်။

သားဖွားမီခင်ကျန်းမာရေးနှင့် ပတ်သက်၍ ဖော်ပြရပါလျှင် ၂၀၁၀ ပြည့်နှစ်တွင် ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှုမှာ ၈၃% ဖြစ်ပြီး ၂၀၀၅ ခုနှစ်၏ နှုန်းနှင့် ထပ်တူလုနီးပါးတူညီပါသည်။ ဆင်းရဲသူနှင့် မဆင်းရဲသူများအကြားတွင် (ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေးစောင့်ရှောက်မှု) လက်လှမ်းမီမှုမှာ အသင့်အတင့်ခြားနားမှုများရှိပြီး ၇၇% နှင့် ၈၆% အသီးသီးရှိကာ ကျေးလက်နှင့်မြို့ပြ နေထိုင်သူများအကြားတွင် ၈၁% နှင့် ၉၃% အသီးသီးရှိပါသည်။ အဓိကအားဖြင့် နိမ့်ကျသောနှုန်းများကို ချင်းပြည်နယ် (၆၀%) နှင့် ရခိုင်ပြည်နယ် (၆၇%) တို့တွင်တွေ့ရှိရပါသည်။ ယေဘုယျအားဖြင့် မွေးဖွားမှု၏ ၇၈% မှာ ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများဖြင့် စောင့်ရှောက်မွေးဖွားပေးပြီး ၂၀၀၅ ခုနှစ်၏ ၇၃% နှင့် ခပ်ဆင်ဆင်တူညီပါသည်။ သိသာသောခြားနားမှုများမှာ ဆင်းရဲသူနှင့် မဆင်းရဲသူများအကြားတွင်ရှိပြီး ၆၉% နှင့် ၈၁% အသီးသီးရှိကာ ကျေးလက်နှင့် မြို့ပြ နေထိုင်သူများ အကြားတွင်လည်း ရှိပြီး ၇၄% နှင့် ၉၃% အသီးသီးရှိပါသည်။ တစ်ဖန်အဓိကနိမ့်ကျသော နှုန်းများကို ရခိုင်ပြည်နယ် (၅၅%) နှင့် ချင်းပြည်နယ် (၆၁%) တို့တွင်တွေ့ရှိရပါသည်။ အကျဉ်းချုပ်အားဖြင့် သားဖွားမီခင်ကျန်းမာရေး ညွှန်ကိန်းများမှာ နှိုင်းယှဉ်မှု သဘောအရ မြင့်မားသော အနေအထားတွင်ရှိနေကြပြီး (သို့မဟုတ်) သင့်တင့်ရုံတိုးတက်မှုရှိသော်လည်း ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား မြို့ပြနှင့်ကျေးလက် နေထိုင်သူများအကြားနှင့် ဆင်းရဲသော အိမ်ထောင်စုများနှင့် မဆင်းရဲသော အိမ်ထောင်စုများအကြား ကွာဟချက်များမှာရှိနေဆဲဖြစ်ပါသည်။

နာမကျန်းဖြစ်ပွားမှုနှင့်ပတ်သက်၍ ဖော်ပြရပါလျှင် ၂၀၁၀ ပြည့်နှစ်တွင် ပြောကြားချက်အရ (သိရှိရသည့်) နာမကျန်းဖြစ်ပွားမှုမှာ ၅.၄% ဖြစ်ပြီး ၂၀၀၅ ခုနှစ်၏ ၅.၃% နှင့် ထပ်တူညီလုနီးပါးဖြစ်ပါသည်။ ဤကိန်းဂဏန်းအချက်အလက်များက နာမကျန်းဖြစ်ပွားမှုနှုန်းများမှာ မဆင်းရဲသူတွင် ဆင်းရဲသူထက် အနည်းငယ်ပိုမိုမြင့်မားပြီး ၅.၅% နှင့် ၅.၁% အသီးသီးရှိကြောင်းဖော်ပြပြီး ယင်းအချက်မှာလည်း (ကိုယ်တိုင်ဖွင့်ဟ) ပြောကြားချက်ဘက်လိုက်မှုကြောင့် ဖြစ်ကြောင်းမှာ သံသယရှိရန်မလိုကြောင်းဖော်ပြပါသည်။ နှိုင်းယှဉ်ကြည့်ပါက မြင့်မားသောနှုန်းများအား ကရင်ပြည်နယ် (၈.၉%)၊ ချင်းပြည်နယ် (၈.၁%)၊ ကယားပြည်နယ် (၈.၀%) နှင့် ရခိုင်ပြည်နယ် (၈.၀%) တို့တွင် တွေ့ရှိရပါသည်။ အကျဉ်းချုပ်အားဖြင့်

ပြောကြားချက်အရ (သိရှိရသည့်) နာမကျန်းဖြစ်ပွားမှု နှုန်းများမှာ ကာလတစ်လျှောက် အပြောင်းအလဲမရှိပဲ ရှိနေပါသည်။ သို့သော် ဤနှုန်းများက စာအုပ်စာပေတွင် ဖော်ပြသည့် ကိုယ်တိုင်(ဖွင့်ဟ) ပြောကြားချက် ဘက်လိုက်မှုကို ထင်ဟပ်ပြီး ဤအချက်အရ ဆင်းရဲသူများက မဆင်းရဲသူများထက် နာဖျားမှုနည်းဟန်ရှိ ပါသည်။

အသင့်အတင့်အာဟာရ ချို့တဲ့မှုနှင့် ပတ်သက်၍ ဖော်ပြရပါလျှင် ၂၀၁၀ ပြည့်နှစ်တွင် ၃၂% ရှိပြီး ၂၀၀၅ ခုနှစ်၏ ၃၄% မှ စာရင်းအင်းသဘောအရ အရေးမပါသော ကျဆင်းမှုတစ်ရပ်ဖြစ်ပါသည်။ ခြားနားမှုများမှာ ဆင်းရဲသူနှင့် မဆင်းရဲသူများအကြားတွင်ရှိပြီး ၃၅% နှင့် ၃၀.၆% အသီးသီးရှိကာ ကျေးလက်နှင့်မြို့ပြ နေထိုင်သူများအကြားတွင်လည်း ခြားနားမှုများရှိပြီး ၃၃.၇% နှင့် ၂၅.၅% အသီးသီးရှိပါသည်။ ဆင်းရဲသူများ အကြားတွင် အာဟာရချို့တဲ့မှုသည် ၂၀၀၅ ခုနှစ်၏ ၃၇.၉% မှ ကျဆင်းလာသော်လည်း စာရင်းအင်း သဘောအရ အရေးပါသော ပြောင်းလဲမှုတစ်ရပ်မဟုတ်ပါ။ အဓိကအားဖြင့် မြင့်မားသော နှုန်းများကို ရခိုင်ပြည်နယ် (၅၃%) နှင့် ရှမ်းပြည်နယ်(တောင်) (၄၈%) တို့တွင်တွေ့ရှိရပါသည်။

အလွန်အမင်း အာဟာရ ချို့တဲ့မှု နှင့် ပတ်သက်၍ ဖော်ပြရပါလျှင် ၂၀၁၀ ပြည့်နှစ်တွင် ၉.၁% ရှိလျှင် ၂၀၀၅ ခုနှစ်၏ ၉.၄% မှ စာရင်းအင်း သဘောအရ အရေးပါသော ကျဆင်းမှုတစ်ရပ်မဟုတ်ပါ။ ခြားနားမှုများမှာ ဆင်းရဲသူ နှင့် မဆင်းရဲသူများအကြားတွင်ရှိပြီး ၁၀.၂% နှင့် ၈.၆% အသီးသီးရှိကာ ကျေးလက်နှင့်မြို့ပြ နေထိုင်သူများအကြားတွင်လည်း ခြားနားမှုများရှိ၍ ၉.၇% နှင့် ၆.၉% အသီးသီးရှိပါသည်။ အသင့်အတင့် အာဟာရ ချို့တဲ့မှုနှင့် မတူပဲ အမျိုးသမီးများ၏အာဟာရ ချို့တဲ့မှုမှာ အမျိုးသားများထက်မြင့်မားပြီး ၁၀% နှင့် ၈.၃% အသီးသီးရှိပါသည်။ ဆင်းရဲသူများအကြားအလွန်အမင်း အာဟာရချို့တဲ့မှုမှာ ၂၀၀၅ ခုနှစ်၏ ၁၁.၃% မှ ကျဆင်းလာပြီး စာရင်းအင်းသဘောအရ အရေးပါသော ပြောင်းလဲမှုတစ်ရပ်မဟုတ်ပါ။ အဓိကအားဖြင့် မြင့်မားသော နှုန်းများကို ရှမ်းပြည်နယ်(တောင်) (၁၈.၅%) နှင့် ရခိုင်ပြည်နယ် (၁၆.၃%) တို့တွင် တွေ့ရှိရပါသည်။ ယေဘုယျအားဖြင့် ဤကိန်းဂဏန်း အချက်အလက်များက ကာလတစ်လျှောက် သင့်တင့်ရုံ တိုးတက်မှုအသွင်ပုံစံ ကို ညွှန်ပြ၍ အပိုင်း ၂ တွင် ဖော်ပြသည့် အစားအစာ ဆင်းရဲချို့တဲ့မှု နှင့် ဆင်းရဲနွမ်းပါးမှုကျဆင်းခြင်းဆိုင်ရာ တွေ့ရှိချက်များနှင့် ထင်ရှားစွာ ဆက်စပ်ညီညွတ်မှု ရှိနေပါသည်။

ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိမှုမှာ ၂၀၁၀ ပြည့်နှစ်တွင် ၈၁% ခန့်ရှိပြီး ၂၀၀၅ ခုနှစ်၏ ၆၅% နှင့် နှိုင်းယှဉ်ပါက တိုးတက်လာသော်လည်း စာရင်းအင်းသဘောအရ တိုးတက်မှုတစ်ရပ်မဟုတ်ပါ။ ဆင်းရဲသူနှင့်မဆင်းရဲသူများအကြား လက်လှမ်းမီရရှိမှုမှာ အနည်းငယ်ခြားနားမှုများရှိပြီး ၇၇% နှင့် ၈၂% အသီးသီးရှိကာ ကြီးမားသောခြားနားမှုများမှာ ကျေးလက်နှင့်မြို့ပြ နေထိုင်သူများ အကြားတွင်ရှိပြီး ၇၅% နှင့် ၉၆% အသီးသီးရှိပါသည်။ ကာလတစ်လျှောက် ဆင်းရဲသူများအတွက် လက်လှမ်းမီမှုမှာ ၂၀၀၈ ခုနှစ်၏ ၅၇%မှ တိုးမြင့်လာသော်လည်း စာရင်းအင်းသဘောအရ အရေးပါသော ပြောင်းလဲမှုတစ်ရပ်မဟုတ်ပါ။ အဓိကအားဖြင့်နိမ့်ကျသော နှုန်းများကို စစ်ကိုင်းတိုင်းဒေသကြီး (၆၂%) နှင့် ချင်းပြည်နယ် (၆၈%) တို့တွင် တွေ့ရှိရပါသည်။ အကျဉ်းချုပ်အားဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလက်လှမ်းမီရရှိမှုမှာ ၂၀၀၅ ခုနှစ်မှ စတင်၍ သိသိသာသာ တိုးတက်ခဲ့ပြီး အဓိကအားဖြင့် ဆင်းရဲသူများအတွက် တိုးတက်ခဲ့ပါသည်။ သို့သော် မြို့ပြနှင့်ကျေးလက် နေထိုင်သူများအကြားတွင် ကြီးမားသော ကွာဟချက်များ ရှိနေဆဲဖြစ်ပါသည်။

ယေဘုယျအားဖြင့် အသုံးစရိတ်၏ ကျန်းမာရေးဝေစုအချိုးမှာ ၂၀၁၀ ပြည့်နှစ်တွင် ၅% ရှိပြီး ၂၀၀၅ ခုနှစ်၏ အချိုးနှင့် ထပ်တူလုနီးပါး ဖြစ်ပါသည်။ ဆင်းရဲသူများ၏ ကျန်းမာရေးဝေစု အချိုးမှာ မဆင်းရဲသူများထက် သိသာစွာ နိမ့်ကျပြီး ၃.၇% နှင့် ၅.၁% အသီးသီးရှိပါသည်။ အလားတူပင် ကျေးလက်နေထိုင်သူများ၏

ကျန်းမာရေးဝေစု အချိုးမှာ မြို့ပြ နေထိုင်သူများထက် သိသာစွာ နိမ့်ကျပြီး ၄.၄% နှင့် ၅.၉% အသီးသီး ရှိပါသည်။ မဆင်းရဲသူများက ဆင်းရဲသူများ၏ ကျန်းမာရေးအတွက် သုံးစွဲသည့် အသုံးစရိတ်၏ သုံးဆနီးပါး ကျန်းမာရေးအတွက် ကျခံသုံးစွဲပြီး ယင်းအချက်က မဆင်းရဲသူများသည် ပိုမိုအရည်အသွေး မြင့်မားသော ကျန်းမာရေး စောင့်ရှောက်မှုကို ပိုမိုကောင်းမွန်စွာ လက်လှမ်းမီရရှိသည်ဟု ညွှန်ပြပါသည်။

## ၇-၈ ။ နောက်ဆက်တွဲဇယားများ

ဇယား ၄၆ ။ ပိုလီယိုရောဂါ ကာကွယ်ဆေးထိုးပြီးသော အသက် (၁) နှစ် အရွယ်ကလေးဦးရေအချိုး (သုံးကြိမ်)

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | ၂၀၁၀ | | | | | | | ၂၀၀၅ စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | အလွှာ | | ကျား/မ | | စုစုပေါင်း | |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | | |
| ကချင် | ၅၆.၃<br>(၂၂.၅) | ၆၀.၇<br>(၁၁.၇) | ၇၃.၇<br>(၁၇.၅) | ၅၈.၈<br>(၁၅.၇) | ၅၄.၈<br>(၁၇.၇) | ၆၆.၀<br>(၁၇.၁) | ၅၈.၉<br>(၁၅.၆) | ၇၀.၄<br>(၇.၇) |
| ကယား | ၆၅.၇<br>(၂၆.၄) | ၁၀၀.၀<br>(၀.၀) | ၁၀၀.၀<br>(၀.၀) | ၉၃.၁<br>(၆.၂) | ၁၀၀.၀<br>(၀.၀) | ၈၀.၅<br>(၈.၆) | ၉၃.၆<br>(၆.၂) | ၇၇.၄<br>(၁၄.၅) |
| ကရင် | ၁၀၀.၀<br>(၀.၀) | ၈၃.၅<br>(၉.၄) | ၉၃.၉<br>(၇.၁) | ၈၇.၄<br>(၅.၈) | ၉၀.၃<br>(၄.၆) | ၈၃.၆<br>(၆.၇) | ၈၈.၀<br>(၄.၈) | ၆၂.၅<br>(၈.၈) |
| ချင်း | ၇၀.၉<br>(၁၃.၄) | ၈၃.၈<br>(၆.၀) | ၅၅.၈<br>(၆.၀) | ၈၉.၃<br>(၅.၂) | ၇၅.၅<br>(၉.၆) | ၇၈.၃<br>(၁၂.၀) | ၇၆.၇<br>(၁၀.၄) | ၅၂.၀<br>(၂၁.၇) |
| စစ်ကိုင်း | ၅၈.၃<br>(၁၆.၆) | ၇၅.၆<br>(၁၂.၅) | ၆၄.၀<br>(၁၆.၂) | ၇၂.၉<br>(၁၂.၂) | ၆၃.၇<br>(၁၄.၄) | ၇၇.၅<br>(၁၀.၉) | ၇၁.၈<br>(၁၀.၇) | ၆၆.၀<br>(၆.၆) |
| တနင်္သာရီ | ၈၈.၆<br>(၄.၄) | ၇၈.၂<br>(၉.၅) | ၆၆.၈<br>(၇.၇) | ၈၆.၆<br>(၆.၉) | ၈၀.၂<br>(၄.၀) | ၈၆.၉<br>(၁၀.၇) | ၈၂.၉<br>(၆.၀) | ၅၉.၀<br>(၈.၈) |
| ပဲခူး | ၆၇.၆<br>(၁၆.၃) | ၅၈.၇<br>(၉.၇) | ၈၃.၂<br>(၁၂.၈) | ၅၈.၈<br>(၈.၄) | ၅၇.၆<br>(၁၂.၆) | ၆၃.၈<br>(၈.၁) | ၆၀.၉<br>(၈.၈) | ၈၄.၆<br>(၄.၅) |
| - ပဲခူး (အရှေ့) | ၇၉.၆<br>(၁၂.၃) | ၆၉.၇<br>(၉.၈) | ၁၀၀.၀<br>(၀.၀) | ၇၀.၁<br>(၃.၄) | ၇၁.၇<br>(၈.၃) | ၇၃.၁<br>(၉.၁) | ၇၂.၅<br>(၃.၆) | ၈၉.၃<br>(၄.၆) |
| - ပဲခူး (အနောက်) | ၇၉.၁<br>(၄၇.၆) | ၄၃.၁<br>(၂၀.၄) | ၆၁.၁<br>(၂၇.၂) | ၄၀.၂<br>(၁၇.၇) | ၄၁.၄<br>(၂၆.၀) | ၄၃.၅<br>(၉.၃) | ၄၂.၃<br>(၁၈.၆) | ၇၅.၉<br>(၈.၅) |
| မကွေး | ၇၈.၁<br>(၉.၂) | ၆၉.၁<br>(၉.၇) | ၁၀၀.၀<br>(၀.၀) | ၆၉.၇<br>(၈.၄) | ၅၉.၆<br>(၉.၇) | ၈၃.၀<br>(၆.၆) | ၇၂.၄<br>(၇.၈) | ၈၉.၃<br>(၂.၁) |
| မန္တလေး | ၆၅.၃<br>(၁၂.၀) | ၉၀.၂<br>(၄.၆) | ၈၄.၄<br>(၅.၆) | ၇၉.၃<br>(၁၁.၉) | ၈၆.၅<br>(၇.၃) | ၇၄.၄<br>(၁၂.၅) | ၈၁.၀<br>(၉.၅) | ၇၁.၆<br>(၃.၀) |
| မွန် | ၄၅.၅<br>(၇.၂) | ၇၅.၀<br>(၉.၆) | ၇၀.၀<br>(၁၇.၄) | ၇၀.၉<br>(၁၆.၉) | ၆၅.၃<br>(၃.၈) | ၇၄.၅<br>(၁၉.၀) | ၇၀.၈<br>(၁၂.၄) | ၆၉.၁<br>(၉.၆) |
| ရခိုင် | ၆၅.၅<br>(၁၅.၁) | ၆၃.၉<br>(၁၀.၁) | ၇၀.၄<br>(၁၇.၇) | ၆၄.၃<br>(၁၃.၆) | ၆၇.၅<br>(၁၂.၅) | ၆၂.၂<br>(၁၂.၀) | ၆၄.၈<br>(၁၂.၂) | ၄၆.၇<br>(၃.၂) |
| ရန်ကုန် | ၇၉.၂<br>(၁၀.၆) | ၈၁.၈<br>(၆.၀) | ၈၆.၃<br>(၆.၈) | ၆၇.၅<br>(၉.၂) | ၈၅.၀<br>(၈.၀) | ၇၃.၂<br>(၄.၅) | ၈၁.၂<br>(၅.၇) | ၈၀.၉<br>(၉.၅) |
| ရှမ်း | ၄၁.၉<br>(၃.၆) | ၆၀.၉<br>(၁၈.၆) | ၉၀.၄<br>(၈.၆) | ၄၇.၂<br>(၁၃.၅) | ၆၃.၁<br>(၁၂.၇) | ၄၆.၀<br>(၁၃.၄) | ၅၅.၂<br>(၁၄.၅) | ၄၆.၁<br>(၆.၄) |
| - ရှမ်း (တောင်) | ၄၆.၃<br>(၀.၀) | ၇၉.၉<br>(၄၀.၈) | ၈၅.၉<br>(၂၃.၀) | ၃၁.၁<br>(၁၁.၀) | ၅၇.၃<br>(၁၉.၇) | ၂၈.၇<br>(၃၄.၁) | ၄၂.၂<br>(၂၆.၁) | ၅၅.၀<br>(၁၃.၀) |
| - ရှမ်း (မြောက်) | ၂၅.၄<br>(၅.၀) | ၈၀.၀<br>(၁၀.၆) | ၉၄.၃<br>(၅.၇) | ၆၃.၈<br>(၁၇.၉) | ၇၅.၀<br>(၁၇.၈) | ၆၄.၄<br>(၁၀.၃) | ၇၀.၀<br>(၁၄.၂) | ၇၇.၇<br>(၅.၉) |
| - ရှမ်း (အရှေ့) | ၅၂.၄<br>(၁၃.၈) | ၄၇.၆<br>(၈.၂) | ၁၀၀.၀<br>(၀.၀) | ၄၆.၈<br>(၇.၄) | ၅၈.၂<br>(၉.၃) | ၇၉.၉<br>(၈.၆) | ၅၀.၁<br>(၈.၂) | ၂၈.၀<br>(၉.၉) |
| ဧရာဝတီ | ၈၅.၅<br>(၅.၅) | ၉၂.၅<br>(၅.၇) | ၉၂.၃<br>(၆.၂) | ၈၉.၆<br>(၅.၃) | ၈၃.၉<br>(၇.၂) | ၉၇.၄<br>(၀.၉) | ၉၀.၀<br>(၅.၀) | ၆၈.၂<br>(၈.၇) |
| ပြည်ထောင်စု ၂၀၁၀ | ၇၁.၀<br>(၄.၀) | ၇၇.၄<br>(၃.၀) | ၈၄.၀<br>(၃.၃) | ၇၂.၉<br>(၃.၃) | ၇၄.၇<br>(၂.၉) | ၇၅.၉<br>(၃.၆) | ၇၅.၃<br>(၂.၉) | ၆၈.၉<br>(၂.၄) |
| ပြည်ထောင်စု ၂၀၀၅ | ၆၄.၃<br>(၃.၁) | ၇၁.၇<br>(၂.၉) | ၇၄.၇<br>(၅.၇) | ၆၇.၄<br>(၂.၄) | ၆၉.၅<br>(၂.၉) | ၆၈.၀<br>(၂.၇) | ၆၈.၉<br>(၂.၄) | |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၄၇ ။ DPT ရောဂါကာကွယ်ဆေးထိုးပြီးသော အသက် (၁) နှစ်အရွယ် ကလေးဦးရေအချိုး (သုံးကြိမ်)

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | ၂၀၁၀ | | | | | | | ၂၀၀၅ စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | အလွှာ | | ကျား/မ | | စုစုပေါင်း | |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | | |
| ကချင် | ၅၅.၁ (၂၂.၂) | ၅၇.၁ (၁၄.၀) | ၃၃.၇ (၁၇.၅) | ၅၆.၁ (၁၆.၈) | ၅၃.၃ (၁၈.၃) | ၆၀.၄ (၁၉.၉) | ၅၆.၃ (၁၆.၈) | ၅၄.၈ (၁၁.၁) |
| ကယား | ၆၅.၇ (၂၆.၄) | ၁၀၀.၀ (၀.၀) | ၁၀၀.၀ (၀.၀) | ၉၃.၁ (၆.၂) | ၁၀၀.၀ (၀.၀) | ၈၀.၅ (၈.၆) | ၉၃.၆ (၆.၂) | ၇၂.၈ (၁၂.၇) |
| ကရင် | ၁၀၀.၀ (၀.၀) | ၈၃.၄ (၉.၃) | ၉၃.၉ (၇.၁) | ၈၇.၄ (၅.၇) | ၉၁.၀ (၄.၄) | ၈၄.၁ (၆.၈) | ၈၇.၉ (၄.၇) | ၆၂.၆ (၈.၃) |
| ချင်း | ၆၃.၇ (၆.၀) | ၈၃.၈ (၆.၀) | ၅၅.၈ (၆.၀) | ၈၀.၅ (၈.၂) | ၇၀.၅ (၄.၂) | ၇၂.၂ (၉.၇) | ၇၀.၈ (၆.၀) | ၄၀.၁ (၂၅.၀) |
| စစ်ကိုင်း | ၅၉.၄ (၁၀.၅) | ၇၇.၅ (၁၀.၃) | ၈၉.၀ (၈.၂) | ၇၁.၆ (၁၀.၉) | ၆၀.၈ (၁၃.၄) | ၈၂.၁ (၇.၃) | ၇၃.၅ (၁၀.၀) | ၅၉.၁ (၆.၉) |
| တနင်္သာရီ | ၈၉.၃ (၅.၀) | ၇၆.၂ (၁၀.၄) | ၆၆.၈ (၇.၇) | ၈၅.၆ (၉.၂) | ၇၉.၆ (၆.၇) | ၈၅.၉ (၁၁.၉) | ၈၂.၁ (၈.၀) | ၅၈.၇ (၁၂.၅) |
| ပဲခူး | ၆၆.၂ (၁၇.၄) | ၆၀.၈ (၁၄.၄) | ၈၅.၁ (၁၁.၃) | ၆၀.၂ (၁၄.၃) | ၆၅.၆ (၁၃.၁) | ၅၉.၀ (၁၅.၉) | ၆၂.၁ (၁၃.၈) | ၇၃.၉ (၉.၁) |
| - ပဲခူး (အရှေ့) | ၇၈.၃ (၁၄.၄) | ၈၃.၁ (၇.၃) | ၁၀၀.၀ (၀.၀) | ၈၀.၅ (၇.၄) | ၈၆.၃ (၉.၈) | ၇၈.၇ (၈.၉) | ၈၀.၇ (၇.၀) | ၇၃.၉ (၁၆.၂) |
| - ပဲခူး (အနောက်) | ၃၉.၁ (၄၇.၆) | ၃၀.၀ (၂၃.၂) | ၇၀.၇ (၂၀.၄) | ၂၇.၅ (၂၃.၆) | ၄၃.၀ (၂၅.၂) | ၁၇.၀ (၁၈.၉) | ၃၀.၈ (၂၃.၈) | ၇၄.၀ (၁၀.၀) |
| မကွေး | ၇၈.၁ (၉.၂) | ၆၆.၅ (၇.၈) | ၉၂.၉ (၅.၅) | ၆၈.၇ (၇.၉) | ၅၇.၄ (၉.၀) | ၈၁.၇ (၅.၇) | ၇၀.၈ (၆.၉) | ၈၀.၃ (၄.၀) |
| မန္တလေး | ၆၄.၆ (၁၂.၀) | ၈၇.၁ (၅.၇) | ၈၃.၆ (၄.၆) | ၇၆.၃ (၁၃.၆) | ၈၂.၆ (၇.၈) | ၇၄.၂ (၁၃.၄) | ၇၈.၉ (၉.၈) | ၆၀.၇ (၄.၈) |
| မွန် | ၅၀.၁ (၈.၅) | ၈၆.၅ (၆.၇) | ၁၀၀.၀ (၀.၀) | ၇၇.၇ (၁၀.၂) | ၈၃.၅ (၆.၄) | ၇၉.၀ (၁၅.၁) | ၈၀.၉ (၁၀.၂) | ၆၀.၆ (၁၂.၉) |
| ရခိုင် | ၅၃.၉ (၁၃.၀) | ၅၉.၅ (၁၀.၂) | ၅၀.၉ (၂၂.၀) | ၅၆.၃ (၁၁.၁) | ၅၉.၂ (၁၁.၃) | ၅၂.၇ (၁၀.၂) | ၅၆.၀ (၁၀.၈) | ၃၈.၆ (၅.၀) |
| ရန်ကုန် | ၇၄.၁ (၁၅.၀) | ၇၉.၆ (၁၀.၃) | ၈၀.၅ (၈.၀) | ၇၂.၀ (၂၀.၈) | ၇၇.၆ (၁၄.၂) | ၈၀.၅ (၆.၈) | ၇၈.၅ (၁၁.၀) | ၇၉.၆ (၈.၀) |
| ရှမ်း | ၅၀.၄ (၁၅.၄) | ၇၃.၃ (၈.၅) | ၉၀.၀ (၈.၈) | ၆၁.၅ (၇.၃) | ၆၅.၁ (၉.၆) | ၆၈.၆ (၇.၉) | ၆၆.၇ (၆.၆) | ၃၁.၈ (၁၀.၈) |
| - ရှမ်း (တောင်) | ၇၈.၅ (၀.၄) | ၆၈.၈ (၁၈.၈) | ၈၅.၉ (၂၃.၀) | ၆၈.၉ (၃.၆) | ၆၂.၂ (၁၅.၅) | ၈၄.၅ (၅.၃) | ၇၂.၃ (၁၀.၇) | ၃၄.၄ (၂၆.၁) |
| - ရှမ်း (မြောက်) | ၂၄.၈ (၅.၂) | ၇၉.၈ (၁၀.၆) | ၉၃.၇ (၅.၈) | ၆၃.၆ (၁၇.၉) | ၇၄.၃ (၁၇.၉) | ၆၄.၆ (၁၀.၂) | ၆၉.၇ (၁၄.၂) | ၃၀.၉ (၅.၇) |
| - ရှမ်း (အရှေ့) | ၁၅.၀ (၆.၆) | ၅၄.၇ (၉.၆) | ၁၀၀.၀ (၀.၀) | ၃၀.၆ (၁၀.၆) | ၄၃.၄ (၁၉.၅) | ၂၂.၀ (၅.၁) | ၃၃.၈ (၁၀.၄) | ၂၀.၈ (၈.၅) |
| ဧရာဝတီ | ၈၃.၈ (၄.၆) | ၈၇.၇ (၄.၈) | ၈၉.၃ (၇.၀) | ၈၅.၈ (၄.၃) | ၈၀.၄ (၅.၆) | ၉၂.၃ (၃.၃) | ၈၆.၃ (၃.၄) | ၅၉.၈ (၁၀.၁) |
| ပြည်ထောင်စု ၂၀၁၀ | ၆၈.၉ (၃.၆) | ၇၇.၄ (၂.၈) | ၈၃.၀ (၃.၇) | ၇၂.၂ (၃.၀) | ၇၂.၉ (၃.၂) | ၇၆.၅ (၂.၉) | ၇၄.၆ (၂.၇) | ၆၀.၈ (၃.၃) |
| ပြည်ထောင်စု ၂၀၀၅ | ၅၅.၄ (၄.၃) | ၆၄.၀ (၃.၄) | ၇၀.၁ (၅.၀) | ၅၈.၁ (၃.၆) | ၆၀.၉ (၄.၁) | ၆၀.၆ (၃.၂) | ၆၀.၈ (၃.၃) | |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၄၈ ။ အသက်အရ ကိုယ်အလေးချိန် (အဓိကစစ်တမ်းများ၏ရလဒ်များ)

| ဒေသ | အသက် ၅ နှစ်အောက် ကိုယ်အလေးချိန် မပြည့်မီသော ကလေးဦးရေ (%) | | | | | | IHLCA (၂၀၀၅) ဆင်းရဲနွမ်းပါးမှု အခြေအနေ | | | |
|---|---|---|---|---|---|---|---|---|---|---|
| | MICS ၁၉၉၅ | | MICS ၁၉၉၇ | | MICS ၂၀၀၀ | | | | | |
| | အသက်အရ ကိုယ်အလေးချိန် | | အသက်အရ ကိုယ်အလေးချိန် | | အသက်အရ ကိုယ်အလေးချိန် | | အသင့်အတင့် ကိုယ်အလေးချိန် မပြည့်မီမှု | | အလွန်အမင်း ကိုယ်အလေးချိန် မပြည့်မီမှု | |
| | % -2 SD အောက် | % -3 SD အောက် | % -2 SD အောက် | % -3 SD အောက် | % -2 SD အောက် | % -3 SD အောက် | ကျေးလက် | မြို့ပြ | ကျေးလက် | မြို့ပြ |
| ပြည်ထောင်စု | ၄၂.၉ | ၁၅.၈ | ၃၈.၆ | ၁၂.၆ | ၃၅.၃ | ၇.၉ | ၃၄.၃၅ | | ၉.၄ | |
| မြို့ပြ | ၃၉.၉ | ၁၂.၇ | ၃၂.၉ | ၁၀.၉ | ၂၉.၆ | ၅.၅ | ၃၁.၅၀ | | ၈.၀ | |
| ကျေးလက် | ၄၄.၀ | ၁၆.၈ | ၄၀.၄ | ၁၃.၃ | ၃၇.၀ | ၈.၆ | ၃၅.၁၀ | | ၉.၈ | |
| ကချင် | ၃၇.၀ | ၁၆.၀ | ၂၁.၀ | ၄.၀ | ၂၇.၃ | ၇.၇ | ၂၉.၄၄ | ၂၃.၈၃ | ၉.၂၅ | ၈.၄၁ |
| ကယား | ၂၉.၀ | ၁၁.၀ | ၃၉.၀ | ၁၁.၀ | ၃၅.၉ | ၆.၇ | ၂၀.၄၇ | ၂၂.၂၇ | ၁.၄၈ | ၈.၂၄ |
| ကရင် | ၄၆.၀ | ၁၅.၀ | ၃၉.၀ | ၁၅.၀ | ၄၀.၁ | ၉.၉ | ၂၉.၆၂ | ၃၂.၁၆ | ၅.၃၂ | ၉.၀၉ |
| ချင်း | ၅၂.၀ | ၂၇.၀ | ၄၅.၀ | ၁၆.၀ | ၄၁.၃ | ၉.၀ | ၃၀.၆၆ | ၃၈.၁၆ | ၄.၂၅ | ၆.၅၁ |
| မွန် | ၄၁.၀ | ၁၄.၀ | ၃၉.၀ | ၁၂.၀ | ၃၃.၅ | ၅.၈ | ၃၄.၂၇ | ၃၉.၂၄ | ၉.၇၀ | ၁၄.၃၃ |
| ရခိုင် | ၅၆.၀ | ၂၉.၀ | ၅၃.၀ | ၂၁.၀ | ၄၈.၁ | ၁၆.၉ | ၅၈.၄၆ | ၈၀.၂၂ | ၂၅.၃၇ | ၄၀.၆၀ |
| ရှမ်း (မြောက်) | ၃၇.၀ | ၁၂.၀ | ၃၃.၀ | ၁၂.၀ | ၂၂.၁ | ၃.၇ | ၂၆.၅၀ | ၂၆.၈၉ | ၄.၇၉ | ၉.၆၂ |
| ရှမ်း (အရှေ့) | ၄၈.၀ | ၂၃.၀ | ၄၀.ပ | ၂၀.၀ | ၃၈.၇ | ၈.၇ | ၂၆.၀၃ | ၂၂.၈၆ | ၆.၃၅ | ၁၀.၀၃ |
| ရှမ်း (တောင်) | ၃၅.၀ | ၁၂.၀ | ၃၅.၀ | ၁၁.၀ | ၃၅.၆ | ၉.၇ | ၃၆.၁၃ | ၂၃.၄၃ | ၁၀.၉၆ | ၃.၂၄ |
| ဧရာဝတီ | ၄၄.၀ | ၁၇.၀ | ၄၂.၀ | ၁၅.၀ | ၃၆.၈ | ၆.၇ | ၃၅.၉၇ | ၃၇.၉၂ | ၉.၉၀ | ၉.၆၅ |
| ပဲခူး (အရှေ့) | ၄၄.၀ | ၁၆.၀ | ၄၄.၀ | ၁၄.၀ | ၃၇.၄ | ၈.၆ | ၃၁.၃၈ | ၃၄.၂၀ | ၉.၈၈ | ၁၁.၃၀ |
| ပဲခူး (အနောက်) | | | | | | | ၂၃.၂၃ | ၃၇.၂၉ | ၅.၇၈ | ၁၀.၀၉ |
| မကွေး | ၅၁.၀ | ၂၀.၀ | ၄၄.၀ | ၁၅.၀ | ၃၆.၅ | ၅.၇ | ၄၂.၄၈ | ၄၁.၄၂ | ၉.၆၉ | ၇.၄၉ |
| မန္တလေး | ၄၂.၀ | ၁၅.၀ | ၃၆.၀ | ၁၁.၀ | ၃၁.၂ | ၆.၉ | ၃၃.၉၈ | ၃၀.၃၆ | ၉.၆၀ | ၆.၈၈ |
| စစ်ကိုင်း | ၄၂.၀ | ၁၄.၀ | ၃၂.၀ | ၇.၀ | ၃၁.၅ | ၅.၈ | ၂၇.၆၀ | ၃၈.၁၄ | ၅.၄၇ | ၉.၆၂ |
| တနင်္သာရီ | ၄၂.၀ | ၁၅.၀ | ၄၀.၀ | ၁၉.၀ | ၄၀.၁ | ၁၅.၇ | ၃၂.၀၀ | ၁၆.၉၁ | ၇.၇၄ | ၂.၄၉ |
| ရန်ကုန် | ၃၅.၀ | ၉.၀ | ၃၃.၀ | ၇.၀ | ၃၃.၄ | ၅.၈ | ၃၀.၈၇ | ၂၅.၈၈ | ၄.၃၈ | ၄.၃၅ |
| အသစ် မြို့ရွာ ဧရိယာ | ၄၁.၀ | ၁၃.၀ | | | | | | | | |

# ၈ ။ ပညာရေး

အပိုင်း ၈ တွင် စာတတ်မြောက်မှုနှုန်းများ (အပိုင်း ၈-၁) ဖြင့်စတင်ပြီးကျောင်းဝင်နှုန်းများ (အပိုင်း ၈-၂)၊ စာသင်ကျောင်းများအား (အကွာအဝေးအရ) လက်လှမ်းမီမှု (အပိုင်း ၈-၃)၊ ပညာတတ်မြောက်မှု (အထူးသဖြင့် အိမ်ထောင်ဦးစီး၏ ကျောင်းနေသည့် နှစ်များ) (အပိုင်း ၈-၄) နှင့် ပညာရေး အသုံးစရိတ်များ (အပိုင်း ၈-၅) ကို ဆက်လက်၍ လေ့လေဖော်ပြပါသည်။ နောက်ဆုံးအပိုင်းက အဓိကရလဒ်များ (အပိုင်း ၈-၆) ကို အကျဉ်းချုပ်ပြီး နောက်ဆက်တွဲဇယားများနှင့် ဖော်ပြခြင်းဖြစ်၍ နောက်ဆက်တွဲ ဇယားများတွင် မြန်မာနိုင်ငံတွင် ကောက်ယူခဲ့သည့် အခြားသော အဓိက စစ်တမ်းရလဒ်များ (အပိုင်း ၈-၇) ကို ပံ့ပိုးပေးပါသည်။

## ၈-၁ ။ စာတတ်မြောက်မှု

ဇယား ၄၉ တွင် အသက် ၁၅ နှစ် အထက်လူဦးရေ ၏ စာတတ်မြောက်မှုနှုန်းများနှင့် ပတ်သက်သည့် ကိန်းဂဏန်းအချက်အလက်များကို ဖော်ပြပါသည်။ စာတတ်မြောက်မှု ဆိုသည်မှာ သာမန်စာပိုဒ်တစ်ပိုဒ် အား အလွယ်တကူ ဖတ်ရှုနားလည်နိုင်ပြီး ရိုးရိုးသင်္ချာပုစ္ဆာများကို ဖြေရှင်းနိုင်ခြင်း သို့မဟုတ် ဒုတိယတန်း အထိသင်ယူပြီးမြောက်ခြင်းဟု အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ စာတတ်မြောက်မှုနှုန်းမှာ ရေရှည်ကာလတွင် မူလတန်းပညာရေးစနစ်၏ ထိရောက်မှု၏ တိုင်းတာချက်တစ်ရပ်ဖြစ်ပြီး လူမှုရေးတိုးတက်မှုနှင့် စီးပွားရေး အောင်မြင်မှု၏ ကိုယ်စားပြုတိုင်းတာချက် တစ်ရပ်အဖြစ်လည်း ယူဆနိုင်ပါသည်။ အရေးကြီးသော ရလဒ် ၄ ခုရှိပါသည်။

(၁) ခြုံငုံဖော်ပြရပါလျှင် ၂၀၁၀ ပြည့်နှစ်တွင် စာတတ်မြောက်မှုမှာ ၉၀% ခန့်ရှိပြီး ၂၀၀၅ ခုနှစ်၏ ၈၅% နှင့် နှိုင်းယှဉ်ပါက တိုးတက်မှုရှိပြီး စာရင်းအင်းသဘောအရ အရေးပါပါသည်။
(၂) ဆင်းရဲသူနှင့် မဆင်းရဲသူများအကြားတွင် စာတတ်မြောက်မှုနှုန်းများမှာ ကြီးမားသော ခြားနားမှုများရှိ၍ ၈၄% နှင့် ၉၃% အသီးသီးရှိပြီး ဆင်းရဲသူများ၏ စာတတ်မြောက်မှုနှုန်းမှာ၂၀၀၅ ခုနှစ်၏ ၇၉% မှ တိုးတက်ခဲ့ပြီး စာရင်းအင်းသဘောအရ အရေးပါသော တိုးတက်မှုတစ်ရပ်ဖြစ်ပါသည်။
(၃) ကျေးလက်နှင့်မြို့ပြနေထိုင်သူများအကြားတွင် သိသာသောခြားနားမှုများရှိ၍ ၈၉% နှင့် ၉၅% အသီးသီး ရှိပြီး အမျိုးသမီးများနှင့်အမျိုးသားများအကြားတွင် ၈၉% နှင့် ၉၆% အသီးသီးရှိပါသည်။
(၄) ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ကွဲပြားခြားနားမှုများရှိ၍ နိမ့်ကျသောနှုန်းများကို ရခိုင်ပြည်နယ် (၇၅%) နှင့် ရှမ်းပြည်နယ်(၇၅%) တို့တွင်တွေ့ရှိရပါသည်။

နှိုင်းယှဉ်မှုအရ စာတတ်မြောက်မှု၏ မြင့်မားသောနှုန်းများအား နောက်ဆက်တွဲ ဇယား ၄၉ တွင် ဖော်ပြထားသည့် အခြားသော စစ်တမ်းများ၏ရလဒ်များက သိသာထင်ရှားစွာ ခိုင်မာစေပါသည်။ ကမ္ဘာ့ကလေးများအခြေအနေ စစ်တမ်း - (SWOC) နှင့် ဗဟုညွှန်ကိန်းဆိုင်ရာ အစုလိုက်စစ်တမ်း - MICS (၂၀၀၀) နှစ်ခုလုံးက စာတတ်မြောက်မှုနှုန်းမှာ ၉၀% နီးပါးရှိကြောင်း တွေ့ရှိကြပြီး စစ်တမ်းများတွင် အသုံးပြုသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ IHLCA ထက်ကန့်သတ်ချက်လျော့ပါးပါသည်။

အချုပ်အားဖြင့်စာတတ်မြောက်မှုနှုန်းများမှာ မြင့်မားပြီးသောနှုန်းများမှ အနည်းငယ် တိုးမြင့်လာပြီး ဆင်းရဲသူ များအတွက် အချိုးကျတိုးမြင့်မှုများရရှိပါသည်။ ဆင်းရဲသူနှင့် မဆင်းရဲသူအိမ်ထောင်စုများအကြား၊ အမျိုး

သမီးများနှင့် အမျိုးသားများအကြားနှင့် မြို့ပြနှင့်ကျေးလက်နေ အိမ်ထောင်စုများအကြားတွင် သင့်တင့်ရုံ ကွာဟချက်များ ဆက်လက်ရှိနေဆဲဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ကြီးမားသော ခြားနားမှုများရှိပါသည်။

ဇယား ၄၉ ။ စာတတ်မြောက်မှုနှုန်းများ (၁၅ နှစ် နှင့် အထက်)

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | ၂၀၁၀ | | | | | | | ၂၀၀၅ စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | အလွှာ | | ကျား/မ | | စုစုပေါင်း | |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | | |
| ကချင် | ၈၂.၇ (၄.၈) | ၈၉.၀ (၁.၄) | ၉၁.၅ (၀.၉) | ၈၅.၄ (၂.၃) | ၉၃.၂ (၁.၆) | ၈၆.၃ (၂.၀) | ၈၇.၂ (၂.၅) | ၈၆.၀ (၁.၈) |
| ကယား | ၇၈.၃ (၈.၉) | ၈၅.၅ (၁.၀) | ၈၉.၂ (၀.၃) | ၈၁.၈ (၄.၂) | ၉၂.၄ (၁.၆) | ၇၉.၁ (၁.၀) | ၈၄.၇ (၀.၉) | ၇၆.၅ (၃.၅) |
| ကရင် | ၉၀.၅ (၄.၇) | ၈၈.၇ (၂.၉) | ၉၃.၉ (၁.၅) | ၈၇.၉ (၃.၆) | ၉၃.၄ (၂.၁) | ၈၈.၈ (၃.၄) | ၈၉.၀ (၃.၂) | ၈၁.၇ (၄.၁) |
| ချင်း | ၈၇.၇ (၅.၀) | ၈၆.၆ (၄.၆) | ၈၈.၂ (၅.၀) | ၈၇.၁ (၅.၂) | ၉၅.၁ (၂.၇) | ၈၂.၇ (၅.၂) | ၈၇.၄ (၅.၀) | ၈၄.၃ (၃.၄) |
| စစ်ကိုင်း | ၉၀.၉ (၁.၁) | ၉၃.၇ (၀.၅) | ၉၅.၉ (၀.၂) | ၉၂.၈ (၀.၄) | ၉၆.၅ (၀.၄) | ၉၂.၀ (၀.၇) | ၉၃.၃ (၀.၄) | ၈၈.၇ (၁.၆) |
| တနင်္သာရီ | ၈၃.၈ (၂.၄) | ၉၁.၆ (၁.၈) | ၉၂.၃ (၂.၆) | ၈၈.၀ (၁.၇) | ၉၃.၉ (၁.၆) | ၈၈.၅ (၂.၃) | ၈၉.၀ (၀.၉) | ၈၅.၈ (၁.၉) |
| ပဲခူး | ၉၃.၀ (၂.၆) | ၉၆.၀ (၁.၃) | ၉၆.၀ (၁.၈) | ၉၅.၄ (၁.၅) | ၉၈.၀ (၀.၇) | ၉၄.၈ (၁.၃) | ၉၅.၅ (၁.၅) | ၈၇.၄ (၁.၇) |
| - ပဲခူး (အရှေ့) | ၉၂.၅ (၂.၄) | ၉၄.၃ (၁.၃) | ၉၄.၇ (၃.၄) | ၉၃.၈ (၁.၁) | ၉၇.၂ (၀.၂) | ၉၂.၈ (၂.၀) | ၉၃.၉ (၁.၅) | ၈၅.၄ (၂.၈) |
| - ပဲခူး (အနောက်) | ၉၃.၈ (၆.၉) | ၉၇.၉ (၁.၂) | ၉၈.၀ (၁.၁) | ၉၇.၂ (၂.၀) | ၉၉.၀ (၀.၇) | ၉၇.၁ (၁.၈) | ၉၇.၃ (၁.၉) | ၈၉.၈ (၁.၉) |
| မကွေး | ၉၀.၀ (၂.၅) | ၉၃.၅ (၂.၉) | ၉၆.၂ (၁.၀) | ၉၂.၁ (၃.၁) | ၉၆.၄ (၁.၃) | ၉၁.၈ (၃.၂) | ၉၂.၆ (၂.၇) | ၈၃.၅ (၃.၃) |
| မန္တလေး | ၈၆.၉ (၂.၃) | ၉၂.၄ (၂.၁) | ၉၅.၆ (၁.၀) | ၈၉.၀ (၂.၈) | ၉၆.၅ (၀.၇) | ၈၈.၃ (၂.၇) | ၉၁.၀ (၂.၁) | ၈၆.၅ (၁.၅) |
| မွန် | ၉၀.၇ (၁.၇) | ၉၃.၂ (၀.၇) | ၉၇.၅ (၁.၈) | ၉၁.၇ (၁.၅) | ၉၅.၄ (၀.၃) | ၉၂.၈ (၀.၃) | ၉၂.၈ (၀.၈) | ၈၈.၀ (၁.၉) |
| ရခိုင် | ၆၂.၈ (၄.၁) | ၈၄.၁ (၃.၂) | ၈၉.၇ (၀.၅) | ၇၀.၆ (၃.၉) | ၉၀.၇ (၂.၃) | ၇၁.၉ (၅.၅) | ၇၅.၁ (၄.၆) | ၆၅.၈ (၅.၆) |
| ရန်ကုန် | ၈၉.၉ (၁.၂) | ၉၇.၀ (၀.၈) | ၉၇.၀ (၀.၇) | ၉၂.၄ (၂.၀) | ၉၇.၆ (၀.၅) | ၉၅.၁ (၀.၉) | ၉၅.၉ (၀.[illegible]) | ၉၃.၇ (၁.၀) |
| ရှမ်း | ၆၆.၇ (၅.၈) | ၇၉.၅ (၃.၆) | ၈၉.၅ (၂.၃) | ၇၀.၂ (၄.၃) | ၈၇.၆ (၁.၉) | ၇၃.၆ (၃.၇) | [illegible] (၄.၁) | ၆၅.၆ (၄.၂) |
| - ရှမ်း (တောင်) | ၇၄.၃ (၀.၃) | ၈၅.၁ (၄.၅) | ၉၂.၂ (၁.၅) | ၇၈.၃ (၃.၃) | ၈၈.၉ (၄.၅) | ၈၀.၈ (၄.၉) | ၈၂.၆ (၅.၃) | ၇၁.၉ (၈.၉) |
| - ရှမ်း (မြောက်) | ၆၆.၅ (၄.၉) | ၇၈.၁ (၃.၈) | ၉၀.၉ (၂.၀) | ၆၈.၈ (၄.၉) | ၈၇.၄ (၂.၅) | ၇၂.၁ (၂.၇) | ၇၃.၆ (၃.၉) | ၆၇.၁ (၃.၈) |
| - ရှမ်း (အရှေ့) | ၅၄.၂ (၂၅.၈) | ၅၉.၇ (၁၁.၄) | ၇၅.၁ (၈.၄) | ၅၀.၈ (၁၈.၈) | ၈၃.၀ (၆.၀) | ၅၅.၃ (၁၇.၆) | ၅၇.၂ (၁၇.၇) | ၄၁.၆ (၁၇.၃) |
| ဧရာဝတီ | ၉၂.၉ (၂.၀) | ၉၅.၄ (၀.၇) | ၉၇.၆ (၁.၀) | ၉၄.၀ (၁.၃) | ၉၇.၂ (၀.၅) | ၉၄.၀ (၁.၄) | ၉၄.၇ (၁.၁) | ၈၉.၈ (၀.၇) |
| ပြည်ထောင်စု ၂၀၁၀ | ၈၄.၃ (၁.၁) | ၉၂.၆ (၀.၅) | ၉၅.၃ (၀.၅) | ၈၈.၇ (၀.၈) | ၉၅.၆ (၀.၃) | ၈၉.၃ (၀.၃) | ၉၀.၆ (၀.၆) | ၈၄.၉ (၀.၈) |
| ပြည်ထောင်စု ၂၀၀၅ | ၇၈.၈ (၀.၂) | ၈၇.၆ (၀.၆) | ၉၂.၁ (၀.၆) | ၈၂.၁ (၀.၉) | ၈၈.၂ (၀.၇) | ၈၂.၀ (၀.၉) | ၈၄.၉ (၀.၈) | |
| ပြောင်းလဲမှု (%) | ၆.၉ | ၅.၇ | ၃.၅ | ၈.၀ | ၈.၄ | ၈.၉ | ၆.၆ | |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၈-၂။ ကျောင်းဝင်မှု

ဇယား ၅၀ နှင့် ဇယား ၅၁ တို့တွင် မူလတန်းပညာအဆင့်နှင့်အလယ်တန်း၊ အထက်တန်းပညာအဆင့် အသားတင် ကျောင်းဝင်နှုန်းများကိုဖော်ပြပါသည်။ အသားတင်ကျောင်းဝင်နှုန်းများမှာ ယင်းအဆင့် (မူလတန်းသို့မဟုတ်အလယ်တန်းနှင့်အထက်တန်း)တွင် ကျောင်းအပ်နှံသည့် တရားဝင်ကျောင်းနေအရွယ် ကလေးအရေအတွက်ကို စုစုပေါင်းတရားဝင်(ယင်းအဆင့်) ကျောင်းနေအရွယ် ကလေးဦးရေ၏ ရာခိုင်နှုန်းအဖြစ်ဖော်ပြခြင်း ဖြစ်သည်။ ညွှန်ကိန်းက ပညာရေးစနစ်လွှမ်းခြုံမှုနှင့် စွမ်းဆောင်ရည်ကို တိုင်းတာခြင်းဖြစ်သော်လည်း နှစ်ခုလုံးအတွက်ပြီးပြည့်စုံသော တိုင်းတာချက်မဟုတ်ပါ။[၂၄]

မူလတန်းပညာအဆင့်တွင် အသားတင်ကျောင်းဝင်နှုန်းနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်တွေ့ရှိချက် (၆) ခု ရှိပါသည်။

(၁) ယေဘုယျအားဖြင့် ၂၀၁၀ ပြည့်နှစ်တွင် မူလတန်းပညာအဆင့်အသားတင်ကျောင်းဝင်နှုန်းမှာ ၈၈% ရှိပြီး ၂၀၀၅ ခုနှစ်၏ ၈၅% မှ စာရင်းအင်းသဘောအရ အရေးပါသော တိုးတက်မှုဖြစ်ပါသည်။
(၂) ဆင်းရဲသူနှင့် မဆင်းရဲသူများအကြားတွင် အသားတင်ကျောင်းဝင်နှုန်းမှာ ကြီးမားသော ခြားနားမှုများ ရှိပြီး ၈၁% နှင့် ၉၀% အသီးသီးရှိပါသည်။
(၃) ဆင်းရဲသူများ၏ မူလတန်းပညာအဆင့်အသားတင် ကျောင်းဝင်နှုန်းမှာ ၂၀၀၅ ခုနှစ် ၏ ၈၀% မှ အနည်းငယ် တိုးတက်လာပါသည်။
(၄) ကျေးလက်နှင့်မြို့ပြ နေထိုင်သူများအကြားတွင် သတိပြုဖွယ် ခြားနားမှုများရှိပြီး ၈၇% နှင့် ၉၂% အသီးသီးရှိပါသည်။
(၅) အမျိုးသမီးနှင့်အမျိုးသားများတွင် အသားတင်ကျောင်းဝင်နှုန်းများမှာ ခြားနားမှုများမရှိပါ။
(၆) ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ကွဲပြားခြားနားမှုကို ဖော်ပြရပါလျှင် ကျယ်ပြန့်သော ခြားနားမှုဖြင့် အနိမ့်ကျဆုံးသော အသားတင်ကျောင်းဝင်နှုန်းများကို ရခိုင်ပြည်နယ် (၇၁%) တွင်တွေ့ရှိရပါသည်။

အလယ်တန်းနှင့်အထက်တန်းပညာအဆင့် အသားတင်ကျောင်းဝင်နှုန်းနှင့်ပတ်သက်၍ အချက်ငါးချက်မှာ မှတ်သားရန် ဆက်စပ်မှုရှိပါသည်။

(၁) ယေဘုယျအားဖြင့် ၂၀၁၀ ပြည့်နှစ်တွင် အလယ်တန်း နှင့် အထက်တန်းပညာအဆင့် အသားတင် ကျောင်းဝင်နှုန်းမှာ ၅၃% ရှိပြီး ၂၀၀၅ ခုနှစ်၏ ၄၂% မှ တိုးတက်လာ၍ စာရင်းအင်းသဘောအရ အရေးပါသော ပုံစံဖြင့် တိုးတက်လာပါသည်။
(၂) ဆင်းရဲသူနှင့်မဆင်းရဲသူများအကြားတွင် ကြီးမားသော ခြားနားချက်များရှိ၍ ၃၅% နှင့် ၅၉% အသီးသီးရှိသော်လည်း ဆင်းရဲသူများ၏ အသားတင်ကျောင်းဝင်နှုန်းမှာ ၂၀၀၅ ခုနှစ်၏ ၂၈% မှ စာရင်းအင်းသဘောအရ အရေးပါသော ပုံစံဖြင့် တိုးတက်လာပါသည်။
(၃) ကျေးလက်နှင့် မြို့ပြနေထိုင်သူများအကြားတွင် ကြီးမားသော ခြားနားမှုများရှိ၍ ၄၇% နှင့် ၇၅% အသီးသီး ရှိပါသည်။
(၄) မူလတန်းပညာအဆင့် အသားတင် ကျောင်းဝင်နှုန်းကဲ့သို့ပင် အမျိုးသားနှင့် အမျိုးသမီးများတွင် ခြားနားမှုများမရှိပါ။

---

[၂၄] ဥပမာအားဖြင့် နိမ့်ကျသော အသားတင် ကျောင်းဝင်နှုန်းမှာ ကျောင်းမနေခြင်း၊ ပညာရေး အဟောသိကံဖြစ်ခြင်း (ပညာရေးတစ်ပိုင်းတစ်စ နှင့် ကျောင်းထွက်ခြင်း) သို့မဟုတ် အတန်းတွင် တစ်ကျော့ပြန် နေရခြင်းတို့ထက် ကျောင်းဝင်နောက်ကျမှုနှင့် ကျောင်းဝင်စောမှုတို့ကိုသာ ထင်ဟပ်နိုင်ပါသည်။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ကွဲပြားခြားနားမှုကို ဖော်ပြရပါလျှင် ကျယ်ပြန့်သော ခြားနားမှုဖြင့် အနိမ့်ကျဆုံးသော အလယ်တန်းနှင့် အထက်တန်းပညာအဆင့် အသားတင်ကျောင်းဝင်နှုန်းများကို ရခိုင်ပြည်နယ် (၃၂%) တွင်တွေ့ရှိရပါသည်။

အချုပ်အားဖြင့် မူလတန်းပညာအဆင့်အသားတင် ကျောင်းဝင်နှုန်းများမှာ မြင့်မားပြီးသော နှုန်းများမှ အနည်းငယ် တိုးတက်လာပြီး ဆင်းရဲသူများအတွက် မူလတန်းပညာအဆင့် အသားတင် ကျောင်းဝင်နှုန်းများမှာ မပြောင်းမလဲ ရှိနေဆဲ ဖြစ်ပါသည်။ အလယ်တန်းနှင့် အထက်တန်းပညာအဆင့် အသားတင် ကျောင်းဝင်နှုန်းမှာ သိသာစွာ တိုးတက်လာပြီး ဆင်းရဲသူများအတွက် ကြီးမားသော အကျိုးများရရှိပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား၊ မြို့ပြ နှင့် ကျေးလက်နေထိုင်သူများအကြား နှင့် ဆင်းရဲသူ နှင့် မဆင်းရဲသူ အိမ်ထောင်စုများအကြားတွင် သိသာထင်ရှားသည့် ကွာဟချက်များရှိနေဆဲဖြစ်ပါသည်။

ဇယား ၅၀ ။ မူလတန်း ပညာအဆင့် အသားတင်ကျောင်းဝင်နှုန်း

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | ၂၀၁၀ | | | | | | | ၂၀၀၅ |
|---|---|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | အလွှာ | | ကျား/မ | | စုစုပေါင်း | စုစုပေါင်း |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | | |
| ကချင် | ၉၁.၅ (၂.၇) | ၉၃.၀ (၃.၁) | ၉၄.၄ (၄.၀) | ၉၁.၉ (၂.၁) | ၉၃.၀ (၂.၇) | ၉၂.၁ (၃.၃) | ၉၂.၆ (၂.၉) | ၈၈.၆ (၁.၀) |
| ကယား | ၁၀၀.၀ (၀.၀) | ၉၅.၈ (၀.၃) | ၉၅.၉ (၆.၅) | ၉၆.၄ (၂.၁) | ၉၄.၉ (၂.၇) | ၉၇.၈ (၂.၃) | ၉၆.၃ (၀.၂) | ၉၃.၁ (၅.၃) |
| ကရင် | ၇၆.၆ (၄.၄) | ၈၉.၀ (၀.၇) | ၇၉.၉ (၁၃.၆) | ၈၈.၂ (၁.၇) | ၈၄.၆ (၁.၀) | ၉၀.၁ (၁.၉) | ၈၇.၂ (၀.၂) | ၈၆.၄ (၁.၂) |
| ချင်း | ၈၃.၉ (၁.၈) | ၉၀.၄ (၂.၅) | ၉၁.၀ (၁.၁) | ၈၄.၇ (၂.၉) | ၈၆.၆ (၁.၂) | ၈၅.၁ (၃.၇) | ၈၅.၈ (၂.၂) | ၈၁.၄ (၄.၀) |
| စစ်ကိုင်း | ၉၂.၉ (၂.၉) | ၉၄.၃ (၁.၀) | ၉၀.၉ (၂.၁) | ၉၄.၅ (၀.၈) | ၉၃.၉ (၀.၈) | ၉၄.၃ (၁.၀) | ၉၄.၁ (၀.၆) | ၉၀.၁ (၁.၂) |
| တနင်္သာရီ | ၇၉.၆ (၃.၀) | ၈၇.၉ (၀.၇) | ၈၆.၇ (၁.၄) | ၈၄.၈ (၁.၁) | ၈၇.၂ (၁.၅) | ၈၃.၃ (၂.၀) | ၈၅.၂ (၀.၆) | ၈၆.၃ (၁.၄) |
| ပဲခူး | ၇၂.၃ (၃.၄) | ၈၈.၁ (၂.၃) | ၈၈.၂ (၁.၄) | ၈၄.၀ (၃.၁) | ၈၇.၄ (၂.၅) | ၈၁.၃ (၃.၃) | ၈၄.၅ (၂.၈) | ၈၄.၃ (၁.၆) |
| - ပဲခူး (အရှေ့) | ၇၇.၁ (၀.၂) | ၉၀.၂ (၀.၄) | ၈၈.၃ (၀.၃) | ၈၆.၉ (၀.၉) | ၈၈.၉ (၁.၂) | ၈၅.၂ (၀.၄) | ၈၇.၁ (၀.၈) | ၈၄.၂ (၂.၈) |
| - ပဲခူး (အနောက်) | ၆၄.၄ (၆.၄) | ၈၅.၂ (၀.၉) | ၈၈.၀ (၃.၅) | ၈၀.၀ (၀.၅) | ၈၅.၃ (၀.၇) | ၇၅.၄ (၀.၃) | ၈၀.၇ (၀.၄) | ၈၄.၄ (၁.၇) |
| မကွေး | ၈၅.၆ (၂.၆) | ၉၄.၃ (၁.၀) | ၉၃.၅ (၂.၀) | ၉၀.၆ (၁.၃) | ၉၃.၄ (၁.၇) | ၉၀.၁ (၁.၂) | ၉၁.၇ (၁.၂) | ၈၇.၆ (၂.၇) |
| မန္တလေး | ၈၇.၄ (၂.၃) | ၉၂.၁ (၀.၇) | ၉၀.၂ (၃.၁) | ၉၀.၆ (၁.၅) | ၉၁.၆ (၁.၅) | ၈၉.၉ (၂.၀) | ၉၀.၇ (၁.၄) | ၈၉.၀ (၁.၅) |
| မွန် | ၈၂.၇ (၄.၁) | ၈၈.၂ (၂.၃) | ၈၂.၆ (၇.၈) | ၈၈.၆ (၁.၂) | ၈၇.၈ (၂.၆) | ၈၇.၃ (၂.၉) | ၈၇.၅ (၂.၅) | ၈၂.၉ (၁.၇) |
| ရခိုင် | ၆၃.၇ (၃.၈) | ၇၈.၃ (၃.၉) | ၈၈.၆ (၂.၁) | ၆၈.၈ (၄.၆) | ၆၈.၅ (၃.၆) | ၇၄.၃ (၆.၄) | ၇၁.၄ (၃.၇) | ၆၆.၇ (၄.၅) |
| ရန်ကုန် | ၈၆.၄ (၂.၇) | ၉၅.၀ (၀.၈) | ၉၄.၃ (၁.၂) | ၉၀.၃ (၁.၆) | ၉၄.၃ (၁.၂) | ၉၂.၅ (၁.၆) | ၉၃.၄ (၀.၈) | ၈၇.၅ (၂.၂) |
| ရှမ်း | ၈၂.၈ (၆.၂) | ၈၈.၉ (၁.၉) | ၉၂.၉ (၂.၈) | ၈၅.၅ (၂.၉) | ၈၄.၈ (၂.၃) | ၈၉.၁ (၃.၃) | ၈၆.၈ (၂.၃) | ၇၉.၀ (၁.၉) |
| - ရှမ်း (တောင်) | ၉၃.၁ (၁.၂) | ၉၀.၉ (၄.၃) | ၉၄.၁ (၆.၂) | ၉၁.၁ (၁.၅) | ၈၈.၃ (၄.၄) | ၉၅.၇ (၀.၆) | ၉၁.၅ (၂.၅) | ၇၉.၂ (၄.၂) |
| - ရှမ်း (မြောက်) | ၈၀.၉ (၆.၃) | ၈၆.၆ (၁.၅) | ၉၄.၅ (၂.၈) | ၈၁.၉ (၃.၆) | ၈၃.၉ (၂.၇) | ၈၅.၂ (၂.၅) | ၈၄.၆ (၂.၂) | ၇၉.၀ (၂.၆) |
| - ရှမ်း (အရှေ့) | ၆၂.၆ (၁၆.၂) | ၈၇.၁ (၁.၂) | ၈၃.၀ (၆.၄) | ၇၃.၃ (၁၀.၉) | ၇၀.၃ (၉.၃) | ၇၈.၉ (၁၀.၁) | ၇၅.၁ (၉.၇) | ၇၇.၆ (၂.၃) |
| ဧရာဝတီ | ၈၅.၀ (၃.၀) | ၈၈.၈ (၃.၁) | ၉၃.၅ (၃.၇) | ၈၆.၇ (၂.၅) | ၈၆.၇ (၃.၄) | ၈၈.၃ (၂.၉) | ၈၇.၅ (၂.၈) | ၈၇.၆ (၁.၆) |
| **ပြည်ထောင်စု၂၀၁၀** | **၈၁.၃ (၀.၃)** | **၉၀.၃ (၀.၇)** | **၉၀.၈ (၀.၀)** | **၈၆.၇ (၀.၇)** | **၈၇.၈ (၀.၈)** | **၈၇.၆ (၀.၉)** | **၈၇.၇ (၀.၇)** | **၈၄.၇ (၀.၇)** |
| ပြည်ထောင်စု၂၀၀၅ | ၈၀.၁ (၀.၁) | ၈၇.၂ (၀.၇) | ၈၇.၆ (၀.၃) | ၈၄.၀ (၀.၈) | ၈၄.၂ (၀.၈) | ၈၅.၂ (၀.၈) | ၈၄.၇ (၀.၇) | |

ဇာစ်မြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၅၁ ။ အလယ်တန်း အထက်တန်း ပညာအဆင့် အသားတင်ကျောင်းဝင်နှုန်း

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | ၂၀၁၀ | | | | | | | ၂၀၀၅ စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | အလွှာ | | ကျား/မ | | စုစုပေါင်း | |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | | |
| ကချင် | ၆၀.၄ (၁၁.၅) | ၇၁.၇ (၅.၅) | ၈၄.၉ (၃.၈) | ၆၄.၅ (၅.၇) | ၆၆.၂ (၉.၄) | ၇၂.၃ (၃.၇) | ၆၈.၉ (၆.၉) | ၅၁.၈ (၃.၃) |
| ကယား | ၆၆.၆ (၁၃.၂) | ၇၃.၁ (၀.၅) | ၈၃.၀ (၀.၁) | ၆၇.၆ (၃.၅) | ၆၆.၇ (၅.၀) | ၇၉.၄ (၁.၀) | ၇၂.၄ (၀.၇) | ၇၁.၉ (၆.၇) |
| ကရင် | ၅၀.၂ (၂၂.၄) | ၅၃.၃ (၁.၅) | ၇၆.၁ (၈.၅) | ၅၀.၁ (၅.၃) | ၄၈.၀ (၇.၁) | ၅၇.၈ (၂.၇) | ၅၂.၈ (၅.၀) | ၄၈.၈ (၄.၆) |
| ချင်း | ၅၂.၈ (၁.၀) | ၆၅.၆ (၅.၄) | ၉၁.၀ (၀.၇) | ၄၈.၇ (၃.၆) | ၅၈.၃ (၃.၇) | ၅၃.၇ (၁.၅) | ၅၅.၉ (၁.၁) | ၄၇.၆ (၈.၀) |
| စစ်ကိုင်း | ၃၉.၇ (၄.၅) | ၆၀.၉ (၃.၂) | ၇၂.၃ (၃.၅) | ၅၅.၀ (၂.၉) | ၅၅.၉ (၃.၁) | ၅၈.၂ (၁.၉) | ၅၇.၀ (၂.၄) | ၄၅.၇ (၄.၀) |
| တနင်္သာရီ | ၃၈.၃ (၅.၂) | ၆၂.၆ (၆.၃) | ၇၂.၂ (၁၃.၇) | ၄၉.၆ (၄.၄) | ၅၀.၂ (၆.၃) | ၅၉.၄ (၈.၀) | ၅၄.၅ (၇.၁) | ၃၇.၇ (၂.၆) |
| ပဲခူး | ၂၂.၆ (၅.၉) | ၅၁.၅ (၃.၁) | ၆၆.၈ (၅.၃) | ၄၂.၈ (၃.၆) | ၄၇.၆ (၃.၇) | ၄၃.၅ (၃.၂) | ၄၅.၈ (၃.၂) | ၃၆.၀ (၂.၂) |
| - ပဲခူး (အရှေ့) | ၃၀.၂ (၅.၀) | ၅၆.၀ (၄.၀) | ၆၇.၅ (၇.၈) | ၄၈.၂ (၂.၂) | ၅၄.၂ (၁.၆) | ၄၇.၅ (၃.၆) | ၅၀.၂ (၀.၆) | ၃၇.၆ (၂.၇) |
| - ပဲခူး (အနောက်) | ၁၀.၂ (၁.၇) | ၄၄.၃ (၃.၇) | ၆၄.၇ (၇.၂) | ၃၅.၀ (၃.၁) | ၃၆.၉ (၂.၀) | ၃၇.၆ (၃.၇) | ၃၇.၂ (၂.၇) | ၃၃.၆ (၄.၃) |
| မကွေး | ၃၅.၁ (၄.၅) | ၄၉.၄ (၃.၄) | ၇၈.၄ (၂.၀) | ၄၂.၆ (၁.၇) | ၄၇.၆ (၃.၂) | ၄၂.၉ (၂.၀) | ၄၅.၀ (၂.၃) | ၃၉.၅ (၂.၇) |
| မန္တလေး | ၄၁.၆ (၁.၈) | ၆၁.၉ (၄.၀) | ၇၅.၈ (၃.၇) | ၄၉.၇ (၃.၈) | ၅၆.၁ (၃.၀) | ၅၆.၇ (၃.၆) | ၅၆.၄ (၃.၂) | ၄၃.၄ (၂.၆) |
| မွန် | ၄၅.၃ (၃.၉) | ၆၆.၀ (၁.၈) | ၇၆.၂ (၆.၇) | ၆၀.၅ (၂.၁) | ၅၉.၆ (၂.၅) | ၆၆.၉ (၄.၈) | ၆၃.၄ (၁.၆) | ၄၉.၂ (၅.၀) |
| ရခိုင် | ၁၃.၈ (၁.၆) | ၄၅.၉ (၂.၇) | ၆၀.၆ (၁.၀) | ၂၆.၀ (၂.၁) | ၃၃.၅ (၂.၄) | ၃၀.၂ (၃.၃) | ၃၂.၀ (၂.၇) | ၂၅.၀ (၅.၀) |
| ရန်ကုန် | ၅၆.၂ (၇.၄) | ၇၇.၀ (၃.၀) | ၈၀.၈ (၂.၉) | ၅၈.၄ (၅.၃) | ၇၂.၉ (၃.၁) | ၇၄.၉ (၄.၄) | ၇၃.၈ (၃.၅) | ၆၅.၄ (၂.၉) |
| ရှမ်း | ၄၁.၆ (၆.၈) | ၅၇.၆ (၄.၅) | ၇၇.၆ (၂.၈) | ၄၅.၈ (၅.၃) | ၄၉.၀ (၄.၃) | ၅၄.၆ (၄.၉) | ၅၁.၈ (၄.၅) | ၃၁.၅ (၄.၆) |
| - ရှမ်း (တောင်) | ၅၀.၉ (၁.၇) | ၆၀.၇ (၂.၇) | ၇၈.၅ (၁.၇) | ၅၃.၄ (၁.၀) | ၅၅.၅ (၃.၄) | ၅၉.၅ (၂.၄) | ၅၇.၅ (၂.၈) | ၃၂.၀ (၁၂.၀) |
| - ရှမ်း (မြောက်) | ၃၃.၀ (၃.၀) | ၅၃.၈ (၈.၈) | ၈၀.၄ (၃.၆) | ၃၇.၀ (၇.၃) | ၄၁.၉ (၅.၁) | ၄၉.၉ (၉.၁) | ၄၆.၀ (၆.၈) | ၃၁.၅ (၃.၉) |
| - ရှမ်း (အရှေ့) | ၃၇.၃ (၁၆.၉) | ၅၅.၇ (၅.၇) | ၆၆.၁ (၃.၆) | ၄၀.၃ (၁၃.၃) | ၄၄.၇ (၁၃.၂) | ၄၉.၈ (၁၂.၁) | ၄၇.၂ (၁၂.၅) | ၂၉.၇ (၁၀.၉) |
| ဧရာဝတီ | ၂၉.၄ (၂.၉) | ၅၄.၈ (၂.၆) | ၆၆.၀ (၅.၆) | ၄၃.၂ (၂.၆) | ၄၇.၁ (၂.၉) | ၄၄.၅ (၄.၁) | ၄၅.၉ (၃.၂) | ၃၉.၇ (၃.၂) |
| **ပြည်ထောင်စု ၂၀၁၀** | ၃၅.၀ (၀.၅) | ၅၉.၂ (၀.၂) | ၇၅.၂ (၀.၈) | ၄၆.၅ (၀.၀) | ၅၂.၀ (၀.၀) | ၅၂.၉ (၀.၂) | ၅၂.၅ (၀.၀) | ၄၂.၂ (၀.၃) |
| ပြည်ထောင်စု ၂၀၀၅ | ၂၈.၃ (၁.၁) | ၄၉.၃ (၀.၃) | ၆၂.၄ (၁.၆) | ၃၆.၄ (၀.၂) | ၄၂.၁ (၀.၄) | ၄၂.၂ (၀.၄) | ၄၂.၂ (၀.၃) | |

ရင်းမြစ် ။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၈-၃ ။ လက်လှမ်းမီမှု

ဇယား ၅၂ နှင့် ဇယား ၅၃ တို့တွင် မူလတန်းနှင့် အလယ်တန်း အထက်တန်း ကျောင်းများအား (မြေပြင်) ခရီး အကွာအဝေးအရ လက်လှမ်းမီမှု၏ ကိန်းဂဏန်းအချက်အလက်များကို ဖော်ပြပါသည်။ လက်လှမ်းမီမှုကို မေးခွန်းတွင် ဖော်ပြထားသည့် စာသင်ကျောင်းမှ တစ်နာရီ လမ်းလျှောက်အကွာအဝေး (၁.၂၃မိုင်) အတွင်းနေထိုင်သည့် လူဦးရေ အချိုးဖြစ်ပါသည်။ အချက်အလက်ကို ရပ်ရွာအဆင့်တွင် မေးမြန်းသည့် အဓိက သတင်းပြောကြားသူမေးခွန်းလွှာမှ ရရှိပြီး မေးခွန်းလွှာတွင် ရပ်ရွာ/ရပ်ကွက်၏ ဗဟိုနေရာမှ စာသင်ကျောင်းအထိ မိုင်အကွာအဝေးကို မေးမြန်းထားပါသည်။ စံမှားယွင်းချက်များကို တွက်ချက်နိုင်ရန် ဖြေကြားသူမေးခွန်းလွှာများတွင် ဤအကွာအဝေးကို ထည့်သွင်းတွက်ချက်ဖော်ပြထားပါသည်။

မူလတန်းကျောင်းအား (အကွာအဝေးအရ) လက်လှမ်းမီမှု နှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ်ရလဒ်များ ရှိပါသည်။

(၁) ခြုံငုံဖော်ပြရပါလျှင် ၂၀၁၀ ပြည့်နှစ်တွင် မူလတန်းကျောင်းများအား (အကွာအဝေးအရ) လက်လှမ်းမီမှုမှာ ၉၁% ရှိပြီး ၂၀၀၅ ခုနှစ်၏ နှုန်းမှ မပြောင်းလဲသလောက်ဖြစ်ပါသည်။

(၂) ဆင်းရဲသူနှင့်မဆင်းရဲသူများအကြားတွင် လက်လှမ်းမီမှုမှာ အနည်းငယ်ခြားနားမှုရှိပြီး ၈၉% နှင့် ၉၂% အသီးသီးရှိပါသည်။

(၃) ဆင်းရဲသူ၏ လက်လှမ်းမီမှုမှာ ၂၀၀၅ ခုနှစ်၏ ၉၁% မှ အနည်းငယ် ကျဆင်းလာသော်လည်း စာရင်းအင်းသဘောအရ အရေးမပါလှပါ။

(၄) ကျေးလက်နှင့် မြို့ပြနေထိုင်သူများအကြားတွင် ကြီးမားသော ခြားနားမှုအချို့တွေ့ရှိရပြီး ၈၉% နှင့် ၉၆% အသီးသီးရှိပါသည်။

(၅) အနိမ့်ဆုံးသော လက်လှမ်းမီမှုများကို ချင်းပြည်နယ် (၇၃%)၊ ကရင်ပြည်နယ် (၇၅%) တို့တွင်တွေ့ရှိရပြီး၊ ၂၀၀၅ ခုနှစ်မှစတင်၍ ဤပြည်နယ်များတွင် လက်လှမ်းမီမှု ညွှန်ကိန်း၏ တန်ဖိုးကြီးမားစွာ ကျဆင်းလာရခြင်းက စစ်တမ်းရလဒ်များကို အဓိပ္ပါယ် ဖော်ဆောင်ရာ၌ ချိန်ဆသတိပြုရန် နှိုးဆော်လျက်ရှိပါသည်။

အလယ်တန်း နှင့် အထက်တန်းကျောင်းအား (အကွာအဝေးအရ) လက်လှမ်းမီမှု နှင့် ပတ်သတ်၍ အချက်(၅) ခုမှ မှတ်သားရန် ဆက်စပ်မှုရှိပါသည်။

(၁) ခြုံငုံဖော်ပြရပါလျှင် (မြေပြင်) ခရီးအကွာအဝေးအရ အလယ်တန်းနှင့် အထက်တန်းကျောင်း လက်လှမ်းမီမှုမှာ ၂၀၁၀ ပြည့်နှစ်တွင် ၃၄% ရှိ၍ ၂၀၀၅ ခုနှစ်၏၃၂% မှ အနည်းငယ်တိုးတက်မှုရှိပြီး စာရင်းအင်းသဘောအရ အရေးမပါလှပါ။

(၂) ဆင်းရဲသူနှင့်မဆင်းရဲသူများအကြားတွင် သိသာသောခြားနားမှုများရှိ၍ ၂၇% နှင့် ၃၆% အသီးသီး ရှိပါသည်။

(၃) ဆင်းရဲသူများ၏ လက်လှမ်းမီမှုမှာ ၂၀၀၅ ခုနှစ် ၂၄% မှ တိုးမြင့်လာသော်လည်း ဤပြောင်းလဲမှုမှာ စာရင်းအင်းသဘောအရ အရေးမပါလှပါ။

(၄) ကြီးမားသော ခြားနားမှုများကို ကျေးလက်နှင့်မြို့ပြ နေထိုင်သူများအကြားတွင် တွေ့ရှိရပြီး ၂၄% နှင့် ၆၁% အသီးသီးရှိပါသည်။

(၅) ၂၀၀၅ ခုနှစ်မှ စတင်၍ တိုးတက်မှုများ ရရှိခဲ့သော်လည်း အနိမ့်ကျဆုံးသော လက်လှမ်းမီမှုနှုန်းများကို ရခိုင်ပြည်နယ် (၂၃%) နှင့် မကွေးတိုင်းဒေသကြီး (၂၂%) တို့တွင် တွေ့ရှိရပါသည်။

အချုပ်အားဖြင့် မူလတန်းကျောင်းအား (အကွာအဝေးအရ) လက်လှမ်းမီမှုမှာ ၂၀၀၅ ခုနှစ်၏ နှိုင်းယှဉ်မှုအရ မြင့်မားပြီးသောနှုန်းများမှ ပြောင်းလဲခြင်းမရှိပဲဆက်ရှိနေဆဲဖြစ်ပါသည်။ အလယ်တန်းနှင့် အထက်တန်းကျောင်းအား (အကွာအဝေးအရ) လက်လှမ်းမီမှုမှာ အနည်းငယ်တိုးတက်လာသော်လည်း သင့်တင့်ရုံကွာဟချက်များမှာ ဆင်းရဲသူ နှင့် မဆင်းရဲသူ အိမ်ထောင်စုများအကြားနှင့် ကြီးမားသော ခြားနားမှုများမှာ မြို့ပြ နှင့် ကျေးလက်နေထိုင်သူများအကြားတွင် ရှိနေဆဲဖြစ်ပါသည်။

ဇယား ၅၂ ။ မူလတန်းကျောင်းအား (အကွာအဝေးအရ) လက်လှမ်းမီမှု (%)

| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု | ၂၀၁၀ | | | | | ၂၀၀၅ စုစုပေါင်း |
|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှုအခြေအနေ | | အလွှာ | | စုစုပေါင်း | |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | | |
| ကချင် | ၉၅.၂ (၃.၀) | ၉၄.၇ (၅.၂) | ၁၀၀.၀ (၀.၀) | ၉၂.၉ (၅.၉) | ၉၄.၉ (၄.၅) | ၉၃.၄ (၃.၃) |
| ကယား | ၁၀၀.၀ (၀.၀) | ၁၀၀.၀ (၀.၀) | ၁၀၀.၀ (၀.၀) | ၁၀၀.၀ (၀.၀) | ၁၀၀.၀ (၀.၀) | ၈၆.၃ (၁၄.၂) |
| ကရင် | ၆၂.၃ (၁၇.၈) | ၇၇.၁ (၀.၈) | ၆၄.၃ (၂၉.၆) | ၇၆.၅ (၁.၇) | ၇၄.၅ (၃.၇) | ၉၈.၉ (၀.၉) |
| ချင်း | ၇၀.၅ (၃.၄) | ၈၁.၁ (၁၁.၄) | ၉၅.၆ (၄.၉) | ၆၆.၂ (၄.၄) | ၇၃.၃ (၄.၄) | ၈၇.၂ (၁၀.၃) |
| စစ်ကိုင်း | ၉၁.၁ (၅.၁) | ၉၁.၇ (၂.၇) | ၉၉.၄ (၀.၆) | ၉၀.၄ (၃.၀) | ၉၁.၆ (၃.၀) | ၉၂.၉ (၄.၁) |
| တနင်္သာရီ | ၆၃.၉ (၂၁.၄) | ၇၄.၃ (၁၆.၇) | ၈၈.၅ (၁၁.၉) | ၆၅.၄ (၂၀.၁) | ၇၀.၈ (၁၈.၈) | ၉၇.၅ (၂.၅) |
| ပဲခူး | ၈၈.၆ (၇.၆) | ၈၉.၅ (၄.၂) | ၉၅.၂ (၃.၆) | ၈၈.၅ (၄.၈) | ၈၉.၄ (၄.၇) | ၈၈.၂ (၆.၃) |
| - ပဲခူး (အရှေ့) | ၉၄.၆ (၃.၅) | ၉၀.၀ (၅.၉) | ၉၇.၄ (၃.၀) | ၈၉.၈ (၅.၈) | ၉၀.၉ (၅.၅) | ၉၅.၈ (၂.၁) |
| - ပဲခူး (အနောက်) | ၇၉.၄ (၂၁.၂) | ၈၉.၀ (၈.၈) | ၉၁.၂ (၁၀.၉) | ၈၇.၀ (၁၀.၅) | ၈၇.၄ (၁၀.၆) | ၇၈.၂ (၁၀.၂) |
| မကွေး | ၉၀.၀ (၄.၉) | ၈၆.၅ (၆.၈) | ၉၃.၃ (၅.၄) | ၈၆.၈ (၆.၀) | ၈၇.၅ (၆.၁) | ၈၆.၅ (၃.၃) |
| မန္တလေး | ၉၀.၄ (၂.၁) | ၉၂.၆ (၃.၀) | ၉၆.၆ (၁.၄) | ၉၀.၂ (၃.၄) | ၉၂.၀ (၂.၆) | ၉၅.၄ (၁.၉) |
| မွန် | ၉၈.၁ (၂.၀) | ၉၆.၈ (၃.၂) | ၁၀၀.၀ (၀.၀) | ၉၆.၄ (၃.၉) | ၉၇.၀ (၃.၀) | ၉၄.၉ (၁.၇) |
